ဂမ္ဘီ ရဆန်း ကြယ် လုံး ချင်း ဝတ္ထု၊

# မင်းဓဂူ

မျက်နှာမည်းကြီးနှင့်လိမ့်မည်

ကြိမ်



ပဥ္စ ဂုဏံ အပံ ဝန္ဒာမိ

**မင်းစက္က – မျက်နှာမည်းကြီးငိုလိမ့်မည်**

| | | |
|---|---|---|
| …နှင့်ပြုချက်အမှတ် | - | ၅၀၀ ၇၇၃ ၀၆၀၉ |
| …နှင့်ပြုချက်အမှတ် | - | ၅၀၀ ၆၁၆ ၀၅၀၉ |
| …တ်ဝေခြင်း | | ၂၀၀၉-ခုနှစ်၊ စက်တင်ဘာ… |
| …ပ်ရေ | - | ၅၀၀ အုပ် |
| …န်ဖိုး | - | ၂၀၀ ကျပ် |
| …ဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဖြူစင်ပုံနှိပ်တိုက်<br>ဦးဌေးအောင် (၀၇၃၂၅)<br>အမှတ် (၂၀၄) ၃၁-လမ်း။<br>ပန်းဘဲတန်း။ ရန်ကုန်မြို့။ |
| …တ်ဝေသူ | - | ဦးလှုနိုင် (မြတ်စာပေ)<br>အမှတ်-၆၆၊ ဗိုလ်ဥတ္တမလမ်း။<br>ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| …န့်ချိရေး | - | မြတ်စာပေ (ဖုန်း-၇၀၄၄၉၀)<br>၂၂၁၊ ၃၁-လမ်း(အထက်)၊ ရန်ကုန်။ |
| …ခဉ်သူ | - | ကိုလှုနိုင် (မြတ်) |
| …ထက်မြန်မာပြည် | - | နဂါးစာပေ (မန္တလေး) |
| …န့်ချိရေး | - | ထွန်းဦးဟာပေ (မန္တလေး) |

၈၉…


မင်းစက္က

မျက်နှာမည်းကြီးငိုလိမ့်မည် / မင်းစက္က ။ - ရန်ကုန်
မြတ်စာပေ (ဒုတိယအကြိမ်) ၊ ၂၀၀၉ ။

၂၈၇ - စာ ၊ ၈.၅ × ၁၇.၅ စင်တီ။

(၁) မျက်နှာမည်းကြီးငိုလိမ့်မည်။


# မင်းစက္က



## မျက်နှာမည်းကြီးငိုလိမ့်မယ်

ပဉ္စ ဂုဏ အပဟံ ဝန္ဒာမိ

# မြတ်စာပေ


အမှတ် ၁၉၀၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

☎-၇၀၄၄၉၀


## အခန်း-(၁)

မြန်မာနိုင်ငံအောက်ပိုင်းရှိ ထင်ရှားသော မြို့ကလေး စ်မြို့ အနီးတွင် ကျောက်စည်ရွာဟု အမည်တွင်သော ရွာ းတစ်ရွာ တည်ရှိလေသည်။

ကျောက်စည်ရွာတွင် မောင်သီဟခေါ်သော လူငယ် စ်ယောက်သည် လွန်စွာမှ ရေကူးသန်သူဖြစ်သည်။ ရေငုပ် ည်းတော်လေသည်။

မောင်သီဟဆိုသည့်အတိုင်း ခြသေ့်ကဲ့သို့ ရဲရင့်သူဖြစ် ည်။ ထို့အပြင် အကြောက်လည်းကင်းသည်။ သတ္တိကောင်း လို့ ဗွဲနဘဲလည်း ကြီးသူဖြစ်သည်။

ရွာတွင် ဘရာကျော်အမည်ရှိ အဖိုးအိုတစ်ဦးသည်

ဆွေမရှိ မျိုးမရှိတစ်ဦးတည်း နေထိုင်သည်။ နာမည်နှင့်လိုက် အောင် အသက်(၁၀၀)ကျော်ခဲ့ပြီဖြစ်သော်လည်း (နားအနည်း ငယ်ထိုင်းသည်မှအပ) ကျန်းမာသန်စွမ်းနေဆဲပင်။ မောင်သီ ဟသည် ဘရာကျော်ကိုခင်သည်။ ဘဝမျိုးစုံကို ဖြတ်သန်းလာ ခဲ့သော ရှေ့မှီနောက်မှီ လူကြီးတစ်ဦးပင်တည်း။

"ဘ. . ကျွန်တော်တို့ရွာကို ကျောက်စည်ရွာလို့ ဘာ ဖြစ်လို့ ခေါ်တာလဲဟင်"

မောင်သီဟသည် ဘရာကျော်ဆီကို မကြာခဏသွား လည်တတ်ပြီး မွေးခွန်းတစ်ခုမဟုတ်တစ်ခု မေးတတ်သည်။

"ဟိုး. . ရှေးဗမာကြီးတွေလက်ထက်တုန်းက စပါးကျီ စောက်စောက်ကြီးတွေ လုပ်ပြီး စပါးတွေ လှောင်ခဲ့ကြတယ် ကွယ့်၊ အဲဒါကြောင့်မို့ ကျည်စောက်၊ ကျောက်စည်လို့ ခေါ်ကြ တာပေါ့၊ ဟား. . ဟား. . ဟား"

"ဟ. . ဘကလည်းဗျာ၊ ကျွန်တော်က သိချင်လို့ပါ"

"ဘက လူလေးကို တမင်နောက်တာပါကွာ၊ အေး. . လူငယ်ဆိုတာ ဒီလိုမှပေါ့ကွယ်၊ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်ေ သအကြောင်းကို သိထားသင့်တယ်၊ တစ်ချို့က လူလေးလို့ မေးကြဘူးကွယ့်၊ ဖာသာလဝါနေကြတယ်၊ တကယ်တော့ လိုမဖြစ်သင့်ဘူး၊ ကိုယ့်ရွာ၊ ကိုယ့်မြို့ အကြောင်းမှမသိရင် မြင်





စီးပြီး အထီးမှန်း၊ အမမှန်းမသိသလိုပဲ၊ သိပ်ပြီးတော့ ရှက်စရာ ကောင်းတယ်၊ ကဲ. . ကဲ. . ငါ့မြေးလည်း နားထောင်ချင်ရှာ တော့မယ်"

ဘရာကျော်သည် ပခုံးမှာ ဖြန့်ချထားသော ဆံပင်ကို သျှောင်ထုံးလိုက်ရင်း. . .။

"ဒီလိုကွယ့်၊ ဘတို့ရွာရဲ့ ကမ်းနဖူး တောင်ကုန်းထိပ် မှာ တည်ထားတဲ့ ရွာဦးစေတီဆီ လူလေးရောက်ဖူးတယ်မ ဟုတ်လား"

"ရောက်ဖူးတာပေါ့. . အဘရဲ့"

"အေး. . အဲဒီ ရွှေစာရံစေတီတော်ဟာ တကယ့်အ မိကရပဲ၊ ရှေးမြန်မာကြီးတွေ လက်ထက်ကတည်းက တည်ထား ကိုးကွယ်ခဲ့တာ"

သက်ကြီးစကား သက်ငယ်ကြားဆိုသလို ဒီစေတီကို တည်ခဲ့တာ နှစ်ပေါင်းငါးရာထက်တော့ မအောင့်သေးဘူး၊ စေ တီတော်ကို တည်တဲ့အခါမှာလည်း ထူးခြားချက်တွေ ရှိခဲ့တယ် ကွယ့်"

"ဘယ်လိုထူးခြားချက်တွေလဲ. . ဘ"

"အေး. . ဘပြောပြမယ်၊ နားထောင်"

ဘရာကျော်သည် လွန်ခဲ့သော နှစ်ပေါင်းရာကျော်

သောက်က ဖြစ်ပျက်ခဲ့သော ထူးခြားဆန်းကြယ်မှုများအား အောက်ပါအတိုင်း ပြောပြလေသည်။

❂ ❂ ❂

ကောင်းကင်ထက်မှာ မိုးသားတိမ်လိပ်များက မည်းမှောင်လျက်ရှိသည်။ ထိုတိမ်သား၊ တိမ်တိုက်များသည် တစ်နေရာမှ လွင့်ပါးလာကြပြီး ဤတောင်ကုန်းထိပ်တွင် စုပေါင်းကာ တည်နေကြခြင်းပင်ဖြစ်သည်။

တောင်ကုန်းကြီးသည် ပေသုံးရာခန့် မြင့်မားပြီး သစ်ပင်ပန်းမန်များက စိမ်းစိမ်းစိုစိုဖြင့် ပေါက်နေကြသည်။ တောင်တက်လမ်းသည် ပြေပြစ်၏။ လှေကားထစ်လေးများပင် ပြုလုပ်ထားလေသည်။

တောင်ကုန်းအောက်ခြေ၏ ကွမ်းတစ်ရာညက်ခန့်မျှ လျှောက်သွားခဲ့လျှင် မြစ်ကမ်းနားကိုရောက်သည်။ ပင်လယ်ရေတက်လာလျှင် ထိုမြစ်ထဲကို စီးဝင်သည်။ ထိုအခါ ပင်လယ်ရေနှင့်အတူ ငါးလိပ်မကန်းများ ပါလာကြသည်။ ထိုအခါ တံငါအချို့သည် မိမိတို့၏ လှေနာဝါများကို အသုံးပြုကာ ငါးရှာထွက်ကြလေသည်။





(ထိုမြစ်သည် ယခုအခေါ် စစ်တောင်းမြစ်၏ လက် က်တစ်ခုဖြစ်ဟန်တူသည်။ ယခင်က ချောင်းငယ်လေးတစ် စ်သော်လည်း ရေစီးကြမ်း၍ ကမ်းကို ရေတိုက်စားဖန်များ သောအခါ ချောင်းကြီးတစ်ခုဖြစ်လာသည်။ ဒီနောက် မြစ် တစ်ခုအဖြစ် ပြောင်းလဲသွားခဲ့သည်။)

ရေသတ္တဝါများသည် လွန်စွာမှ ပေါများလှ၍ တံငါ မိသားစုအတွက် အလျှံပယ်ဖြစ်နေကြလေ၏။ ထို့ကြောင့် စားကျူးသောသူများ ဖြစ်လာခဲ့ကြလေသည်။ တစ်ရွာနှင့် ရွာသည်လည်း အလှမ်းမကွာဝေးလှ။ သို့သော် တစ်ရွာ အိမ်ခြေသုံးဆယ်မှ ငါးဆယ်အထိ ရှိကြသည်။

ထိုရွာသားများသည် ကိုးကွယ်မှုမရှိ။ ဘာသာရေးကို ည်မှုမရှိ။ ကလေးများကအစ သားငါးများကို ခုံမင်စွာ စားသုံးကြလေသည်။ ထို့ကြောင့် စိတ်ဓာတ်တွေလည်း ဆန်ရိုင်းစိုင်းကြသည်။

ယခုတလောမှာ အချိန်အခါမဟုတ်ပဲနဲ့ မည်းနက်နေ မိုးသားတိမ်လိပ်များက မည်သည့်အကြောင်းကြောင့် လာခဲ့ကြရပါသလဲ။

ထိုမိုးသားတိမ်လိပ်များသည် တောင်ကုန်းကြီး၏ အ တည့်တည့်မှာသာ တည်နေကြလေသည်။ ရံဖန်ရံခါ လေ

တိုက်လျှင် ရွှေ့လျားသွားခဲ့ကြပြီး နောက်တစ်ရက်ခန့်အကြာ
တွင် တောင်ကုန်းထိပ်ဆီကို ပြန်ပြီးစုလာခဲ့ကြပြန်သည်။

ထိုအခါကျမှ ရွာသူရွာသားများသည် ထိုမည်းနက်နေ
သော မိုးသားတိမ်လိပ်များကို သတိပြုလာခဲ့ကြလေသည်။

"ဟေ့. . ကောင်းကင်ပေါ် ကို မော့ကြည့်လိုက်ကြစမ်း
မည်းနက်နေတဲ့ မိုးသားတိမ်လိပ်တွေဟာ လူတစ်ယောက်ရဲ့
မျက်နှာမည်းမည်းကြီးနဲ့ မတူဘူးလား"

ရွာသားတစ်ယောက်က ပြောလိုက်သည်ဆိုလျှင်ပင်
အားလုံးက ဝိုင်းစုပြီး မော့ကြည့်ကြလေသည်။

"အေး. . ဟုတ်တယ်ကွ၊ မျက်နှာမည်းကြီးနဲ့တူတယ်
ဒီမျက်နှာကြီးဟာ မကြာခင်မှာ ငိုလာတော့မယ်ကွ"

မည်းနက်သော တိမ်သားတိမ်လိပ်များသည် လွင့်ပါး
သွားလိုက်၊ ပြန်စုလာလိုက်နဲ့ မကြာခဏဖြစ်နေလေရာ လူတွေ
က သိပ်ပြီးဂရုမထားမိကြတော့ပေ။

သို့သော် တစ်ရက်တွင် မိုးသားများသည် တောင်ကုန်း
ထိပ်ပေါ်သို့ ပြန်ပြီးစုလာခဲ့ကြပြန်သည်။ ဒီတစ်ခါတော့ ကောင်း
ကင်ထက်မှာ ခိုင်မြဲနေသည်။ ရွှေ့လျားလွင့်ပျယ်သွားသည့်
အခြေအနေမျိုး မဖြစ်ပေါ်တော့ပေ။

ထိုအခါ အနီးပတ်ဝန်းကျင်မှ ရွာသားများသည် သတိ





သားမိကြပြန်လေသည်။

"ဒီတိမ်တိုက်တွေ ရွှေ့မသွားတာကြာပြီ၊ တဖြည်း
ဖြည်းနဲ့ ပိုပြီးသိပ်သည်းလာသလိုပဲ"

"အေး. . ဟုတ်တယ်၊ ခါတိုင်းထက်ကို ပိုပြီးတော့များ
လာတယ်၊ လေးကိုလည်း ပြန့်ကားလာတယ်ကွ"

"ဟေ့. . . ကြည့်ကြစမ်း၊ မျက်နှာမည်းကြီးက မဲ့နေ
တယ်၊ ငိုတော့မလိုပုံပဲကွ"

"ဒီမျက်နှာကြီးက မကြာခင်မှာ လွင့်သွားမှာပါကွာ၊
ခါတိုင်းလည်း ဒီလိုပဲမဟုတ်လား"

"ငါတော့ မထင်ဘူး၊ ငိုကျတော့မယ်၊ မိုးရွာတော့
မယ်ကွ"

တစ်ယောက်တစ်ပေါက်နဲ့ ပြောဆိုနေကြသည်။ ထို
နောက် ဂရုမစိုက်ပဲ နေကြပြန်လေသည်။

သို့သော် မည်းနက်သော တိမ်သားကြီးများသည် ပို
ပြီးပြန့်ကားလာကြသည်။ အောက်ကိုလည်း နိမ့်ဆင်းလာခဲ့ကြ
လေရာ မျက်နှာမည်းကြီး၏ အပြန့်အပြောက ပိုပြီးတော့ ကျယ်
ပြန့်ကြီးမားလာခဲ့သည်။

နေ့ဘက်မှာပင်လျှင် နေရောင်ကို ကွယ်ထားသလိုဖြစ်
နေပြီး ပတ်ဝန်းကျင်မှာ မှောင်အတိကျနေလေသည်။





## အခန်း–(၂)

ထိုကဲ့သို့ ထူးခြားလှသော အခြေအနေကြောင့် လူအများ၏ စိတ်ထဲမှာ တအုံ့နွေးနွေးနဲ့ ခံစားနေကြရလေသည်။ ရာသီဥတုမှာလည်း နေ့လိုလို၊ ညလိုလိုနဲ့၊ မအီမလည်ကြီးဖြစ်နေကြသည်။

ဒီလိုနဲ့ တစ်နေကုန်သွားခဲ့ကြပြန်သည်။ ညဘက်သို့ ရောက်လာခဲ့သည်။ ထိုညသည် သူတို့အတွက် အပြောင်းအလဲဖြစ်ကြမည့် ညဆိုသည်ကို မည်သူမှ မရိပ်စားမိကြပေ။

ည၌သန်းခေါင်ယံသို့ ရောက်လာသောအခါ လေပြင်းများက တိုက်ခတ်လာခဲ့သည်။

ဝေါ. . ဝေါ. . ဝေါ. . . ။

အဝေးကနေ တိုက်ခတ်လာသော လေပြင်းသည် ရွာများဆီကို ရောက်လာသောအခါ ပိုပြီးတော့ ကျယ်လောင်လာသလို ထင်ရသည်။ ပင်ပင်ပန်းပန်းနဲ့ အိပ်မောကျနေကြသူများသည်လည်း ထူးခြားသော အသံကြီးကြောင့် လန့်နိုးသွားခဲ့ကြရသည်။

"ဟာ. . ဘာသံကြီးလဲ"

လူတော်တော်များများသည် အိမ်အပြင်ကို ထွက်ပြီးကြည့်ကြသည်။ သစ်ပင်များသည် လေပြင်းဒဏ်ကြောင့် ယိမ်းခါနေကြသည်။ သစ်ကိုင်းအချို့သည် ပြတ်ထွက်သွားခဲ့ကြပြီး အဝေးဆီကို လွင့်သွားခဲ့ကြသည်။

ကောင်းကင်တစ်ခုလုံးလည်း မည်းမှောင်လျက်ရှိ၏။

ဂျိမ်း!. . ဂျိမ်း!. . ဂျိမ်း!

မိုးခြိမ်းသံများ ထွက်ပေါ်လာသည်။ တိမ်တိုက်မည်းကြီးတွေထဲက လျှပ်နွယ်တွေက တဖျစ်ဖျစ်နဲ့မြည်ကာ လင်းလက်လာကြသည်။ ဘာကြောင့်ရယ်မသိ။ လူအများမှာ ထိတ်လန့်တုန်လှုပ်လျက်ရှိနေကြသည်။

သိပ်မကြာလိုက်ပါ။ ကောင်းကင်ကြီးတစ်ခုလုံး ပြိုဆင်းလာခဲ့သလို မိုးကြီးရွာချပါလေတော့သည်။

ဝေါ်!. . ဝေါ်!. . ဝေါ်!



"ဟာ. . မျက်နှာမည်းကြီးရွာပြီဟေ့"

"အေး. . ဟုတ်တယ်၊ မျက်နှာမည်းကြီးက အခုမှပဲ . .တော့တယ်ဟေ့"

မိုးထဲလေထဲမှာ တစ်ယောက်တစ်ပေါက်နဲ့ အော်ပြော . .ကြသည်။ သို့သော် မိုးကလည်း ရာဝင်အိုးကြီးတွေ တစ် . .ပြီးတစ်လုံး သွန်ချနေသလို ဆက်တိုက်မရပ်မနားပဲ ရွာချ . .သောအခါ လူတွေက ပိုပြီးအထိတ်တလန့်ဖြစ်လာကြ၏။

"ဟာ. . ဒီမိုးက ရေတော်တော်ပါတယ်၊ မစဲတော့ဘူး၊ . .ရေလျှံတက်လာလိမ့်မယ်၊ အထက်ပိုင်းကိုတက်ကြ၊ အမြင့် . . ပြောင်းနေကြ"

လူကြီးသူမများက သတိပေးကြသည်။ လေရာမိုးပါ . .ထန်ကြမ်းတမ်းနေသဖြင့် အိမ်များသည် ပြိုပျက်ကာ လေ . .သို့ လွင့်ပါသွားခဲ့ကြသည်။ သစ်ပင်ကြီးတွေလည်း လဲပြို . .န်ကြသည်။ ကလေးတွေကငို၊ အမျိုးသမီးတွေကလည်း . .ဆာက်တည်ရာမရ ငိုကြွေးကြ။ ဘယ်ဆီပြေးရမှန်းမသိဖြစ် . .နဲ့ ပွက်ပွက်ညံနေလျက်။

ခပ်ဝေးဝေးဆီက တောင်ကျရေများသည်လည်း ဝါး . .းထိုးဆင်းချလာကြကာ မြစ်ထဲမှာ တဝေါ်ဝေါ်နဲ့ ကြောက်စ . .အသံကြီးများကို ဖြစ်ပေါ်နေစေသည်။

ဝေါ. . ဝေါ. . ဝေါ။

တရှိန်ထိုးဆင်းလာသော တောင်ကျရေများသည် မြ
ရေနှင့်ပေါင်းစပ်ကာ ကမ်းပေါ်အထိလျှံပြီး ထိုးတက်လာခဲ့ကြ
သည်။

"အား! အမလေး"

"ကယ်ကြပါ"

လှိုင်းလုံးကြီးများ၊ ရေလုံးကြီးများသည် လူ၊တိရစ္ဆာ
နှင့်အရာအားလုံးတို့ကို တိုက်ချသွားသည်။ သယ်ဆောင်သွား
ခဲ့ကြလေသည်။

မျက်စိတမှိတ်၊ လျှပ်တပြက်အတွင်းမှာပင် ရေပြင်ကြီး
အတိ ဖြစ်သွားခဲ့ရသည်။ မြစ်၏ ညာဘက်ခြမ်းသည်ကား ပေ
သုံးရာခန့်မြင့်သော တောင်ကုန်းကြီးတစ်ခုရှိနေ၍ မိုးကြီးရွာ
ကတည်းကပင်လျှင် အခြေအနေကို သဘောပေါက်သူတ
ချို့က တောင်ကုန်းပေါ်ကို တက်ပြေးကြသည်။

ချွင်!

ချွင်ကနဲအသံနှင့်အတူ တောင်ကုန်းတစ်နေရာအား
မိုးကြိုး ပစ်ထည့်လိုက်သည်။ မြေစိုင်ခဲများသည် ပဲ့ထွက်ကာ
မြစ်ထဲသို့ တဝုန်ဝုန်းနဲ့ ကျကုန်ကြသည်။ တောင်ကုန်းထက်ကို
ရောက်နေကြသူများသည် လေဒဏ်မိုးဒဏ်များ ခံနေရသည့်





အပြင် မိုးကြိုးပစ်ချလိုက်သောကြောင့်လည်း ပိုပြီးတော့ဆောက်
တည်ရာမရ ဖြစ်သွားခဲ့ကြလေသည်။

တောင်ကုန်းပေါ်မှ အောက်ဘက်ကို လှမ်း၍ကြည့်
လိုက်လျှင် ရေများတဝေါဝေါဖြင့် ဝါးလုံးထိုး စီးဆင်းလျက်ရှိ
သည်ကို တွေ့ကြရမည်ဖြစ်သည်။ ပြင်းထန်စွာဖြင့် စီးဆင်းနေ
လျက်ရှိသော တောင်ကျရေ၏ အလျင်ကြောင့် ရေများသည်
တောင်ကုန်းပတ်လည်ကို ဝိုင်းလျက်ရှိနေလေပြီ။

"ဟာ. . တောင်ကုန်းကို ရေတွေ ပတ်ချာဝိုင်းနေပြီ
ဟေ့၊ တရိပ်ရိပ်နဲ့ မြင့်တက်လာနေပြီ၊ ငါတို့တောင်ကုန်းကြီး
ကို ရေတွေက ဖုံးလွှမ်းသွားတော့မယ်ထင်တယ်"

အားလုံးအထိတ်တလန့် ဖြစ်ကုန်ကြရပြန်သည်။ ထို
အထဲမှာ နောက်ထပ်တက်လာသည့် ပြဿနာများက ရေစီး
နဲ့မျောပါလာခဲ့ကြသော မြွေများသည် တွယ်မိတွယ်ရာတွယ်
ကာ တောင်ကုန်းပေါ်ကို တက်လာခဲ့ကြခြင်းပင်။

"ဟာ! မြွေတွေ. . မြွေတွေ လုပ်ကြပါဦးဟ"

မြွေများကို ရရာသစ်ကိုင်းများ၊ ဝါးလုံးရှည်ကြီးများနဲ့
ဒိုးချကြရသည်။ တစ်ချို့မြွေများသည် အထွေးလိုက် လိမ်
ချစ်ပြီး မျောပါလာခဲ့ကြသည်။

တောင်ကုန်းကို ထိတွေ့သွားကြကာ အရှိန်သတ်သွား

ကြသည်နဲ့ တစ်စုတစ်ဝေးကြီး တက်လာကြလေသည်။ မိုးထဲလေထဲမှာ အော်ဟစ်ဆူညံနေကြသူများ၊ မြွေများကို တောင်ကုန်းပေါ်မှ ရိုက်ချကြသူများဖြင့် ကမ္ဘာပျက်နေကြသည်။

မြစ်၏ ဟိုမှာဘက်ခြမ်း၊ ဒီမှာဘက်ခြမ်းရှိ ရွာများကတော့ လုံးဝကို အစအန ပျောက်သွားခဲ့ကြလေပြီ။ လူတွေကညကာလကြီးမှာ အတွယ်အတာမဲ့ သေဆုံးသွားခဲ့ကြရလေပြီ။

မိုးကြိုးသွား ထစ်ချုန်းသံများ၊ လျှပ်နွယ်တွေ၊ တဝင်းဝင်းတလက်လက်နဲ့ လက်နေကြရာ တဖျစ်ဖျစ်နဲ့ မြည်နေကြသံများ၊ တဟူးဟူးတဟဲဟဲနဲ့ လေပြင်းတိုက်ခတ်သံများသည်စုပေါင်းရောထွေးနေကြကာ တောင်ကုန်းပေါ်ကို ရောက်နေကြသည့် လူတွေအတွက် ချောက်ချားစရာ၊ ထိတ်လန့်စရာများပင် ဖြစ်နေကြတော့သည်။

သူတို့ထင်နေကြသည့်အတိုင်း ရေများသည် တောင်ကုန်းကြီးတစ်ခုလုံးကို လွှမ်းမိုးမသွားနိုင်ခဲ့၊ သို့သော် တောင်ကုန်းတစ်ဝက်လောက်အထိတော့ တဝေါဝေါနဲ့ ဖြတ်တိုက်ကာစီးဆင်းလျက်ရှိနေကြသည်။

ဤသို့ဖြင့် တစ်ညလုံး ဒုက္ခခံနေကြရသည်။



## အခန်း-(၃)

နံနက်မိုးလင်းခါနီးလောက်မှ လေရောမိုးပါ ငြိမ်သက်သွားခဲ့သည်။ မိုးထစ်ချုန်းမှုလည်း မရှိတော့၊ လျှပ်နွယ်လျှပ်န်းတွေကလည်း မပြက်ကြတော့၊ မြစ်ထဲမှာ ရေတွေကတော့အရှိန်ပြင်းစွာဖြင့် စီးဆင်းနေကြဆဲ။

ထိုအခါကျမှ တောင်ကုန်းထိပ်မှာ ရောက်နေကြသောသူများကို ရေတွက်ကြည့်ကြရာ လူကြီး၊ လူငယ်၊ ကလေး မိန်းမ အမျိုးသမီးငယ်များ၊ အားလုံးစုစုပေါင်း အယောက်ငါးဆယ်ရှိနေကြသည်ကို တွေ့လိုက်ကြရသည်။

(နောင်အခါ ထိုအယောက်ငါးဆယ်သာလျှင် အသက်ရှင်ကျန်ရစ်ခဲ့ကြကြောင်း သိကြရသည်။ မြစ်၏ တစ်ဖက်ကမ်း

ရှိ လူများကတော့ ကံဆိုးရှာကြသည်။ ရွာတွေလည်းပျောက် လူတွေလည်းပျောက်ကြနဲ့ အသက်ရှင်ခဲ့သူတစ်ယောက်မှ မ ကျန်ခဲ့ကြ။)

ဒီမှာဘက်ကမ်းရှိ ရွာများသည်လည်း အားလုံးပျက်စီး ဆုံးရှုံးကြရသည်။ တောင်ကုန်းပေါ်သို့ တက်ပြေးနိုင်ကြသူများ သာလျှင် ကံထူးသူများဖြစ်ကြကာ ရေဘေးလေဘေး၊ ဘေး ဆိုးကြီးမှ လွတ်မြောက်သွားကြရသည်။

သို့သော် ထိုသူများသည်လည်း သားတကွဲ၊ မယားတ ကွဲ၊ မိဘမောင်နှမများ မစုံလင်ကြတော့ပြီ။ ထိုကြောင့်လည်း ပျောက်ဆုံးသွားကုန်ကြပြီဖြစ်ကြသော ဆွေမျိုးသားချင်းများ ကို တမ်းတကာ ငိုကြွေးကြသည်။ ပူဆွေးသောကရောက်ကြ ရသည်။

ရေကျသွား၍ ပုံမှန်အတိုင်း ပြန်ဖြစ်သွားသော အ ချိန်တွင် မွန်းတည့်လောက်မှာဖြစ်သည်။ ကောင်းကင်ထက်က မျက်နှာမည်းကြီးလည်း မရှိတော့။ မိုးသားတိမ်တိုက်များသည် လည်း ကင်းစင်ဝင်းပ ပျောက်လျက်ရှိနေလေပြီ။

ထူးခြားသည်က တောင်ကုန်းကြီးရှိသောအပိုင်းတွင် ကျောက်ဖျာကြီးတစ်ခု ပေါ်လာခဲ့ခြင်းပင်။ ယင်းကျောက်ဖျာ ကြီးသည် အနီရောင်အဆင်းရှိပြီး တစ်မိုင်ခန့်ရှည်လျားသည်၊





မ်းစပ်နှင့်တဆက်တည်း၊ တစ်စပ်တည်းဖြစ်သွားခဲ့သည်။

တောင်ကုန်းထက်မှ အောက်ကိုငုံ့ကြည့်ကြသူများမှာ ူးခြားသော အခြေအနေတစ်ခုကို တွေ့လိုက်ကြရလေသည်။ တောင်ကုန်းတစ်နေရာမှာ ဘုရားငုတ်တိုတစ်ခု ပေါ်နေခြင်း င်။

ညကမိုးကြိုးပစ်လိုက်ရာ မြေသားများ ပဲ့ပါသွားခဲ့ပြီး ပေါ်လာခဲ့ခြင်းပင် ဖြစ်ဟန်တူသည်။ ထိုသူများသည် ဘုရား ုတ်တိုမှန်းလည်း မသိကြပေ။ အဘယ်ကြောင့်ဆိုသော် ဘာ သာအယူမရှိ။ ကိုးကွယ်မှုမရှိကြသောကြောင့်ပင်တည်း။

စားရမဲ့၊ သောက်ရမဲ့ဖြစ်နေကြသော လူတစ်စုသည် တောင်ကုန်းပေါ်မှာ တစ်နေ့လုံးဒုက္ခရောက်နေကြသည်။ ဆာ လောင်မွတ်သိပ်နေကြသည်။ စားစရာလည်း ရှာဖွေရန်မလွယ်။ လေးသုံးလေးဦးဆိုလျှင် ငိုနေကြလေပြီ။

"ဆာတယ်၊ ဆာတယ်၊ ဗိုက်ဆာတယ်. . အဟီး"

လူကြီးတွေကတော့ ဆာလောင်မွတ်သိပ်မှုကို တောင့် ံနိုင်ကြသေးသည်။ ကလေးတွေကတော့ ဟန်မဆောင်နိုင်ရှာ ကြ။

"ဩော်. . သားရယ်၊ သားစားဖို့ အမေစားစရာရှာပေး ာပါ၊ အခုတော့ ခဏလေးသည်းခံပါဦးကွယ်"

"မရဘူး၊ မရဘူး၊ ခုစားမယ်၊ ထမင်းစားချင်တယ်၊ ထမင်းယူလာပေး"

အခြေအနေမှန်ကို နားမလည်ကြသော ကလေးများကြောင့် မိဘများမှာ စိတ်မကောင်းဖြစ်ကြရသည်။

ထိုစဉ်. . .။

ထူးခြားသော ပုံသဏ္ဌာန်ရှိသည့် လှေကြီးတစ်စင်းမှာ ကျောက်ဖျာကြီးနားကိုကပ်ကာ ဆိုက်လာခဲ့လေသည်။

(လှေကြီးသည် ဦးပိုင်းမှသည် ပဲ့ပိုင်းအထိ ပေသုံးဆယ်ခန့်ရှည်မည်ဖြစ်ပြီး မိကျောင်းတစ်ကောင်၏ ပုံသဏ္ဌာန်အတိုင်းဖြစ်သည်။ ရုတ်တရက်ကြည့်လျှင် ရေမမိကျောင်းကြီးတစ်ကောင်နှင့်တူသည်။)

လှေကြီးပေါ်မှ ဦးစွာဆင်းလာသူမှာ ဒေါက်ချာနက်ကြီးကို ဆောင်းထားသော ရသေ့ကြီးတစ်ဦးဖြစ်သည်။ ကြီးမားသော ပုတီးလုံးကြီးများပါသည့် ပုတီးရှည်ကြီးတစ်ကုံးကိုလည်း လည်မှာဆွဲထားလေသည်။

ထို့နောက် သျှောင်တစ်စောင်း ထုံးထားကြကာ ခါးတောင်းမြှောင်အောင် ကျိုက်ထားကြသော လူသုံးယောက်တို့သည် စားအိုးစားခွက်များ၊ မြေအိုးကြီးများနဲ့ သောက်ရေအိုးတစ်လုံးကိုပါ သယ်ဆောင်လာခဲ့ကြသည်။



ထိုသူသုံးယောက်သည် ရင်ဘတ်နှင့်ကျောပြင်၊ ပေါင်ဘဲနှစ်ဖက်စလုံးတို့တွင် ထိုးကွင်း၊ မင်ကြောင်များကို ထိုးထားကြသည်။ တစ်ယောက်ကို ပစ္စည်းသုံးလေးမျိုးထမ်းကာ လက်ကလည်း ပွေ့ပိုက်ကာဖြင့် ဖက်ရွက်လေးများကို သယ်ဆောင်သလို ပေါ့ပါးစွာဖြင့် သယ်ဆောင်လာခဲ့ကြသည်။

ရသေ့ကြီးက ဦးဆောင်ပြီး တောင်ကုန်းပေါ်ကို တက်လာခဲ့ကြလေသည်။ တောင်ကုန်းပေါ်မှ လူများသည် ရသေ့ကြီးမှအစ အသွင်ထူးခြားသော ထိုသူသုံးယောက်ကို တအံ့တသြဖြင့် ငေးကြည့်နေကြသည်။

ရသေ့ကြီးသည် ဒုက္ခသည်များဆီကို တန်းတန်းမတ်မတ်ပင် လျှောက်သွားသည်။

"ဘယ့်နှယ်လဲ. . ဒကာတို့၊ ဒုက္ခလှလှကြီး တွေ့ကြရတော့ ဘယ်သူ့ကို အကူအညီတောင်းရမှန်းလည်း မသိကြဘူး၊ ကိုးကွယ်စရာမသိ။ ဆည်းကပ်စရာမရှိဖြစ်ကုန်ကြရပြီမဟုတ်လား"

ရသေ့ကြီးက ထိုသူများကို ဂရုဏာဒေါသောနဲ့ ပြောလိုက်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့မှာ ကယ်သူမဲ့ပြီး အစာရေစာလည်း ငတ်ပြတ်နေကြပါတယ်၊ မိဘညီအစ်ကို

မောင်နှမ၊ သားသမီး၊ ဇနီးမယား၊ မိတ်ဆွေများလည်း ရေဘေး လေဘေးကြောင့် ရှာတွေ့ပျက်လို့ အားလုံးသေဆုံးကုန်ကြပြီ ခင်ဗျာ၊ ကျွန်တော်တို့ကို သနားသောအားဖြင့် ကယ်တင်တော်မူပါ"

"အိမ်း! ခလုတ်ထိမှ အမိတကြ၊ ဒုက္ခတွေ့မှ ကယ်သူရှာကြ၊ နင်တို့ဟာ ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်းမသိကြလို့ ခုလို ဒုက္ခပင်လယ်ဝေခဲ့ကြရတာ၊ ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်က အကုသိုလ်သက်သက်၊ ဘယ်မှာလာပြီး ကောင်းနိုင်ပါတော့မလဲ၊ ကဲ. . ကဲ. . ဟောဒီမှာ ထမင်းဟင်း စားစရာ သောက်စရာတွေ ပါလာတယ်၊ စားကြသောက်ကြဟဲ့. . မောင်လူ၊ မောင်ဖြူ၊ မောင်သူတို့ သူတို့ကို ကျွေးကြပါဟဲ့"

ရသေ့ကြီးတိုက်တွန်းလိုက်သည်နှင့် ထိုသူသုံးယောက်တို့သည် မြေပန်းကန်ခွက်ယောက်များကိုချကာ ထမင်းဟင်းများကို ထည့်ကျွေးလေတော့သည်။

ဒုက္ခသည်များသည် တစ်ညလုံး တစ်နေ့လုံးဘာမှမစားကြရပဲ ဗိုက်ဟောင်းလောင်း၊ အူဟောင်းလောင်းနဲ့ ရှိနေကြလေရာ၊ ချကျွေးသော ထမင်းဟင်းများကို အားပါးတရ ခေါင်းမဖော်စတမ်း စားသောက်ကြလေသည်။



မြေပန်းကန်ထဲမှ ထမင်းဟင်းများ ကုန်သွားကြလေ မကြာခဏ ထပ်၍ထည့်ကြသည်။ ကလေးတွေကလည်း ကြီးများလိုပင် စားနိုင်ကြသည်။ ဗိုက်တွေ ပြည့်တင်းဖောင်း အောင် စားကြသည်။ သို့သော် အိုးများထဲမှ ထမင်းဟင်း ကတော့ လျော့သွားသည်ဟူ၍မရှိ။ မြေအိုးထဲမှ ရေများ လည်း သောက်ကြလေရာ ဘယ်လိုပဲသောက်သောက် ရေ အိုးထဲမှာ ရှိနေမြဲပင်။

ရသေ့ကြီးသည် ဘုရားငုတ်တိုဆီကို သွားကြည့်သည်။ နောက် ထိုင်ကန်တော့သည်။ အကြာကြီးထိုင်ကာ ရှိခိုး၏။ လျှင် ပုတီးစိပ်နေလေသည်။ ပုတီးလုံးကြီးများ၏ ရိုက်ခတ် များသည် မှန်မှန်ပင် ထွက်ပေါ်လျက်ရှိသည်။ ကုန်းပေါ်မှ များသည် ရသေ့ကြီး၏ အပြုအမူကို စိတ်ဝင်စားစွာဖြင့် ငေး ည့်နေကြသည်။

ရသေ့ကြီးနှင့်အတူပါလာကြသော မောင်လူ၊ မောင် နှင့်မောင်သူသုံးယောက်တို့သည် တောင်ကုန်းပေါ်မှ ဆင်း ကြကာ မြစ်ထဲဆင်းပြီး မကြာခဏ ရေချိုးကြသည်။ ရေ ကြသည်။ ပူအိုက်သည်က ပြောပလောက်အောင် မဟုတ် သော်လည်း ရေကြိုက်ကြဟန်တူသည်။

ညဘက်သို့ ရောက်သောအခါ ရသေ့ကြီးက ဘုရား-

ငှတ်တိုပျက်နားမှာ အိပ်သည်။ ပါလာသူသုံးယောက်က ဇေ
ကြီးထဲမှာအိပ်ကြသည်။

နောက်တော့ နေ့စဉ်နေ့တိုင်း တောင်ကုန်းထက်
ဒုက္ခသည်များကို ဆန်များ၊ ရိက္ခာများပေးကာ ကိုယ့်ဖာသာ
ကိုယ် ချက်စားစေသည်။ ထိုသူသုံးယောက်ကတော့ တောင်
ခြေသို့ဆင်းကာ ရွာ့များကိုတူးပြီး အုတ်ဖုတ်ကြလေသည်။



**အခန်း-(၄)**

တောင်ပေါ်မှာ ရောက်နေသော ရေဘေးဒုက္ခသည်
များသည် အချင်းချင်း ဤသို့ဆွေးနွေးကြလေသည်။

"ရှင်ရသေ့နှင့်တကွ၊ သူနှင့်အတူ ပါလာကြခဲ့ကြတဲ့
ကောင်ဖြူ၊ မောင်လူနှင့်မောင်သူတို့ဟာ ငါတို့ရဲ့အသက်တွေ
ကို ကယ်တင်ခဲ့ကြတယ်၊ အခု သူတို့တောင်ခြေမှာ အုတ်တွေ
ဖုတ်နေကြတော့ သုံးယောက်တည်း။ ရှင်ရသေ့ဆီမှာခွင့်တောင်း
ပြီး အကူအညီသွားပေးကြမယ်"

"ဟုတ်တယ်၊ ဘာကြောင့် အုတ်ဖုတ်ကြသလဲတော့
မသိဘူး၊ ဒါပေမယ့် ကျွန်တော်တို့က အလိုက်သိစွာနဲ့ ဝိုင်းဝန်း
ပြီး ကူညီကြမယ်"

ထိုသူတို့သည် ရှင်ရသေ့ဆီကိုသွားပြီး ခွင့်တောင်းကြ လေသည်။

"ရှင်ရသေ့. . ဒီအုတ်တွေကို ဖုတ်တာ မည်သည့်အကြောင်းကြောင့်ပါလဲ၊ တပည့်တော်တို့လည်း ဝိုင်းပြီးကူညီပါရစေ"

ထိုအခါ ရှင်ရသေ့က. . .။

"ဒကာတို့. . အုတ်တွေဖုတ်တာ ဘာကြောင့်လဲလို့တော့ ကျုပ်မပြောနိုင်သေးဘူး၊ ကုသိုလ်ပါဝင်ချင်လို့ ဝိုင်းပြီးကူညီချင်သပဆိုရင်လည်း ကူညီကြပေါ့" ဟုဆိုလိုက်ကြသည်နှင့် ထိုသူများသည် တောင်အောက်သို့ ဆင်းသွားခဲ့ကြပြီး။

"ကျုပ်တို့လည်း ကူညီပါရစေဗျာ" ဟုခေါင်းဆောင်လူကြီးက ပြောလိုက်သည်နှင့် မောင်ဖြူက. . .။

"သိပ်ကောင်းတာပေါ့ဗျာ၊ ခင်ဗျားတို့ မြန်မြန်ကူညီကြတော့ မြန်မြန်ပြီးတာပေါ့"

မောင်သူကလည်း. . .။

"ဦးရိုးတို့ ကူညီချင်တယ်ဆိုရင် လှေထဲမှာ ပေါက်တူးပေါက်ပြား၊ တူရွင်းအစုံရှိတယ်၊ သွားယူကြပေတော့"

နှုတ်နည်းသူ မောင်လူကတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ သူတို့ကို ပြုံးပြီးတော့ ကြည့်နေလေသည်။



ယောက်ျား၊ မိန်းမ၊ ကလေးများပါမကျန် လှေကြီးဆီ
သွားကြပြီး ပေါက်တူး၊ ပေါက်ပြား၊ တူရွင်းအစရှိသည်တို့
ယူဆောင်ကြလေသည်။ တောင်ခြေနှင့်အတော်ခပ်လှမ်း
မ်းနေရာကို သွားရောက်ကြပြီး ရွှံ့များကိုတူးကြသည်။

တစ်ချို့က ရေမျောကမ်းတင် ထင်းများကို သွားပြီး
ာက်ကြသည်။ ကလေးတွေက ကမ်းစပ်မှာ တင်နေသော
စ်ကိုင်းခြောက်များကို တပျော်တပါး လိုက်ပြီးကောက်ယူကြ
သည်။

စကားနည်းသော မောင်လူသည် ရွှံ့တုံးများကို အုတ်
ပ်ပြုလုပ်နည်း၊ မီးဖုတ်နည်းများကို သင်ကြားပေးလေသည်။
ားလုံးစိတ်ပါဝင်စားစွာဖြင့် လိုက်လုပ်ကြသည်။ သင်ရလည်း
ယ်ကူကြသည်။ ရွှံ့များကို မီးဖုတ်ပြီး၍ အအေးခံပြီးသော
ခါ အုတ်များဖြစ်သွားကြသည်။

ထိုအခါ အုတ်များကို တောင်ပေးသို့ သယ်ကြရ၏။
ငါးဆယ်ကျော်စာ စားရေရိက္ခာများကို အမျိုးသမီးများ၊ မိန်း
လေးများက ချက်ပြုတ်ကြသည်။ သူတို့သည် အလုပ်ရှိနေ
သောကြောင့် ကြုံခဲ့ကြပြီးသော ဒုက္ခ၊ သောကများအား
လျော့ထားနိုင်ခဲ့ကြလေပြီ။

တောင်ပေါ်မှာ အုတ်တွေလုံလောက်စွာ တင်ပြီးသော

အခါ ရသေ့ကြီးက ဘုရားဂုတ်တိုကိုင်ပြီး စေတီတစ်ဆူတည် လေသည်။

ရေဘေး၊လေဘေးဒုက္ခသည်များသည်လည်း စိတ်ပါ ဝင်စားစွာဖြင့် ဝိုင်းပြီးကူညီကြလေသည်။ တစ်လအကြာတွင် ကိုးတောင်ပြည့် စေတီတော်ကြီးတစ်ဆူ တည်ပြီးသားဖြစ်သွား ခဲ့လေသည်။ ရသေ့ကြီးက ထိုသူများကို အလွယ်ဆုံး၊ အရှင်း ဆုံး၊ တရားကိုဟောကြားသည်။

"မကောင်းတာလုပ်ရင် မကောင်းတာပဲ ဖြစ်ကြမယ် ကောင်းတဲ့အလုပ်ကိုလုပ်ရင် ကောင်းကျိုးချမ်းသာကို ခံစားကြ ရမယ်။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို ယုံကြည်စွာ နဲ့ ကိုးကွယ်ဆည်းကပ်ကြရင် သုခချမ်းသာခြင်းကို ရရှိကြမယ်"

ဒုက္ခရောက်တဲ့ သူချင်းအတူတူ ကိုယ်က ရတနာသုံး ပါးရဲ့ဂုဏ်ကျေးဇူးကို သိထားရင် ဘေးအန္တရာယ်ကို ကျော် လွှားသွားနိုင်တယ်"

ဟုအစချီကာ ပြောဆိုဆုံးမပြီး ငါးပါးသီလကို ခံယူ ကြစေသည်။ ရသေ့ကြီးသည် ထိုသူများကို ပါဏာတိပါတာ အဒိန္နာဒါနာအစရှိသော ငါးပါးသီလကို တစ်ခုချင်းရှင်းပြသည်။

ထိုသူများသည် မကောင်းမှုကံ၊ ကောင်းမှုကံများကို သိသွားကြကာ ထိုနေ့မှစ၍ တံငါအလုပ်နဲ့ အသက်မွေးဝမ်း





ကြောင်းခြင်းကို မလုပ်ကြတော့ချေ။

❂ ❂ ❂

လှေကြီးပေါ်မှာ ကျောက်စည်ကြီးတစ်လုံး ပါလာခဲ့ လေသည်။ ထိုကျောက်စည်ကြီးသည် ကိုယ်ထည်ပိုင်းက ည်းကျောက်သား၊ မျက်နှာပြင် နှစ်ဖက်ကလည်း ကျောက် းများဖြစ်ကြသည်။

ကျောက်စည်ကြီးကို မောင်ဖြူ မောင်လူတို့နှစ်ဦးက ှကြီးထဲမှ မထုတ်သွားခဲ့ကြသည်။ တောင်ကုန်းကြီးနှင့်အ ာ်လှမ်းသောနေရာ ကျောက်ဖျာနီနီကြီးပေါ်မှာ ဂဝံအုတ် ျာက်များဖြင့် တပ်ဆင်ထားလိုက်ကြသည်။

ရသေ့ကြီးက မသေမပျောက်ကျန်ရစ်ခဲ့ကြသော ရွာ ရွာသားများကို. . .။

"ဟောဒီကျောက်စည်ကြီးနှင့် မနီးမဝေးမှာ ရွာတည် နေကြ၊ ကျောက်စည်ရွာလို့ အမည်တွင်ကြ။ ဟောဒီရွှေစာ ရားကြီးကိုလည်း စောင့်ရှောက်ကြ။ ရွာအတွက် ဘုရား အတွက် ဘေးရန်တစ်ခုခု ကြုံကြတဲ့အခါမှာ ကျောက်စည် ာမြည်ပြီး သတိပေးလိမ့်မယ်"

ထိုနောက် တဆက်တည်းမှာပင်. . .။

"မောင်ဖြူ. . မင်းက ကျောက်စည်ရွာကို မကြာခဏ လာပြီးကြည့်ရမယ်၊ ဘုရားကြီးကိုလည်း စောင့်ရှောက်ရမယ် ကြားလား"

"တင်ပါ့. . ရှင်ရသေ့ တပည့်တော် ခိုင်းတဲ့အတိုင်း ဆောင်ရွက်ပါ့မယ်၊ သတိမလစ်ဟင်းစေရပါဘူး"

မောင်ဖြူကလည်း ရသေ့ကြီးကို ကတိပေးလေသည်။ ရွာသူရွာသားများသည် စုပေါင်းပြီး ရွာကိုတည်ကြရာ၌ မောင်ဖြူ မောင်လူနှင့်မောင်သူတို့ကပါ ဝိုင်းပြီးတော့ ကူညီကြသည်။

ကျောက်စည်ရွာသားများသည် သူတို့ဆီမှာ လအတန် ကြာ နေခဲ့ကြသော ရသေ့ကြီးနှင့်မောင်ဖြူ မောင်လူ၊ မောင် သူတို့ကို လွန်စွာမှ ခင်မင်လျက်ရှိကြသည်။ သံယောဇဉ်ဖြစ် နေကြသည်။

"ကိုဖြူတို့. . ဒီရွာမှာပဲ အခြေစိုက်ပြီး နေကြပါလား"

"ကျွန်တော်တို့မှာ တာဝန်က ရှိနေသေးလို့ပါဗျာ၊ ဒါ ပေမယ့် ဒီရွာမှာ ကျွန်တော်တို့ မနေဖြစ်ပေမယ့်လည်း ကျွန် တော်ကတော့ မကြာခဏ ရောက်နေမှာပါ"

ရွာမှ မိန်းကလေးတစ်ချို့သည် မောင်ဖြူတို့သုံးဦးကို နှစ်သက်ကြသည်။ သဘောကျကြသည်။ လက်ထပ်လိုကြ





သို့သော် သူတို့က ခင်မင်ရင်းနှီးကြသည်ကလွဲ၍ မိန်း ကလေးများကို စိတ်မဝင်စားကြချေ။

မကြာမီ ထူးခြားသော ပုံသဏ္ဌာန်ရှိသည့် မိကျောင်း လှေကြီးသည် ခရီးပြန်ထွက်ကြတော့မည်ဖြစ်သည်။ ရွာသူရွာ သားများက ကမ်းစပ်အထိ ဆင်းကြကာ ညိုးငယ်သော မျက် နှာများဖြင့် လိုက်ပို့ကြသည်။

"ကိုဖြူ ကိုသူနှင့်ကိုလူတို့ကို ကျွန်တော်တို့က အမြဲ သတိရနေမှာပါဗျာ"

"ကျွန်မတို့ကလည်း ကယ်တင်ရှင် ရှင်ရသေ့ကြီးနှင့် ကိုဖြူတို့သုံးယောက်ကို ဘယ်တော့မှ မေ့နိုင်ကြမှာ မဟုတ်ပါ ဘူးရှင်"

ရှင်ရသေ့ကြီးကလည်း. . .။

"ဒကာတို့. . ကျောက်စည်ရွာကြီး ပိုပြီးစည်ကားလာ အောင် ကြိုးစားကြပါ၊ ဒါမှ ဘုရားကြီးကို ပိုပြီးစောင့်ရှောက် နိုင်ကြမယ်"

ရွာသားများကလည်း ရှင်ရသေ့ကြီးကို ကတိပေးကြ လေသည်။ မကြာမီ လှေကြီးသည် ဒီရေတက်ပြီးသည်နှင့် ကမ်း မှ တရွေ့ရွေ့ဖြင့် ရွက်လွှင့်ကာ ထွက်ခွာသွားခဲ့သည်။

ကျောက်စည်ရွာသူရွာသားများမှာ လက်တွေတပြပြ

နဲ့ လွှမ်းဆွတ်ကြေကွဲပြီး ကျန်ရစ်ခဲ့ကြလေသည်။ သူတို့သည် ရှင်ရသေ့ကြီး ဦးတိက္ခနှင့်မောင်ဖြူ မောင်သူနှင့်မောင်လူတို့ ကို ဘယ်သောအခါမှ မမေ့နိုင်ကြချေ။

ကျောက်စည်ရွာသည် ဟိုမှဒီမှလာရောက်၍ အခြေ ချသူများ ရှိလာခဲ့ကြရာ အိမ်ခြေငါးရာခန့်အထိ ရှိလာခဲ့သည်။ ရွာသူကြီးဦးမုန်တိုင်းသည် မိမိတို့ရွာသို့ အခြေစိုက်နေထိုင်ရန် လာရောက်ကြသူများကို တံငါအလုပ်မလုပ်ရ။ အမဲမလိုက်ရ ယုတ်စွအဆုံး ငှက်ပင်မပစ်ရဟူ၍ တားမြစ်ထားသည်။

ထိုစည်းကမ်းချက်နှင့်ညီပါက နေထိုင်ခွင့်ပြုသည်။ ရွှေ စာရံဘုရားမှာ သစ္စာဆိုရသည်။ သစ္စာရေသောက်ရသည်။ က တိသစ္စာမပြုနိုင်လျှင် ရွာမှာနေထိုင်ခွင့်မရှိချေ။ ရွာသူကြီးဦး မုန်တိုင်းကိုယ်တိုင်က ရေဘေး၊ လေဘေး၊ သေဘေးမှလွတ် မြောက်လာခဲ့သူဖြစ်သည်။

(သားငါးများကို စားလိုပါက တစ်ခြားရွာများမှ လာ ရောက်ရောင်းချသော ဈေးသည်များဆီက ပံ့သကူဝယ်စား နိုင်သည်။ ကျောက်စည်ရွာသူရွာသားများသည် သေဘေးကြီး ကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့လာခဲ့သူများဖြစ်၍ အကုသိုလ် အလုပ်ဆိုလျှင် ရွံ့စရာအလား ရှောင်တိမ်းတတ်ကြသည်။ ငှ ကြီးသူမ ရွာသားတော်တော်များများသည် သက်သတ်လွတ်





အစားအစာများကိုသာ စားသုံးကြသည်။ ရွာတွင် အမဲပေါ် သော အလုပ်များကို မည်သူမှမလုပ်ကြ။)

ဘုရားကြီး၏ တန်ခိုးတော်ကြောင့် မိမိတို့အသက်ချမ်း သာရာ ရခဲ့ကြရသည်ဟုဆိုကြကာ ရွှေစာရံစေတီတော်မြတ် ကြီးကို ဂရုစိုက်ကြသည်။ လပြည့်၊လကွယ်တိုင်းတွင် ဥပုဒ်သီ လ ဆောက်တည်ကြရင်း စေတီတော်မြတ်ကြီး၏ ဝေယျာ ဝစ္စများကို ဆောင်ရွက်ကြလေသည်။

တောင်ကုန်းကြီးပေါ်မှာလည်း ကြီးမားသော ဇရပ် ကြီးတစ်ဆောင်ကို တည်ဆောက်ထားကြသည်။

မောင်ဖြူသည် ကျောက်စည်ရွာကို မမျှော်လင့်ပဲနှင့် ရောက်လာတတ်သည်။ သူရောက်လာလျှင် မည်သူမှမသိကြ ။ များသောအားဖြင့် ဒီရေတက်ချိန်များမှာ လှေတစ်စင်း ဖြင့် ရောက်လာတတ်သည်။ ရောက်ရောက်ချင်း တောင်ကုန်း ပေါ်သို့တက်ပြီး စေတီတော်ကြီးကို ဦးခိုက်တတ်သည်။

စေတီတော်၏ ပရဝုဒ်အတွင်းမှာ တံမြက်စည်းလှည်း ခြင်း သောက်တော်ရေ ဆီမီး၊ အမွှေးနံ့သာများကို ပူဇော် ကန်တော့ခြင်းများကို ဆောင်ရွက်ပြီးမှ ပြန်တတ်လေသည်။

မောင်ဖြူသည် ကျောက်စည်ရွာထဲကိုတော့ ဝင်ခဲ၏။ သူ့ကို မမျှော်လင့်ပဲ တွေ့လိုက်ကြရသူများသည် စေတီတော်

ဆီမှာသာ လျှို့ဝှက်စွာရောက်လာတတ်ပြီး လျှို့ဝှက်စွာပင်ပြန်သွားတတ်သည်။



## အခန်း-(၅)

တစ်ညနေ နေဝင်ရီတရောအချိန်၊ မိုးချုပ်တော့မည်ဖြစ်သည်။ ရေလည်းတက်ပြီးစဖြစ်၍ ချောင်းထဲမှာ ရေပြည့်နေသည်။ လှိုင်းဂယက်များကလည်းထလျက်။ ရေဝဲများလည်းသည့်နေကြသည်။

ထိုသို့သောအချိန်တွင် ရေထဲမှ ကမ်းခြေကို တရွေ့ရွေ့နဲ့ မျှောလာသော အရာတစ်ခု။ ထိုအရာသည် ကမ်းပေါ်ရောက်လာသောအခါ မိကျောင်းဖြူကြီးတစ်ကောင်ဖြစ်နေသည်။

"ဟာ. . ဟိုမှာ မိကျောင်းကြီးတစ်ကောင်"

"အေးဟေ့. . မိကျောင်းက အဖြူကြီး"

ထိုမိကျောင်းကြီးသည် ဒိုက်သရေဖတ်တွေနှင့် ရှုပ်
ထွေးနေသည်။ ကိုင်းတောကြီးထဲကို ဝင်ရောက်ကာ ပျောက်
ကွယ်သွားခဲ့လေသည်။

“မိကျောင်းကြီးက အဖြူရောင်ကြီးကွ၊ တော်တော်
ဆန်းတယ်၊ မိကျောင်းဖြူကို ငါတို့တစ်ခါမှ မတွေ့ဖူးသေးဘူး
လာ. . ငါတို့လိုက်ကြည့်ရအောင်”

“ဟာကွာ. . မကြည့်ရဲဘူး၊ လူကိုတွေ့လို့ ထွက်လိုက်
ပြီးကိုက်ရင် ဘယ့်နှယ်လုပ်မလဲ”

“အေး. . ဒါလည်းဟုတ်တယ်၊ ပြောလို့ရတာမဟုတ်
ဘူး”

ရွာသားနှစ်ဦးတို့သည် ကျောက်စည်ရွာထဲကို ပြန်ပြေး
လာခဲ့ကြသည်။

“မိကျောင်းဖြူကြီးတစ်ကောင်ကွ၊ ကုန်းပေါ်ကိုတက်
လာတယ်၊ ငါတို့ ကြောက်ပြီးထွက်ပြေးလာခဲ့ရတယ်”

“ဟာ. . ဟုတ်ပါ့မလား၊ မိကျောင်းဖြူရယ်လို့ မကြား
ဖူးပေါင်”

တစ်ချို့ကလည်း မယုံကြ၊ မယုံတစ်ဝက် ယုံတစ်ဝက်
အံ့အားသင့်နေကြသည့်သူတွေကလည်းရှိသည်။ သို့သော် မိ
ကျောင်းဖြူကြီး၏ သတင်းသည် ဟုတ်သော်ရှိ၊ မဟုတ်သော်





ရှိ တစ်ရွာလုံးကို ပြန့်နှံ့သွားခဲ့သည်။

မိကျောင်းဖြူကို မြင်တွေ့ခဲ့ကြသည့် လူနှစ်ဦးကလည်း
ရွာမှာ တည်တည်ကြည်ကြည်နှင့် နေကြသူများဖြစ်ကြသည်။
နောက်ပြောင်ပြီး ပြောကြမည့် လူစားတွေတော့ မဟုတ်ကြ။
သို့သော် ယုံရခက်၊ မယုံရခက်ဖြစ်နေကြသည်။

တစ်ရက်တွင်. . . ။

ခဝါသည် လင်မယားနှစ်ယောက်သည် အဝတ်လျှော်
ရန် ကမ်းစပ်သို့အသွား တောင်ကုန်းကြီးနှင့်မနီးမဝေး ကျောက်
ဖျာနီနီကြီးပေါ်မှာ မိကျောင်းဖြူကြီးတစ်ကောင်ကို မမျှော်လင့်
ဘဲ တွေ့လိုက်ကြရလေသည်။

“ဟာ. . ဟိုမှာ မိကျောင်းဖြူကြီး”

ဇနီးဖြစ်သူက အော်ပြောလိုက်ပြီး ကြောက်ကြောက်
နဲ့ လှည့်ပြေးကြလေတော့သည်။ မိကျောင်းဖြူကြီးလည်း ရေ
ထဲကို ဆင်းသွားခဲ့လေသည်။

ခဝါသည်သည်လင်မယားသည် ရွာသားများကိုခေါ်
ပြီး ထိုနေရာသို့ ပြန်ရောက်သောအခါ မိကျောင်းဖြူကြီးအား
မတွေ့ရတော့။

“ဘယ်မှာလဲ၊ နင်တို့တွေ့ခဲ့တဲ့ မိကျောင်း”

“စောစောက ဟောဟိုကျောက်ဖျာပေါ်မှာ အသေအ

ချာကို တွေ့လိုက်တာ၊ ခုမရှိတော့ဘူး၊ ရေထဲကို ဆင်းသွားပြီ ထင်တယ်"

"နင်တို့ဟာကလည်း မဟုတ်သေးပါဘူး"

မကျေမနပ်နဲ့ ထိုနေရာကို သွားကြည့်ကြရာ ကျောက်ဖျာထက်မှာ မိကျောင်းဆင်းသွားသည့် စွတ်ကြောင်းရာကြီးကို တွေ့လိုက်ကြရလေသည်။

ထိုကြောင့် မသေချာသော်လည်း ဇဝေဇဝါဖြစ်သွားခဲ့ကြသည်။ သို့ရှိစဉ် သျှောင်တစ်စောင်းထုံးထားသော လူခန့်ချောကြီးတစ်ဦးသည် သူတို့ဆီကို လျှောက်လာခဲ့လေသည်။

"ဟာ. . မောင်ဖြူပါလား"

"ဦးရိုးတို့. . ဘာအကြောင်းအရာများ ပေါ်နေကြလို့လဲ"

"ဩော်. . ဒီမှာကွာ၊ မိကျောင်းဖြူကြီးတစ်ကောင်ကို တွေ့လိုက်တယ်ဆိုလို့ ငါတို့လာကြည့်တော့ မမြင်လိုက်ပါဘူးကွာ"

"ဩော်. . သူ့အကြောင်းနှင့်သူ သွားရင်းလာရင်းနှင့် ရောက်လာတာနဲ့ တူပါတယ်ဗျာ၊ ကိုယ့်ကို ဒုက္ခမပေးဘူးဆိုရင်လည်း သူ့ဟာသာသူ နေပါစေလားဗျာ"

"အေး. . မောင်ဖြူပြောတာမှန်တယ်၊ သူတို့ပြောကြ




ဲ့ အတိုင်းဆိုရင် မိကျောင်းက အဖြူရောင်ဆိုတော့ သူတော်ကောင်းနဲ့ တူပါတယ်ကွာ၊ ပြီးတော့ ဟောဒီအနီးအနားတဝိုက်လည်း လူတွေကို မိကျောင်းဆွဲတဲ့သတင်းမျိုး မကြားရဘူး"

"ကျွန်တော်. . စေတီတော်ရဲ့ ဝေယျာဝစ္စတွေဆောင်ရွက်ဖို့ လာခဲ့တာပါ၊ ကျောက်စည်ရွာသားတွေ နေထိုင်ကောင်းကြရဲ့ နော်"

"ကောင်းပါ့ဗျာ၊ အားလုံးအဆင်ပြေကြပါတယ်၊ မင်းလည်း ရွာထဲကိုသွားဦးလကွယ်"

"မသွားတော့ပါဘူး. . ဦးရိုးတို့ရာ၊ အချိန်လည်း သိပ်ရပါဘူး၊ နောက်ကြုံတော့မှပဲ သွားတော့မယ်၊ ရွာသူရွာသားတွေကို ကျွန်တော်က မေးတယ်လို့သာ ပြောလိုက်ပါဗျာ" ဟုဆိုကာ မောင်ဖြူသည် တောင်ကုန်းဘက်ကိုဆက်ပြီး လျှောက်သွားခဲ့လေသည်။

မောင်ဖြူ၏ ခန့်ထည်သော အသွင်အပြင်ကို အားလုံးက ငေးရီကာ ကြည့်နေပြီး ကျန်ရစ်ခဲ့လေသည်။





## အခန်း–(၆)

"အဲဒါ ကျောက်စည်ရွာလို့ ခေါ်တွင်လာခဲ့ရတဲ့ အကြောင်းရင်းနဲ့ အဖြစ်အပျက်တွေပဲကွယ့်"

ဘ,ရာကျော်သည် ပြန်ပြောင်းပြောပြသည်။ ကျောက်စည်ရွာ၏ အကြောင်းကို အဆုံးသတ်လိုက်လေသည်။

"ဟာ. . ဘကလည်းဗျာ၊ ဇာတ်လမ်းက ဘယ်မှာဆုံးသေးလို့လဲ၊ ဘ,က တစ်ဝက်တစ်ပြက်နဲ့ ရပ်ထားလိုက်တာပဲ၊ ကိုကျောက်စည်ကြီးနှင့်ပတ်သက်တဲ့အကြောင်းတွေ၊ ကိုဖြူနှင့် နဲ့ကျောင်းဖြူကြီး ဘယ်လိုဆက်စပ်မှုရှိကြသလဲ၊ ဒါတွေ ကျန်သေးတယ်လေ"

မောင်သီဟသည် ဇာတ်လမ်းက တစ်ဝက်တစ်ပျက်နဲ့

နုပ်သွားခဲ့၍ မချင့်မရဲဖြစ်ကာ ပြောလိုက်လေသည်။

"ကျောက်စည်ကြီးနဲ့ ပတ်သက်လို့ကတော့ ဘလည်း ရေရေရာရာ မသိဘူးကွယ့်၊ ဘ,ဒီရွာမှာ လူဖြစ်လာတာကြာပြီ ကျောက်စည်ဆိုတာကို မတွေ့ခဲ့ဘူး၊ တစ်ကယ်ပဲ ရှိခဲ့သလား ဒဏ္ဍာရီဆန်ဆန်လား၊ ပါးစပ်ပြောလားဆိုတာ မသိရဘူးလေ"

"ဒါပေမယ့် စေတီတော်ကြီးကို အနှောင့်အယှက်ပေး ကြမယ့်သူတွေ၊ ရွာကို သူခိုးဓားပြတွေ ဝင်ပြီးတိုက်ခိုက်ဖို့ အကြံအစည်ရှိလာခဲ့တယ်ဆိုရင်တော့ ကျောက်စည်ကြီးဟာ တဒူဒူနဲ့ သူ့အလိုလို မြည်ဟီးလာသတဲ့. . လူလေးရဲ့"

"ဟင်! ဟုတ်လား၊ ဘ,တို့လက်ထက်မှာရော ကျောက်စည်ကြီးရဲ့ မြည်သံကို ကြားမိသေးလား"

"မကြားမိပါဘူးကွယ်၊ သူခိုးဓားပြရန်ကလည်း ကင်းဝေးပါတယ်၊ စေတီတော်ကြီးကို အနှောင့်အယှက်ပေးမယ့်သူတွေကလည်း တစ်ကြိမ်တစ်ခါတောင်မှ ရောက်မလာခဲ့ပါဘူးလေ"

"ဒါကြောင့်မို့ ကျောက်စည်ကြီးက အသံမမြည်တာ ဖြစ်မှာပေါ့နော်. . ဘ"

"အသံမြည်တာ မမြည်တာထားဦးတော့၊ ကျောက်စည်ကြီးဆိုတာ ရှိခဲ့ရင်လည်း ခုမှမရှိတော့ကာ၊ နှစ်ပေါင်းများ





ကြာလာတော့ ပျက်စီးသွားခဲ့သလား၊ ရေအောက်ကိုပဲ နစ်မြုပ်သွားခဲ့သလား၊ သိမှမသိရတာ"

"ဘ,မှာ ကျောက်စည်ရွာနှင့် ပတ်သက်ပြီး ပြောစရာဘာမှမရှိတော့ဘူးလား"

"အင်း. . ပြောစရာတွေတော့ ကျန်ပါသေးတယ်၊ ဒါပေမယ့် ဒီကနေ့တော့ တော်လောက်ပြီကွယ်၊ ဘလည်း အာခြောက်သွားပြီ၊ မနက်ဖြန်ကျမှလာခဲ့တော့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့၊ ကျွန်တော်က စိတ်ဝင်စားပြီး သိချင်ဇောရှိတာ၊ ဘကိုညာရကောင်းမှန်း မသိခဲ့ဘူး၊ နောက်နေ့ကျ ကျွန်တော်လာခဲ့တော့မယ်နော်. . ဘ"

"အေး. . . အေး"

မောင်သီဟသည် ကျောက်စည်ရွာ၏ အဖြစ်အပျက်ကို ဆက်ပြီးနားထောင်သေးလိုသော်လည်း ဦးရာကျော်ကိုညာရမည်ဖြစ်သောကြောင့် မချင့်မရဲဖြင့် အိမ်ကိုပြန်လာခဲ့ရသည်။

"သား. . မင်းတစ်နေကုန် တစ်နေခန်း ဘယ်လျှောက်သွားနေတာလဲ၊ ရွာရိုးကိုးပေါက်လျှောက်လည်ပြီး အချိန်တွေအလဟဿ ဖြုန်းပစ်နေတာ မကောင်းဘူးနော်"

ဖခင်ဖြစ်သူ ဦးသက္ကသည် မောင်သီဟ၏အိမ်ကို ပြန်

ရောက်ရောက်ချင်း ဆီး၍ဆူလေသည်။

"ကျွန်တော်. . အဲ. . ."

ဦးရာကျော်အိမ်က ပြန်လာသည်ဟု ပြောမည်ပြုပြီး မှ. . .။

"ကျွန်တော်အချိန်တွေ ဖြုန်းပစ်နေတာ မဟုတ်ပါဘူး အကျိုးရှိမယ့် အလုပ်ကိုရှာပြီး လုပ်ဖို့အတွက် ကြိုးစားနေတာပါ. . အဖေ"

"မင်းဟာ တော်တော်စကားကြီးစကားကျယ်ပြောတဲ့ကောင်၊ သားအဖချင်း မင်းက ခေါင်းတစ်လုံးပိုပြီး မမြင့်ချင်စမ်းပါနဲ့၊ အကြောင်းသိတွေပါ"

"ဟဲ. . ဟဲ. . အဖေကလည်းဗျာ၊ ကျွန်တော်ပြောတာကို မယုံချင်ဘူး၊ စကားပြောတာက တစ်မျိုးပဲ"

"ဟဲ့! ဒီသားအဖတွေ ဘာဖြစ်နေကြတာလဲ၊ စကားပြောတာက သူငယ်ချင်းတွေကျနေတာပဲ၊ ဖအေကလည်း သားကို ဆုံးမချင်ရင် နားဝင်ချိုမယ့်စကားမျိုးမပြောဘူး"

ဇနီးဖြစ်သူ ဒေါ်ကြာမုံက အိမ်ထဲမှထွက်လာပြီးပြောသည်။

"ဩော်. . ကြာမုံရယ်၊ မိဘနှင့်သားသမီးဆိုတာ ပွင့်ပွင့်လင်းလင်းဆက်ဆံတာ အကောင်းဆုံးပဲလေ၊ ငါအဖေဆို





း အပေါ်စီးကချည်းပဲ ပြောဆိုနေရင် သားသမီးဟာ မိဘအပေါ်မှာ ပြောရဲဆိုရဲ ဘယ်ရှိပါတော့မလဲ"

"ဟုတ်သားပဲ၊ အမေကလည်း အဖေနှင့်သားနှင့်ဟာ လိုပဲပြောနေကျပဲဟာ"

"အင်း. . ဒီသားအဖနှစ်ယောက်ကတော့ လိုက်လည်း တ်ပါတယ်၊ ဘယ်အိမ်မှာမှ ဒီလိုဆက်ဆံပုံမျိုး မတွေ့ဖူးသေး း"

"ဟဲ. . ဟဲ. . ကြာမုံကလည်းကွာ၊ ငါက သားကို သက် က်မဲ့သာ၊ သူပြန်လာလာချင်း ဆူလိုက်တာ၊ ဒါကလည်း ငါ င်းရဲ့ အဖေကွလို့ သတိပေးလိုက်တာနဲ့ အတူတူပဲ၊ ငါက ားကို ဒီအတိုင်းကြီး ပစ်မထားပါဘူးကွ၊ မိဘဆိုတဲ့ ဩဇာ သးကိုတော့ ပြရပါသေးတယ်"

"ကျွန်တော်ကလည်း အဖေဩဇာပြတာကို ခံချင်သေး ာ၊ ဒါမှ မိဘဩဇာညောင်းတဲ့ သားဖြစ်မှာပေါ့ဗျ"

"တတ်လည်း တတ်နိုင်တဲ့ သားအဖတော်၊ စိတ်ထား င်းကလည်း တူလိုက်တာ၊ အမေတစ်ခုတော့ မှာချင်တယ် ား၊ ငါ့အဖေက ငါ့ကို အရောတဝင် ဆက်ဆံတယ်ဆိုပြီး မ မသေတော့ မလုပ်ရဘူးနော်"

"ဩော်. . အမေရယ်၊ သားဟာ သူပဏ္ဍာသာမရဲ့ လမ်း

ငဉ်ကိုလိုက်မယ့်သားမျိုးပါ၊ မိုက်မဲတယ်ဆိုတာ သားရဲ့ ရာဇဝင်
မှာ မရှိစေရဘူး၊ ဒါတော့ အမေစိတ်ချ"

"အမေက သားကိုစိတ်ချပြီးသားပါ၊ ဒါပေမယ့် အ
ဆိုတာကလည်း အမေပဲလေ၊ အမေနှင့်တူအောင်တော့ ထ
ခါတလဲလဲ ဆုံးမရသေးတာပေါ့"

ကျောက်စည်ရွာအတွင်း သူတို့မိသားစုလောက် ရင်း
နှီးချင်ခင်ကြသော မိသားစုမျိုး မရှိကြသေးပေ။ ဦးသက္ကသည်
မောင်သီဟကို ပြုစုပျိုးထောင်ရာတွင် ကြောက်စိတ်မရှိစေ
ရဲစိတ်များသွင်းထားသည်။

ငယ်စဉ်ကတည်းက ခြောက်လန့်ပြီး ဆုံးမခဲ့တာမျိုး
မည်သည့်အခါမှ မလုပ်ခဲ့ချေ။

"ယောက်ျားဆိုတာ မိန်းမနှင့်မတူဘူးသားရဲ့"

"ဟာ. . အဖေကလည်း ဒါတော့ ကျွန်တော်လည်း
တာပေါ့"

"နေဦးလေ သားကလည်း အဖေ့စကားမဆုံးသေးဘူး
ခန္ဓာကိုယ်မှာ အရိုးအဆစ် ဖွဲ့စည်းပုံကအစ ယောက်ျားကမှာ
ပြီး မိန်းမကနည်းတယ်၊ အရိုးများရင် ကြံ့ခိုင်မှုလည်း ကြီးမား
တယ်၊ ဒါကြောင့် စိတ်ဓာတ်လည်း မိန်းမတွေထက် ပိုပြီးမာ
တယ်၊ လောကကြီးကို ရင်ဆိုင်တဲ့အခါမှာ မိန်းမတွေထက်ပို





ပြီး လောကဓံကို ကြံ့ကြံ့ခိုင်နိုင်တာပေါ့ကွာ"

"အဖေဒီလိုပဲပြောတယ်လို့ မင်းအမေကို သွားမပြော
လိုက်နဲ့နော်၊ တော်ကြာ အဖေ့ကိုစိတ်ဆိုးပြီး ဒီလောက်တောင်
မိန်းဆောင်နိုင်ကြရင် မိန်းမတွေလုပ်တဲ့ အသေးအမွှားအလုပ်
တွေကို ရှင်တို့ယောက်ျားတွေပဲ လုပ်ကြတော့ဆိုပြီး ကိုယ့်ထ
မင်းကိုယ် ချက်စားခိုင်းနေဦးမယ်၊ အဖေက ယောက်ျားကောင်း
ဆိုဒီ အဲသလို အသေးအမွှားကိစ္စတွေကို ဘယ်တော့မှ မလုပ်
ဘူးကွ၊ အဲ. . ထမင်းချက်၊ ဟင်းချက်တာလည်းပါတယ်"

"တော်နော်. . သားကို ဘာတွေလျှောက်ပြီးသင်နေ
တာလဲ၊ သူ့စိတ်ကူးကိုသူ အသုံးချတတ်ပါစေ"

"ကိုယ့်လမ်းကိုယ် ထွင်ပြီးသွားဖို့ဆိုတာ ပဲ့ကိုင်ပေးမယ့်
သူမရှိလို့ မဖြစ်သေးဘူး. . ကြာမုံရဲ့၊ ပဲ့ကိုင်ကောင်းမှ လမ်း
ကြောင်းမှန်ကိုရောက်မှာ၊ ဒါကြောင့် ငါက သားကို ပဲ့ကိုင်နေ
တာ"

"ဒီလိုသား. . မင်းမြဲမြဲမှတ်ထားဖို့က လောကကြီးမှာ
ကြောက်တတ်ရင် ဝန်ကင်းတယ်ဆိုတဲ့စကားမျိုးကို အဖေလက်
မခံဘူး၊ ယောက်ျားမှန်ရင် ကြောက်စိတ်မမွေးရဘူး၊ တာဝန်
သူရဲတဲ့ သတ္တိရှိရမယ်၊ စွန့်စားမှ သူရဲကောင်းလို့ခေါ်တယ်၊
ဒီတော့ ဖြောင့်မတ်ကဲ့ စိတ်ကိုထား၊ သဘောထားကြီးကြီး

နဲ့နေ၊ အလုပ်တစ်ခုလုပ်ရင် မလုပ်ခင်ဆုံဖြတ်၊ လုပ်ပြီးတော့ နောက်မဆုတ်နဲ့၊ တွေဝေတာဟာ ယောကျ်ားကောင်းတို့ရဲ့ အလုပ်မဟုတ်ဘူး"

"ကဲပါတော်. . တော်ဆုံးမတာကိုတော့ လက်ခံတယ် ဒါပေမယ့် သားက အရဲကိုးပြီး ထင်ရာတွေ လျှောက်လုပ်နေရင် ခက်မယ်နော်၊ ကိုယ်တင်တဲ့ဆင်က ကိုယ်ချရခက်နေပါဦးမယ်"

"ငါ့သားကို ထိရောက်တဲ့ စကားတွေနဲ့ ဆုံးမနေတာပါကွာ၊ ကြောက်ရင် တစ်ဝက်ရှုံးပြီးသားဆိုတာကို ပြောပြနေတာပါ။ တတ်နိုင်ရင် ဟောဒီကျောက်စည်ရွာကိုတော့ နာမည်ပြောင်းလို့ရရင် ပြောင်းပစ်လိုက်ချင်တယ်၊ ဒါပေမယ့် ယပင့်နှင့်ကျောက်ထားလို့ တော်ပါသေးရဲ့"

ဦးသက္ကသည် သူကိုယ်တိုင်က သတ္တိကောင်းသူပီပီ သားဖြစ်သူကိုလည်း သတ္တိကောင်းလာစေရန် ဤသို့မကြာခဏ ဆုံးမခဲ့လေသည်။



## အခန်း–(၇)

"မင်း. . ဦးရာကျော်ဆီကု မသွားနဲ့၊ တားလည်းရမယ့် ...ာင် မဟုတ်ပါဘူးကွာ၊ အေး. . သွားခဲ့ရင်လည်း တောင် ...မြောက်မေး လျှောက်မမေးနဲ့"

"ဘာဖြစ်လို့လဲ အဖေရဲ့"

"ဘာဖြစ်ရမှာလဲကွ၊ ဒီအဖိုးကြီးက ရှေ့မီနောက်မီဆို ...မယ့် ဟိုအကြောင်း၊ ဒီအကြောင်းတွေကို ရာဇဝင်အူပေါက် ...တ်တာရော၊ မဟုတ်တာရော၊ လျှောက်ပြောနေမှာစိုးလို့ကွ၊ ...းဦးနှောက်က သေးသေးလေးနဲ့ အမှတ်မှားသွားရင်ပြီးရော၊ ...မှားကို အမှန်ထင်၊ အမှန်ကို အမှားထင်မိမှာစိုးလို့"

"ဟာ. . အဖေကလည်း ဘ,ရာကျော်က ရှေးဟောင်း

နှောင်းဖြစ်တွေကိုပြောတာ စိတ်ဝင်စားစရာချည်းပဲ အဖေ့
ကျွန်တော်တို့မသိသေးတာတွေလည်း အများကြီးပဲ၊ အချို့အ
ကြောင်းအရာတွေဆိုရင် အဖေတို့တောင် သိမှာမဟုတ်ဘူး
ဘ,ရာကျော်ဟာ သူ့အသက်အရွယ်နဲ့ မဟုတ်တာ၊ မမှန်တာ
ကို လျှောက်ပြောမှာ မဟုတ်ပါဘူး အဖေရာ"

'သူ. . သူငယ်ပြန်ရင်တော့ မင်းကို မဟုတ်တာတွေ
လျှောက်ပြောမှာပဲ"

"ကိုသက္က. . တော်လေ တမင်သက်သက် ငရဲယူနေ
တယ်၊ ဘ,ရာကျော်ဟာ အသက်ရာကျော်ပေမယ့် တော့ထက်
တောင် သတိကောင်းသေးတယ်၊ တော်သာ အသက်ခြောက်
ဆယ်မပြည့်ခင် သူငယ်ပြန်မှာ၊ သားကိုစိုးရိမ်တာ ကန့်သန့်
ချက်ထားပါ၊ သိပ်ပြီး တားမြစ် ချုပ်ချယ်သလို ဖြစ်နေရင် မ
ကောင်းဘူး"

ဒေါ်ကြာမုံက တစ်ဖက်စွန်းရောက် ပြောတတ်သေး
ခင်ပွန်းဖြစ်သူနှင့်မကြာခဏ အချင်းများတတ်သည်။ မောင်သ
ဟကတော့ ဖခင်ဖြစ်သူ မကြိုက်သည်များကို မှတ်ထားသည်၊

သို့သော် သူက ဘ,ရာကျော်ကို ခင်သူဆိုတော့ မသွား
ပဲလည်းမနေနိုင်၊ နောက်တစ်နေ့နံနက်တွင် ဘ,ရာကျော်အ
တွက် ထန်းလျက်၊ ငှက်ပျောသီးတစ်ဖီးကိုဝယ်ပြီး ထွက်လာ





သသည်။

"ဘရေ. . ဒီမှာ ဘအတွက်"

"လူလေးရယ်. . ဘဆီကိုလာရင် ဒီအတိုင်း လက်
ချည်းပဲလာလည်း ရပါတယ်ကွယ်၊ နောက်ကို ဒါတွေဝယ်မလာ
နဲ့"

"ကျွန်တော်က ကုသိုလ်လုပ်ချင်လို့ပါ ဘရယ်၊ ဘ,က
လည်း ကျွန်တော်သိချင်တာတွေကို စိတ်ရှည်လက်ရှည်နဲ့ ပြော
ပြတတ်တယ်မဟုတ်လား၊ ကျေးဇူးတင်လွန်းလို့ပါ ဘရယ်"

"သူတစ်ပါးရဲ့ ကျေးဇူးကို သိတတ်တာတော့ ကောင်း
တယ်၊ လူကြီးသူမကို ရိုသေတာလည်း ချီးကျူးစရာပါ၊ ဒါပေ
မယ့် အဲဒါတွေကို ကိုယ်စိတ်နှလုံး အမူအရာတွေနဲ့ပြရင်ပဲ လုံ
လောက်နေပါပြီကွယ်"

ထိုနောက် ဘ,ရာကျော်သည် ကျောက်စည်ရွာ၏ ရှေး
ခေါင်ဇာတ်လမ်းကို ဆက်ပြီးပြောပြလေသည်။

❂ ❂ ❂

တစ်နေ့တွင်. . . ။

ကျောက်စည်ရွာကို အသက်ငါးဆယ်ကျော် လူကြီး

တစ်ယောက်နှင့်လူငယ်တစ်ယောက်တို့ ရောက်လာခဲ့ကြသည်။ ရွာလူကြီးဦးမုန်တိုင်းသည် လွန်စွာမှ စည်းကမ်းကြီးပြီး သင် မပြတ်ထားသူပီပီ ထိုသူနှစ်ယောက်ကို အိမ်သို့ခေါ်တွေ့သည်။

"ခင်ဗျားတို့က ဘယ်အရပ်ကလဲ"

"အထက်ဘက်ကပါ"

"ဒီရွာကိုလာတာ ဘာကိစ္စများလဲဗျာ"

"ဒီလိုပါ ကျုပ်က နယ်တကာ၊ မြို့တကာကိုလှည့်ပြီး ဒေသန္တရ၊ ဘာသန္တရဗဟုသုတရှာမှီးနေတဲ့သူဆိုလေတော့ ရောက်ဖူးသေးတဲ့နေရာကို ရောက်လာခဲ့ရတာပေါ့လေ"

ထိုလူကြီးသည် မျက်နှာထားက တည်လွန်းသည်။ လေ သံကလည်း ပျော့ပြောင်းခြင်းမရှိ။ သျှောင်တစ်စောင်းထုံးထား ပြီး ပုဝါအနက်ကြီးကို ဦးရစ်ပေါင်းထားလေသည်။ အတူပါလာ သူ လူငယ်ကတော့ အသားညိုပြီး အရပ်က အနည်းငယ်ပု၏။ ကွမ်းကတော့ မပြတ်ဝါးသည်။ တပည့်ဖြစ်ဟန်တူသည်။

"ခင်ဗျားနာမည်က ဘယ်လိုခေါ်လဲ"

"နေသရ"

"ခင်ဗျားတပည့်ကရော"

"ဟိန္ဒ"

"ခင်ဗျားတို့က ဘယ်မှာတည်းခိုကြမှာလဲ"





"သူတစ်ပါးကို ဒုက္ခမပေးပါဘူးဗျာ၊ ကျောင်းဇရပ်တစ် ခုမှာ တည်းခွင့်ရရင် ကျေးဇူးကြီးလှပါပြီ"

ဘုန်းတော်ကြီးကျောင်းသည် ရွာစွန်မှာရှိလေသည်။ ဦးမုန်တိုင်းကိုယ်တိုင် သူတို့ကို ဆရာတော်ထံ အပ်နှံလေ၏။ ဆရာတော်ကလည်း ရွာလူကြီးဦးမုန်တိုင်းမျက်နှာကိုထောက် ၍ ထိုသူနှစ်ဦးကို လက်ခံလိုက်သည်။

ဇရပ်တစ်ခု၌ တည်းခွင့်ပေးလေသည်။ နေသရသည် ဘာသာရေးကို လွန်စွာမှ ရိုသေကိုင်းရှိုင်းသူဖြစ်သည်။ ဆရာ တော်အား ဝတ်ပြုခြင်း၊ ကျောင်းဝေယျာဝစ္စများကို လုပ်ကိုင် ပေးခြင်း၊ ရွာသူရွာသားများနှင့်လည်း တည့်အောင်ပေါင်းခြင်း၊ အလိုက်သိခြင်းတို့ကြောင့် ဆက်ဆံရေးမှာ အဆင်ပြေလျက် ရှိသည်။

ရုပ်က တည်လွန်းသော်လည်း အများတကာအတွက် သဘောခန့်ညားစရာ ဖြစ်လာခဲ့သည်။ နေသရသည် ကျောက် ည်ရွာထဲသို့ အသွားအလာသိပ်မပြုပေ။

ရွာပြင်ကို တပည့်ဟိန္ဒနှင့်အထွက်များသည်။ ရွှေစာ စေတီတည်ရှိရာ တောင်ကုန်းထက်သို့တက်ပြီး စေတီတော် ကို ဦးခိုက်ခြင်း၊ ဆီမီး၊ သောက်တော်ရေချမ်းဆက်ကပ်ပူဇော် ခြင်း၊ ပုတီးစိပ်၊ တရားထိုင်ခြင်းများကို ပြုလုပ်သည်။

ကမ်းခြေရှိ ကျောက်ဖျာနီနီကြီးပေါ်မှာ လမ်းလျှောက်ခြင်း၊ ကျောက်ဖျာထက်မှာထိုင်ပြီး မြစ်ပြင်ကျယ်ကြီးကို ငေးမောကြည့်ရှုခြင်းများကို ပြုလုပ်သည်။

ဦးမုန်တိုင်းသည် သုံးလေးရက်ခန့် ရှာသားတစ်ဦးကို စေလွှတ်ထားသည်။ ရှာသားကလည်း သူမြင်တွေ့သမျှအား သူကြီးထံပြန်ပြီး အစီရင်ခံသည်။ ထူးခြားချက်မရှိ။ မသင်္ကာစရာမရှိ။ ရိုးသားကြသည်ဟုယူဆပြီး သူတို့နောက်ကို လျှို့ဝှက်စွာ လူမလွှတ်တော့။

တစ်ညတွင် ကျောက်စည်ရှာသားများအားလုံးသည် ထူးခြားသော အသံများကို ကြားလိုက်ရသည်။

တီ. . တီ. . တီ. . တီ. . .။

သူကြီးဦးမုန်တိုင်းသည် ထိုအသံကို တစ်ခါမှမကြားဖူးခဲ့။ အိပ်ယာထက်မှ နားစွင့်လျက်ရှိသည်။ သားရေကျက်ထားသောဗုံ(သို့မဟုတ်) တူရိယာတစ်မျိုးကို တီးခတ်လိုက်သည့် အသံမျိုးဖြစ်သည်။

ထိုတတီတီနဲ့ မြည်သံသည် နာရီတစ်မောင်း(တစ်နာရီ)ခြားပြီးတိုင်း တစ်ကြိမ်၊ သုံးကြိမ်သုံးခါ ထွက်ပေါ်လာပြီးမှ ရပ်တန့်သွားသည်။ သူကြီးဦးမုန်တိုင်းသည် ထူးခြားသော ထိုအသံကို နားထောင်မိရသည့် အချိန်မှစ၍ အိပ်၍ကားမပျော်





သော့။

နံနက်မိုးလင်းသောအခါ ထိုတတီတီအသံကြီးကို တစ်ရွာလုံး ကြားလိုက်ရသည့် အကြောင်းကိုသာ ပြောဆိုလျက်ရှိကြသည်။ သူကြီးဦးမုန်တိုင်းသည် ရှာသားများကိုစုကာ ကမ်းခြေတစ်နေရာဆီကို ထွက်လာကြသည်။ ကျောက်စည်ကြီးဆီကို ရောက်လာကြသည်။

"ကျောက်သားပကတိဖြစ်တဲ့ ဟောဒီကျောက်စည်ကြီးက မြည်တဲ့အသံလား၊ မင်းတို့သေသေချာချာ စမ်းသပ်ကြည့်ကြပါဦး"

ရှာသားအချို့သည် ကျောက်စည်မျက်နှာပြင်နှစ်ဖက်ကို လက်ဝါးဖြင့် ပုတ်ခတ်ကြရာတွင် ပတ်ပတ်ဟူသော အသံထွက်သည်။ လက်သီးဆုပ်ဖြင့် ထုရာတွင် ဒုတ်ဒုတ်ဟူသော အသံကိုသာ ကြားရသည်။

"အေး. . တီတီအသံမျိုး ထွက်မလာဘူး၊ ညက မင်းတို့ငါတို့ကြားလိုက်ရတဲ့အသံက ဒီကျောက်စည်က ထွက်လာတဲ့ အသံမဟုတ်ဘူးထင်တယ်"

"ဒီကျောက်စည်ကြီးက မြည်တာတော့ မဟုတ်နိုင်ဘူးထင်တယ်. . သူကြီးမင်း"

သို့သော် ရှင်ရသေ့ကြီး ဦးတိကွပြောခဲ့သော စကား

များကို သူကြီးဦးမုန်တိုင်းက ပြန်လည်ပြီးတော့ ကြားယောင်လာခဲ့သည်။

"ရွာအတွက် ဘုရားကြီးအတွက် ဘေးရန်တစ်ခုခုကြုံကြိုက်တဲ့အခါမှာ ကျောက်စည်ကြီးက မြည်ပြီး သတိပေးလိမ့်မယ်" ဟူ၏။

ခုတော့ ကျောက်စည်က မြည်သည်မဟုတ်။ အခြားတစ်နေရာမှ လွင့်ပျံ့ပြီး ထွက်ပေါ်လာသည့်အသံဟုသာ မှုဆလိုက်ကြလေတော့သည်။ ထို့ကြောင့် ရွာထဲသို့ပြန်ပြီးဝင်းကြလေသည်။

ဒီနောက်ပိုင်းမှာတော့ ညဘက်မှာ တတီတီနဲ့ မြည်သံကို မည်သူမှ မကြားကြရတော့ပေ။ ရွာသူရွာသားများသည် မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြပြီး သွေးအေးသွားခဲ့ကြ၏။



အခန်း–(၈)

တစ်ခုသော နံနက်ခင်းတွင်. . .။

ရွာမှ ဧည့်သည်နေသရနှင့် တပည့်ဟိန္ဒတို့ ကျောက်. . .နီနီကြီးပေါ်မှာ လမ်းလျှောက်ထွက်လာခဲ့ကြသည်။ သူတို့. . . ကျောက်စည်ရွာသားများက သတိပြုမိလိုက်ကြသော်လည်း . . .မြင်နှင့်ရင်းနှီးနေကြပြီဖြစ်၍ အလေးမထားခဲ့ကြချေ။

သို့သော် ထိုသို့အလေးမထားမိလိုက်ခြင်းက ပြဿနာ. . .စ်ခု ဖြစ်တော့မည်ကို ကြိုပြီးမသိလိုက်နိုင်ခြင်း။ မမျှော်မှန်း. . .လိုက်ခြင်းပင် ဖြစ်ပါ၏။

ကျောက်စည်ရွာနှင့် တစ်မိုင်သာသာအဝေးတွင် ကမ်း. . .ပ်၌ ကျောင်တောင်လုံးကြီးတွေ သုံးလေးလုံးလောက်က တစ်

လုံးနှင့်တစ်လုံး ပူးပူးကပ်ကပ်ဖြင့် ရှိနေကြသည်။ ပင်လယ်ရေ တက်လာ၍ ချောင်းထဲရေပြည့်လာခဲ့လျှင် ထိုကျောက်ဆောင် များကို ရေလွှမ်းသွားခဲ့သည်။ ရေသေရက်မှာပင် ထိုနေရာ ထူးထူးခြားခြားဆိုသလို လှိုင်းဂယက်များ ဖြစ်ပေါ်နေတတ်၏။ ကျောက်ဆောင်ကို လှိုင်းများက တဝုန်းဝုန်းဖြင့် ရိုက်ခတ်နေ တတ်သည်။

ယင်းနေရာကို တကူးတကလာရောက်ကြသူများ သိ မရှိကြ။ လာစရာအကြောင်းလည်း မရှိကြပေ။ ခု ဧည့်သည် ဆရာတပည့်နှစ်ဦးသည် ဤနေရာသို့ ရောက်လာခဲ့ကြသည် ကျောက်တုံးကြီးတစ်တုံးပေါ်မှာ တက်ပြီးရပ်နေကြရင်း နေသ ရက ပတ်ဝန်းကျင်ကို မသိမသာအကဲခတ်ပြီးတော့ကြည့်၏။

"တပည့်. . ဆင်းလို့ရပြီ"

နေသရက ထိုသို့ပြောလိုက်သည်နှင့် ဟိန္ဒသည် အ ဝတ်အစားများကိုချွတ်ပြီး ကျောက်တုံးပေါ်မှာ ပုံလိုက်သည်။ ထိုနောက် နံငယ်ပိုင်းလေးတစ်ခုကို ကိုယ်မှာပတ်ကာ ရေထဲ သို့ ခုန်ချလိုက်လေတော့သည်။

ကျောက်တုံးများကို လှိုင်းများက တဝုန်းဝုန်းဖြင့် ပုတ် နေကြသည့်အတွက် ရေထဲသို့ ခုန်ချလိုက်သံဖြင့် ရောသွား လေသည်။





ဟိန္ဒသည် ရေအောက်ကို တရှိန်ထိုး ငုပ်သွားခဲ့လေ သည်။ သူသည် ရေငုပ်ကျွမ်းကျင်သူဖြစ်သည်။ ရေနက်ထဲမှာ ည်း ကြာကြာနေနိုင်သည်။

သူ၏ မျက်လုံးများက ရေနက်ထဲမှာ ဟိုဟိုဒီဒီလိုက် ြီး ရှာဖွေလျက်ရှိသည်။ သူတွေ့ရသည်မှာ အဆောက်အဦး အချို့၏ အပျက်အစီး အပိုင်းအစများပင်ဖြစ်သည်။ ယင်းနေ ရာမှာ လှည့်ပတ်ပြီး တစ်စုံတစ်ခုကို ရှာဖွေလျက်ရှိသည်။ ထို နောက် ရှေ့ကိုဆက်လက်၍ ကူးသွားခဲ့လေသည်။

တစ်နေရာသို့ရောက်သော် ရေပြင်၏အရောင်ပြောင်း နေသည်ကို သတိထားမိလိုက်သည်။ ရေပြင်၏အရောင်မှာ လျက်ရှိသည်။ လူငယ်ပီပီ စူးစမ်းလိုသော သဘာဝမျိုးက ည်းရှိသည်။ ထိုနေရာကို သွားရမှာကိုလည်း ရင်တထိတ် တ်နဲ့ဖြစ်နေသည်။

သို့သော် သူ့ဆရာနေသရမှာထားသည်ကို တသဝေ မ်း လိုက်နာရမည်ဖြစ်ရာ ယင်းနီနီအရောင်များထွက်ပေါ် ရာဆီကို လျှင်မြန်စွာဖြင့် ကူးခတ်သွားခဲ့သည်။ ပိုပြီးနီးလာ လေ အနီရောင်က ရဲလာလေလေဖြစ်သည်။ သူ့ကိုယ်ပေါ် င် အရောင်များက စွန်းထင်းလာသည်။

ဟိန္ဒသည် ဆက်လက်ပြီး ကူးခတ်သွားရာ မင်မျှော်လင့်

ပဲ တွေ့လိုက်ရသော အရာတစ်ခုကြောင့် ရင်ထဲထိတ်ကနဲဖြစ် သွားခဲ့ရသည်။ ပြန်လှည့်ပြေးချင်စိတ်ပင် ပေါက်သွားခဲ့ရသည် အထိပင်။

သူတွေ့လိုက်ရသည်ကား မိကျောင်းကြီးတစ်ကောင် ပင်ဖြစ်သည်။ သို့သော် ကျောက်ဖြူသားဖြင့် ပြုလုပ်ထားသော မိကျောင်းကြီးပင်တည်း။ မိကျောင်းကြီး၏ မျက်လုံးနှစ်လုံးက ရဲရဲနီလျက်ရှိသည်။ မျက်လုံးမှ ထွက်ပေါ်လျက်ရှိသော အ ရောင်ကြောင့် ရေသည်စွေးစွေးနီလျက် ရှိနေခြင်းပါတည်း။

ဟိန္ဒသိလိုက်လေပြီ။ ထိုမျက်လုံးကြီးနှစ်လုံးသည်ကား ပတ္တမြားကြီးများ ဖြစ်နေသောကြောင့်ပင်။ မိကျောင်းကြီးမှာ ရုပ်တုကြီးတစ်ခု ဖြစ်နေသော်လည်း အသက်ဝင်လှပါသည်၊ တကယ့်မိကျောင်းကြီးအတိုင်းပင်။

ဟိန္ဒသည် ခါးကြားမှယူလာသည့် ဓားမြောင်ကို ဆွဲ ထုတ်လိုက်သည်။ ထိုနောက် မိကျောင်းကြီး၏ ခေါင်းပိုင်းကို လက်တစ်ဖက်ဖြင့် ဖက်တွယ်ကာ မျက်လုံးကို ဓားမြောင်ဖြင့် ကော်ထုတ်နေသည်။ မည်မျှပင် အားစိုက်ပြီး ကော်ထုတ်နေ သော်လည်း ပတ္တမြားလုံးကြီးက ထွက်မလာပေ။ သူသည် လွှင် မယောင်နှင့်ခက်ခဲနေသော အခြေအနေကြောင့် ကျိန်ဆဲ လိုက်သည်။





ထိုစဉ် ရေအောက်ရေစီးကြောင်းက ခပ်ကြမ်းကြမ်း နဲ့လှုပ်လာခဲ့သည်။ ရေပြင်သည် လှုပ်ရှားလာခဲ့သည်။ ဟိန္ဒ ည် ထူးခြားမှုတစ်ခုဖြစ်ပြီကို သိလိုက်သည်။ နောက်ကို လှမ်း ည့်လိုက်ရာ မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်လုံး သွားခဲ့ရသည်။

မိကျောင်းကြီးတစ်ကောင်သည် သူ့ထံကို တရှိန်ထိုး ကူးလာနေသည်။

ဟာ!

ဟိန္ဒသည် ဆောက်တည်ရာမရ ကြောက်သွားပြီး ရေ က်နှာပြင်ပေါ်ကို တက်ပြေးလေတော့သည်။ မိကျောင်းကြီး သည်း သူ့နောက်မှ တရှိန်ထိုး လိုက်လာခဲ့လေသည်။ ရေ က်နှာပြင်ထက်သို့ ရောက်အောင်ကူးပြီး ပြေးရာတွင် ကြာ နဲးလှသည်ဟု ထင်မိသည်။ တော်တော်နှင့်မရောက်နိုင်ပါ။ ကုန်တက်ပြီးပြေးရာတွင် နောက်ဆုံးမှာတော့ ရေပေါ်ကို က်သွားခဲ့ရသည်။

နေသရရှိနေသော ကျောက်တုံးကြီးအနားသို့ တည့် ည့်ပင်ပေါ်လာသောဟိန္ဒ။ ကျောက်တုံးကြီးကို ဖက်တွယ် သောဟိန္ဒသည် ပါးစပ်ကြီးပြဲပြီး အမောဆိုက်နေသည်။ သရသည် ဟိန္ဒကို မြင်လိုက်ရသောအခါ. . .။

"ဟေ့ကောင်. . ဟိန္ဒ၊ မင်းဘယ်လိုဖြစ်လာတာလဲကွ ဟိုဟာတွေကော ရခဲ့ရဲ့ လား၊ ပြောစမ်း"

နေသရက ဟိန္ဒမည်သို့ဖြစ်လာသည်ကိုမသိပဲ လော ဘတကြီးနဲ့ မေးလိုက်သည်။ ဟိန္ဒသည် မောနေ၍ ကေသ မေးသည်ကို ချက်ချင်းမဖြေနိုင်။

"ဟေ့ကောင်. . ဟိန္ဒ၊ ငါမေးနေတယ်လေကွာ၊ မင်း ဟိုပစ္စည်းရခဲ့ရဲ့ လားလို့"

ဟိန္ဒသည် အတန်ငယ်အမောပြေသောအခါ ဖြစ်ပျ ခဲ့သမျှကို ပြန်ပြောမည်ပြုရာ ပါးစပ်က အသံမထွက်တော့ချေ သူသည် အကြောက်လွန်ကာ ဆွံ့အသွားခဲ့လေပြီ။

"အ. . အ. . အ. . ."

"ဟိန္ဒ. . ဟိန္ဒ. . မင်းဘာဖြစ်လာတာလဲ၊ ပြောစမ်း ငါ့ကိုပြောစမ်း"

"အ. . အ. . အ. . ."

ဟိန္ဒသည် စကားပြောနိုင်ရန် ထပ်မံ၍ကြိုးစားကြည့် သော်လည်း အသံထွက်မလာ။ ကုန်းပေါ်ကို သွေးရူးသွေးတန်း ဖြင့် ပြေးတက်ကာ ထွက်ပြေးသွားခဲ့လေတော့သည်။

"ဒီကောင်. . ကြောက်စရာတစ်ခုခုကို တွေ့လာခဲ့ပြီ တူတယ်၊ တောက်!"





နေသရမှာ ကြိတ်မနိုင်ခဲမရဖြစ်ကာ တက်တခေါက် ခေါက်နဲ့ရှိနေစဉ် အချိန်အခါမဟုတ်ပဲ လှိုင်းလုံးကြီးများသည် တ်တရက် ထကြွလာခဲ့သည်။

ဝုန်း. . . ဝုန်း. . . ။

"ဟင်. . လှိုင်းတွေ၊ လှိုင်းတွေ ကျောက်ဆောင်ပေါ် ကို တက်လာကြပြီ"

နေသရသည် ကျောက်ဆောင်ထက်မှဆင်းပြီး ကမ်း ပ်ဆီသို့သွားရန် စိတ်ကူးလိုက်သော်လည်း နောက်ကျသွားခဲ့ သပြီ။ ကျောက်တုံးကျောက်ဆောင်ကြီးများ ပတ်ပတ်လည် ၌ ရေများက ပတ်လည်ဝိုင်းသွားခဲ့သည်။ သူအောက်ကို ယ်လိုမှ ဆင်း၍မရတော့။

ထိုစဉ် မိကျောင်းဖြူကြီးတစ်ကောင်သည် ရေမျက်နှာ ပြင်ထက်သို့ ဘွားကနဲပေါ်လာခဲ့ပြီး နေသရကို အမြီးနဲ့ရိုက်ချ လိုက်လေသည်။

ဖျန်း!

အား!

နေသရသည် ရေထဲသို့ ကျသွားခဲ့လေသည်။ ရေ အောက်ကို နစ်မြုပ်သွားခဲ့ရာ ပြန်ပေါ်မလာခဲ့တော့ပေ။ ထိုအ ခြေအနေကို မမျှော်လင့်ပဲ မြင်တွေ့လိုက်ကြသူများကတော့

သူကြီးမင်းဦးမုန်တိုင်းနှင့်ရွာသားများပင်။

"ဟာ. . မိကျောင်းဖြူကြီး၊ နေသရကို ကမ်းပေါ်က ရေထဲကို ရိုက်ချလိုက်ပြီဟေ့"

"သ. . သူကြီးမင်း၊ ဒီမိကျောင်းဖြူကြီးက ဘယ်ကနေ ဘယ်လိုရောက်လာပါလိမ့်ဗျာ၊ ကြောက်စရာကြီးပါလား"

"အေး. . ငါလည်း ဘယ်လိုမှ နားမလည်တော့ဘူး တစ်ခုရှိတာက နေသရဟာ ဘာတွေများ မှားသွားလို့လဲ"

နေသရနှင့်ဟိန္ဒတို့ကို လမ်းမှာတွေ့ခဲ့ကြသော ရွာသားများက သူကြီးဦးမုန်တိုင်းကို ပြောပြလိုက်ကြ၍ ဤနေရာ ရောက်လာခဲ့ကြခြင်းဖြစ်၏။

နေသရတစ်ယောက် ကြောက်မက်ဖွယ်ရာ ဇာတ်သိမ်း သော သတင်းသည် ကျောက်စည်တစ်ရွာလုံး ပျံ့နှံ့သွားခဲ့ေ သည်။ လူတိုင်းအံ့အားသင့်ကာ ထိတ်လန့်တုန်လှုပ်သွားခဲ့ ရင်း. . .။

"နောက်တစ်ခါ တီ. . တီ. . တီလို့ မြည်သံကြားရ အန္တရာယ်သတိပေးတာပဲလို့ မှတ်လိုက်ကြပေတော့၊ ငါတို့ အလေးမထားမိသလို ဖြစ်သွားခဲ့လို့ ဒီလိုဖြစ်သွားခဲ့ရတာ၊ နေ သရတို့က တစ်ခုခုတော့ မှားခဲ့ကြပြီ၊ သူတပည့်လည်း ဘ ရောက်သွားမှန်းမသိဘူး"






(ဟိန္ဒလည်း သွေးပျက်ကာ ထွက်ပြေးသွားခဲ့သည်။ စ ားလည်း မပြောနိုင်တော့ပဲ ဆွံ့အသွားခဲ့ရ၏။ဆရာကောင်း မားကောင်းနှင့်တွေ့ပြီး ရှုးသွပ်သော ဝေဒနာပျောက်သွား ည်။ စကားလည်း ပြန်ပြောနိုင်လာသည်။

သူသည် နေသရ၏ အခကြေးငွေပေး၍ ကျောက် ည်ရွာကို ခေါ်ဆောင်လာခြင်းခံရသူဖြစ်ကြောင်း၊ ရေငုပ်ကျွမ်း င်သူလည်းဖြစ်၍ သူခိုင်းသည့်နေရာတွင် ရေငုပ်ပေးခဲ့ရ ကြောင်း၊ မမျှော်လင့်သော အန္တရာယ်နှင့်တွေ့ဆုံခဲ့ရာ ဆွံ့အ ွားခဲ့ရကြောင်း၊ နေသရလည်း အကုသိုလ်ဝင်၍ သေဆုံး ွားခဲ့ရသည်ဖြစ်ကြောင်းကို ပြန်ပြောပြခဲ့သည်။

ထိုနောက် ဟိန္ဒသည် အကျွတ်တရားရကာ ရသေ့ တ်သွားခဲ့လေသည်။)





## အခန်း–(၉)

“အဖြစ်အပျက်ကတော့ အဲဒါပဲကွယ်၊ အဲဒီအချိန်က ပြီး ကျောက်စည်ရွာမှာ နောက်ထပ် ဘယ်လိုထူးခြားတဲ့ အဖြစ်အပျက်မျိုးမှ မဖြစ်ပျက်တော့ဘူး၊ ခုထက်ထိပဲဆိုပါတော့”

ဘ,ရာကျော်က စကားကို အဆုံးသတ်လိုက်လေ၏။

“ကျွန်တော်တို့ မမွေးမီ၊ မသိ၊ မမီလိုက်တဲ့အချိန်က ဖြစ်ပျက်ခဲ့တာတွေဆိုတော့ သိပ်ပြီးစိတ်ဝင်စားစရာကောင်းတာ နော်. . ဘ”

“အဲဒီအချိန်တုန်းက လူလေးတို့ကို မဆိုထားနဲ့၊ ဘ ဒို့ကိုတောင် မွေးသေးတာမဟုတ်ဘူးကွ၊ ဒီလိုပဲ သက်ကြီးစ ကား သက်ငယ်ကြားဆိုတဲ့အတိုင်း အဆင့်ဆင့် မှတ်သားလာခဲ့

ကြရတာပဲကွယ့်"

"ဒီရွာက လူကြီးတွေထဲမှာ ကျောက်စည်ရွာရဲ့ အဖြေ အပျက်ကိုသိခဲ့တာ ဘတစ်ဦးတည်းပဲ ရှိတော့တယ်နော်"

"အေး. . ဘနှင့်ရွယ်တူတွေလည်း သေကုန်ကြပြီလေ သူတို့လည်း ခုနေရှိကြသေးရင် ကျောက်စည်ရွာရဲ့ ရာဇဝင်ကို ပြန်ပြီး ပြောနိုင်ကြမှာပေါ့ကွယ်"

"ကျွန်တော်မရှင်းတာတစ်ခု ရှိနေသေးတယ်. . ဘ"

"ဘာများလဲကွယ့်"

"ဘပြောတဲ့ ကျောက်စည်ကြီးကို မတွေ့ရတော့ဘူး ဘယ်ရောက်သွားလဲဆိုတာ"

"အေး. . ဒါမေးသင့်တယ်၊ ဘတို့လူဖြစ်လာကတည်းက ကျောက်စည်ကြီးမရှိခဲ့တာ၊ ဘထင်တာကတော့ နှစ်ပေါင်းများစွာကြာလာတော့လည်း သဘာဝဒဏ်၊ ရာသီဥတုဒဏ်တွေကြောင့် ကျိုးပျက်ပြီး ပျောက်ဆုံးသွားခဲ့သလားမှမသိတာ"

"ဖြစ်နိုင်ပါတယ်၊ ဘဆီက ဒါလောက်သိရရင်ပဲ ဗဟုသုတတွေ တိုးခဲ့ရပြီပေါ့၊ ဘကို ကျေးဇူးတင်တယ်ဗျာ"

"အေးပေါ့ကွယ်၊ နောင်လာနောင်သားတွေအတွက် စကားလက်ဆင့်ကမ်းဖို့ ဒီလိုပဲ သိထားကြရမှာပဲ၊ ဒါပေမယ့် တစ်ခုတော့ မှာလိုက်ပါရစေ"





"ပြောပါ. . ဘရယ်"

"ကျောက်စည်ရွာနဲ့ ပတ်သက်ပြီးတော့ လူစိမ်းသူစိမ်းတွေကို ဘယ်တော့မှ မပြောပြပါနဲ့၊ မေးလည်း မပြောပါနဲ့၊ အတတ်နိုင်ဆုံး လျှို့ဝှက်ထားရမယ်ကွယ့်၊ ဘာဖြစ်လို့လဲဆိုတော့ နေသရလို အဖြစ်မျိုးတွေ မလိုလားစွာနဲ့ ကြုံလာမှာကို ဘ,မလိုလားဘူး၊ စိုးရိမ်လို့ပဲ"

"သြော်. . ဟုတ်တာပေါ့ ဘရယ်၊ ကျွန်တော်လည်း သဘောပေါက်ပါတယ်၊ ကျွန်တော်သိ ကျွန်တော်ဝမ်းထဲမှာပဲ ထားပါ့မယ်၊ ဘယ်သူ့ကိုမှ မပြောပါဘူး၊ ကတိပေးပါတယ် ဘ"

"အေး. . ကတိဆိုတာ လွယ်လွယ်နဲ့ မပေးရဘူး၊ ပေးပြီးတဲ့ ကတိကိုလည်း တည်ရတယ်ကွယ့်၊ ဒါမှ ယောကျာ်းကောင်းပီသမှာ"

ဘ,ရာကျော်သည် မောင်သီဟကို သားပမာ ချစ်ခင်သည်။ ဆုံးမစရာရှိတာကို ဆုံးမသည်။ လိမ္မာယဉ်ကျေးစေလိုသည်။ မောင်သီဟကလည်း အချိန်ကုန်ပြီဖြစ်၍ ဘ,ရာကျော်ထံမှ ပြန်လာခဲ့လေသည်။

မောင်သီဟသည် ဘ,ရာကျော်ပြောပြခဲ့သည့် ကျောင်းစည်ရွာ၏ သမိုင်းကြောင်းကို မေ့ပျောက်မသွားခဲ့။ အမြဲတမ်း သတိရနေဆဲဖြစ်သည်။

တစ်ညနေတွင် မောင်သီဟသည် တောင်ကုန်းကြီးပေါ်ကို တက်လာခဲ့သည်။ ရွှေစာရံစေတီတော်မြတ်ကြီးကို ဖူးမျှော်သည်။ သူ၏စိတ်ထဲမှာ ရသေ့ကြီးဦးတိက္ခ တည်ခဲ့သော စေတီဟူသော အတွေးက ထာဝစဉ်ကိန်းအောင်းလျက်ရှိ၏။

စေတီတော်၏ ဝဲဘက်တောင်ထိပ် တစ်နေရာဆီမှ အောက်ကို လှမ်းပြီးကြည့်နေမိသည်။ ရသေ့ကြီးဦးတိက္ခနှင့်အတူ ရောက်လာခဲ့ကြသော မောင်ဖြူ၊ မောင်သူနှင့်မောင်လူတို့ကို စိတ်ကူးနှင့်မှန်းဆပြီး ကြည့်နေမိသည်။ ထူးခြားစွာ တည်ဆောက်ထားသော မိကျောင်းသဏ္ဍာန်လှေကြီးကိုလည်း မြင်ယောင်နေမိသည်။

တောင်ပေါ်တွင် လေသည် တဟူးဟူးနှင့် တိုက်ခတ်လျက်ရှိသည်။ မောင်သီဟသည် တောင်ထိပ်စွန်းမှာ သေသေချာချာထိုင်ပြီး မြစ်ဆီကို ငေးပြီးကြည့်နေလေသည်။

"ဟဲ. . သီဟ၊ နင်. . ဒီမှာ ဘာလုပ်နေတာလဲ"

ကျောဘက်မှ အမှတ်မထင်ပေါ်လာသော အသံလေးကြောင့် တွန့်ကနဲဖြစ်သွားခဲ့လေသည်။





"ဟင်"

နောက်ကို လှည့်ကြည့်လိုက်မိရာ. . .။

"ဟင်. . ကြေးမုံ"

"သီဟ. . ငါခေါ်လိုက်တာ နင်လန့်သွားတယ်မဟုတ်လား၊ အမလေး. . သူ့ရဲ့ကောင်းကြီးရယ်၊ ဖြစ်မှဖြစ်ရလေ. . ခစ်. . ခစ်. . ခစ်"

"အံမယ်. . ငါက လန့်တတ်တဲ့သူမှမဟုတ်တာ"

"သီဟရယ်. . နင်. . ငါ့ကိုမညာပါနဲ့၊ နင်တွန့်ကနဲဖြစ်သွားတာ ငါမသိတာမှတ်လို့"

"ဘယ်သူမဆို အမှတ်တမဲ့ဆိုတော့ ဒီလိုပဲဖြစ်သွားမှာပေါ့၊ ဒါလန့်တာမှမဟုတ်တာ"

"အေးပါဟယ်၊ ငါက နင့်ကို တမင်နောက်ပြောတာပါ၊ နင်တစ်ယောက်တည်း ဒီမှာဘာလုပ်နေတာလဲ"

"ထိုင်နေတာလေ"

"ဟွန်း. . ဒါတော့ နင်ပြောမှလား၊ ထိုင်နေမှန်း ငါသိတာပေါ့"

"ဘုရားလာဖူးတာပေါ့ဟ၊ ငါက ဒီစေတီတော်ကြီးကို အမြဲဖူးနေကြလေ၊ နင်ကကော ဘာလာလုပ်တာလဲ"

"ပျင်းလို့"

"ဘုရားဆီကိုလာတာ ပျင်းလို့လို့ မပြောရဘူး
ငရဲကြီးတတ်တယ်. . ကြေးမုံရဲ့"

"နင့်ကို နောက်တာပါဟာ၊ ငါလည်း နင့်လိုပဲပေါ့
ဘုရားလာဖူးတာပဲပေါ့"

"အေးနော်. . ငါတို့လူငယ်တွေဟာ ဘာသာရေး
လည်း လိုက်စားကြတယ်၊ တစ်ရွာလုံးလည်း သူများအသက်
အသက်မွေးဝမ်းကျောင်းမလုပ်ကြဘူး၊ ဒါထူးခြားမှုတစ်ခုပဲ"

မောင်သီဟသည် ကြေးမုံကို ကျောက်စည်ရွာနှင့်
သက်ပြီး သမိုင်းကြောင်းကို ပြောပြလိုက်ချင်သည်။
ကျော်မှာကြားခဲ့သည့် စကားကို ပြန်ပြီးသတိရမိသွား၍
နေလိုက်သည်။

သူတို့နှစ်ဦးသည် တစ်ရွာတည်းသား သူငယ်ချင်း
ဖြစ်ကြသည်။ တစ်ယောက်ကိုတစ်ယောက်လည်း နှစ်သ
နေကြကာ စိတ်ကစားနေကြသည်။

"နေညိုလာပြီ. . သီဟ၊ နင်မပြန်သေးဘူးလား"

"မပြန်သေးဘူးဟာ၊ ငါခဏနေလိုက်ဦးမယ်"

"ငါပြန်တော့မယ်၊ နင်လည်း အိမ်ကိုလာလည်ပါ
လား"

"ငါအားရင်တော့ လာလည်ပါ့မယ်ဟာ၊ ငါလယ်ထဲ





ဖေနှင့်ပိုင်းပြီး ကူညီဦးမယ်. . လာ"

"အေးပါ၊ နင်အားမှ ငါ့ဆီကိုလာခဲ့ပါ၊ သွားမယ်နော်
ဟ"

ကြေးမုံသည် ဇောင်းတန်းမှ လှေကားထစ်အတိုင်း
အောက်ကိုဆင်းသွားခဲ့သည်။

သီဟသည် တောင်ပေါ်သို့မေးတင်ကာ နီးဝင်လုဆဲ
နေလုံးကြီးကို ကြည့်နေမိသည်။ မြစ်ပြင်မှရေသည်လည်း
ရေတက်ပြီးကာစဖြစ်၍ အီလျှက်ရှိနေလေပြီ။ ခဲပုပ်ရောင်
သန်းလာခဲ့ပြီဖြစ်သည်။ စေတီတော်ကို လှည့်လိုက်စဉ်မှာ
ခြားသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

သူသည်. . . . . ။





## အခန်း-(၁၀)

သူသည် စေတီတော်ရှေ့တွင် ဆီမီးများကို ထွန်းညှိခြင်း၊ သောက်တော်ရေချမ်း၊ ပန်းများဆက်ကပ်ခြင်းကို ပြုလုပ်ဘာ ကျကျနနထိုင်ပြီး ဘုရားရှိခိုးလျက်ရှိသည်။

ထိုသူသည် ဖြူဆွတ်သော အသားအရေရှိသည်။ အချပ်အမောင်းကောင်းသည်။ ပန်းနုရောင် ရွှေကျင်ခတ်ပုဝါကို သျှောင်တစ်စောင်းထုံးထားသည်။ အဖြူခံ ပုဆိုးကွက်ကျားနှင့် ချပ်အကျီလက်ရှည်အဖြူကို ဝတ်ဆင်ထားသည်။

မောင်သီဟသည် ထိုသူဘုရားရှိခိုးနေသည်ကို စိတ်ဝင်စားစွာဖြင့် ကြည့်နေသည်။ ဘုရားရှိခိုးပြီးသွားသောအခါ တီးစိပ်နေပြန်လေသည်။

သူစိတ်သော ပုတီးမှာ အဖြူရောင်ပင်ဖြစ်၏။ မောင်
သီဟသည် အိမ်ကိုမပြန်သေးပဲ ထိုသူကို ကြည့်ကောင်းကောင်
နဲ့ ကြည့်နေမိသည်။ ပုတီးစိပ်ပြီးသောအခါ စေတီတော်ကို ဦး
ချပြီး ပုတီးကို လည်မှာစွပ်လိုက်သည်။ ပြီး. . မောင်သီဟဘက်
ကို လှည့်ကြည့်လိုက်လေသည်။

ထိုသူ၏အကြည့်သည် စူးရှလွန်းသောကြောင့် မောင်
သီဟပင်လျှင် စိတ်ထဲမှာ တစ်မျိုးတစ်မည် ခံစားသွားခဲ့ရ၏။

"ငါ့ညီက ဒီရွာကပဲလား"

သူကစပြီး နှုတ်ဆက်သည်ဖြစ်၍. . .။

"ဟုတ်ကဲ့. . ကျွန်တော် ဒီကျောက်စည်ရွာသားပါခင်
ဗျာ"

"အင်း. . တော်တော်ယဉ်ကျေးသိမ်မွေ့တဲ့ သူငယ်ပဲ
ဖျတ်ဖျတ်လတ်လတ်ရှိပြီး သတ္တိလည်းကောင်းပုံရတယ်"

"အစ်ကိုကြီးက ဒီရွာကိုလာတဲ့ ဧည့်သည်လား"

"ဧည့်သည်ရယ်လို့ မဟုတ်ပါဘူး၊ ခရီးသွားရင်း ဒီစေ
တီကြီးကို ဖူးချင်တာနဲ့ ခဏဝင်မိတာပါ"

"ဪ. . ဟုတ်လား"

"စေတီတော်ကြီးဟာ တော်တော့်ကို သပ္ပါယ်စရာ
ကောင်းတယ်၊ ဒီစေတီတော်ရဲ့ သမိုင်းကြောင်းကို ငါ့ညီသိသ





လား"

မောင်သီဟသည် ဘ,ရာကျော်၏ သတိပေးစကားကို
ကြားပြီး သတိရသွားသည်နှင့်။

"ဟင့်အင်း. . မသိပါဘူးခင်ဗျာ"

ထိုသူက ပြုံးပြီးခေါင်းညိတ်လိုက်သည်။

"ကဲ. . ငါ့ညီက ခင်စရာကောင်းပါတယ်၊ စကားတွေ
လည်း ပြောချင်ပါတယ်၊ အချိန်ကလည်း သိပ်မရတော့ ပြန်
ဦးမယ်ကွာ"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

ထိုသူသည် စေတီတော်ကို ထပ်မံ၍ကန်တော့လိုက်
ပြီး တစ်ဖက်ဇောင်းတန်းမှ ဆင်းသွားခဲ့လေသည်။ မောင်သီ
ဟသည် ထိုသူ့ကို စိတ်ဝင်စားသည်နှင့် နောက်ယောင်ခံပြီး
လိုက်သွားခဲ့သည်။ ဇောင်းတန်း၏ အောက်ခြေသို့ရောက်သွား
ခဲ့သော်လည်း ထိုသူကို မတွေ့ရတော့ချေ။

"မြန်လိုက်တာ၊ ဘယ်ရောက်သွားလဲမသိဘူး"

တောင်ကုန်းကြီး၏တစ်ဖက်တွင် ချောင်းကမ်းစပ်သို့
သွားသော လမ်းသာရှိသည်။ ထိုသူသည် ရွာထဲကိုတော့ မဝင်
နိုင်ရာဟု ယူဆမိပြီး ကမ်းစပ်ဆီကို လိုက်သွားမိသည်။ အချိန်
ကတော့ ညီအစ်ကိုမသိတသိ။ အလင်းရောင်နှင့်ဝင်ရောက်စ

ပြုလာသော အမှောင်တို့၏ ရောထွေးနေချိန်။

မောင်သီဟသည် ပတ်ဝန်းကျင်ကို မျက်ခြည်ပြတ်ခံကာ တစ်စေ့တစ်စောင်း အကဲခတ်လာရင်း လျှောက်လာရာ မကြာမီ သူ၏ရှေ့မှာ လျှောက်သွားနေသော သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရလေသည်။

"ဟော. . စောစောကလူပဲ၊ ဒီလူဟာ ကမ်းစပ်ဘက်ကို သွားနေတာကိုး"

မောင်သီဟသည် ခပ်သွက်သွက်လှမ်းနေသော ခြေလှမ်းတွေကို လျှော့ချပစ်လိုက်သည်။ စောစောကလူနှင့် ခြေလှမ်းသုံးဆယ်စာလောက်တော့ ဝေးနေသေးသည်။

ကျောက်ဖျာနီနီကြီးဆီကို လှိုင်းလုံးကြီးတွေက တဝုန်းဝုန်းဖြင့် ပြေးတက်လာပြီး ပြန်လည်ကျဆင်းသွားခဲ့ပြန်သည်။ ထိုသူသည် ကမ်းစပ်ဆီကို ရောက်နေပြီဖြစ်သည်။ မောင်သီဟက ခြေလှမ်းကို ရှေ့တစ်လှမ်းတိုးလိုက်စဉ်မှာပင်။

"သီဟရေ. . သီဟ"

ခေါ်သံကိုကြားလိုက်ရ၍ နောက်ကိုလှည့်ကြည့်လိုက်မိသည်။

"ဟင်. . ဘယ်သူမှလည်း မရှိပါလား၊ ငါ့ကိုခေါ်လိုက်တာ ဘယ်သူလဲ"





မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပေ။ မောင်သီဟ ရုတ်တရက် သတိရသွားပြီး ကမ်းစပ်ဆီကို ပြန်လှည့်ကြည့်လိုက်ရာ. . .။

"ဟင်"

ထိုသူ့ကို မတွေ့ရတော့ပေ။ ကျောက်ဖျာနီနီကြီးအထိ ပြေးဆင်းသွားခဲ့သည်။ ပြင်းထန်စွာ လှုပ်ရှားနေသော ရေပြင်နှင့်လှိုင်းလုံးများ၊ ဝဲဂယက်များမှအပ ဘာမှမတွေ့ရတော့ပေ။ မောင်သီဟသည် ထိုဥပမိရုပ် ကောင်းကောင်းနဲ့လူကို မကျေနပ်ဖြစ်နေမိသည်။

"ငါသတိလစ်သွားတာနဲ့ ဒီလူဘယ်လိုခြေရာဖျောက်သွားသဲမသိဘူး၊ ငါ့ကိုလည်း စေတီတော်ကြီးရဲ့ သမိုင်းကြောင်းကိုမေးနေတယ်၊ တကယ်ပဲ စိတ်ဝင်စားလို့လား၊ ရိုးရိုးသားသားသိချင်တာဆို တော်ပါရဲ့၊ ဟို. . နေသရလို လူစားမျိုးဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ ဘယ်သူ့ကိုမှ စိတ်မချပါဘူးလေ"

"ငါ. . ဒီလူနှင့်တွေ့ခဲ့တာ ဘယ်သူ့ကိုမှ အသိမပေးနိုင်ကောင်းမယ်၊ တစ်ခါတစ်လေ ကိုယ့်ကိုယ်ပိုင်အသိဉာဏ်နဲ့ဆုံးဖြတ်တာ အကောင်းဆုံးပဲ"

❂ ❂ ❂

မောင်သီဟသည် နောက်တစ်နေ့နံနက်တွင် လယ်
သို့ ဆင်းသွားခဲ့သည်။ လယ်သည် ရွာနှင့်အတန်ငယ်လှမ်း
ခြေလှမ်းမြန်သောသူဖြစ်သောကြောင့် နာရီဝက်လောက်သ
လျှောက်ခဲ့ရသည်။ ဖခင်ဦးသက္ကက သီဟထက်စောပြီး လ
ထဲရောက်နေသည်။

"နောက်ကျလှချည်လား. . သား၊ တယ်ဝီရိယနည်
တာကိုးကွယ့်"

"အုန်းသီးတက်ခူးနေရလို့ပါအဖေ၊ ဝယ်သူရောက်
လို့ပါ"

"ဟေ. . မင်းက အုန်းပင်တက်တယ်ဟုတ်လား၊
ဖြစ်လို့ တက်ရတာလဲသားရယ်၊ မတော်တဆ လိမ့်ကျနေပြ
မယ်၊ ရွာထဲက ပေါက်ကြီးတို့က တက်နေကြပဲ၊ သူတို့ကို
ပြီး ခိုင်းလိုက်ရင်ပြီးရော"

"အုန်းပင်တက်တာများ ဘာခက်တာမှတ်လို့ အ
ရယ်၊ ပေါက်ကြီးကလည်း ယောက်ျားပဲ၊ ကျွန်တော်ကလည်
ယောက်ျားပဲ၊ သူအုန်းပင်တက်တတ်ရင် ကျွန်တော်လည်း
တက်တတ်ရမှာပေါ့"

ဦးသက္ကသည် စဉ်းစားသလိုနဲ့ တစ်ချက်ငိုင်သွား

"အေး. . ငါ့သားပြောတာမှန်တယ်၊ ဒါ ခဲယဉ်းတဲ့





ပ်မှ မဟုတ်ပဲ၊ သူများတတ်ရင် ကိုယ်လည်းတတ်ရမှာပေါ့၊
ပေမယ့် သတိထားနော်၊ အရဲမကိုးနဲ့ ကြားလား"

ဦးသက္ကက စကားပြောပြတ်သည်။ မှန်လျှင်မှန်သည်။
လျှင်မှားသည်ဟု ပြောတတ်သည်။ သားအဖပေမယ့်လည်း
င့်လင်းကြသည်။

ဖခင်ဦးသက္ကက အနားမှထွက်သွားသည်။ မောင်သီ
က ပေါက်တူးတစ်လက်ဖြင့် ကန်သင်းရိုးကို ဖို့နေစဉ် ကြေး
ရောက်လာသည်။ ကြေးမုံ၏ မိဘများလယ်က မောင်သီဟ
နှင့် လယ်ချင်းကပ်လျက်။

"သီဟ၊ ငါ. . နင်တို့သားအဖဖို့ ကောက်ညှင်းပေါင်း
ငါးခြောက်လာပို့တာ"

"အားနာစရာကြီးဟာ နင်က အဝေးကြီးကနေ ငါ့ဆီ
လျှောက်လာရတယ်၊ ပင်ပန်းတာပေါ့"

"အံမယ်လေး. . သီဟရယ်၊ ဒါ ငါလျှောက်နေကျပါ၊
ဆန်းလုပ်ပြီး ပြောနေပြန်ပါပြီ၊ နင်စားမလား၊ မစားဘူးလား၊
ပြော"

"စားမှာပေါ့ဟာ၊ နင်ကလည်း ငါအဖေ့အတွက် ဦး
ယ်ပြီးမှစားမယ်"

"နင်တော်တော်လိမ္မာတာပဲ၊ မိဘကို သိတတ်တယ်"

"ဩော်. . မိဘဆိုတာ အကြီးမားဆုံး ကျေးဇူးရှင်ဟ မာတာပိတုဂုနော အနန္တော့တဲ့"

မောင်သီဟသည် ဖခင်အတွက် ဦးဖယ်ပြီး ကောက် ညှင်းပေါင်းကို စားနေစဉ် သူတို့အနားကို လူတစ်ယောက်က ရောက်လာခဲ့လေသည်။

"အံ့မယ်. . ကြေးမုံ၊ နင်က ဒီကောင့်ကို သိပ်ပြီးသ ထားနေပါလားဟ"

"ဟင်. . မင်းထင်၊ မင်းက အသံမပေး ဘာမပေးနဲ့ ခိုးကြောင်ခိုးဝှက်လာရသလား"

"ငါခိုးကြောင်ခိုးဝှက်နဲ့ လာတာမဟုတ်ပါဘူးကွာ၊ ဖြေ ရိုးသားသားပဲ လာခဲ့တာပါ၊ မင်းတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အကြည်ဆိုက်နေကြလို့ပါ၊ ငါလာတာ ကိုတောင် မသိပဲဖြစ်နေကြတယ် မဟုတ်လား"

"မင်းထင်. . နင်ဘာစကားပြောတာလဲ၊ နင့်စကားက အနှောင့်မလွတ်၊ မသွားမလွတ်နဲ့နော်၊ ဒီလိုမပြောပါနဲ့၊ ငါမ ကြိုက်ဘူး"

ကြေးမုံက ခါးထောက်ပြီး မျက်နှာထားခပ်တင်းတင်း နဲ့ ပြောလိုက်သည်။

"နင်က ဒီလိုဟန်ကလေးနဲ့ဆိုတော့ ချစ်စရာကောင်း





သားပဲ"

"နင်. . ငါ့ကို ဘာမှအပိုတွေလာပြောမနေနဲ့မင်းထင်၊ ယောက်ျားဆိုတာ ယောက်ျားပီသတဲ့ စကားမျိုးကို ပြောရတယ်၊ မိန်းမလိုမိန်းမရနဲ့ ရိလားထေ့လားစကားမျိုး လာမပြောနဲ့"

"ငါယောက်ျားပီသတယ်၊ မပီသဘူးဆိုတာ နင်မသိ ဘူးလား. . ကြေးမုံ"

"မင်းထင်. . နင်ခွေးစကားမပြောနဲ့၊ ငါသူကြီးသားဆို ပြီး စော်ကားမော်ကားစကားမျိုး ပြောမယ်မကြံနဲ့၊ ငါက ဓား ဆွဲပြီး ရင်ဆိုင်တတ်တဲ့ မိန်းမမျိုး"

ကြေးမုံသည် စူးစူးရှားရှားလေး ပြန်ပြောလိုက်သည်။

"ကြေးမုံ. . ဒီတစ်ခါတော့ နင်. . ငါ့ကို အထင်လွဲ သွားပြီ၊ ငါပြောတာက ယှဉ်ပြိုင်မှုတစ်ခုကို ရည်ရွယ်တာ၊ ငါ ယောက်ျားပီသတယ်၊ မပီသဘူးဆိုတာ ယှဉ်ပြိုင်မှုတစ်ခုနှင့် သက်တွေ့ပြချင်တယ်"

"ဘယ်လိုယှဉ်ပြိုင်မှုမျိုးလဲ၊ ငါက နင်နှင့်ယှဉ်ရမှာလား၊ လွန်းသတ်ရမှာလား၊ သိုင်းပညာနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရမှာ လား၊ ဓားဆွဲလိုက်လေ၊ နင်နှင့်ငါ သူသေကိုယ်သေ တိုက်ကြ မယ်၊ တစ်ယောက်နှင့်တစ်ယောက် မညှာကြကြေး"

"မဟုတ်သေးဘူး. . ကြေးမုံ၊ ငါက ရေငုပ်ပြိုင်မယ်"

"ရေငုပ်ပြိုင်မယ်. . ဟုတ်လား၊ ငါနဲ့လား"

"မဟုတ်ဘူး. . သီဟနဲ့"

"ဘာ! သီဟနဲ့. . ဟုတ်လား၊ နင်က သူနှင့်ရေငုပ်ပြို စရာ ဘာအကြောင်းရှိလို့လဲ၊ နင်. . သီဟနဲ့ ဘာဖြစ်လို့မှ ပြဿနာရှာချင်ရတာလဲ"

"ပြဿနာရှာတာမဟုတ်ဘူး၊ ဒီကောင် နင့်ကိုကြို နေတယ်၊ နင်ကလည်း သူ့ကို အရေးပေးနေတယ်၊ နင်တို့နှ ယောက် သမီးရည်းစားဖြစ်သွားကြမှာကို ငါမလိုလားဘူး"

"အလိုတော်. . နင်က ငါတို့နှစ်ယောက်ကို စွပ်စွ စွဲ၊ မောင်နှမတွေလို နေကြတာ၊ နင်မို့လို့ ပြောထွက်တယ်"

"ငါ. . ခပ်တုံးတုံးကောင် မဟုတ်ဘူး. . ကြေးမုံ၊ နင် တို့နှစ်ယောက်ရဲ့ သံယောဇဉ်ကို ငါသိတယ်"

ထိုအခါ ငြိမ်ပြီးနားထောင်နေသော မောင်သီဟက

"ကဲပါ. . မင်းက ငါတို့ကို စွပ်စွပ်စွဲစွဲ ပြောနေမှတော့ ဒီလိုစကားမျိုးထွက်လာတာ အကြောင်းရှိလို့ပဲ"

"သိပ်မှန်တာပေါ့ သီဟရာ၊ အဲဒီအကြောင်းက ဘာ လဲဆိုတော့ မင်းတို့နှစ်ယောက် ဖြစ်သွားမှာကို ငါမလိုလားဘူး"

"အံမယ်. . နင်ကလာပြန်ပြီ"

မောင်သီဟက ကြေးမုံကို လက်ကာပြလိုက်ပြီး. .





"ငါကတော့ မင်းကို ဘာမှမပြောဘူးမင်းထင်၊ မင်းနဲ့ သည်း လေကုန်ခံပြီး စကားမပြောချင်ဘူး၊ မင်းဘာဖြစ်ချင်သ သဲ. . ပြော"

မင်းထင်၏ ပါးစပ်ထဲမှ အရက်နံ့က ထွက်နေသည်။ မောင်သီဟက ကြေးမုံကိုလည်း အားနာနေမိသည်။

"အေး. . ငါပြောပြမယ်၊ မင်းနားထောင်၊ မင်းနှင့်ငါ ရေငုပ်ပြိုင်ကြမယ်၊ ရေအကြာကြီး ငုပ်နိုင်တဲ့သူက ကြေးမုံကို ည်းစားစကား ပြောနိုင်တယ်၊ မငုပ်နိုင်တဲ့ကောင်က ရှောင် ပေးကြေး၊ ဘယ့်နှယ်လဲ"

"အံမယ်. . အံမယ်၊ နင်က လာသေးတယ်၊ နင်က ဒါစိမ်ခေါ် စရာလား၊ ဘယ်သူကပဲ ငါ့ကိုချစ်တယ်ကြိုက်တယ် ပြောပြော ငါပြန်ကြိုက်မှ ဖြစ်တဲ့ကိစ္စ၊ ဒါပြိုင်ပွဲမဟုတ်ဘူး၊ နင် အကောက်ကြံချင်လို့ သက်သက်မယ့် ကလိန်စေ့ငြမ်းဆင်တာ၊ နင်. . သီဟကို ဘာမတရားကြံမလို့လဲ. . မင်းထင်"

"ငါအကောက်ကြံတာ မဟုတ်ဘူးကြေးမုံ၊ သီဟက သူ့ကိုယ်သူ ကျောက်စည်ရွာမှာ ရေငုပ်အတော်ဆုံးလို့ထင်နေ တယ်၊ ငါလည်း သူ့လောက်တော့ စွမ်းသေးတာပဲ၊ နောက် တစ်ချက်က နင့်ကိုရအောင်ပိုးနိုင်တာ သူပဲလို့ ဝါကြွားနေတာ၊ အဲဒါတွေကို ငါမခံမရပ်နိုင်ဖြစ်ပြီး စိမ်ခေါ်လိုက်တာပဲ၊ ဘယ့်

နှယ်လဲ. . သီဟ၊ မင်းယောက်ျားဆိုရင် ငါစိမ်ခေါ်တာကို လက်ခံရဲ့လား"

"မင်းထင်. . မင်း ငါ့ကို မခံချင်စိတ် ဖြစ်လာအောင် ဆွပေးတိုင်း ငါက ကြွလိမ့်မယ်လို့ ထင်မနေနဲ့၊ ဒါပေမယ့် မင်း စိမ်ခေါ်တာကိုတော့ ငါမငြင်းဘူး"

"သီဟ. . လက်မခံနဲ့၊ ဒီပြိုင်ပွဲဟာ အကျိုးမရှိဘူး သက်သက်မဲ့ အချိန်ဖြုန်းတာပဲ"

"နင်ဝင်မပြောနဲ့တော့ ကြေးမုံ၊ သီဟက လက်ခံလိုက်ပြီ၊ စကားကျွံသွားပြီ၊ ယောက်ျားဆိုတာ ပြောပြီးသားစကားကို တည်ရတယ်၊ သဘက်ခါကျရင် ဆွမ်းခံပြန်ချိန်လောက်မှာ ကျောက်သုံးဆင့်က စောင့်နေမယ်၊ မင်းလာခဲ့၊ ကြေးမုံ နင်လည်း သက်သေအဖြစ်လိုက်ခဲ့၊ ကဲ. . ငါသွားမယ်"

မင်းထင်လှည့်ထွက်သွားသည်။

"တဏှာကောင်၊ သူကြီးသားဆိုပြီး မာန်တက်နေတာ သူပြောတိုင်း၊ စီစဉ်တိုင်း လက်ခံရမှာလား၊ ကျောက်သုံးဆင့်ကို နင်မသွားရဘူး. . သီဟ"

"မသွားလို့မဖြစ်ဘူး၊ ငါ. . မင်းထင်ကို ကတိပေးလိုက်ပြီကြေးမုံ"

"ခက်တာပဲဟာ၊ ငါ့ကြောင့် နင်သူနဲ့ယှဉ်ရတော့မှာ






ဒါဘယ်လိုလုပ်ရမှာလဲ"

"နင်စိတ်အေးအေးထားပါ ကြေးမုံ၊ ငါရေငုပ်သန်တာ နင်လည်းသိ၊ တစ်ရွာလုံးလည်းသိ၊ ဒီကောင်ဟာ ငါ့ကိုယှဉ်ရမယ့်ကောင်မဟုတ်ဘူး၊ အရေးကြီးတာက ပွဲပြတ်ဖို့ပဲ"

"နင်သတိတော့ထားနော် သီဟ၊ မင်းထင်က လူမိုက်သူတော၊ တပည့်တပန်းတွေမွေးပြီး လူတကာကို အနိုင်ကျင့်နေတာ၊ သူ့ကောက်ကျစ်မှာကိုသာ ငါစိုးရိမ်တာ"

"သူလုပ်ချင်တိုင်း လုပ်လို့မရပါဘူးဟာ"

ကြေးမုံသည် သီဟ၏ မျက်နှာကို ငေးငေးလေးကြည့်နေမိတော့သည်။





**အခန်း-(၁၁)**

သီဟာနှင့်မင်းထင် ရေငုပ်ပြိုင်ကြမည့် သတင်းသည် ကျောက်စည်တစ်ရွာလုံးကို ပျံ့နှံ့သွားခဲ့သည်။ လူတွေကလည်း ဤသတင်းကို စိတ်ဝင်စားသွားခဲ့ကြသည်။ ဒီလို ရေငုပ်ပြိုင်ပွဲမျိုးသည် ကျောက်စည်ရွာမှာ မကြာခဏ ရှိခဲ့ဖူးသည်။

သီဟာကို မည်သူမှ မကျော်လွှားနိုင်ခဲ့ကြ။ စိမ်ခေါ်လျှင် သတ်ခံကြရသည့်ပွဲမျိုး။ လက်မခံခဲ့လျှင် ထိုသူကို အကြောက်ကြီးသူ၊ သူရဲဘောနည်းသူအဖြစ် သတ်မှတ်ကြသည်။ စိမ်ခေါ်သည်ဆိုခြင်းကလည်း မိမိက ရေငုပ်ခြင်းအတတ်၌ စွမ်းဆောင်နိုင်သူဖြစ်မှသာ တစ်ဖက်လူက စိမ်ခေါ်ခြင်းပင်ဖြစ်သည်။

"သားက မင်းထင်စိမ်ခေါ်တာကို လက်ခံလိုက်တယ်

ဆို"

"ဟုတ်တယ်. . အမေ၊ ဒီကောင်က သူ့ကိုယ်သူသ
ပြီး ဟုတ်လှပြီထင်နေတာ၊ သူကြီးသားဆိုပြီး လူတကာအပေါ်
မောက်မာချင်သေး၊ ကျွန်တော့်လိုကောင်မျိုးကို ဒီကောင်က
စိမ်ခေါ်တာကို ကြောက်နေရမှာလား"

"သားရယ်. . ရေငုပ်တာ အန္တရာယ်ကြီးလှပါတယ်
သူ့လို အော်ကြောလန်တစ်ယောက်နဲ့များ ဖက်ပြီးပြိုင်ချင်ရ
လား"

"ထားတော့ အမေ၊ သား. . မင်းထင်ကို ကတိပေး
လိုက်ပြီးပြီ၊ စကားမဖျက်ချင်တော့ဘူး"

"မကြာမုံရယ်. . ဒီကိစ္စဟာ ရွာမှာဟိုးလေးတကြေ
ဖြစ်နေပါပြီ၊ သားက မင်းထင်နဲ့မပြိုင်ရင် သူ့ကို လူကြော
ကြီးဆိုပြီး ထဘီဝတ်ခိုင်းကြမှာပေါ့"

"ကိုသက္က. . သားဟာ အဲဒီနေ့က မင်းထင်နဲ့အခံ
ချ စကားပြောနေကြတာ ပြိုင်ပွဲကိစ္စအတွက် ဝင်ပြီးတားမ
ဖို့ကောင်းတယ်၊ အနားမှာရှိနေပြီးတော့"

"ဒါ သူတို့ လူငယ်တွေ ကိစ္စကွ၊ နင်မသိပါဘူးကြာ
ရယ်၊ သားရယ်. . မင်းထင်ရယ်. . ကြေးမုံရယ် သုံးပွင့်ဆိုင်
ကိစ္စကွ"





"အလို. . ဒီကိစ္စကို ကျုပ်ကသိလိုက်တာမှတော်၊ လူ
ငနုံငအလို့ မထင်လိုက်ပါနဲ့၊ မင်းထင်ပါးစပ်အငြိမ်မနေလို့
ကြေးမုံလေးက အဆစ်ဝင်ပါရတယ်"

"အေးပေါ့လေ၊ ကြေးမုံကို နင်က သဘောမကျလို့
ပြောတာလား. . ကြာမုံ"

"ကျလိုက်တာမှတော်၊ ဒီလိုမိန်းမလိမ္မာလေးကို ချွေး
မတော်ချင်ပဲ နေပါ့မလား၊ ဒီပြိုင်ပွဲရှောင်လွှဲလို့ မရမှတော့
ကျော်သားနိုင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့"

"ဒါနဲ့များဟာ နင်ကလည်း"

မောင်သီဟသည် မိဘနှစ်ပါး စကားအချီအချ ပြော
ကြသည်ကို ပြုံးပြီးတော့ ကြည့်နေမိသည်။

○ ○ ○

ကျောက်သုံးဆင့်. . ။

လူနှစ်ရပ်ကျော်ခန့်မြင့်မားသော ကျောက်တုံးလုံးလုံး
ကြီးသုံးလုံးသည် ဖိုခနောက်ဆိုင် တည်ရှိနေကြသည်။ သို့သော်
ကျောက်တုံးကြီးများသည် လွန်စွာမှ နီးကပ်နေကြသဖြင့် တစ်
ခုပေါ်တစ်ခု ထပ်နေသလိုထင်ရသည်။ ထိုကြောင့် ဤနေ

ရာကို ကျောက်သုံးဆင့်ဟု ခေါ်ကြခြင်းဖြစ်သည်။

မောင်သီဟနှင့်မင်းထင်တို့ ရေငုပ်ပြိုင်ကြမည်ဟု
လိုက်ကြသည်နှင့် ချိန်းသည့်ရက်မှာ ရောက်လာကြသည့် ရွာ
ရွာသားများသည်လည်း မနည်းလှ။

ထိုအထဲတွင် ကြေးမုံလည်း အပါအဝင်။ ကြေးမုံ
မိဘများကတော့ မလာကြ။ မင်းထင်၏ဖခင် ဦးကျောက်
လည်း ထိုနေရာကိုရောက်နေသည်။ မောင်သီဟ၏ဖခင် ဦး
သက္ကနှင့်မိခင်ဒေါ်ကြာမုံတို့သည်လည်း သားဇောဖြင့် ရော
နေကြသည်။

"ဟေ့ကောင်. . သက္က၊ ငါ့သားမင်းထင်က ရေထဲ
အကြာကြီးငုပ်နိုင်အောင် ကြိတ်ပြီးလေ့ကျင့်ထားတာကွ၊ မ
သားကိုနိုင်မှာ သေချာပါတယ်၊ ဒီတစ်ခါတော့ သီဟခေါ်
ပေါ်က သရဖူက ငါ့သားခေါင်းပေါ်ကို လွှဲပေးရလိမ့်မယ်
တယ်ဟေ့"

ဦးကျောက်လုံးက ဦးသက္ကကို လူပုံကြားမှာ ခနဲ့တဲ့
ပြောလိုက်သည်။

"ဒီမှာ. . ကျောက်လုံး၊ စကားကို တစ်ဆုံးတစ်ဆ
မပြောပါနဲ့ကွ၊ ဘယ်သူသာတယ်၊ ဘယ်သူမသာဘူးဆိုတာ
အချိန်တန်မှ အဖြေက ပေါ်လာမှာပါ၊ ငါကတော့ ဘယ်သူ





လျှော့မတွက်ပါဘူး"

"ကျိန်းသေပါတယ်ကွာ၊ ငါ့သားပဲနိုင်မှာပါ၊ စောင့်
ကြည့်ပေါ့"

"စောင့်ကြည့်ကြတာပေါ့ ငါတစ်ယောက်တည်း မ
တ်ဘူး၊ ရွာလုံးကျွတ်နီးပါးပဲ၊ ဟဲ. . ဟဲ. . ဟဲ"

ဦးကျောက်လုံးမှာ ဦးသက္က၏ စကားကြောင့် အလိုမ
ကျ ဖြစ်သွားခဲ့ရသည်။ မင်းထင်ကလည်း ရွာအပျိုတွေကြား
မှာ ကျောပြောင်ကြီးနဲ့ ဟန်ရေးကတပြပြ။

"သီဟဆိုတဲ့ကောင် မလာသေးပါလားကွ၊ ကေန္တ
တော့ ဒီကောင်ရှုံးမှာသိလို့ ကြောက်ပြီးမလာတော့ဘူးထင်ပါ
ယ်"

အပျိုတွေရှေ့မှာ အသားလှုပ်ပြီးပြောလိုက်ရာ. . .။

"ငါရောက်နေတာ ကြာပါပြီကွ၊ ငါသာ ကြောက်တတ်
ရင် သီဟဆိုတဲ့နာမည်ကို ပြောင်းပစ်လိုက်မယ်ဟေ့"

မောင်သီဟသည် ကျောက်တုံးကြီးအကွယ်မှ ရုတ်တ
က်ထွက်လာပြီး ပြောလိုက်လေသည်။ မင်းထင်လည်း ကြောင်
အမ်းအမ်းဖြစ်သွားခဲ့ရသည်။

"ဪ. . မင်းကလာသားပဲ၊ ငါက ကိုယ်ရှုံးမှာကိုသိ
လို့ ကြောက်ပြီးမလာတော့ဘူးထင်နေတာ"

"ကဲ. . မင်းထင်၊ စကားပိုတွေ ပြောမနေနဲ့တော့ စကြရအောင်"

"ငါကလည်း အသင့်ပါပဲကွာ"

ကြေးမုံသည် မောင်သီဟဆီကို ရောက်လာခဲ့ပြီး၊

"သီဟ. . နင်နိုင်ပါစေလို့ ငါဆုတောင်းမယ်၊ နင်သာ နိုင်ခဲ့ရင် နင်က ငါ့ကိုလာပြီး တောင်းစရာမလိုဘူး၊ ငါကိုယ်တိုင် နင့်ကို ကန်တော့ပွဲနဲ့ လာတောင်းမယ်သိလား"

ကြေးမုံသည် ပြောပြီး ထွက်သွားခဲ့လေရာ မောင်သီဟသာမက အားလုံးမှာ ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်ခဲ့ကြသည်။ ထိုအခါ မလှမ်းမကမ်းမှာရှိနေသော မင်းထင်က ကြေးမုံကို. . .။

"အေး. . နင့်ကန်တော့ပွဲနဲ့ လာတောင်းခံရမယ့်သူ သီဟမဟုတ်ပဲ ငါဖြစ်နေဦးမယ်ကြေးမုံ"

မင်းထင့်စကားကို သီဟက မကြားချင်ယောင်ဆောင် သွားခဲ့သည်။

မကြာမီ ရေငုပ်ပြိုင်ကြမည့် အချိန်ကို ရောက်လာကြသည်။ ဒေါ်ကြာမုံက မောင်သီဟကို. . .။

"သား. . ကိုယ့်ကိုယ်ကို ဂရုစိုက်နော်၊ အမေကဒေါ ဒါပဲမှာတတ်တယ်"





"စိတ်ချပါ. . အမေ၊ သား ဘာမှမဖြစ်စေရပါဘူး၊ ဒီလောက်ကြီး မပူပါနဲ့နော်"

မောင်သီဟသည် အိမ်က မထွက်မီကတည်းက ရတနာသုံးပါးကို ရှိသေစွာဖြင့် ကန်တော့ခဲ့ပြီးဖြစ်သည်။ ထို့အပြင် မိမိကိုယ်ကိုလည်း ယုံကြည်မှုအပြည့်ရှိထားသည်။ ထို့ကြောင့် ကျောက်သုံးဆင့်ပေါ်ကို သူတက်လာခဲ့သည်။ သီဟသည် ကဘောင်းကျိုက်ထား၍ ပေါင်မှထိုးကွင်းမင်ကြောင်များမှာ စိမ်းညို့နေသည်။

မင်းထင်လည်း လိုက်တက်လာသည်။ သူသည် ထိုးကွင်းမင်ကြောင်များ ထိုးမထား။ ထို့ကြောင့် သူ့ကိုသတ္တိနည်းသူ လူကြောက်ဟု ရွာမှကာလသားများ၊ ကာလသမီးပျိုများက သတ်မှတ်ထားကြသည်။ မင်းထင်သည် အရက်ကိုလည်း သောက်စားထားသေးသည်။ ပါးစပ်မှ အရက်နံ့များထွက်နေပြီး မျက်နှာကလည်း နီမြန်းနေလေသည်။

သူတို့နှစ်ဦးစလုံး ကျောက်သုံးဆင့်ပေါ်ကို ရောက်နေကြလေပြီ။ ရွာမှ ကာလသားခေါင်း ဖိုးချစ်က အချက်ပြမှသာ ရေထဲကို ခုန်ချကြရမည်ဖြစ်သည်။ ဖိုးချစ်သည် သူတို့နှစ်ဦး အနားမှာ ကပ်ပြီးရပ်နေသည်။

"ငါက တစ်၊ နှစ်၊ သုံးလို့ခေါ်ပြီးတာနဲ့ မင်းတို့ခုန်ချ

ကြပေတော့"

ကျောက်သုံးဆင့်အောက်ဘက်တွင် ရေပြင်ကြီးက ဆံ့ ပြီးကြိုလျက်ရှိသည်။ လှိုင်းငယ်များက ကျောက်တုံးကြီးအောက် ခြေကို တဖျတ်ဖျတ်နှဲ့ ရိုက်ခတ်လျက်ရှိနေကြသည်။

ဤနေရာတွင် မည်သူမှ ရေမငုပ်ဖူးကြပေ။ ရေသည် ဝါးသုံးလေးပြန်မက နက်သည်ဟုလည်း ဆိုကြသည်။ မည်မျှ အထိ နက်ရှိုင်းမှန်လည်း မသိကြချေ။ မိမိ၏သတ္တိကို ယုံကြည် ကိုးစားကြသူများဖြစ်ကြ၍ အသက်စွန့်ကာ ယှဉ်ပြိုင်ကြခြင်း ပင်ဖြစ်ကြသည်။

"ကဲ. . မင်းတို့ အဆင်သင့်ဖြစ်ကြပြီ မဟုတ်လား တစ်. . နှစ်. . သုံး"

ဖိုးချစ်က အမှတ်စဉ်ကို သုံးအထိ ရေတွက်လိုက်ပြီ သည်နှင့် သီဟသည် အဆုတ်ထဲသို့ လေကိုတဝကြီးရှူသွင်း ပြီး မင်းထင်နှင့်အတူ တပြိုင်တည်း ရေထဲသို့ ဗိုင်ဗင်ထိုး ဆင်းသွားခဲ့ကြသည်။

ဘွမ်း!

ဘွမ်း!



## အခန်း−(၁၂)

နှစ်ဦးစလုံး ရေနက်ထဲကို ရောက်သွားခဲ့ကြလေသည်။ တစ်ဦးနှင့်တစ်ဦး နှစ်လံကွာလောက်သာ ဝေးကွာကာ ရေ အောက်ထဲသို့ မနားတမ်းဆင်းသွားခဲ့ကြလေသည်။

သီဟ၏ လှုပ်ရှားမှုမှာ ငါးတစ်ကောင်ပမာ ဖျတ်လတ် ဘက်ကြွလှသည်။ မင်းထင်ထက်လည်း ပိုပြီးလျှင်မြန်စွာ ငုပ် ဆင်းသွားနိုင်ခဲ့လေသည်။

မင်းထင်မှာ ဆေးလိပ်၊ အရက်၊ စသည်တို့ကို မပြတ် သောက်သုံးခဲ့သဖြင့် အသွေးအသားက ကလီစာများကို ထိ ခိုက်လျက်ရှိသည်။ သက်လုံလည်း မကောင်းလှချေ။ သီဟလို သည်း ရေအောက်ကို တောက်လျှောက်မငုပ်နိုင်ချေ။ တဖြည်း

ဖြည်းချင်းသာ ဆင်းသွားခဲ့သည်။

ရေအောက်မြင်ကွင်းမှာ ကြည်လင်လျက်ရှိသည်။ ထူးထူးခြားခြားဆိုသလို အောက်ခြေမှာ အလင်းရောင်တစ်မျိုးက သက်ရောက်နေကာ လင်းလင်းချင်းချင်း ဖြစ်နေသည်။ မင်းထင်သည် သူ့ရှေ့မှောက်မှာ ရေနက်ပိုင်းထဲသို့ ထိုးဆင်းသွားသည့် သီဟကို မြင်နေရသည်။

"တောက်! ငါဘာဖြစ်လို့ သူ့လိုမမြန်ဆန်ရတာလဲ"

သူ့ကိုယ်သူလည်း ဒေါသဖြစ်လျက်ရှိသည်။ မင်းထင်သည် သူ့ရှေ့မှာ ငုပ်ပြီးဆင်းသွားသော သီဟကိုလည်း မတွေ့ရတော့။

သူလည်း ရုတ်တရက် အသက်ရှူကြပ်လာသော ဝေဒနာမျိုးကို ခံစားလိုက်ရသည်။ အသက်အောင့်ထားရသည့် ဒဏ်ကို သူမခံနိုင်စပြုလာခဲ့လေပြီ။

"ငါ. . ဒီကောင့်ကို အရှုံးမပေးဘူးကွ"

အားတင်းကာ စိတ်ထဲမှ ကြွေးကြော်လိုက်ပြီး အောက်ကို ဆက်ပြီးငုပ်သွားသည်။ သို့သော် စိတ်သာရှိသည်။ ကိုယ်ကတော့ မတတ်နိုင်။ အဆုတ်ကြီးတစ်ခုလုံး ပေါက်ကွဲထွက်လုမတတ် ခံစားနေရလေပြီ။ နားထဲမှာလည်း တဝီဝီအသံများဖြင့် ဆူညံနေကာ တစ်ကိုယ်လုံး ထူပူလျက်ရှိသည်။ ခေါင်းဒ





မှာလည်း ကိုက်ခဲလာသည်။

ထိုစဉ် သူ၏ရှေ့မှာ မိကျောင်းဖြူကြီးတစ်ကောင်က သူ့ဆီကို တရှိန်ထိုးဝင်ရောက်လာခဲ့ရာ. . .။

"ဟာ. . မိကျောင်းဖြူကြီး"

မင်းထင်သည် ခေါင်းနားပန်းကြီးသွားကာ ကြောက်အားလန့်အားဖြင့် ရေပြင်ပေါ်ကို တက်ပြေးလေတော့သည်။ ရေမျက်နှာပြင်ပေါ်ကို ချက်ချင်းလိုလို ရောက်လာခဲ့သည်။

ဘွမ်း!

"မြန်မြန်ဆယ်ပါ၊ မြန်မြန်ဆယ်ကြပါ"

မင်းထင်မှာ ပါးစပ်ကြီးဖြကာ မပီမသ။ ဗလုံးဗထွေးဖြင့် ပြောလိုက်သည်။ မောလည်း မောလွန်းလှပြီ။

"ဟာ. . မင်းထင်၊ ရေပေါ်ကို ပြန်တက်လာတယ်ကွ၊ ဒီကောင် ဆက်မငုပ်နိုင်တော့ဘူး"

"အေး. . ဟုတ်တယ်၊ ဒီကောင် ဘာဖြစ်လာသလဲမသိဘူး"

မင်းထင်ကို ရေထဲမှ အမြန်ဆွဲပြီးတင်ကြသည်။

"သား. . သားမင်းဘာဖြစ်လာသလဲ၊ ပြောစမ်း၊ အမေ့ကိုပြောစမ်း"

"ဟာ. . ဦးကျောက်လုံးကလည်းဗျာ၊ ခင်ဗျားသားက

ဒီလောက်မောလာခဲ့တာ၊ ဘယ်လို ချက်ချင်းပြောနိုင်မှာလဲဗျ ခဏလေး စောင့်ပါဦးလားဗျာ"

လူကြီးတစ်ဦးက ဝင်ပြောသည်။ မင်းထင်၏ အနား ကို လူတွေက ဝိုင်းအုံလာကြသည်။

"ကျ. . ကျွန်တော်ဆက်ငုပ်လို့ မရတော့ဘူး၊ ပြီးတော့ ရေ. . ရေထဲမှာ မိ. . မိကျောင်းကြီး"

ဟာ!

အားလုံး ဟာကနဲဆို ဖြစ်သွားခဲ့ကြသည်။

"မိကျောင်း. . မိကျောင်းဟုတ်လား၊ ဟာ. . မဖြစ်နိုင် ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒီလိုနေရာမျိုးမှာ ဘယ်တုန်း က မိကျောင်းရှိခဲ့ဖူးလို့လဲသားရယ်"

"ရေအောက်မှာ အသက်ရှူကြပ်ပြီး စိတ်ထဲမှာ ထင် ချင်ရာတွေ ထင်ခဲ့တာပဲဖြစ်မှာပါ"

တစ်ယောက်တစ်မျိုးစီ ပြောနေကြသည်။ မင်းထင်က တော့ အငြင်းအခုန် မလုပ်တော့ပါ။ မောင်သီဟကတော့ ရေ ထဲမှ တက်မလာသေး။ ခုနေ တက်လာလျှင်ပင် သူနိုင်ပြီဖြစ် ၏။

"သီဟ. . သီဟ. . သူရေအောက်မှာ အခြေအနေ ကောင်းပါ့မလား"





ကြေးမုံသည် မောင်သီဟအတွက် စိုးရိမ်ပူပန်လျက် ရှိသည်။ ဖခင်ဖြစ်သူ ဦးသက္ကနှင့်မိခင်ဒေါ်ကြာမုံတို့ကတော့ ဘာမှမပျက်လှပေ။ ရေအောက်ရောက်နေသည့် မောင်သီဟ ၏ အခြေအနေမှာကား. . .။

✪ ✪ ✪

မောင်သီဟသည် မင်းထင်၏ အဖြစ်အပျက်ကို မသိ လိုက်ချေ။ အေးဆေးစွာပင် ရေအောက်ကို ဆက်ငုပ်သွားခဲ့ သည်။ အောက်ကိုပိုပြီးရောက်လာလေလေ၊ ပိုပြီးမြင်လာရလေ လေဖြစ်သည်။

သူသည် ရေအောက်ကြမ်းပြင်အထိ ရောက်သွားခဲ့ သည်။ မင်းထင် သူ့နောက်က ပါမလာသည်ကို သိလိုက်ရ၏။ ထို့ကြောင့် ရေမျက်နှာပြင်ကို ပြန်တက်မည်ပြုသည်။

ထိုစဉ် ခပ်လှမ်းလှမ်းတွင် မထင်မရှား သဏ္ဌာန်များ ကို တွေ့လိုက်ရသည်။ သဲကွဲစွာမမြင်ရ၊ မောင်သီဟသည် စိတ် ဝင်စားသွားပြီး ယင်းနေရာကို ချက်ချင်းကူးသွားခဲ့သည်။

ထိုအရောင်သည် ထိုနေရာတစ်ဝိုက်မှာ အနီရောင် သန်းနေ၏။ မောင်သီဟသည် ရေအောက်မှာ အဆောက်အ

ဦးပျက်အချို့၏ အစိတ်အပိုင်းများကို တွေ့လိုက်ရသည်။ သူ
စိတ်ဝင်စားသွားခဲ့သည်။ မိမိသည် နောက်ထပ် ဆယ်မိနစ်
လောက်တော့ ရေအောက်မှာ နေနိုင်သေးသည်။

နေရောင်သည် ပို၍ရဲသထက် ရဲလာသည်။ ဖျံတစ်
ကောင်ကဲ့သို့ ရေကူးကျင်လည်သော မောင်သီဟသည် အ
မှတ်မထင် တွေ့လိုက်ရသော အရာကြီးကိုကြည့်ပြီး အတော်
လေးကို အံ့အားသင့်သွားခဲ့ရလေသည်။

"ဟင်. . ကျောက်မိကျောင်းကြီး"

သူတွေ့လိုက်ရသော အရာကား မိကျောင်းဖြူကြီးတစ်
ကောင်ပင်တည်း။ ကျောက်ဖြူသားဖြင့် ထုလုပ်ထားသော မိ
ကျောင်းဖြူကြီးမှာ လက်ရာမြောက်လွန်းလှသည်။ သက်ရှိမိ
ကျောင်းတစ်ကောင်နှင့်မခြား တူလွန်းလှသည်။

မိကျောင်းကြီး၏ မျက်လုံးနှစ်လုံးသည် နီရဲလျက်ရှိ
သည်။ ပတ္တမြားလုံးချောကြီးနှစ်လုံးကို မျက်လုံးအဖြစ် တပ်
ဆင်ထားခြင်းပင်ဖြစ်သည်။ မောင်သီဟသည် ဘ,ရာကျော်
ပြောပြခဲ့သည့် ဇာတ်လမ်းကို ပြန်ပြီးသတိရသွားခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာငါးဆယ်ကျော်က ရေ
အောက်မှာ ဟိန္ဒူဆိုသည့် သူတွေ့ခဲ့သည့် မိကျောင်းရုပ်ကြီး
ဖြစ်မည်ဆိုတာ မလွဲနိုင်တော့။





မောင်သီဟသည် ပတ္တမြားကြီးနှစ်လုံးကို လိုချင်တပ်
မက်ခြင်း အလျဉ်းမရှိ။ ကျောက်မိကျောင်းကြီးကိုသာ လှည့်
ပတ်ပြီး ကြည့်နေခဲ့သည်။ ကျောက်မိကျောင်းကြီးနှင့်ခပ်လှမ်း
လှမ်းတွင် နံ့များဖုံးလွှမ်းနေသော အရာတစ်ခုကို တွေ့လိုက်ရ
သည်။ အရှည်ငါးပေခန့်၊ လုံးပတ်လေးပေခန့်ရှိသည်။

မောင်သီဟ ထိုအနားကို ကူးခတ်သွားသည်။ ထိုအ
ရာပေါ်မှာတင်နေသော နံ့များကို လက်ဖြင့်ဖယ်ရှားပစ်လိုက်
သောအခါ ကျောက်စည်ကြီးတစ်ခု ဖြစ်နေသည်ကို သိလိုက်
ရသည်။

x

"ကျောက်စည်ကြီးပါလား"

မောင်သီဟသည် ဘ,ရာကျော်ပြောခဲ့သော ရှေးက
အဖြစ်အပျက်များကို ပြန်ပြီးသတိရလာခဲ့ပြန်လေသည်။ တ
ကယ်တော့ ဘ,ရာကျော်ပြောပြခဲ့သော အဖြစ်အပျက်များက
မှန်နေခဲ့သည်ပဲ မဟုတ်ပါလား။

မောင်သီဟသည် ကျောက်မိကျောင်းကြီးကို သဘော
ကျပြီး နောက်ထပ်တစ်ပတ်ပတ်ကာ ကြည့်လိုက်သေးသည်။
မိကျောင်းကြီး၏ အမြီး၊ ကိုယ်ထည်၊ ခေါင်း၊ ပါးစပ်တို့ကို လက်
ဖြင့် ပွတ်သပ်ကိုင်တွယ်ကာကြည့်သည်။

ပတ္တမြားမျက်လုံးကြီးတွေကိုတော့ သူမကိုင်ရဲပါ။ ထို

နောက် ရေအောက်မှာ ဆက်ပြီးနေရန် မဖြစ်နိုင်တော့သည့်
အခြေအနေကို ရောက်လာပြီဖြစ်၍ ရေပေါ်ကို အမြန်ဆုံး
တက်လာခဲ့ရလေသည်။

တအောင့်အကြာတွင် ရေမျက်နှာပြင်ထက်မှာ အာ
ကနဲဆို ပေါ်လာခဲ့ရလေသည်။

"ဟော. . သီဟ၊ သီဟ. . မြန်တက်လာပြီ"

လူအများ၏ အသံများသည် ဝေါကနဲဆို ဆူညံသွား
ခဲ့ရသည်။ သီဟကို ဝိုင်းပြီးဆယ်တင်ကြသည်။

ဖခင်ဦးသက္က၊ မိခင်ဒေါ်ကြာမုံနှင့်ကြေးမုံတို့က မောင်
သီဟဆီကို ပြေးလာခဲ့ကြသည်။ သီဟသည် အနည်းငယ်မော
ပန်းသည်ကလွဲ၍ ခန္ဓာကိုယ်ပေါ်မှာ ထူးခြားမှုမဖြစ်ပေါ်ခဲ့ပါ

"သီဟကွ. . သူ့ရာဇဝင်မှာ ဒီတစ်ခါလောက် အကြာ
ကြီးငုပ်နိုင်ခဲ့တာ မရှိဖူးသေးဘူး"

ရွာမှ ကာလသားများက မောင်သီဟကို ဝိုင်းပြီးခ
ကျူးကြသည်။ အားပေးကြသည်။ ကြေးမုံသည် စိုးရိမ်မှုဒေ
ကင်းလွတ်သွားခဲ့ရပြီဖြစ်၍ ဟန်မဆောင်နိုင်အောင်ပင် ပျေ
နေမိသည်။

"သီဟ! နင်. . မင်းထင်ကို အပြတ်အသတ်နိုင်လိုက်
တာပဲ၊ နင့်အတွက် ငါဂုဏ်ယူတယ်ဟာ"





"နင်အဲသလို အားပေးတော့ ငါပင်ပန်းခဲ့တာတွေ
အောင် ဘယ်ပျောက်သွားမှန်းမသိဘူး. . ကြေးမုံ"

"ဒါမှ ငါ့သားကွ"


ဖခင်ဦးသက္ကကလည်း သား၏ပခုံးကို အားပါးတရ
ပုတ်နေသည်။

"အမေလေ သားရေထဲကို ဆင်းသွားကတည်းက
စိတ်ပူနေရတာ၊ ခုမှပဲ ရင်ထဲကအလုံးကြီး ကျသွားတော့တယ်
သားရယ်"

"ဩော်. . အရီးလေးကလည်း သီဟက နဂိုကတည်း
က ဒီအလုပ်ကို ကျွမ်းကျင်ပြီးသားပါ"

"ဩော်. . သမီးရယ်၊ ဘာပဲဖြစ်ဖြစ် မပြောကောင်း
ဆိုကောင်း အခန့်မသင့်ရင် တစ်ခုခုဖြစ်သွားနိုင်တယ်မဟုတ်
လားကွယ်"

မောင်သီဟကို နှုတ်မဆက်နိုင်ပဲ မျက်နှာကြီးနီမြန်း
ကာ ခပ်လှမ်းလှမ်းက ကြည့်နေသူတစ်ယောက်။ သူကတော့
မင်းထင်။ ကြွားလုံးကြီးသလောက် အရှုံးကြီးရှုံးခဲ့သော မင်း
ထင်။ ရွာကို အားလုံးပြန်သွားကြသည့်တိုင် သူတို့သားအဖက
တော့ အံတကြိတ်ကြိတ်ဖြင့် ကျန်ရစ်ခဲ့ကြလေသည်။





**အခန်း–(၁၃)**

မောင်သီဟသည် ရေငုပ်ပြိုင်ပွဲမှာ သူကြီးသား မင်း
င်ကို အပြတ်အသတ် အနိုင်ရရှိခဲ့သည့်အတွက် ရွာထဲမှာ
်နှာပွင့်လန်းလျက်ရှိသည်။ မင်းထင်မှာ အပြောကြီးပြီး ခ
ုံးမရောက်ခဲ့သည့်အတွက် မဖြစ်ညစ်ကျယ်ဘဝကို ရောက်
ခဲ့ရသည်။

"မင်းထင်က ရေအောက်မှာ မိကျောင်းအလိုက်ခံရ
ပြေးခဲ့ရတယ်ဆိုပါလား"

"အလကား. . ဒီကောင် တောင်ပြောမြောက်ပြောနဲ့
ာက်ပြောနေတာ၊ ဒီလိုနေရာမျိုးမှာ ဘယ်မိကျောင်းက
ရှမှာလဲ၊ ရှိလည်း မရှိဘူး၊ ရေထဲကို ခေါင်းမီကတည်းက

အရက်သေစာတွေ သောက်သွားမှတော့ မူးပြီးမြင်ချင်ရာ
မြင်ပြီပေါ့"

မင်းထင်၏ ပြောစကားများကို မည်သူကမှ မယုံကြ
ကြချေ။ သို့သော် မောင်သီဟသည် သူရေအောက်မှာ မြ
တွေ့ခဲ့သမျှကို လျှို့ဝှက်ထား လိုသော်လည်း မိဘနှစ်ပါးနှင့်
ရာကျော်ကို ပြောပြထ...လျှင် ကောင်းလိမ့်မည်ဟု ထင်မိခဲ့
"အဖေ. . သားစကားတစ်ခွန်းပြောချင်တယ်"

"ဟ. . ငါ့သားရဲ့ သားအဖချင်း စကားပြောတာနဲ့
တောင်းစရာလိုသေးသလား၊ ကဲ. . ဘာပြောမလဲ၊ ပြော. ."

"မဟုတ်ဘူး. . အဖေ၊ ဒီစကားက သာမန်စကား
ဟုတ်တော့ လျှို့ဝှက်ထားမှဖြစ်မှာ"

ဦးသတ္တ မျက်နှာတည်သွားသည်။ ဒေါ်ကြာမုံလည်း
စိတ်ဝင်စားသွားသည်။

"သားပြောမယ့်စကားကိုသာ ရဲရဲတင်းတင်း ပြော
ကွယ်၊ ဘယ်သူ့ဆီကိုမှ မပေါက်ကြားစေရပါဘူး"

"ဒီလိုအဖေ. . သား ဟိုတစ်နေ့က ရေငုပ်တာ ထူး
ဆန်းတာတစ်ခုကို တွေ့ခဲ့ရတယ်"

"ဘယ်လိုထူးဆန်းတာလဲ. . သားရဲ့"

"ဒီလိုပါ. . အဖေ၊ သားရေနက်ထဲကို အောက်ခြေ





ငုပ်သွားခဲ့တာ ကျောက်မိကျောင်းကြီးတစ်ကောင်ကို တွေ့
ရတယ်"

"ဘာ! ကျောက်မိကျောင်းကြီးဟုတ်လား၊ သားကို ရန်
လိုက်သေးလား"

"အဖေကလည်း အသက်ရှိတဲ့ မိကျောင်းမဟုတ်ဘူး၊
ကျောက်ဖြူသားနဲ့ ထုလုပ်ထားတဲ့ မိကျောင်း၊ မျက်လုံးနှစ်လုံး
လည်း ပတ္တမြားကြီးတွေတပ်ထားတာရဲလို့ မီးကျီခဲအတိုင်း
"

"ဟင်. . သားပြောတာ အမှန်တွေပဲလား"

"ဟာ. . အဖေကလည်း သားက မဟုတ်တာတွေကို
ပြောပါ့မလား၊ မိကျောင်းကြီးရဲ့ မလှမ်းမကမ်းမှာလည်း အ
ဆောက်အဦးပျက်တွေကို တွေ့ခဲ့ရသေးတယ်"

"သား. . သားရဲ့ စကားကို အဖေယုံပါတယ်၊ ဘာဖြစ်
လို့လဲဆိုတော့ ရှေးက လူကြီးသူမတွေ ပြောဖူးခဲ့ကြတဲ့ စကား
တွေရှိဖူးခဲ့တယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဒီနေရာမှာ
စည်ကားတဲ့ မြို့ကြီးတစ်မြို့ ရှိခဲ့ဖူးတယ်တဲ့၊ ဒါပေမယ့် မြို့
မြို့သားတွေဟာ မိစ္ဆာအယူကိုယူကြတယ်၊ ကိုးကွယ်မှုတော့
တယ်၊ သူတို့ ဘာတွေကိုးကွယ်ကြသလဲဆိုတော့ ဒီဘက်ပိုင်း
တော့ ရေသတ္တဝါကြီးတွေကို ကိုးကွယ်ခဲ့ကြကယ်"

"ဒါဆို ဒီမိကျောင်းကြီးဟာ သူတို့ ကိုးကွယ်ခဲ့ကြ သတ္တဝါကြီးတစ်ကောင်များ ဖြစ်နေမလား. . အဖေ"

"သိပ်ဖြစ်နိုင်တာပေါ့၊ မိကျောင်းရုပ်ကြီးကို သေ ချာချာထုလုပ်ပြီး အဖိုးတန်ပတ္တမြားကြီး တပ်ထားတယ်ဆို တည်းက သူတို့အထွတ်အမြတ်ထားကြတဲ့ ရုပ်ထုဆိုတာ ထ ရှားနေတယ်လေ"

"သူတို့ဟာ ဒီလိုမိစ္ဆာအယူတွေကို မစွန့်လွှတ်ကြ လား"

"သာသနာတော်ကြီး ဒီဘက်ကို ပျံ့နှံ့လာတဲ့အခါမှ တော့ သူတို့ဟာ လွဲမှားတဲ့ အယူဝါဒတွေကို လက်ခံထားခ တယ်ဆိုတာ သိသွားခဲ့ကြတယ်လေ၊ နောက်ဆုံးမှာတော့ မှားတဲ့ အယူဝါဒတွေကို စွန့်လွှတ်လိုက်ကြတယ်တဲ့၊ စေတီ ရားတွေတည်၊ ကျောင်းသင်္ခန်း၊ သိမ်၊ ဇရပ်တွေဆောက်ကြ ဗုဒ္ဓသာသနာတော်ကြီးကို အတော်လေးယုံကြည်သက်ဝင်သွာ ခဲ့ကြတယ်တဲ့"

"ဒါပေမယ့် မြို့ကပျက်သွားပြီး ဘယ်လိုကြောင့် ရေ အောက်ကို ရောက်သွားခဲ့တာလဲ. . အဖေ"

"ပထဝီအနေအထား ပြောင်းလဲမှုကြောင့်ပေါ့ကွယ် တစ်ချို့ ရေအောက်ကျွန်းတွေကပေါ်လာ၊ ရေပေါ်ကျွန်းတွေ





ဘ ရေအောက်ကို နစ်မြုပ်သွားကြနဲ့ ဖြစ်ကုန်တာပေါ့"

"သား. . ကျောက်မိကျောင်းကြီးရဲ့ မျက်လုံးတွေဟာ တ္တမြားတွေလို့ ပြောလိုက်တော့ အဖေအံ့အားသင့်သွားဟန် ည်း မပြပါလား"

"ဩော်. . အဖေက တန်ဖိုးကြီးတဲ့ ကျောက်မျက်ရတ နာတွေကို မမက်မောဘူးကွယ့်၊ ပြီးတော့ ကိုယ်နှင့်မဆိုင်တဲ့ စ္စည်းတွေကိုလည်း လိုချင်တပ်မက်မှုမရှိဘူး"

"တန်ဖိုးကြီးတဲ့ ကျောက်မျက်ရတနာတွေကို မမက် မောဘူးဆိုတာက ဘယ်လိုအဓိပ္ပါယ်လဲ. . အဖေ"

"လူကို ခိုက်တတ်တယ်လေ"

"ခိုက်တယ်ဆိုတာ တကယ်ရှိလို့လား. . အဖေရာ၊ ဒီ စ္စည်းတွေကြောင့် လူတွေက လောဘသက္ကရဖုံးလွှမ်းလာကြ ပြီး တစ်ယောက်နှင့်တစ်ယောက် လုယက်ကြ၊ သတ်ဖြတ်ကြ ဘာ၊ လိမ်ကြဝှက်ကြတာ"

"အေးလေ. . အဲဒါခိုက်တာပဲပေါ့ သားရဲ့၊ လောဘ ဆိုတာ မတော်လောဘက အဆိုးဆုံးပဲ၊ အလိုကြီးတယ်၊ မနာ လိုမစ္ဆရိယစိတ် ကြီးမားတယ်၊ အဲဒီစိတ်တွေ ဖြစ်ပေါ်လာပြီး ာက်ကျစ်ကြ၊ စဉ်းလဲကြနဲ့၊ အသက်ကို ရန်ရှာကြတဲ့အထိ ဖြစ်ကြတာ၊ ပစ္စည်းကြောင့် လူတွေရဲ့ စိတ်ကို တစ်နည်းပျက်

စီးစေတာပဲ မဟုတ်လား၊ မတော်လောဘဟာ စိတ်ကိုကြမ်းတမ်းစေတယ်၊ အမှန်တရားကို ကွယ်ပျောက်စေတယ်၊ ကောင်းတဲ့စိတ်ကို ပျောက်သွားစေတာ၊ ခိုက်တာပဲပေါ့၊ စိတ်ကို ထိခိုက်ပျက်စီးတာလေ"

"သားလည်း အဲဒီပတ္တမြားကြီးတွေကို မြင်လိုက်ရတော့ ဘယ်လိုမှ မခံစားမိဘူး၊ လိုချင်တပ်မက်စိတ်လည်း မရှိဘူး"

"အဲဒါ မတော်လောဘကင်းလို့လို့ ဆိုရမယ်လေ၊ အဲဒီလိုစိတ်မျိုးရှိတာ သောကကင်းဝေးစေတယ်၊ ငြိမ်းချမ်းမှုရစေတယ်၊ သားကို အဖေက ပြန်ပြီး သတိပေးလိုက်ဦးမယ်၊ သားရေအောက်မှာ တွေ့ခဲ့ရတဲ့ ကိစ္စတွေကို ဘယ်သူ့ကိုမှ ပြန်မပြောပြလိုက်နဲ့နော်"

"စိတ်ချပါ. . အဖေရာ"



အခန်း-(၁၅)

မင်းထင်တို့ သူငယ်ချင်းတစ်သိုက်သည် ထန်းတောထဲမှာ ထန်းရေသောက်နေကြသည်။

"တောက်! သီဟဆိုတဲ့ကောင် ငါ့ထက်သာသွားတာ ...မကျေနပ်ဘူးဟေ့"

"နဂိုကတည်းက ဒီကောင်က ရေငုပ်တော်တယ်ဆိုတာ တစ်ရွာလုံးသိတာပဲ၊ ဒီကောင်က မိကျောင်းသေလို့ ဝင်...ဘာလား မသိဘူး၊ ရေကတော့ အတော်ကျွမ်းတယ်ဟေ့၊ ...ဒီတော့ မင်း. . သီဟကိုရှုံးတာ ဘာဆန်းလဲကွ"

"တော်စမ်းပါ. . တက်ခါးရာ၊ မင်းက ဒီကောင့်ကို ...မဝဏ္ဏာချီးမွမ်းခန်းဖွင့်နေပြန်ပြီ၊ ငါ့ထက်ပိုပြီး အထင်ကြီးနေ

တယ်ပေါ့လေ၊ ဟုတ်လား"

"ငါက ချီးမွမ်းနေတာမဟုတ်ဘူး၊ လက်ရှိအခြေအနေ က ဒီအတိုင်းပဲ ဖြစ်နေတာပဲမဟုတ်လား၊ မင်း. . ဒီကောင့် ရှုံးတာ မဆန်းဘူး"

"မင်းထင်. . တက်ခါးပြောတာမှန်တယ်ကွ၊ ငါတို့ နယ်လုံးမှာ သီဟလောက် ရေငုပ်ကျွမ်းတဲ့ကောင် မရှိဖူးသေး ဘူး၊ မင်းက သိသိကြီးနဲ့ သူ့ကိုမှ သွားပြီးစိမ်ခေါ်တာကိုး"

"ဩော်. . မောင်ကံ၊ မင်းကပါ ငါ့ဘက်ကမပါပဲ ဘာမဟုတ်တဲ့ သီဟဆိုတဲ့အကောင်ကို အမွှမ်းတင်နေကြ ငါတိုက်တဲ့ ထန်းရည်ကိုလည်း သောက်သေးတယ်၊ ငါ့မျ နှာကိုလည်း မထောက်ဘူး၊ တော်တော်တရားကျဖို့ကောင်း လား"

"မင်းတိုက်တဲ့ ထန်းရေကိုသောက်ပြီး မင်းအကြိ လိုက်ပြောရမယ်ဆိုတာ သဘာဝမကျပါဘူးကွာ၊ မင်းက ငါ ရဲ့ သူငယ်ချင်းပါ၊ မင်းအယူလွဲနေတာကို ငါတို့က ပြောပြ တာပါ။ သီဟကို နဂိုကတည်းက မင်းမယှဉ်သင့်ဘူး၊ ပြီးတော မင်းက ကြေးမုံနှင့်ပတ်သက်ပြီး မ,စိတ်မွှန်သွားတယ်၊ မင်း သွားတော့ ပိုဆိုးသွားတာပေါ့"

"ဟေ့ကောင်တွေ. . တော်တော့ကွာ၊ မင်းတို့ကို





ခွဲထိုးမိလိမ့်မယ်၊ ငါရှုံးတာ ဘာကြောင့်လဲသိလား"

"မင်း. . သီဟကို မနိုင်လို့ရှုံးတာကွ"

"တောက်! လာပြန်ပြီ သီဟ၊ မင်းတို့ ဒီကောင့်နာမည် ပါပဲ စကားမပြောတတ်ကြတော့ဘူးလား၊ ရေထဲမှာ မိကျောင်း တစ်ကောင်က ငါ့နောက်ကို လိုက်လို့ကွ၊ ငါဆက်မငုပ်ပဲ ရေ ပေါ်ကို တက်ပြေးလာခဲ့တာ"

"ဟား. . ဟား. . ဟား. . ဟား"

"ဘာရယ်တာလဲ. . မောင်ကံ၊ မင်းက ငါ့ကိုလှောင် တာလား"

မင်းထင်ရှူးရှူးရှားရှားဖြစ်သွားခဲ့ရသည်။

"မင်းကို လှောင်တာမဟုတ်ဘူးကွ၊ ယုတ္တိမရှိတာတွေ ကို ပြောတဲ့အတွက် သရော်တာ. . မင်းထင်၊ ဒီလိုနေရာမျိုး မှာ ဘယ်မိကျောင်းက လာမှာလဲ၊ မင်းက မူးမူးနဲ့ ရေထဲကို ဆင်းသွားပြီးတော့ မြင်ချင်ရာမြင်၊ ထင်ချင်ရာထင်၊ ပြီးတော့ ကိုယ့်ဖာသာကိုယ် ရှုံးတာဝန်မခံဘူး၊ မိကျောင်းအလိုက်ခံရလို့ တဲ့ လာလာသေး"

မောင်ကံ၏စကားကြောင့် မင်းထင်ရှူးရှူးရှားရှားဖြစ် သွားသည်။ ရုတ်တရက် နေရာမှထရပ်လိုက်ကာ ထန်းရည်အိုး ကို ခြေထောက်ဖြင့် ပစ်ကန်ထည့်လိုက်သည်။

"ကဲကွာ"

ခွမ်း!

လေထဲသို့ မြောက်တက်သွားသော ထန်းရည်အိုးက မြေပြင်ပေါ်ကို ပြန်ကျလာကာ ကွဲသွားလေတော့သည်။ ငြ နောက် မင်းထင်သည် နေရာမှထွက်သွားခဲ့လေတော့သည်

"ဒီကောင်ဟာ ရှေ့နောက်ဘာမှမစဉ်းစားဘူး၊ ထ ရာလျှောက်လုပ်တယ်၊ မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်တ ဖိုးကို လျှော့ချတဲ့ကောင်၊ သူတိုက်တဲ့ထန်းရည်ကိုသောက်ပြ ဒီလိုပြောရတာတော့ မကောင်းဘူးပေါ့ကွာ"

တက်ခါးက တံတွေးတစ်ချက်ထွေးကာ ပြောလိုက်ေ သည်။ မောင်ကံက. . .။

"ဘာမှအပြစ်မရှိတဲ့ ထန်းရည်အိုးကို ခွဲသွားတယ် ေ မျှောလိုက်တာကွာ"

❂ ❂ ❂

မောင်သီဟသည် အလုပ်တာဝန်၊ အိမ်မှုတာဝန်မျာ ပြီးဆုံးသွားသည်နှင့် ညနေဘက် တရေးတမောအိပ်ရန် စ ကူးမိလိုက်သည်။





သို့သော် သူ့စိတ်သည် ချက်ချင်းပင် ပြောင်းလဲသွား ခဲ့သည်။ စေတီတော်ကြီးဆီကို သွားချင်သည်။ စိတ်က တဖွား ဖွားနဲ့ ပေါ်လာခဲ့လေသည်။

"အမေ၊ သား. . စေတီကုန်းဆီကို သွားဦးမယ်"

"နေအတော်စောင်းနေပြီ. . သား၊ အေးလေ. . ဒီအ ချိန်ဟာ ဘုရားဖူးလို့ အကောင်းဆုံးအချိန်ပဲ၊ ထမင်းစားချိန် အမီတော့ ပြန်လာခဲ့နော်. . သား"

"စိတ်ချပါ. . အမေ၊ ပြန်လာခဲ့ပါ့မယ်"

မောင်သီဟ အိမ်မှထွက်လာခဲ့သည်။ စေတီကုန်းဆီ ကို အတော်ကလေးလျှောက်ရသည်။ ဇောင်းတန်းအတိုင်းကို ခြေလှမ်းမှန်မှန်ဖြင့် တက်လာပြီး စေတီတော်ကို ဝတ်ပြုသည်။ မိမိတတ်သမျှ မှတ်မိသမျှ ဘုရားစာ၊ တရားစာများကို ရွတ် ဆိုနေရင်း အာရုံဝင်စားသွားသည်။ အချိန်အနည်းငယ်ကြာ သွားသည်။

စိတ်ထဲမှာ သက်မကင်းစရာတစ်ခု ဖြစ်လာခဲ့ရသည်။ မိမိကျောဘက်မှာ တစ်စုံတစ်ယောက်ရောက်နေသည်ဟု အ လိုလိုထင်လာခဲ့မိသည်။ ကျောမလုံသလို ခံစားလိုက်ရသည်။ ထို့ကြောင့် နောက်ကို လှည့်ကြည့်လိုက်မိရာ. . .။

"ဟင်! အ. . အစ်ကိုကြီး"

သူ၏နှုတ်မှ အလိုလိုခေါ် လိုက်မိသည်။

သူ့ကို ပြုံးပြုံးကြီးကြည့်နေသူမှာ သူတစ်ခါက ဤစေ တီရင်ပြင်တော်ပေါ် မှာပဲ တွေ့ဖူးခဲ့သည့် လူချောကြီးတစ်ဦး။ သျှောင်တစောင်းထုံးထားသည်။ ရှပ်အင်္ကျီအဖြူလက်ရှည်၊အ ပြာခံမှာ အနက်စင်းများပါသော ပုဆိုးကို ဝတ်ဆင်ထားသည်၊

"ငါ့ညီဘုရားရှိခိုးနေတာ အနှောင့်အယှက်ဖြစ်သွားပြီ ထင်တယ်"

သူက သိမ်သိမ်မွေ့မွေ့ပြောသည်။ လေသံက တရင်း တနှီးရှိလှသည်။

"ကျွန်တော်ဘုရားရှိခိုးလို့ ပြီးပါပြီခင်ဗျာ၊ ဒါနဲ့ အစ်ကို ကြီးကို စောစောက မမြင်မိပါဘူး"

"ရှိပါတယ်၊ စေတီတော်ရဲ့ ကြာသပတေးတောင့်မှာ ပုတီးစိပ်နေတယ်လေ"

ကြာသပတေးတောင့်ဆိုတော့ သူသည် ကြာသပတေး သားဖြစ်ရမည်ဟု ယူဆမိလိုက်သည်။ သူ့လည်ပင်းမှာလည်း ပုတီးဖြူဖြူတစ်ကုံးကို ဆွဲထားသည်။

"အစ်ကိုကြီးက ဒီစေတီပေါ် ကို အမြဲတမ်းတက်ပြီး ပု တီးစိပ်တယ်နော်၊ ဘာသာရေးကို တော်တော်လိုက်စားတာပဲ"

"ဟုတ်တယ်၊ ဒီဘက်ကိုရောက်ကိုင်း ခရီးတစ်ထောက်





ပြီး စေတီတော်ကို မဖူးပဲမနေနိုင်ဘူးကွယ့်"

"ခရီးတစ်ထောင့်နားတယ်ဆိုတော့ ဘာအလုပ်အကိုင် း လုပ်ပါသလဲခင်ဗျာ၊ ဩော် . . ခုလိုမေးမိတာ စိတ်မရှိပါ နော်"

"ဩော် . . ဒါမေးသင့်ပါတယ်၊ အစ်ကိုကြီးက နိဗ္ဗာန် န်ကူးတယ်ကွယ့်"

"နိဗ္ဗာန်ကုန်ကူးတယ်ဆိုတော့ . . ."

"သက်နိုး ပရိက္ခရာတွေ၊ ဘုရားကျောင်း၊ သိမ်၊ ဇရပ် ာက်တဲ့အခါမှာ လိုအပ်တဲ့ ပစ္စည်းတွေကို အခကြေးငွေ ည်းနည်းနဲ့ သယ်ယူပို့ဆောင်ပေးတဲ့ အလုပ်ပေါ့ကွယ်"

"ဟုတ်လား၊ အစ်ကိုကြီးရဲ့ အလုပ်က ကုသိုလ်လည်း ်မ်းလည်းဝဆိုသလိုပါပဲလား၊ သမ္မာအာဇီဝလည်းဖြစ်၊ အ အတွက်လည်းအကျိုးရှိ၊ သိပ်ပြီးအဆင်ပြေတာပဲဗျာ"

နေညိုလာပြီဖြစ်သည်။ ချောင်းရေက အနီရင့်ရောင် ်မှိုးခြင်းခံရကာ ညိုညစ်လာလေပြီ။

"အစ်ကိုကြီးမှာ အဖော်မပါဘူးလား၊ တစ်ယောက် ည်းလာတာလား"

"အဖော်လား၊ ပါတာပေါ့၊ ဒါပေမယ့် တစ်ယောက် ည်းပါ၊ လှေပေါ် မှာ ကျန်ရစ်ခဲ့တယ်လေ၊ သူက သောကြာ

သား ညီလေးရဲ့၊ အစကတော့ သူငယ်ချင်းသုံးယောက်
လေရဲ့၊ တစ်ယောက်ကတော့ အင်း. . အစ်ကိုကြီးတို့နဲ့
သွားခဲ့တာ ကြာပါပြီ၊ ခွင့်တောင်းပြီး ထွက်သွားခဲ့တာပါ၊ သူ
တော့ ဗုဒ္ဓဟူးသားကွယ့်၊ အစ်ကိုကြီးက ကြာသပတေး
လေ”

သူတို့၏ နာမည်တွေကို မပြောပဲ နေ့နံတွေသာ
သဖြင့် အံ့အားသင့်နေမိသည်။

“ဗုဒ္ဓဟူးသားက ပျောက်နေတယ်ဆိုတော့ သူ
ကိုသွားသလဲဆိုတာ မသိဘူးလား”

“သူလား တစ်နေရာရာမှာ ရှိနေပါတယ်၊ အကြော
ရှိလို့တော့ သူက လာတွေ့မှာပါလေ၊ ဩော်. . ဒါနဲ့ စကား
စပ် ဟိုတစ်လောက ကျောက်စည်ရွာရဲ့ ဟိုဘက် ကျောက်
ဆင့်မှာ ငါ့ညီနဲ့ ရွာကမင်းထင်ဆိုတဲ့လူ ရေငုပ်ပြိုင်ကြတယ်
ကြားတယ်၊ မင်းထင်ကရှုံးပြီး ငါ့ညီက နိုင်သွားတယ်ဆို”

“ဟင်. . အစ်ကိုကြီးဘယ်လိုသိသလဲ”

ထိုသူကပြုံးပြီး. . .။

“အစ်ကိုကြီးရောက်ကာစက ဒီသတင်းက ဟိုး
တကြော်ဖြစ်နေတာ၊ သူပြောကိုယ်ပြောနဲ့ မသိပဲနေပါ့မ

“ဒီကောင်က တမင်စိမ်ခေါ်တာပါဗျာ၊ အဖြစ်



ခဲ့ပဲနဲ့ ဝင်ပြိုင်တော့ သူရှုံးတာပေါ့၊ သူရှုံးတော့ ဘာကြောင့်
ဘယ်ဆိုတာ စကားတွေတောင်ပြောမြောက်ပြောနဲ့”

“သူက ဘယ်လိုပြောလို့လဲကွယ့်”

“ရေအောက်မှာ မိကျောင်းတစ်ကောင်က သူ့ကိုလိုက်
လို့တဲ့လေ၊ ဒီမှာ ဘယ်ကမိကျောင်းရှိလို့လဲဗျာ”

“ငါ့ညီကကော ဘယ်လောက်အနက်အထိ ငုပ်သွားခဲ့
သလဲ”

“ရေအောက်ကြမ်းပြင်ရောက်တဲ့အထိပဲ”

“ဟုတ်လား၊ ဒါဆို ငါ့ညီက ရေအတော်ငုပ်နိုင်တာပဲ၊
ရေအောက်မှာ ဘာထူးခြားမှုများ တွေ့ခဲ့သေးလဲ”

“ဘာမှမတွေ့ခဲ့ပါဘူး”

“တကယ်ကို မတွေ့ခဲ့ဘူးလား”

“အမှန်ပြောတာပါဗျာ”

မောင်သီဟသည် ထိုသူ့ကို သံသယဝင်သွားခဲ့သည်။
ည်သည့်အကြောင်းကြောင့် ဤမေးခွန်းကို မေးရပါသလဲ။

“ဩော်. . အစ်ကိုကြီးက အဲသလောက်အထိ ရေငုပ်
နိုင်တဲ့သူဟာ ထူးခြားချက်တစ်ခုခုများ တွေ့လေမလားလို့ မေး
ကြည့်တာပါ၊ အကြောင်းထူးမရှိပါဘူးလေ”

“တကယ့်ကို ဘာမှမတွေ့ခဲ့တာပါဗျာ၊ အစ်ကိုကြီးကျေ

နပ်မယ့် အဖြေမျိုးကို မဖြေနိုင်တာကတော့ ခွင့်လွှတ်ပါ"

"အင်း. . သတ္တိပြောင်မြောက်သလောက် သစ္စာတရား ကြီးမားတဲ့သူပဲ၊ ငါ့ညီဟာ အစ်ကိုကြီးရဲ့ သူငယ်ချင်း ဗုဒ္ဓဟူ သားလိုလူစားကွယ့်၊ ကဲ. . မှောင်ရီသန်းလာပြီ၊ အစ်ကိုကြီး လည်း ပြန်တော့မယ်၊ သောကြာသားက အစ်ကိုကြီးပြန်အလာ ကို မျှော်နေရှာမယ်"

"အစ်ကိုကြီးနာမည်ကို သိခွင့်ရှိရင် သိပါရစေ"

"ကြာသပတေးသားဆိုတော့ ကိုကြာလို့ပဲခေါ်ပါကွာ"

"ကောင်းပါပြီ၊ အဲဒီနာမည်ကိုပဲခေါ်ပါ့မယ်၊ ဒါနဲ့ အစ် ကိုကြီးကို ကျွန်တော်လိုက်ပို့ပါရစေ"

"ငါ့ညီ အပင်ပန်းမခံပါနဲ့ကွယ်၊ မိုးလည်းချုပ်စပြု ပြီ၊ လိုက်မပို့ပါနဲ့တော့"

ကိုကြာသည် မောင်သီဟကို ပြုံးကြည့်ကာ လှည့် ထွက်သွားသည်။ ဒီတစ်ခါတော့ ဇောင်းတန်းအတိုင်းဆင်းသွား ခဲ့သည်။ မောင်သီဟသည် ဇောင်းတန်းထိပ်မှ ရပ်ပြီးကြည့်နေ ခဲ့သည်။

ထိုစဉ် ကြေးမုံသည် ဇောင်းတန်းအတိုင်း တက်လာ နေသည်။ ကိုကြာက ကြေးမုံကို ကွေ့ရှောင်ကာ ဆက်ပြီးဆင်း သွားခဲ့လေသည်။ ကြေးမုံသည် ဇောင်းတန်းထိပ်မှာ ရပ်နေ





သော မောင်သီဟကို တွေ့သွားခဲ့သည်။

"ဟင်. . သီဟ၊ ဘာလဲ နင်က ဘုရားပေါ်က ပြန် ဆင်းတော့မလို့လား"

"မဆင်းသေးပါဘူး၊ နင်က မိုးချုပ်ကာနီးမှ ဘုရားပေါ် ကို ဘယ်လိုစိတ်ကူးနဲ့ ရောက်လာတာလဲ ကြေးမုံ"

"နင့်အိမ်ကို ငါရောက်ခဲ့သေးတယ်ဟ၊ အရီးလေးက နင်ဘုရားပေါ် သွားတယ်ဆိုလို့ ငါလိုက်လာခဲ့တာ"

"ကြေးမုံ. . နင်ဇောင်းတန်းပေါ် တက်အလာမှာလေ အောက်ကိုဆင်းသွားတဲ့ လူတစ်ယောက်နဲ့ လမ်းမှာဆုံမိလိုက် သေးတယ်မဟုတ်လား"

"ဟင့်အင်း. . မဆုံမိပါဘူး"

ကြေးမုံသည် မောင်သီဟကို ဝိုင်းစက်သော မျက်ဝန်း လေးတွေဖြင့်ကြည့်ကာ ပြန်ပြောလိုက်သည်။

"မဟုတ်သေးပါဘူး၊ သူတောင် နင့်ကိုကွေ့ရှောင်သွား သေးတယ်၊ နင်က မတွေ့ဘူးဆိုတော့ ငါစဉ်းစားရခက်နေလို့ ပါ"

"ဩော်. . ငါက အမှတ်တမဲ့ဖြစ်သွားလို့နေမှာပါ၊ ဒါ နဲ့ အဲဒီလူက ဘယ်သူလဲ"

"ဘုရားဖူးညှော်သည်တစ်ယောက်ပါ၊ ကဲ. . ကဲ. . နင်

ဘုရားသွားကန်တော့လိုက်ဦးလေ”

“နင်ပါလိုက်ခဲ့လေ၊ နင်. . ငါ့အနားမှာထိုင်နေပေ

မောင်သီဟလည်း ခေါင်းညိတ်လိုက်ပြီး ကြေးမုံနှင့်အ
တူ လိုက်သွားခဲ့လေသည်။ ရင်ထဲမှာတော့ တစ်စုံတစ်ရာ
မတင်မကျဖြစ်နေမိသည်။



## အခန်း–(၁၅)

မင်းထင်သည် သူငယ်ချင်းများဖြစ်သော တက်ခါး၊
မောင်ကံတို့နှင့်အတူ ကြက်ပွဲမှပြန်လာရင်း ဘ,ရာကျော်၏ ခြံ
သို့ ရောက်သောအခါ. . .။

“ဒီကောင် သီဟနှင့်ကြေးမုံတို့နှစ်ယောက်ကွာ၊ ရွာထဲ
တပူးတွဲတွဲနဲ့ ငါ့ရှေ့မှာတောင် ပြောင်ပြောင်ပဲ၊ ငါမြင်ပြင်း
လိုက်တာကွာ”

“သူတို့က တပူးတွဲတွဲ ဖြစ်နေမှာပေါ့ကွ၊ ဒီနွေမှာ ယူ
ကြတော့မှာ၊ နှစ်ဖက်လူကြီးတွေကလည်း သဘောတူပြီးနေပြီ
လေ”

“ဘာကွ. . မောင်ကံ၊ သူတို့က ယူကြတော့မှာ ဟုတ်

လား"

"ကျားကိုက်ပါတယ်ဆိုမှကွာ၊ နာတာရှည်ရောဂါ
လို့ မေးနေပြန်ပြီ၊ သူတို့ကို လူကြီးတွေက ပေးစားကြ
မှာကွ"

"တောက်! ကြေးမုံနှင့်ဒီကောင် ဘယ်လိုမှမတန်
ဒီကောင့်လက်ထဲကို ကြေးမုံရောက်မသွားအောင် ငါလု
မယ်"

တက်ခါးက. . .။

"မင်းထင်. . ရေငုပ်ပြိုင်ကြတုန်းက မင်းပြောခဲ့
ကားတွေ မေ့သွားပြီလား၊ ရေအကြာကြီးငုပ်နိုင်တဲ့သူက
မုံကို ချစ်ရေးဆိုနိုင်တယ်၊ မငုပ်နိုင်တဲ့သူက ရှောင်ပေး
ဆိုတာလေ"

"ငါအဲဒီလို ပြောခဲ့လို့လား"

"မင်းရှူးချင်ယောင်ဆောင်မနေပါနဲ့ကွာ မင်းထင်
ယောကျ်ားဆိုတာ ကတိတည်ရတယ်ကွ၊ ဆိုခဲ့စေမြဲစေ
ပြီးတဲ့စကားကို ဘယ်တော့မှ ဖျောက်မပစ်နဲ့၊ သီဟနှင့်
မုံတို့ဟာ အရင်ကတည်းက တစ်ယောက်အပေါ်တစ်ယော
နားလည်မှုရှိကြပြီးသား၊ သူတို့နှစ်ယောက် ကြိုက်သွားကြ
ဘာဆန်းလဲ၊ မင်း. . သူတို့ကို လိုက်မနှောင့်ယှက်သင့်ဘူး





"ဟ. . တက်ခါး၊ မင်းတို့က ငါ့ဘက်ကလည်း လိုက်
မပြောကြဘူး၊ သီဟဘက်က လိုက်ပြောနေကြတယ်၊ ငါ့သူ
ယ်ချင်းတွေမှ ဟုတ်ကြရဲ့လား"

"အေး. . သူငယ်ချင်းကသူငယ်ချင်း၊ ခုလိုမကြံကောင်း
ည်ရာတွေကို မင်းလျှောက်လုပ်နေရင် ငါတို့က မသင့်တော်
ဘူးဆိုတာ ဝေဖန်ရမှာပဲ၊ ဒါမှ သူငယ်ချင်းကောင်းပီသမယ်"

"ထွီ. . ခွေးပါးစပ်က နတ်စကားထွက်လို့ကွာ၊ မင်းတို့
စ်ကောင်က ငါကျွေးမွေးထားတာကို စားသောက်ကြပြီး ငါ့
ကို ဘက်ကန်ကြတယ်"

"မင်းထင်၊ မင်း. . ငါတို့ကို အထင်လွဲနေပြီ၊ တကယ်
တော့. . ."

"တော်စမ်းပါကွာ၊ မင်းတို့နှစ်ကောင်စလုံး ရန်သူအား
းတွေ၊ အေး. . မင်းတို့ ငါ့ကို တရားဟောပြ၊ နားချကြလည်း
ါက နောက်မဆုတ်ဘူးကွ၊ သိထားကြ"

"အေးပေါ့ကွာ၊ ငါတို့က မင်းအပေါ်မှာ ဒီလောက်
ောင် ဖြောင့်ဖျနေတာတောင် မင်းက လက်မခံမှတော့ မင်း
ဘောပဲပေါ့လေ၊ ဘာတတ်နိုင်မှာလဲ"

မောင်ကံ့က စိတ်မကောင်းစွာဖြင့် ပြောလိုက်လေ၏။
သူတို့ပြောနေကြသည့် စကားများကို သေချာစွာ မှတ်သားထား

လိုက်သူကတော့ ခြံထဲမှ ဘ,ရာကျော်။

❂ ❂ ❂

“အေး. . ဘကတော့ မင်းထင်ပြောခဲ့တဲ့ စကားတွေ ကို ဒီအတိုင်း ကြားခဲ့တာပဲကွယ့်၊ သူဟာ လူလေးကို ရန်ငြိုး ထားထားတယ်၊ အဲဒီတော့ သတိထားပြီးတော့ နေပါကွယ်”

“ဟုတ်ကဲ့. . ဘ၊ ကျွန်တော်သတိထားပြီးတော့ နေပါ မယ်၊ ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်ဘရယ်”

“ဟိုကောင်တွေ. . တက်ခါးနှင့်မောင်ကံ တို့ကတော့ သူ့ရဲ့ လုပ်ရပ်တွေကို အားမပေးကြဘူးကွယ့်၊ သူတို့က မင်း ထင်နဲ့ ပေါင်းသာပေါင်းနေကြတယ်၊ စိတ်ထားချင်းကတော့ မတူကြဘူးကွယ့်”

ထိုနောက် ဘ,ရာကျော်သည် တစ်စုံတစ်ခုကို စဉ်းစား မိသွားပုံဖြင့်. . . ။

“လူလေးကို ဘ,သတိပေးစရာရှိတယ်”

“ဘာများလဲ. . ဘရယ်”

“တခြားတော့ မဟုတ်ပါဘူး၊ လူလေးရေအောက်မှာ တွေ့ခဲ့တဲ့ ကျောက်မိကျောင်းအကြောင်းနဲ့ ကျောက်စည်ကြီး





အကြောင်းကို ဘယ်သူ့ကိုမှ မပြောလိုက်နဲ့နော်၊ ယောင်လို့ များ စကားမထွက်မိစေနဲ့”

“ကျွန်တော့်အဖေကလွဲပြီး တခြားဘယ်သူ့ကိုမှ မပြော ပါဘူး ဘ,ရယ်၊ အဖေ့ကိုတောင်မှ စကားကုန်မပြောမိခဲ့ပါ ဘူး ကျောက်စည်ကြီးနဲ့ပတ်သက်တာ ကျန်ရစ်ခဲ့ပါတယ်”

“ဖအေကို တိုင်ပင်တာကတော့ မမှားဘူးပေါ့ကွယ်၊ ကောင်သက္ကက စကားပြောပြတ်ပေမယ့် မမှန်တာကို ဘယ် တော့မှမလုပ်ဘူး၊ ဘသိတာပေါ့၊ ဘပြောခဲ့တဲ့ ကျောက်စည် ရဲ့ ရာဇဝင်က ဆက်စပ်မှုရှိနေပြီ၊ ကျောက်မိကျောင်းကြီးရဲ့ ကုတ်လုံးဟာ ပတ္တမြားအစစ်တွေ ဖြစ်တဲ့အကြောင်း လောဘ သားတွေသာ သိသွားခဲ့ကြရင်တော့ ဒီနယ်မြေမှာ ပြဿနာ တွေ ရှုပ်ထွေးသွားနိုင်တယ်. . လူလေး”

“ဟုတ်တယ်. . ဘ၊ ဒီကိစ္စတွေ တခြားသူတွေ သိလို့ မဖြစ်ဘူး”

“ဩော်. . ဒါနဲ့ ကျွန်တော်. . ဘကို ပြောစရာရှိနေ သေးတယ်”

“ဘာစကားများလဲကွယ်”

“ကျွန်တော် စေတီကုန်းပေါ်မှာ ဘုရားသွားဖူးတော့ ခေါင်တစောင်းလုံးထားတဲ့ လူခန့်ချောကြီးတစ်ယောက်နဲ့ အ

မှတ်မထင် တွေ့တယ်၊ သူက ကျွန်တော့်ကို မိတ်ဖွဲ့တယ်ဘဲ့ ပြီးတော့ ရွှေစာရံဘုရားကြီးရဲ့ သမိုင်းနဲ့ ပတ်သက်ပြီးတော့ မေ သေးတယ်။ ကျွန်တော်က မသိဘူးလို့ပြောလိုက်တယ်"

"အေး. . ကောင်းတယ်၊ လူစိမ်းသူစိမ်းဆိုတော့ စိ မချရဘူး၊ အကြံတစည်တစ်ခုခုနဲ့ လာတာလည်းဖြစ်နိုင်တယ်"

"သူပြန်သွားတော့ ကျွန်တော်လည်း လိုက်ပြီးချော ကြည့်တာပေါ့၊ ကုန်းစပ်ဘက်ကို ဆင်းသွားတယ်၊ အဲဒီအခ မှာ နောက်ကနေ ကျွန်တော့်နာမည်ကို တစ်ယောက်ယော က ခေါ်လိုက်သလို ကြားလိုက်ရတယ်၊ နောက်ကိုလှည့်ကြ လိုက်တော့ ဘယ်သူမှမရှိဘူး၊ ဒါနဲ့ သတိရပြီး အဲဒီလူကို ပြ ကြည့်လိုက်တော့ ဘယ်ရောက်သွားမှန်းမသိဘူး"

"အင်း. . သူဟာ လှေတစ်စင်းနဲ့ ရောက်လာခဲ့တဲ့ နဲ့တူပါတယ်၊ ရွာထဲမှာတည်းတဲ့သူမဟုတ်လို့နေမှာပေါ့"

"ဘပြောတာနီးစပ်တယ်၊ နောက်တစ်ခါ သူ့ကို ေ ကုန်းပေါ်မှာပဲ တစ်ကြိမ်ထပ်တွေ့ရတယ်"

"ဟုတ်လား၊ ကဲ. . ပြောပါဦး၊ အဲဒီလူနဲ့ထပ်တွေ့ေ ဘာထူးသေးလဲ"

"နည်းနည်းတော့ ပိုပြီးထူးလာတယ်. . ဘ၊ တ က ကျွန်တော်. . သူနဲ့ပြန်တွေ့တယ်၊ ဘုရားပေါ်မှာပဲ တွေ့





ဘ၊ သူက ကျွန်တော့်ကို တော်တော်လေး စိတ်ဝင်စားနေပုံ ရတယ်၊ သူက နိဗ္ဗာန်ကုန်ကူးတာတဲ့၊ အဖော်တစ်ယောက်လည်း ပါလာတယ်တဲ့၊ လှေပေါ်မှာ ကျန်ခဲ့တယ်လို့ပြောတယ်၊ လှေ ကတော့ ဘယ်မှာဆိုက်ထားမှန်းမသိဘူး"

"အဖော်တစ်ယောက်လည်း ပါလာသေးတယ် ဟုတ် သား၊ သူတို့နာမည်က ဘယ်လိုခေါ်သတဲ့လဲ"

"ကျွန်တော်အဲဒါကိုပဲ ပြောချင်တာဘရဲ့၊ ကျွန်တော် က သူ့နာမည်ကိုမေးတော့ သူက ကြာသပတေးသားတဲ့၊ နာ မည်ကို မပြောဘူးလေ၊ လှေပေါ်မှာ ကျန်ခဲ့တဲ့သူက သော ကြာသားတဲ့၊ သူငယ်ချင်းသုံးယောက်ရှိကြတာတဲ့၊ တစ်ယောက် ကတော့ ဗုဒ္ဓဟူးသားတဲ့၊ အဲဒီလူက သူတို့နဲ့ခွဲခွာပြီး တစ်နေ ရာကို ထွက်သွားခဲ့တာတဲ့ ဘရဲ့၊ ခွင့်တောင်းပြီးတော့ ထွက် သွားတာတဲ့၊ အကြောင်းရှိရင်တော့ ဗုဒ္ဓဟူးသားက လာတွေ့ ရပါတဲ့"

"အင်း. . နာမည်တွေကို မပြောတော့ တစ်မျိုးပဲကွ နော်"

"ပြီးတော့ ကြာသပတေးသားက သူ့ကို ကိုကြာလို့ခေါ် ရည်းရတယ်တဲ့၊ တစ်ခုပိုပြီးဆန်းတာက ကိုကြာက ကျွန်တော် င့်မင်းထင် ရေငုပ်ပြိုင်ကြတာကိုလည်း သိနေတယ်"

"ဟင်. . ဟုတ်လား"

"ဟုတ်တယ်. . ဘရဲ့၊ ပြီးတော့ ကိုကြာက မေးလိုက် သေးတယ်၊ ကျွန်တော်ရေအောက်ထိ ဆက်ငုပ်သွားတာ ဘာ တွေ့ရလဲတဲ့၊ ကျွန်တော်က ဘာမှမတွေ့ရဘူးလို့ပြောလိုက်တော့ သူလည်း ပြုံးပြီးတော့ ခေါင်းညိတ်နေတယ်"

"အေး. . အဲသလိုပဲပြောသင့်တယ်၊ ဒီလူဟာ ဘာ ကြံအစည်နဲ့ မေးသလဲတော့မသိဘူး၊ ဘယ်ကမှန်းလည်းမ ဘူး၊ အကြောင်းတစ်ခုခုတော့ရှိနေပြီ"

ဘ,ရာကျော်သည် စိတ်ထဲမှာ ကြာသပတေးသား သောကြာသား၊ ဗုဒ္ဓဟူးသားဆိုသည်များကို နက်နဲစွာဖြင့် စဉ်း စားနေလေသည်။



## အခန်း–(၁၆)

အချိန်မှာ ညနေဘက်သို့ ရောက်နေပြီဖြစ်၏။ မောင် သီဟသည် လှေကို တက်တစ်ချောင်းဖြင့် ဘယ်ပြန်ညာပြန် လှော်ခတ်ကာ ရွာဆီသို့ ဦးတည်ကာ သွားလျက်ရှိသည်။

သူသည် တစ်ဖက်ကမ်းရှိ ကန့်ပကူရွာမှ ပြန်လာခဲ့ခြင်း ဖြစ်သည်။ သူငယ်ချင်းတစ်ယောက်၏ မင်္ဂလာကိစ္စကို ကူညီ ကာလုပ်ကိုင်ပေးရင်း မင်္ဂလာဆောင်အိမ်မှာ တစ်ညအိပ်ကာ ခုလိုညနေပိုင်းရောက်မှ ပြန်လာခဲ့ခြင်းပင်ဖြစ်သည်။ ပြန်ချိန် နောက်ကျခဲ့၍ လှေကိုခပ်သွက်သွက်ပင် လှော်ခတ်လာခဲ့၏။

နေမင်းကြီးသည် အနောက်ဂေါယာကျွန်းသို့ တဖြည်း ဖြည်းနဲ့ ဝင်ရောက်စပြုနေပြီဖြစ်သည်။ ရေတက်ပြီးကာစဖြစ်

၍ ချောင်းထဲမှာ ရေကပြည့်လျှံလျက်ရှိသည်။ လှိုင်းဂယက်များကလည်း အသင့်အတင့်ပင် ထကြွလှုပ်ရှားနေကြသည်။

ထိုစဉ် လှေတစ်စီးသည် ချောင်းဆွယ်တစ်ခုထဲမှ ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။ လှေပေါ်မှာ ပါလာကြသူနှစ်ဦးကတော့ မင်းထင်နှင့်အခြားတစ်ယောက်။ ထိုသူက အခြားရွာတစ်ရွာမှ လူမိုက်ကျောက်ကြီးပင် ဖြစ်သည်။ မင်းထင်က ကျောက်ကြီးကို အခကြေးငွေပေးကာ ငှားလာခဲ့သည်။ မောင်သီဟကို သုတ်သင်ပစ်ဖို့ပဲဖြစ်သည်။

“ကျောက်ကြီး. . သီဟဆိုတဲ့ကောင်ကို မနက်ဖြန်နေထွက်ချိန်မှာ ငါလုံးဝမမြင်ချင်ဘူး”

“စိတ်ချ. . မနက်ဖြန်တင်မဟုတ်ဘူး၊ ခုညနေ နေဝင်မီမှာပဲ ဇီဝိန်ချုပ်သွားစေရမယ်”

ကျောက်ကြီးက ကျေးရွာလူမိုက် လက်မရွံ့ တစ်ဦးဖြစ်သည်။ ကြေးစားလူသတ်သမားတစ်ဦး။ ရွာသူကြီး၏ လက်ကိုင်တုတ်။ သူကြီးဆိုး၏အရှိန်နဲ့ မိုက်ရဲသည်။ ဆိုးရဲသည်။ ရမ်းသည်။ ကျောက်ကြီးသည် မင်းထင်နဲ့လည်း ရင်းနှီးသည်။ ထို့ကြောင့် တိတ်တဆိတ် ခေါ်ယူလာခဲ့ခြင်းပင်ဖြစ်သည်။

မောင်သီဟကို အစဖျောက်နိုင်ပေးက ငွေသုံးရာ မည်ဖြစ်သည်။ ငွေသုံးရာနဲ့ အသက်တစ်ချောင်းတန်သည်။





န်သည်ကို ကျောက်ကြီးမသိ။ သူ့စိတ်ထဲမှာတော့ လူတစ်ယောက်၏ အသက်သည် ပုရွက်ဆိတ်တစ်ကောင်၏ အသက်ပင်။ တန်ဖိုးမရှိဟု ခံယူထားသည်။

မောင်သီဟသည် ချောင်းဆွယ်ထဲမှ ရုတ်တရက်ထွက်လာသော လှေကိုမြင်တွေ့သွားသည်။ လှေပေါ်မှာ ပါလာကြသော လူနှစ်ယောက်သည်လည်း မည်သူမည်ဝါဆိုသည်ကို သိသွားခဲ့လေသည်။

“ဟင်. . . မင်းထင်နှင့်အောက်ချင်းရွာသား လူမိုက်ကျောက်ကြီးပါလား၊ မသက်သာစရာပဲ”

မောင်သီဟတွေးလို့မှမဆုံးမီ မင်းထင်တို့သည် မောင်သီဟကို တွေ့သွားခဲ့လေသည်။

“ဟိုမှာ. . သီဟပြန်လာပြီ”

မင်းထင်က ပြောလိုက်သည်နဲ့ ကျောက်ကြီးကလည်း

“ဒီကောင် ငါတို့ကို တွေ့သွားပြီကွ၊ ဖြစ်ပါ့မလား”

“မထူးတော့ဘူးကွာ၊ ဒီလိုအခွင့်အရေးမျိုးဆိုတာ ရခဲတယ်ကွ၊ အပြတ်ရှင်းပစ်လိုက်၊ ဒီနေရာက လူပြတ်တယ်၊ ဘယ်သူမှ မမြင်နိုင်ဘူး”

“ကောင်းပြီလေ၊ မင်းသဘောပဲ၊ ငါတို့ပိုင်မှဖြစ်မယ် မပိုင်လို့ကတော့ ပြဿနာတွေ ရှုပ်ကုန်မယ်”

"မင်းလက်ထဲ အပ်ထားတာပဲကွာ၊ မင်းကိုယ်တိုင် ကွက်ချပြီးလုပ်ပေါ့ ကျောက်ကြီးရာ"

နှစ်ယောက်စလုံး လှော်တက်တစ်ချောင်းစီဖြင့် လှေကို တောင့်ဖြတ်လှော်သွားကြသည်။

"ဟာ. . ဒီကောင်တွေ ငါ့ဆီကို လာနေကြပါလား ရိုးသားကြတဲ့ လက္ခဏာပဲ"

မောင်သီဟသည် စိတ်ထဲမှာ တစ်ချက်ထင့်သွားခဲ့ ထို့ကြောင့် လှေကို ချောင်းရိုးအတိုင်း မလှော်တော့ပဲ ကျော ဆောင်တွေကြားထဲသို့ လှော်ဝင်သွားသည်။

"တော်တော်လျင်တဲ့ ကောင်ပဲ၊ ကျောက်ဆောင် ကြားထဲကို ဝင်သွားပြီ"

မင်းထင်တို့၏ လှေသည်လည်း ကျောက်ဆောင် ကြားထဲကို ဝင်လိုက်သွားခဲ့လေသည်။

✿ ✿ ✿

မောင်သီဟသည် ကျောက်ဆောင်ကွယ်တစ်ခုမှ နောက်ကို လှည့်ကြည့်လိုက်ရာ မင်းထင်တို့၏လှေ လိုက် လာခဲ့သည်ကို တွေ့လိုက်ရသည်။



"ကျိန်းသေပြီ၊ ဒီကောင်တွေ ငါ့ကိုရန်ရှာကြတော့မှာ မင်းထင်က လူမိုက်ကျောက်ကြီးကို ငှားလာခဲ့တာကိုး၊ တော် ဘက်ပက်စက်တဲ့ကောင်ပဲ"

မောင်သီဟသည် အအိမ်နှင့်ဆောင်ဓားကို လှေဝမ်း ခဲမှ ကောက်ယူကာ ကျောမှာပိုးလိုက်သည်။ အအိမ်မှ ကြိုး ကိုရင်ရှေ့မှာသိုင်းပြီး ချည်ထားလိုက်သည်။ ထိုနောက် လှေ ကို ကျောက်ဆောင်ကြို၊ ကျောက်ဆောင်ကြားမှာ သတိနဲ့လှော် ပြီး ထွက်လာခဲ့လေသည်။ မင်းထင်တို့လှေကို မတွေ့ရတော့။

မည်သည့်နေရာကို ရောက်သွားပြီလည်းမသိပါ။ သူ လှေကိုလှော်ရင်း ဟိုဒီလိုက်ပြီး ရှာနေဆဲမှာပင် မင်းထင်တို့၏ လှေသည် လွန်စွာမှ နီးကပ်သော အနေအထားမှာ ဘွားကနဲ ဆို ပေါ်လာခဲ့လေသည်။

ကျောက်ကြီးသည် လှေချင်းယှဉ်မိသည်နှင့် လှေပေါ် နေ၍ မောင်သီဟကို ဓားဖြင့်ပိုင်းချလိုက်သည်။

ဝှစ်!

ထန်!

မောင်သီဟတလည်း ကျောမှာပိုးထားသည့်ဓားအား က်ဖြင့် နောက်ပြန်ဆွဲယူလိုက်ကာ ဆီးပြီးခံလိုက်သည်။ သံ ချင်း ထိသွားခဲ့လေသည်။

"ဟေ့ကောင်. . မင်းထင်၊ မင်းက လူမိုက်ငှားပြီး
ကို လုပ်ကြံတယ်ပေါ့လေ၊ မင်းအကြံ ပက်စက်လှချည်လား

"အေး. . ဒီရွာမှာ မင်းက သူ့ရဲ့ကောင်းကြီး လုပ်
တယ်၊ ကြေးမုံရဲ့ အချစ်ကိုလည်း မင်းက ရထားတယ်ဆို
ငါမရှုစိမ့်နိုင်ဘူး၊ မင်းမရှိမှ ကြေးမုံကို ငါရမှာကွ"

မင်းထင်သည် ပြောပြောဆိုဆို လှေထဲမှနေ၍ မော
သီဟကို ဓားဖြင့်ပိုင်းချလိုက်သည်။ ဝဲလာသော ဓားချက်
မောင်သီဟက ရှောင်လိုက်ပြီး ဓားဖြင့်ဆီးခံလိုက်သည်။

ထန်!

ထိုနောက် မောင်သီဟက မင်းထင်၏လှေကို တွန်း
လွှတ်လိုက်သည်။ လှေချင်းဝေးကွာသွားခဲ့ကြသည်။

"ဟေ့ကောင်. . မင်းထင်၊ ငါ. . မင်းတို့ကို လုပ်
တယ်နော်၊ ငါ့အကြောင်းကို မင်းသိတယ်၊ ဒါပေမယ့် ဒီ
ခါတော့ ငါလွှတ်ပေးလိုက်မယ်၊ မင်းတို့ ငါ့ရှေ့က ထွက်သွား
ကြ"

"ဟား. . ဟား. . ဟား၊ ဒီမှာ. . သီဟ၊ ဒီကနေ့
မင်းရဲ့ သေနေ့ပဲကွ၊ မင်းကိုသတ်ပြီး ဟောဒီချောင်းထဲ မှော
ပြီးမှ ငါတို့ပြန်မယ်၊ ဒီနေရာက လူပြတ်တယ်၊ မင်းအစပျော
သွားလည်း ဘယ်သူမှ သိကြမှာ မဟုတ်ဘူးကွ၊ ဟေ့ကော





ကျောက်ကြီး. . ဒီကောင့်ကို ဝင်ခုတ်လေကွာ၊ ဘာလုပ်နေတာ
ပဲ ကြောက်နေတာလား"

မင်းထင်က မူးမူးရူးရူးဖြင့် ကျောက်ကြီးကို အော်ဟစ်
ပြောလိုက်သည်။

"ငါဘယ်သူ့ကိုမှ မကြောက်ဘူး မင်းထင်၊ ဒီအလုပ်
လုပ်စားခဲ့တာ အံတိုနေပြီ၊ ငါက ဒီကောင့်ကို မင်းလိုပဲ မြင်
ကပ်နေတာကြာပြီ"

ကျောက်ကြီးက မင်းထင်အကြိုက်လိုက်ပြောလိုက်ပြီး
လှေကိုလှော်ကာ ရှေ့ကိုတိုးသွားသည်။ မင်းထင်ကလည်း ကူ
လှော်သည်။

"မင်းတို့နော်. . မင်းတို့၊ ငါသတိပေးနေတယ်နော်၊
ရှေ့တိုးမလာကြနဲ့၊ ငါကလည်း ငါ့အသားကို အထိခံမှာမဟုတ်
ဘူး"

"အေး. . ကောင်းတယ်၊ ငြိမ်ခံမနေနဲ့၊ ငါတို့ကို ပြန်
တိုက်ခိုက်ရင်းသေသွားမှကောင်းမှာ၊ တစ်ဖက်သတ်ကြီး မ
ဖြစ်ချင်ဘူး"

ကျောက်ကြီးက အော်ပြောပြောပြီး တဇွတ်ထိုးဝင်
သွားသည်။ လှေချင်းနီးကပ်သွားသည်နှင့် မောင်သီဟကို ဝိုင်း
ကာ တိုက်ခိုက်ကြသည်။

"အေး. . မင်းတို့က ဇွတ်တိုးလာမှတော့ ငါကလည်း ငုတ်တုတ်အသေမခံနိုင်ဘူး၊ သီဟရဲ့ ဓားကို မြည်းစမ်းကြည့်လိုက်ကြဦး"

မောင်သီဟသည် ကျောက်ကြီးနှင့်မင်းထင် တပြိုင် တည်းဝင်လာကြသော ဓားချက်များကို သူ၏ဓားဖြင့် မွှေကာ ထိုးခုတ်ပစ်လိုက်သည်။

ထန်. . ထန်. . ထန်။

သံသံချင်း ထိခိုက်သံများက ဆူညံသွားခဲ့၏။ ကျောက် ကြီးသည် ဓားရေးကောင်းသော်လည်း တကယ်တမ်းကျတော့ မောင်သီဟ၏ ဓားချက်များကို အနိုင်နိုင်ရှောင်တိမ်းနေရ၏။

မင်းထင်ကလည်း ကျောက်ကြီးနှင့်အတူ ဝင်ကူ တိုက်ခိုက်သည်။ သို့သော် မောင်သီဟက ဓားကိုကျင်လည် စွာဖြင့် တရစပ်မွှေကာ တိုက်ခိုက်နေသည့်အတွက် မင်းထင် တို့သည် ကိုယ့်အသက်ကိုပင် စိုးရိမ်လာခဲ့ရတော့သည်။

ထိုစဉ် ကျောက်ဆောင်တစ်ခု၏ နောက်ကွယ်မှ ထွက် ပေါ်လာသော အမြီးရှည်ကြီးတစ်ခု၊ မိကျောင်းဖြူကြီးတ ကောင်၏ အမြီးပိုင်းပင်ဖြစ်သည်။ အမြီးဖြူရှည်ရှည်ကြီးသည် လေထဲမှာ ဝဲကနဲဖြင့် ကျရောက်လာပြီး. . .။

ဖျန်း!





အား!

အား!

မင်းထင်တို့၏ လှေကြီးသည် လေပေါ်ကို မြောက်က သွားသည်။ နှစ်ယောက်စလုံး ရေထဲကို ပစ်ကျသွားခဲ့ကြ သည်။

ဘွမ်း!

ဘွမ်း!

ရေလှိုင်းများသည် ဘောင်ဘင်ခတ်သွားခဲ့ကြသည်။ ထင်နှင့်ကျောက်ကြီးတို့သည် ရေထဲမှာ ဝူးဝါးဝူးဝါးဖြင့် အ ကြား ကူးခတ်နေသည်။

"မိ. . မိကျောင်းကွ၊ ပြေး. . ပြေး. . မြန်မြန်ပြေး"

မင်းထင်က မပီမသလေသံဖြင့် ဗလုံးဗထွေးပြော၏။ ကျောက်ကြီးသည် အခုမှ အကြောက်ကြီးကြောက်ကာ ကူးပြီး သည်။

ကျောက်ဆောင်၏ ဟိုမှာဘက်တွင် ကမ်းစပ်ရှိသည်။ သော် ကမ်းစပ်က တော်တော်လေးကိုဝေးသည်။ ကျောက် ဆောင်နေရာမှ အားစိုက်ကာ ကူးကြရမည်ဖြစ်သည်။ နှစ်ဦး သွေးရူးသွေးတန်းဖြင့် ကူးပြေးကြသည်။ တက်ရေမှာ တို့က အတော်လေးကို အားစိုက်ပြီး ကူးကြရသည်။

ထိုစဉ် နောက်ထပ် မိကျောင်းကြီးတစ်ကောင်သည်
ကျောက်ဆောင်ကြားမှ ဘွားကနဲဆို ပေါ်လာခဲ့ပြန်လေရာ

အား!

မိကျောင်းကြီးသည် ပါးစပ်ကြီးကိုဖြကာ ကျောက်ကြီး
ကို ထိုးဟပ်လိုက်လေတော့သည်။

အား!

ကျောက်ကြီးသည် မိကျောင်းကြီး၏ ပါးစပ်ထဲမှာ ပါ
သွားခဲ့လေတော့သည်။ မင်းထင်သည် ကျောက်ကြီး၏ မလှ
သော အခြေအနေကို တွေ့လိုက်ရ၍ အလန့်တကြားဖြင့်
ပြီးပြေးရာ မိကျောင်းဖြူကြီးက နောက်မှတအားထိုးလိုက်
ပြီး. . .။

"ဟာ. . ငါ့နောက်ကို မိကျောင်းဖြူကြီး လိုက်လာ
လိုက်လာပြီ၊ ကယ်ကြပါဦး"

သွေးရူးသွေးတန်းနဲ့ အော်ပြီးကူးပြေးရာ ရုတ်တ
သူ၏ လက်မောင်းတစ်ဖက်သည် အသဲခိုက်အောင် နာ
သွားခဲ့ရသည်။

အား!

မင်းထင်သည် ကမ်းစပ်မှာ ခြေကိုထောက်မိပြီဖြစ်
အတင်းတက်ပြေးသည်။ ထိုနောက် သူသည် ဆက်မပြေး






တော့ပဲ ပစ်လဲကျသွားခဲ့လေသည်။ ဘယ်လက်တစ်ဖက်ကား
ရှိတော့ပေ။ လက်မောင်းရင်းမှ ပြတ်ထွက်သွားခဲ့ပြီဖြစ်သည်။

မောင်သီဟသည် မိကျောင်းကြီးနှစ်ကောင် မထင်
တ်ပဲ ရုတ်တရက်ပေါ်လာပြီး မင်းထင်နှင့်ကျောက်ကြီးတို့ကို
ိုက်ခိုက်သွားခဲ့ကြသည့်အတွက် အံ့အားသင့်သွားခဲ့ရသည်။
အနည်းငယ်လည်း တုန်လှုပ်သွားမိသည်။

အဖြစ်အပျက်က သိပ်မကြာလိုက်သော်လည်း တစ်
ယ့်ကို ထိတ်လန့်စရာ ကောင်းလှသော မြင်ကွင်းတစ်ခုပင်
ဖြစ်သည်။

ကျောက်ကြီးကိုလည်း မကယ်နိုင်တော့၊ မိကျောင်း
ပါးစပ်ထဲ ပါသွားခဲ့လေပြီ။ ကမ်းပေါ်သို့ တက်ပြေးသွားသော
င်းထင်၏နောက်ကိုလိုက်ကာ ကူညီမည်ကြံသော်လည်း မိမိ
ကို ရန်ပြုထားသူဖြစ်၍ ပြဿနာတွေ ထပ်တက်မှာကို စိုးရိမ်
မိသည်။

အမှောင်ကလည်း ရုတ်ချည်းကျရောက်လာပြီဖြစ်၏။
ထို့ကြောင့် မိမိလှေကို ရွာဘက်ဆီဦးတည်လိုက်ရသည်။ လှေ
ကို တွင်တွင်လှော်ရင်း ဘေးဘီကိုကြည့်လိုက်ရာ မိကျောင်း
ကြီးနှစ်ကောင်ကို မတွေ့ရတော့ချေ။





## အခန်း-(၁၇)

"တောက်! ခံပြင်းလိုက်တာကွာ"

မင်းထင်၏ဖခင် သူကြီးဦးကျောက်လုံး၏ တောက်ခေါက်လိုက်သံသည် ပတ်ဝန်းကျင်မှာ ကျယ်လောင်သွားခဲ့ရသည်။ ရွာသူရွာသားများသည် သူကြီးက မောင်းထုပြီးဆင့်ခေါ်၍ အိမ်ခြံဝင်းထဲကို ရောက်နေကြသည်။ ထိုအထဲတွင် ကာလဘားခေါင်းဖိုးချစ်လည်းပါသည်။

မောင်သီဟသည် ခြံဝိုင်းထဲမဝင်ပဲ ခြံအပြင်ဘက်ရှိသစ်ပင်တစ်ပင်အောက်မှာရပ်နေသည်။ ဦးကျောက်လုံးသည် မြွန်းသော မျက်နှာကြီးဖြင့် လူအားလုံးကို တစ်ယောက်စီစေ့ကြည့်လိုက်ကာ. . .။

"ခင်ဗျားတို့ကို ညတွင်းချင်း ခေါ်ရတဲ့ အကြောင်းက တော့ တခြားမဟုတ်ဘူး၊ ကျုပ်သား မင်းထင်ကို မိကျောင်း ကိုက်လိုက်တဲ့ကိစ္စပဲ၊ မိကျောင်းက တစ်ကောင်တည်းမဟုတ် ဘူး၊ နှစ်ကောင်တောင်၊ ဖြစ်တဲ့နေရာက ကျောက်သုံးဆင့်နား မှာ ဒီသတင်းကိုလည်း ခင်ဗျားတို့အားလုံး ကြားပြီးကြရောပေါ့"

ကာလသားခေါင်းဖိုးချစ်က. . .။

"တစ်ရွာလုံးသိပြီးပါပြီ၊ မင်းထင်ကို ရွာသားနှစ်ယောက် ကတွေ့လို့ တစ်ယောက်တစ်လှည့်စီထမ်းပြီး ခေါ်လာခဲ့ကြတယ် မဟုတ်လား"

"ဟုတ်တယ်၊ သူတို့သာမတွေ့ရင် ကျုပ်သားရဲ့ ဒဏ် ရာက သွေးထွက်လွန်ပြီး သေမှာပဲ၊ ခုရွာထဲက သမားတော် ကြီးဦးမိုးနဲ့ကုနေတယ်၊ အခု ကျုပ်သားကို ရွာဦးကျောင်းပို့ထား တယ်၊ ဆရာတော်ကလည်း ကြီးကြပ်ပြီး ပြုစုစောင့်ရှောက်ပေး နေတယ်"

"ဒါကလည်း အားလုံးသိပြီး ဖြစ်ပါတယ်၊ သူကြီးက ဘယ်လိုဖြစ်ချင်သလဲဆိုတာသာပြောပါ"

"အောက်ချင်းရွာက ကျောက်ကြီးကိုလည်း မိကျောင်း တစ်ကောင်က ကိုက်ချီသွားတာ အစအနတောင် ရှာမတွေ့ နိုင်တော့ဘူး၊ ဒီလောက်တောင် အတင့်ရဲလှတဲ့ မိကျောင်းနဲ့





ကောင်ဟာ ဘယ်ကနေရောက်လာခဲ့ကြတာလဲ၊ အစက မရှိ ပါဘူး၊ ဒီလိုနေရာမျိုးမှာ မိကျောင်းသောင်းကျန်းတယ်ဆိုတာ ရာဇဝင်မရှိခဲ့ပါဘူး"

"ရာဇဝင်မရှိခဲ့ဘူး ဆိုပေမယ့် ပင်လယ်ထဲကနေ ရေ ကြောင်းမှားပြီး ရောက်လာခဲ့ကြတဲ့ မိကျောင်းတွေလည်း ဖြစ် နိုင်တာပဲသူကြီး"

ကာလသားခေါင်းဖိုးချစ်က ပြောလိုက်ရာ သူကြီးက ခေါင်းကို ရမ်းခါလိုက်ပြီး. . .။

"တစ်ကောင်က မိကျောင်းအဖြူဖြစ်နေတာကကော"

"မိကျောင်းအဖြူ မရှိနိုင်ဘူးလို့ မပြောနိုင်ဘူးလေ၊ သ ဘာဝလွန်ကဲပြီး ဖြူသွားတာလည်း ဖြစ်နိုင်တယ်၊ သိုးမည်း၊ သိုး ဖြူ ကြက်မည်း၊ ကြက်ဖြူတွေလည်း ရှိကြသေးတာပဲ၊ သူကြီး ဖြစ်ချင်တာကိုသာပြောပါ"

"ကျုပ်ကတော့ ဒီမိကျောင်းနှစ်ကောင်ကို လိုက်ရှာ ပြီး နှိမ်နှင်းချင်တယ်၊ ဖြစ်နိုင်ရင် ခုညတွင်းချင်းတောင် လိုက် ရှာစေချင်တယ်"

ထိုအခါ ရွာသားတစ်ဦးက. . .။

"ဟာ. . ညတွင်းချင်းကတော့ ဘယ်ဖြစ်မလဲသူကြီး၊ ကျောက်သုံးဆင့်အထိ သွားရမှာ အဝေးကြီး၊ မနက်မှ လိုက်

ရှာရင်ကောင်းမယ်"

"ဟုတ်တယ်၊ မိကျောင်းက အဲဒီနေရာမှာ ရှိချင်မှ ရှိ တော့မှာ၊ မနက်မှပဲ မြင်မြင်ထင်ထင် လိုက်ပြီးရှာကြရင် ပိုပြီး ကောင်းမယ်ထင်တယ်"

"မဟုတ်သေးဘူးလေ၊ တစ်ရွာသား ကျောက်ကြီးကို မိကျောင်းဆွဲသွားတဲ့ ကိစ္စကိုတော့ ထည့်ပြီးမစဉ်းစားကြတော့ ဘူးလား"

"ကျောက်ကြီးကို မိကျောင်းဆွဲသွားတာ ကယ်နိုင်မယ့် အခွင့်အရေးက မရှိတော့ဘူးသူကြီး၊ ညဘက်လိုက်ရှာရတာ လည်း အန္တရာယ်များတယ်၊ သူကြီးကိုယ်တိုင်လိုက်လည်း မ လွယ်ပါဘူး"

သူကြီးဦးကျောက်လုံးသည် သူ့သားကို မိကျောင်းက အငိုခံ့ ယွင်းသွားအောင် ဒုက္ခပေးခဲ့သည့်အတွက် ကလဲ့စား ချေလိုစိတ် ပြင်းပြလျက်ရှိသည်။ အားလုံးပြောကြသည့်အတိုင်း ညတွင်းချင်းလိုက်ရန်ကိစ္စမှာ တကယ်တော့ မလွယ်လှပါ။

"ကောင်းပြီလေ၊ ဒါဆိုလည်း အားလုံးရဲ့ သဘော မနက်အာရုံတက်တာနဲ့ ရွာကယောကျ်ားတွေအားလုံး ကျောက် သုံးဆင့်ဘက်ကို ထွက်ကြမယ်ဟုတ်လား၊ လက်နက်တွေ လည်း ယူလာခဲ့ကြပါ၊ ခင်ဗျားတို့ ပြန်နိုင်ကြပါပြီ"





ရွာသားများသည် စိတ်မပါစွာဖြင့် ပြန်သွားခဲ့ကြသည်။ မင်းထင်သည် ရွာအောင့်ကြောလန်ဖြစ်သည်။ ဖအေက သူကြီး ဆိုပြီး ရွာသူရွာသားများအပေါ်မှာ ရိုင်းစိုင်းစွာဖြင့် ဆက်ဆံသူ၊ စော်ကားမော်ကားစကားများ ပြောခဲ့သူဖြစ်သည်။ ထို့ကြောင့် အခုလို မင်းထင်ဒုက္ခရောက်သွားသည့် ကိစ္စကိုပင် မသနား နိုင်ကြ။ ကူညီလိုစိတ်မရှိကြ။

မောင်သီဟလည်း မင်းထင်ကိစ္စတွင် မိမိနာမည်မပါ ခဲ့သည့်အတွက် အံ့အားသင့်မှုမဖြစ်မိခဲ့။

"မင်းထင်. . မင်းထင်. . မင်းက အဖြစ်မှန်ကို ဘယ် ပြောပါ့မလဲ၊ အမိကက ငါနဲ့ပတ်သက်နေတဲ့ ကိစ္စဖြစ်နေတာ ကိုးကွ၊ မင်း. . သူများကိုမကောင်းကြံလို့ ကိုယ့်အပြစ်နဲ့ကိုယ် ခံလိုက်ရတာပါကွာ၊ ငါလည်း စိတ်မကောင်းပါဘူး"

မောင်သီဟသည် ရွာသူရွာသားများနဲ့ ရောနှောပြီး ပြန်သွားခဲ့လေသည်။

✿ ✿ ✿

နောက်တစ်နေ့နံနက်. . . ။

ဝေလီဝေလင်းအချိန်တွင် ကျောက်စည်ရွာသားများ

သည် တုတ်၊ ဓား၊ လှံ၊ လက်နက်ကိုယ်စီဖြင့် ကျောက်သုံးဆင့်
ဘက်ကို ထွက်လာခဲ့ကြသည်။ သူကြီးဦးကျောက်လုံးကိုယ်တိုင်
လှံကြီးတစ်ချောင်းကိုကိုင်ကာ လိုက်ပါလာခဲ့လေသည်။

မောင်သီဟသည် ရွာသူရွာသားများနှင့်အတူ လိုက်
ပါသွားသည်။ မင်းထင်ကို စပြီးတွေ့ခဲ့ကြသော ရွာသားနှစ်ဦး
လည်း လမ်းပြအဖြစ်လိုက်လာကြသည်။

မကြာမီ ကျောက်သုံးဆင့်ဆီကို ရောက်လာခဲ့ကြ
ယင်းနေရာသို့ရောက်သောအခါ မောင်သီဟ၏စိတ်ထဲမှာ
မျိုးတစ်မည် ခံစားလိုက်ရသည်။ ကျောက်မိကျောင်းကြီးနဲ့ပ
သက်သည့် ဇာတ်လမ်းမြုပ်ကွက်တစ်ခု ရှိနေသည် မဟုတ်
လား။

"ဟောဒီနေရာပဲ၊ မင်းထင်လဲကျနေတာ"

ရွာသားတစ်ဦးက လက်ညှိုးထိုးပြကာ ပြောလိုက်
ဦးကျောက်လုံးသည် ကျောက်ဆောင်တစ်ခုပေါ်ကို တက်ပြီ
ကြည့်လိုက်သည်။ မောင်သီဟကလည်း ခပ်လှမ်းလှမ်းတွင်ရှိ
ကျောက်ဆောင်ပေါ်ကို တက်သွားသည်။ ရေလှိုင်းများသည်
ကျောက်ဆောင်ကို တဝုန်းဝုန်းဖြင့် ရိုက်ခတ်နေကြသည်၊

"ဒီနေရာတစ်ဝိုက်လောက်မှာ မိကျောင်းနှစ်ကောင်
မမျှော်လင့်ပဲ ရောက်လာကြပြီး မင်းထင်နဲ့ အောက်ချင်းရှ





သား ကျောက်ကြီးကို တိုက်ခိုက်ကြတာပဲဖြစ်ရမယ်၊ လှေက
တော့ ရေစီးထဲ မျောပါသွားပြီထင်ရဲ့"

ကာလသားခေါင်းဆောင်ဖိုးချစ်က. . .။

"မင်းထင်ဟာ လူမိုက်ကျောက်ကြီးနဲ့ ဒီနေရာမှာ ဘာ
ဘာလုပ်တာလဲသူကြီး"

"ငါလည်း ဘယ်သိမလဲကွ၊ အဲဒါတော့ မင်းထင်ကို
မေးရသေးဘူး"

မောင်သီဟက ပြုံးလိုက်မိသည်။ ဒီကောင်ပြောရရင်
တော့ကောင်းလို့ပဲဟု။

ကမ်းစပ်တစ်လျှောက် လျှောက်သွားကြပြီး မိကျောင်း
များကို လိုက်ရှာကြသည်။

"ခုလောက်ဆို မိကျောင်းက သူ့အိမ်ပြန်ပြီး တရေး
နေလောက်ပြီ"

ရွာသားတစ်ဦးက ခပ်ချဉ်ချဉ်ဖြင့် ပြောလိုက်သည်။
ချစ်က မောင်သီဟနဲ့ယှဉ်ပြီး လိုက်လာရင်း. . .။

"ညီလေး. . မိကျောင်းကိစ္စ မင်းဘယ်လိုယူဆလဲ"

"ကျွန်တော်လည်း မတွေးတတ်တော့ဘူး အစ်ကို၊ ဒါ
ဆန်းတဲ့ကိစ္စပဲ"

ဖိုးချစ်က သက်ပြင်းချလိုက်မိသည်။

"တွေ့ပြီ . . တွေ့ပြီ . . ဟောဒီမှာ"

"တွေ့ပြီတဲ့ဟေ့ . . သတိထားကြ၊ လက်နက်တွေ မြဲမြဲစွဲစွဲကိုင်ထားကြ၊ အသေသာဆော်ပစ်"

သူကြီးဦးကျောက်လုံးသည် လှံကြီးကို ကိုင်မြှောက် ကာ ရှေ့ဆုံးမှ ပြေးထွက်သွားခဲ့သည်။

"သူကြီး . . သူကြီး . . အတင့်မရဲနဲ့လေ၊ တော်ကြာ မိကျောင်းက သူကြီးကို ရန်မူနေဦးမယ်"

ရွာသားတစ်ဦးက လှမ်းပြီးသတိပေးလိုက်သည်။ သော် သူကြီးသည် လူအုပ်ကြားထဲက တိုးထွက်သွားပြီး ကြီးကို မြှောက်လိုက်သောအခါ. . .။

ဟင်!

သူကြီးမှာ မြှောက်ထားသော လှံကြီးကို ဆက်မြှောက် ထားရမလို ဖြစ်သွားခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် တွေ့လိုက်ရသည်က ကျောက်ကြီး၏ အလောင်းဖြစ်နေသော ကြောင့်ပင်။

"ဟင် . . ကျောက်ကြီး၊ မင်းတို့ကဘာလဲ၊ တွေ့ပြီ

ဒေါသဖြင့်ပြောလိုက်သည်။

"ဟုတ်တယ်လေ . . သူကြီးရဲ့၊ ကျွန်တော်တို့တွေ ကျောက်ကြီးကိုပြောတာ"





"မင်းတို့ကွာ၊ မိကျောင်းကိုတော့ တွေ့အောင်မရှာကြ ဘူး၊ ကျောက်ကြီးကိုတွေ့တော့ ငါကဘာလုပ်ရမှာလဲကွ"

"သူကြီး . . ဒီလိုမပြောနဲ့လေ၊ မိကျောင်းအကိုက်ခံရ ပြီး သေသွားတဲ့ ကျောက်ကြီးရဲ့ အဖြစ်က မင်းထင်ရဲ့ အဖြစ် က်ဆိုးတယ်၊ လူတစ်ယောက်လုံး သေတဲ့ကိစ္စမှာ အရေးမ ကြီးဘူးလို့ ပြောနိုင်သလား"

ဖိုးချစ်က မကျေမနပ်ဖြင့် ပြောလိုက်ရာ သူကြီးဦး ကျောက်လုံး ငြိမ်ကျသွားသည်။ ကျောက်ကြီးသည် ရင်ဘတ် အပေါက်ကြီးနှစ်ပေါက်ဖြင့် သေဆုံးနေ၏။ အစွယ်ရာများ ဖြစ်သည်။

"ကျောက်ကြီးကို ကိုက်ချီသွားတဲ့ မိကျောင်းက မစား ဘာဖြစ်လို့ ဒီနေရာမှာ လာပစ်ထားရတာလဲ"

"အဲဒါတော့ မိကျောင်းနဲ့တွေ့ရင် မေးကြည့်ပေါ့ကွာ၊ င်တာကတော့ ကျောက်ကြီးဟာ လူမိုက်တစ်ယောက်ပဲ၊ အသားကခါးလို့ မိကျောင်းတောင် စားလို့မရတာဖြစ်မှာ "

တစ်ယောက်တစ်ပေါက်နဲ့ ပြောချင်ရာပြောနေကြ၏။ င်သီဟသည် ကျောက်ကြီးကို တစ်ချက်သာကြည့်ပြီး လှည့် က်လာခဲ့လေသည်။

"ကဲဟေ့! ပြီးတော့မှ တစ်ယောက်ယောက် အော
ချင်းရွာကိုသွားပြီး ကျောက်ကြီးကိုစွသွားပြောချေကြ၊ လ"

ဦးကျောက်လုံးက မိကျောင်းကို ဆက်ပြီးရှာရန်
ဆောင်ပြီးထွက်သွားသည်။ တစ်နေကုန်သွားသည်။ မိကျော
အကောင်အထည်ကြီးကို မပြောနဲ့၊ မိကျောင်း၏ အရိပ်
ယောင်ကိုပင် မတွေ့ခဲ့ကြရ။



**အခန်း – (၁၈)**

မိကျောင်းနှစ်ကောင် ကျောက်စည်ရွာတွင် သောင်း
ကျန်းကြသည့်သတင်းသည် တစ်ရွာလုံးသာမက အနီးအနား
ကျေးရွာများအထိ ပျံ့နှံ့သွားခဲ့သည်။

ကျောက်စည်ရွာသူကြီး ဦးကျောက်လုံး၏သား မင်း
င်မိကျောင်းအကိုက်ခံရ၍ လက်တစ်ဖက်ပြတ်သွားရခြင်း၊
အောက်ချင်းရွာသား လူမိုက်ကျောက်ကြီး မိကျောင်းကိုက်သတ်
၍ သေဆုံးသွားရခြင်း သတင်းများသည် ပတ်ဝန်းကျင်အား
လှုပ်ချားသွားစေခဲ့ရသည်။

မိကျောင်းနှစ်ကောင်အနက် တစ်ကောင်က အဖြူ
ရောင်ဆို၍ ထူးခြားနေကြသည်။ ကျောက်စည်ရွာသားများမှ

လွှဲ၍ အခြားရွာများမှ တံငါသည်များသည် မြစ်ချောင်းများ
သို့ဆင်းပြီး သားငါးမရှာရဲကြတော့ပေ။

(ကျောက်စည်ရွာသားများသည် တံငါအလုပ်ဖြင့်
သက်မွေးဝမ်းကျောင်း မပြုကြပေ။)

အချို့ အနီးအနားမှ ကျေးရွာသားများသည် မိကျော
နှစ်ကောင်ကိုရှာဖွေကာ ဖမ်းဆီးရန် ကြိုးစားကြသည်၊
သော် အခင်းဖြစ်ပွားခဲ့သည့် အချိန်ကစပြီး ထိုမိကျောင်း
ကောင်၏ သတင်းကို မကြားကြရတော့ချေ။

တချို့က ပင်လယ်ထဲမှ ရေကြောင်းမှားပြီး လိုက်
လာကြသော ပင်လယ်မိကျောင်းများဟုဆိုကြသည်။ တချို့
တော့ မင်းထင်၏ ပြောပြချက်အရ မိကျောင်းက အကော
ကြီးလွန်း၍ နတ်မိကျောင်းများဖြစ်လိမ့်မည်ဟု ယူဆကြသည်

လူမိုက်ကျောက်ကြီးက လူတကာကို ဒုက္ခပေးသည်
ရမ်းကားသည်။ လက်မရွံ့ တစ်ဦးဖြစ်သည်။ မင်းထင်ကလည်း
သူကြီးသား။ ဖခင်သူကြီးအရှိန်နဲ့ မာန်တက်နေသူ။ မွေးစား
ဇီဇကလည်း ဆိုးသည်။

သောက်စားမူးယစ်ရမ်းကားသူ။ မိန်းမပျိုများကို
ဆီးသည်။ လင်ရှိမယားလည်း မရှောင်။ ထိုကြောင့် သူ့
အကုသိုလ်တွေက များလွန်း၍ နတ်မိကျောင်းနှစ်ကောင်





ကိုက်ပြီး နှိမ်နင်းလိုက်ကြသည်ဟု အယူသီးသူများက ပြော
ကြသည်။

သို့သော် မိကျောင်းနှစ်ကောင်ကတော့ သည့်နောက်
မှာ သတင်းအစအနပင် မရရှိတော့ပါ။ ထိုမိကျောင်းနှစ်
ကောင်ကို တကယ်မြင်တွေ့ခဲ့ရသည့် မျက်မြင်သက်သေဆို
သည်ကလည်း ကာယကံရှင် မင်းထင်တစ်ယောက်သာရှိသည်။
ကျောက်ကြီးကတော့ သေဆုံးခဲ့ပြီဖြစ်၍ ပြန်မပြောနိုင်တော့။

✪ ✪ ✪

မောင်သီဟသည် ထိုအဖြစ်အပျက်များနှင့်ပတ်သက်
ခင်ဦးသက္ကကိုပင် ပြန်ပြီးပြောမပြခဲ့။ ဦးသက္ကသည် လူရိုး
ဖြောင့်တစ်ဦး ဖြစ်သော်လည်း မဟုတ်မခံသူတစ်ဦးလည်း
သည်။

မင်းထင်က သူ့ကိုလုပ်ကြံသည့်အကြောင်းသာသိခဲ့ပါ
ပြဿနာရှာတော့မည်။ ထိုကြောင့် ဖခင်ကိုလည်း မပြော
လျှို့ဝှက်ထားရသည်။ မောင်သီဟ ပြန်ပြီးပြောပြသည့်
တစ်ဦးတော့ရှိနေသည်။

ထိုသူကတော့ ဘ,ရာကျော်။

မောင်သီဟက ဖြစ်ပျက်ပုံ အလုံးစုံကို ပြန်ပြောပြသ
ကို နားထောင်ပြီး ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း
စားလျက်ရှိသည်။

"အေးကွယ်. . လက်စသတ်တော့ အဖြစ်အပျက်
မှန်က ဒီလိုကိုး၊ လူလေးကို မင်းထင်နှင့်ကျောက်ကြီးတို့
ဝိုင်းပြီးလုပ်ကြံနေကြခိုက်မှာ မိကျောင်းကြီးနှစ်ကောင်က
တရက်ဝင်လာပြီး တိုက်ခိုက်ကြသလို ဖြစ်သွားတာပေါ့"

"မိကျောင်းတွေက လူလေးကို မတိုက်ခိုက်ကြပဲ
ကောင်နှစ်ကောင်ကိုရွေးပြီး တိုက်ခိုက်သွားသလို ဖြစ်မနေ
လား"

"ကျွန်တော်တော့ ဒီလိုမထင်ဘူး၊ နီးစပ်ရာလူ
ကို တိုက်ခိုက်သွားကြတာပဲလို့ ထင်မိတာပဲ"

"အင်း. . မင်းတို့လူငယ်တွေကတော့ ဒီလိုပဲ တွေး
မှာပေါ့လေ"

မောင်သီဟသည် ဘ,ရာကျော်၏ မျက်နှာကို ဖ
နဲ့ဆို ကြည့်လိုက်သည်။ လေးနက်မှုတစ်ခုကတော့ ရှိနေ
သည်။

"ဦးကျောက်လုံးကတော့ သူ့သားကို လူစဉ်မမီ
ဒုက္ခပေးလိုက်တဲ့ မိကျောင်းနှစ်ကောင်ကို လုံးဝအခဲမကျေ





ထက်ထိ မိကျောင်းဖမ်းသမားတွေခေါ်ပြီးတော့ လိုက်စုံစမ်း
နေဆဲပဲ"

"စုံစမ်းပါစေလေ၊ ဒီမိကျောင်းတွေကို သူဘယ်တော့
မတွေ့နိုင်ပါဘူး"

"ဟင်. . ဘာကြောင့်လဲ. . ဘ"

"ဩော်. . မိကျောင်းတွေက ဒီမှာကျက်စားကြတဲ့ မိ
ကျောင်းတွေမှမဟုတ်တာ၊ ပြန်သွားကြပြီပေါ့"

"ဘက ဘယ်လိုသိတာလဲ"

"အရှင်းကြီးပါကွာ၊ သူတို့ ဒီမိကျောင်းတွေကို လိုက်
ဖမ်းကြတာ အစအနတောင် တွေ့ကြလို့လား၊ ပြောလေ"

"ဒါလည်း ဟုတ်တာပဲနော်. . ဘ၊ အဲဒီအချိန်ကစပြီး
ကျောင်းတွေကို မတွေ့ကြရတော့ဘူး"

မောင်သီဟသည် တစ်ခုခုကို စဉ်းစားမိသလိုဖြင့်. . ။

"ဩော်. . ကျွန်တော်. . ဘကို ပြောစရာတစ်ခုရှိနေ
ယ်၊ ခုမှသတိရတယ်"

"ဘာများလဲကွယ်"

"ကျွန်တော်. . ရေအောက်က ကျောက်စည်ကြီးကို
ယ်ယူချင်တယ်၊ အဲဒီစိတ်က တားမနိုင်ဆီးမရဖြစ်နေတယ်၊
တော့ အဲဒီလိုဆယ်ဖို့ တစ်ယောက်ယောက်က တိုက်တွန်း

နေသလိုပဲ"

"ဟေ. . ဟုတ်လား"

"ဟုတ်တယ်. . ဘ၊ အဲဒါ ကျွန်တော်ဘယ်လိုလုပ်ရ

မလဲ"

"ဆယ်ယူနိုင်ရင်တော့ ကောင်းတာပေါ့ကွာ၊ ဒါပေ

မယ့် မင်းအတွက် အန္တရာယ်များ ရှိနိုင်မလား၊ ဟိုမိကျောင်း

တွေ ပြန်ရောက်လာကြရင် ဘယ့်နှယ်လုပ်မလဲ"

"ဟာ. . ဘပြောတယ်လေ၊ ဒီမိကျောင်းတွေ ပြန်

လာနိုင်ကြဘူးဆို"

"ဒါတော့ ဒါပေါ့ကွယ်၊ သတိထားစရာကိုတွေးပြီး ဘ

ကပြောတာပါကွယ်၊ လူလေးက ဒီကျောက်စည်ကြီးကို တ

ယောက်တည်းဆယ်ဖို့ နိုင်ပါ့မလား"

"နိုင်လိမ့်မယ်ထင်တာပဲ၊ ကျောက်စည်က ဒီလော

အကြီးကြီးမဟုတ်ပါဘူး၊ ရေအောက်မှာလည်း ဖြစ်နေတဲ့

တွက် သယ်ရလွယ်ကူလိမ့်မယ်လို့ထင်ပါတယ်"

"ဘကတော့ သိပ်ပြီးအားမပေးချင်ဘူးကွယ်၊ လူလေး

ဒီအလုပ်ကို မလုပ်ပဲနေလို့မရဘူးလား"

"မရဘူး. . ဘ၊ ကျွန်တော်ဆန္ဒတွေ သိပ်ပြင်းပြနေ

တယ်၊ ကျွန်တော်ဘယ်သူ့အကူအညီမှ မယူဘူး၊ တစ်ဦးတည်း





ကြိုးစားပြီးဆယ်ယူမယ်"

"ဘလိုက်ပေးရမလား"

"ဟာ. . ဘမလိုက်ပါနဲ့၊ ဘကို လူတွေက တစ်မျိုးမြင်

နေကြပါဦးမယ်၊ ပြီးတော့ ဒီကိစ္စအတွက် ဘယ်သူ့ကိုမှလည်း

သိစေချင်ဘူးလေ"

"အေး. . ဘတစ်ခုတော့ အကြံဉာဏ်ပေးလိုက်မယ်၊

ကျောက်စည်ကြီးကို ဆယ်တဲ့အခါမှာ ရတနာသုံးပါးကို ဦးထိပ်

ထားပြီး ကျောက်စည်ရွာကြီးရဲ့ အကျိုးအတွက် ဆယ်ယူရတာ

ပါလို့တိုင်တည်၊ အဲ. . တောင်ကုန်းထိပ်က ရွှေစာရံစေတီတော်

မြတ်ကြီးကို ကာကွယ်ဖို့ဆိုတာ ပထမဦးဆုံး တိုင်တည်ပြီးမှ

ရွာအတွက်ကိုတိုင်တည်၊ မိမိရဲ့ ကိုယ်ကျိုးလုံးဝမပါကြောင်းကို

ညည်းခံပြီးပြော၊ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေရှိရင်လည်း ကူညီကြ

ပါလို့ အကူအညီတောင်းပြီးမှ ဆယ်ပေါ့ကွာ"


"ကောင်းပါပြီ၊ ကျွန်တော်ဒီအတိုင်းပဲ ဆောင်ရွက်ပါ့

မယ် ဘပေးတဲ့ အကြံဉာဏ်တွေက ကောင်းပါတယ်"

"အေး. . အေး. . ဘမဆို သတိထားပြီး ဆောင်ရွက်

ပါကွယ်"

စိတ်ချပါ. . ဘရယ်"





## အခန်း-(၁၉)

မောင်သီဟသည် ကျောက်စည်ကြီးကို ဆယ်ယူရန် ...ရာကျော်နဲ့တိုင်ပင်ပြီး လျှို့ဝှက်ချက်ကို မည်သူ့ကိုမှ မပြော... ထိုအလုပ်ကို အဖော်တစ်ယောက်ပါခဲ့လျှင် ပိုပြီးအဆင်ပြေ...မည်။ သို့သော် မိမိတွင် ယုံကြည်စိတ်ချရသောသူမရှိခဲ့။

"အို! ဘုရားအလောင်း မဟော်သဓာထုံး နှလုံးမူပြီး ...ဝှက်အပ်သော စကား မည်သူ့ကိုမှ မပြောကြားတာ အ...ကောင်းဆုံးပဲ၊ ဒီကိစ္စ ငါတစ်ယောက်တည်းပဲလုပ်မယ်"ဟုဆို... စိတ်ပိုင်းဖြတ်လိုက်သည်။

ကျောက်သုံးဆင့်သို့သွားရန် မိဘများ၏ အရိပ်အခြည် ...လည်း ကြည့်ရသေးသည်။

တစ်ရက်တွင် ရွာထဲကိုသွားမလိုလိုနဲ့ အနောက်ဘက်
တောလမ်းမှထွက်ကာ ကျောက်သုံးဆင့်ဘက်ကို ထွက်လာ
လေသည်။ ဝါးရုံပင်များကိုင်းယှက်ကာ လမ်းကိုမိုးလျက်ရှိသော
ကြောင့် အရိပ်ကလည်း ကောင်းကောင်းရနေလေသည်။

ထိုလမ်းကို လူသုံးနည်းသည်။ ထိုကြောင့် မောင်သီ
ဟလျှောက်လာခဲ့သည့် အချိန်အထိ မည်သူနဲ့မှ မဆုံခဲ့
ကျောက်သုံးဆင့်ဘက်ကိုသွားသည့် ဖြတ်လမ်းလည်းဖြစ်သည်
တောအုပ်ကိုကျော်သည်နှင့် ကမ်းစပ်ကို လှမ်း၍မြင်နေရ
ပြီ။

ဝုန်း . . ဝုန်း . . ဝုန်း။

ရေလှိုင်းများက ကျောက်ဆောင်ကို တဝုန်းဝုန်း
ရိုက်ခတ်လျက်ရှိကြသည်။ အချို့နေရာများတွင် ရေဝဲများ
လှည့်လျက်ရှိကြသည်။ မောင်သီဟ၏ ခြေလှမ်းများသည်
မို၍ သွက်လာခဲ့သည်။

မကြာမီ ကျောက်သုံးဆင့်ကို ရောက်လာခဲ့လေသည်
ရေလှိုင်းများက ကျောက်ဆောင်များအား ပုတ်ခတ်နေကြ
များက ပိုပြီးတော့ ကျယ်လောင်လာသည်။

မောင်သီဟသည် ဘ,ရာကျော်မှာလိုက်သည့်အတိုင်း
၍ကျောက်စည်ကြီးကို ဆယ်ယူရာ၌ ကိုယ်ကျိုးအတွက်မဟုတ်





ပါကြောင်း၊ ရွှေစာရံ စေတီတော်မြတ်ကြီးအတွက် အကာအ
ကွယ်ရရန်ဖြစ်ကြောင်း၊ ကျောက်စည်ရွာကြီးအတွက် အကာ
အကွယ်ရရန်ဖြစ်ကြောင်း။

ကျောက်စည်ကြီးကို ရေအောက်မှ ဆယ်ရာ၌လည်း
သက်ဆိုင်သော ပုဂ္ဂိုလ်များရှိခဲ့ကြလျှင် ကူညီကြပါရန် စိတ်ထဲ
မှ တိုင်တည်လိုက်သည်။ ထို့နောက် အပေါ်အင်္ကျီကို ချွတ်
လိုက်သည်။ ကိုယ်မှာဝှက်ယူလာသော ပုဆိုးဟောင်းတစ်ထည်
နဲ့ လဲဝတ်လိုက်ပြီး ခါးတောင်းကို မြောင်နေအောင် ကျိုက်
လိုက်သည်။

မောင်သီဟက ရေကြောက်သူမဟုတ်ပေ။ ရေကြိုက်
သူဖြစ်သည်။ ကျောက်တုံးထက်မှနေ၍ တဖြည်းဖြည်းနဲ့လျှော
ဆင်းလာကာ ရေခါးတစ်ဝက်ခန့်အရောက်တွင် ရေအောက်
ကို ငုပ်လျှိုးသွားလေတော့သည်။ တဖြည်းဖြည်းချင်းမဟုတ်ပဲ
လျှင်မြန်စွာ ငုပ်ဆင်းသွားခြင်းပင်ဖြစ်သည်။

သူသည် မင်းထင်နဲ့ပြိုင်ပြီး ရေငုပ်ခဲ့ကတည်းက ရေ
အောက်မှာ ဘာရှိလဲဆိုတာ သိပြီးဖြစ်၏။ ကျောက်မိကျောင်း
ကြီးသည် ယခင်အတိုင်းပဲ ရှိနေပါဦးမည်လား။ ရေက ကြည်
သင်လျက်ရှိသည်။ အောက်ကိုရောက်လေ ကောင်းစွာမြင်ရ
လေဖြစ်သည်။

"ခါတိုင်းလိုမဟုတ်ပါလား၊ ရေက အောက်ကိုရောင် လေလေ ပိုပြီးကြည်လင်လေလေပဲ၊ ဘယ်လိုကြောင့်ပါလိမ့်"

ရေပြင်ထက်မှ အလင်းရောင်သည် ဤကဲ့သော နက် ရှိုင်းသော ရေအောက်ကြမ်းပြင်အထိ ထိုးဖောက်ပြီးရောက် လာနိုင်။ မောင်သီဟသည် သတ္တိကောင်းသူ ဆိုသော်လည်း နည်းနည်းတော့ ထိတ်သွားမိသည်။

အဘယ်ကြောင့်ဆိုသော် ကျောက်မိကျောင်းကြီးကို သူတွေ့လိုက်ရသောကြောင့်ပင်။ ပတ္တမြားမျက်လုံးကြီးနှစ်လုံး သည်လည်း နီရဲနေကာ ပိုမို၍အားကောင်းလာသည်ဟုထင်မိ သည်။ မိကျောင်းကြီး၏ နို့နှစ်ရောင် သလင်းကျောက်ဖြူသား သည် အလင်းရောင်များထွက်နေသလို ပိုမို၍ တောက်ပနေ သည်။ ထူးခြားသော ကျောက်သားတစ်မျိုးဖြင့် ထုလုပ်ထား ခြင်းဖြစ်၏။

သလင်းကျောက်မှ ထွက်လာသော အလင်းရောင် ကြောင့် ရေအောက်ကြမ်းပြင်ကို ပိုမို၍ထင်ရှားစွာ မြင်နေ ခြင်းပင်ဖြစ်သည်။ မောင်သီဟသည် ကျောက်မိကျောင်းကြီး ၏ဘေးမှ ဖြတ်ကူးသွားသည်။ အတော်ကလေး ကူးခတ်သွား ပြီးသောအခါ ကျောက်စည်ကြီးကို တွေ့လိုက်ရသည်။

သူသည် ရေအောက်မှာ အတော်ကြာကြာ နေနိုင်





သးကြောင်း အံ့အားသင့်ဖွယ်ရာ နားလည်မိ၏။ ထို့ကြောင့် ကျောက်စည်ကြီးကို မဆယ်သေးပဲ ဆက်ပြီး ကူးသွားသည်။ ကျောက်ဆောင်တွေကြားထဲကို ဖြတ်ပြီးကူးသွားသည်။ အုတ် ိုင် ငုတ်တိုများကို တွေ့လိုက်ရသည်။ တစ်ပိုင်းတစ်စသာကျန် ာ့သော အဆောက်အဦးပျက်၏ အစိတ်အပိုင်းများအား တွေ့လိုက်ရသည်။ ရှေ့ကို ဆက်ကူးသွားသည်။

သူ၏ မျက်လုံးအစုံသည် ထူးခြားမှုတစ်ခုကို ထပ်ပြီး တွေ့လိုက်ရသည်။ အနည်းငယ်သာ ပျက်စီးသေးသော အ ဆောက်အဦးကြီးတစ်ခုဖြစ်သည်။ တိုင်ကြီးများမှာ ယောက်ျား စ်ယောက်စာလောက်ရှိသည်။

ဘာသာရေးအဆောက်အဦးကြီးတစ်ခု ဖြစ်ပုံရသည်။ ့်သော် မိစ္ဆာအယူဝါဒကို ကိုးကွယ်ကြသူတို့၏ နေရာပဲဖြစ် ည်။ နံရံတွေမှာ မိစ္ဆာရုပ်များကို ရေးဆွဲထားသည်။ ပုံမကျ ်းမကျ သတ္တဝါများ၊ ငါးခေါင်းနှင့်ခွေးကိုယ်၊ မြွေခွေးကိုယ် ့်မျောက်ခေါင်း၊ တစ်နေရာတွင် မိစ္ဆာရုပ်ပုံတစ်ပုံက ခေါင်း ည်လျှားသော ဆံပင်များသည် တွန်လိမ်ကောက်ကွေးနေ သော မြွေသဏ္ဍာန်များပင်ဖြစ်သည်။

ဗုဒ္ဓသာသနာ မထွန်းကားသေးမီက လူတို့၏ ကိုးကွယ် ျားပေလား။ သို့မဟုတ် သီးခြားအယူဝါဒကို ကိုးကွယ်ကြ

သူတွေပဲလား။ လွန်စွာမှ ရှေးကျသော အဆောက်အဦးကြီး တစ်ခုပင်ဖြစ်သည်။ စောစောက တွေ့ခဲ့သော မိကျောင်းရုပ် တုကြီးသည် မိစ္ဆာအယူဝါဒယူသူတို့၏ ပြယုဒ်များပေလား

မောင်သီဟသည် အဆောက်အဦး ပျက်ကြီးထဲ ဆက်ပြီးလေ့လာလိုစိတ် ဖြစ်ပေါ်မိသော်လည်း အခြေအနေ တစ်ခုခုက မိမိကို ဟန့်တားနေသည်ဟု အလိုလိုပင် ထင် မိသည်။ ထို့ကြောင့် ပြန်လှည့်ထွက်လာခဲ့သည်။

အဆောက်အဦးပျက်ကြီး၏ အပြင်သို့ ပြန်ရောက် ခဲ့သည်။ ကျောက်စည်ကြီးရှိသည့်နေရာကို ကူးခတ်လာခဲ့ သူ၏လက်ဖြင့် ကျောက်စည်ကြီးကို မရဲတရဲဖြင့် ကိုင်ကြည့် လိုက်သည်။ အနည်းငယ် လှုပ်သွားခဲ့သည်။

ခပ်လှမ်းလှမ်းတွင် ကျောက်ဖြူမိကျောင်းကြီးသည် နီရဲသော မျက်လုံးတွေဖြင့် သူ့ကိုလှမ်းကြည့်နေသည်ဟု ထင် ရသည်။ မောင်သီဟသည် မိမိ၏စိတ်ကို ထိန်းမရနိုင်တော့ ကျောက်စည်ကြီးကို ကောက်ထမ်းလိုက်သည်။ သူ၏ပခုံးထက် မှာ ပေါ့ပါးစွာဖြင့် လိုက်ပါလာသည်။ ရေ၏တွန်းအားကြော ပင့်အားကြောင့်ပင်ဖြစ်သည်။

ကျောက်စည်ကြီးကို ထမ်းပြီး ရေမျက်နှာပြင်ပေါ် တက်လာခဲ့လေသည်။ မကြာမီ ရေမျက်နှာပြင်ထက်မှာ ဘ



နဲ့ပေါ်လာခဲ့လေသည်။ ကမ်းစပ်မှာ လူတစ်ယောက်ကရပ် နေသည်။ အခြားသူတော့မဟုတ်။ ဘ,ရာကျော် . . ။

"ဟင် . . . ဘ"

"လူလေးကို စိတ်မချလို့ ဘလိုက်လာခဲ့တာကွယ်၊ ပြီး တော့ ဒီကျောက်စည်ကြီးကို ပြန်ပြီးနေရာချထားဖို့အတွက် အ အညီလည်း လိုဦးမယ်မဟုတ်လား"

"ဖြစ်ရလေ . . ဘ,ရယ်၊ ဒီလောက်အဝေးကြီးကို လာ လား၊ ဘ,ပင်ပန်းမှာပေါ့"

"ဘ,မပင်ပန်းပါဘူးကွယ်၊ ရတနာသုံးပါးရဲ့ တန်ခိုး ကြောင့် ဘ,ဒီကိုမပင်ပန်းပဲနဲ့ ရောက်လာနိုင်ခဲ့တာပါ"

မောင်သီဟ၏ မျက်လုံးအစုံသည် တစ်နေရာဆီကို ရောက်သွားခဲ့သည်။ အံ့အားသင့်သွားမိသည်။ ခပ်လှမ်းလှမ်း တွင် ကျောက်တိုင်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ ကျောက် တိုင်၏ ထိပ်တစ်ခုစီတွင် လေးခွသဏ္ဍာန် ခွကြီးနှစ်ခုပါသည်။ ကျောက်တိုင်နှစ်ခုသည် ဟောင်းနွမ်းနေကြပြီဖြစ်သော်လည်း ခိုင်ခန့်သည်။

"ဒီကျောက်တိုင်နှစ်ခုကို အစက မတွေ့မိခဲ့ပါဘူး၊ အ ခု ဘယ်ကနေ ပေါ်လာခဲ့ရတာလဲ . . ဘ"

"အေး . . ဘလည်း ဒီမှာနေတာကြာပြီ၊ ဒီနေရာမှာ

ကျောက်တိုင်နှစ်ခုရှိနေတယ်ဆိုတာ မမြင်မိဘူး၊ သိလည်းမ ဘူး၊ အင်း. . ရှိနေတာကိုမသိပဲ အမှတ်တမဲ့များ ရှိနေခဲ့တာ လား၊ မှန်း. . ကျောက်စည်ကို ဒီမှာလာတင်ကြည့်စမ်းကွယ်"

မောင်သီဟက ပခုံးထက်မှာထမ်းထားသည့် ကျော စည်ကို ခွကြားနှစ်ခုထက်မှာ နေရာချထားကြည့်လိုက်သည်။

"အတော်ပဲကွယ့်၊ ဟိုဘက်ဒီဘက်မျှတယ်၊ ဒီနေ ဟာ မူလက ကျောက်စည်ကို တင်တဲ့နေရာပဲဖြစ်ရမယ်၊ ဟ ကျလိုက်လေကွယ်"

မောင်သီဟသည် စည်မျက်နှာပြင်နှစ်ဖက်ကို လ ဝါးနှစ်ဖက်ဖြင့် တီးကြည့်သည်။ တဖတ်ဖတ်နဲ့မြည်သံသာထွ ပေါ်လာခဲ့သည်။ ဘ,ရာကျော်က ရယ်လိုက်ပြီး. . .။

"စည်သဏ္ဍာန်လုပ်ထားတဲ့ ကျောက်စည်ကြီးပဲ၊ ဘ လိုလုပ်ပြီး အသံမြည်နိုင်မှာလဲကွယ့်"

"ဘပဲပြောခဲ့ဖူးတယ်လေ၊ ဟိုးရှေးရှေးတုန်းက သ ကျောက်စည်ကြီးဟာ အသံမြည်တယ်ဆို"

"ဒါကတော့ အတိတ်က အကြောင်းတွေပဲကွယ်၊ ကယ်မြည်မမြည်ဆိုတာ ဘလည်းဘယ်သိနိုင်ပါ့မလဲ"

အချိန်တော်လေးကြာခဲ့ပြီဖြစ်၍ နှစ်ဦးသားတောလ မှ ခပ်သုတ်သုတ်ပင် ပြန်ခဲ့ကြလေသည်။



## အခန်း – (၂၀)

မင်းထင်သည် မိကျောင်းအကိုက်ခံရ၍ ဘယ်လက် တစ်ဖက် ဆုံးရှုံးခဲ့ရသည်။ ဒဏ်ရာကို ပျောက်ကင်းစေရန် လ ၍ချီပြီး ကုသခဲ့ရသည်။ သမားတော်ကြီးဦးမိုးသည် မင်းထင် ဒဏ်ရာကိုသာ ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့သော် ည်း လက်တစ်ဖက်အတွက် အစားပြန်ပြီး မပေးနိုင်ခဲ့ချေ။

"တောက်! ဒီမိကျောင်းက ငါနဲ့ကျောက်ကြီးကိုသာ သေတိုက်ခိုက်ပြီး ရန်ရှာကြတာကွ၊ သီဟဆိုတဲ့ကောင်ကို ာ့ နည်းနည်းလေးမှ ရန်မမူခဲ့တာ အံ့အားသင့်စရာပဲ"

မကျေမနပ်ဖြစ်သော လေသံဖြင့် ပြောလိုက်သည်။ န်းရည်ကို သောက်နေရင်းက ဝါးဖန်ခွက်ကို ဆောင့်ချလိုက်

ရာ ထန်းရည်အချို့ ဖိတ်စင်သွားခဲ့လေသည်။

ထိုအခါ တက်ခါးက. . .။

"မိကျောင်းက နီးစပ်ရာလူကိုသာ လက်လှမ်းမီရာ
ရှာတော့မှာပေါ့ကွ၊ မင်းတို့က မိကျောင်းနဲ့ အနီးဆုံးဖြစ်နေ
လို့ ကံဆိုးသွားခဲ့တာဖြစ်မှာပေါ့"

"မဟုတ်သေးဘူးကွ၊ အဲဒီအချိန်မှာ မိကျောင်း
ကောင်စလုံးဟာ လူသုံးယောက်စလုံးကို ကောင်းကောင်း
တိုက်ခိုက်နိုင်တယ်၊ သီဟက ဘာဖြစ်လို့ လွတ်သွားခဲ့ရတာ

"သီဟက မိကျောင်းတွေနဲ့ သမီးယောက်ဖတော်
ဖြစ်မှာပေါ့ကွာ"

ခပ်ရွှဲ့ ရွှဲ့ ပြောလိုက်သူက မောင်ကံ။ မင်းထင်သ
ထန်းရည်ခွက်ကို ကောက်ယူကာ ပစ်ပေါက်ထည့်လိုက်
"တောက်! မင်းတို့ကွာ၊ ငါ့လက်တစ်ဖက်လုံး ဆုံး
ရတာတောင် နည်းနည်းလေးမှ စာနာစိတ်မရှိကြဘူး၊ ငါ
ကလည်း တစ်ယောက်မှ လိုက်မပြောကြဘူး၊ ငါတိုက်တဲ့
ရည်ကိုလည်း သောက်ကြသေးတယ်"

"ငါတို့က ဘယ်သူ့ဘက်မှ လိုက်ပြီးမပြောပါဘူး၊
ပြီးပြောစရာလည်း မလိုပါဘူးမင်းထင်၊ ဖြစ်နိုင်တာကိုတွေး
ပြောပြတာပါ၊ မင်းအကုသိုလ်ဝင်ပြီး ခုလိုလက်တစ်ဖက်ဆုံး





တော ငါတို့လည်း စိတ်မကောင်းပါဘူးကွာ"

တက်ခါးက လေပြေကလေးနဲ့ ပြောလိုက်၏။ မောင်
သည် တက်ခါးကို မျက်နှာရိပ်မျက်နှာကဲပြလိုက်သည်။ သူ
နှစ်ဦးစလုံးမှာ မေးချင်နေသည့် အကြောင်းအရာတစ်ခုရှိ
ကြသည်မဟုတ်ပါလား။

"မင်းကို မေးစရာတစ်ခုရှိတယ်. . မင်းထင်"

"မင်းက ငါ့ကို ဘာများမေးချင်လို့လဲ. . တက်ခါး"

"မင်းနှင့်အောက်ချင်းရွာသား လူမိုက်ကျောက်ကြီးက
ဖြစ်လို့ တတွဲတွဲဖြစ်နေရတာလဲ၊ ကျောက်ကြီးဟာ အဲဒီနေ့
ငါတို့ရွာကို ဘာလာလုပ်တာလဲ"

မင်းထင်သည် မျက်နှာကိုလွှဲလိုက်ပြီး. . .။

"ငါ့အကြောင်း ရှိလို့ပေါ့ကွာ၊ မင်းတို့က ဘာဖြစ်လို့
ျာက်မေးနေရတာလဲ"

"မဟုတ်ပါဘူးကွာ၊ မင်းတို့နှစ်ယောက်က သီဟနဲ့ဆုံ
ကြတာကိုက ထူးဆန်းနေသလားလို့ပါ"

"ဘာကိုထူးဆန်းတာလဲ၊ ကိုယ့်လမ်းကိုယ်သွားကြရင်း
တော်တဆ ဆုံသွားကြတာ ဆန်းသလားကွ"

"အေးလေ. . ဒါဆိုလည်းပြီးတာပဲ"

"နေစမ်းပါဦး၊ မင်းတို့က ငါ့ကို ဘာကိုအကြောင်းပြု

ပြီး သက်ာမကောင်းဖြစ်နေကြတာလဲ"

"မှင်းကလည်း မလုံမလဲဖြစ်နေပြန်ပြီ၊ ဘာကိုမှ
ကြောင်းမပြုဘူး၊ ခေါင်းထဲမှာပေါ်လာလို့မေးတာ"

"တော်ကွာ. . မင်းတို့ အခြားအကြောင်းတွေပြော
ရင်ကောင်းမယ်"

"မင်းကသာ ဒီအကြောင်းကို စပြီးပြောတာပါ မင်း
ထင်ရာ"

မင်းထင်မှာ မလုံမလဲ ဖြစ်နေသည်။ ထိုစဉ် လူ
တစ်ယောက်သည် အဖော်တစ်ဦးနှင့်အတူ သူတို့အနား
ရောက်လာခဲ့သည်။ မျက်နှာလေးထောင့်စပ်စပ်ဖြစ်ပြီး အသ
က ငါးဆယ်ခန့်။ သျှောင်တစောင်း ထုံးထားသည်။ ဖော်
သော မျက်နှာထားရှိသူ။

သူနှင့်အတူ ပါလာသူကတော့ မျက်နှာမှာ ကျော
ပေါက်မာသက်သက်နဲ့ အေးစက်စက် အမူအရာပိုင်ရှင်၊
သက်သုံးဆယ်ခန့်ရှိလိမ့်မည်။

မင်းထင်တို့သုံးယောက်သည် ထိုလူကြီးကို ထိုင်နေ
မှ မော့ပြီးကြည့်လိုက်ကြသည်။ လူစိမ်းများဖြစ်ကြောင်း
လိုက်ကြသည်။

"ဩော်. . ဦးရီးတို့က ရပ်ဝေးကလာတဲ့ ဧည့်သည်





ကွယ်၊ နယ်တကာ၊ မြို့တကာလှည့်ပြီး တန်ခိုးကြီးဘုရားတွေ
ကို လိုက်ပြီးဖူးနေတဲ့သူ၊ အဓိဋ္ဌာန်ဝင်နေတဲ့သူဆိုပါတော့"

လူကြီးက သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်ပါသည်။
သည်ပင်းမှာ စိပ်ပုတီးကြီးတစ်ကုံးကို ဆွဲထားသည်။ ယောဂီ
ရောင်ရှပ်အကျီနှင့်လုံချည်ကို ဝတ်ဆင်ထားသည်။ စကားကို
အေးဆေးစွာ တစ်လုံးချင်းပြောသည်။ တရားသမားမှန်း သိ
သာသည်။

"ဩော်. . ဟုတ်ကဲ့၊ ထိုင်ကြပါဦးခင်ဗျာ၊ ဒါပေမယ့်
နေရာက ထန်းတဲဖြစ်နေတဲ့အတွက် အားနာလှပါတယ်"

မင်းထင်ကပြောလိုက်သည်။ တက်ခါးနှင့်မောင်ကံတို့
က ထိုလူကြီးကို ကြောင်အမ်းအမ်းနဲ့ ကြည့်နေကြစဉ်မှာပင်။

"ကိစ္စမရှိပါဘူးကွယ်၊ ဦးရီးက ဘယ်လိုနေရာမျိုးမဆို
ပါတယ်၊ နေရာမရွေးပါဘူး"

ထိုလူကြီးကို သူတို့သုံးယောက်က နေရာပေးလိုက်ကြ
သည်။ ထန်းရည်အိုးများနဲ့ ခွက်များကိုလည်း ဖယ်ရှားပစ်လိုက်
ကြသည်။

"ဦးရီးရဲ့ နာမည်က ဦးသီလတဲ့၊ အထက်မြန်မာပြည်
မှာနေစပြီး ဂန္ဓာရီခရီးလှည့်လည်လာခဲ့တာ၊ ခု. . ဒီဘက်ကို
ရောက်လာခဲ့တာပဲကွယ့်"

ဦးသီလသည် စင်ကြယ်သော မျက်နှာထားပိုင်ရှင်ဖြ
၍ လူသူတော်ကြီးတစ်ဦးဆိုသည်ကို သိသွားခဲ့ကြသည်။ ပို
တော့လည်း လေးစားကြည်ညိုသွားခဲ့ကြသည်။

"ဒါကျောက်စည်ရွာမဟုတ်လား. . လူလေး"

"ဟုတ်ပါတယ်၊ ကျောက်စည်ရွာပါခင်ဗျာ"

ဦးသီလသည် ရုတ်တရက် မျက်လုံးအစုံကို မှိတ်ထား
လိုက်ကာ အာရုံခံလိုက်ပြီး အတန်ကြာမှ မျက်ခွံတွေကို ဖွ
လိုက်ကာ. . .။

"ကျောက်စည်ရွာမှာ တန်ခိုးကြီးဘုရားတစ်ဆူရှိတယ်
အထက်ပုဂ္ဂိုလ်တွေက ဒီဘုရားမှာ အမိဋ္ဌာန်ဝင်ဖို့ မာတ်ကျ
တယ်၊ အဲဒီအတွက် ဦးရိုးရောက်လာခဲ့တာပဲ"

"ဩော်. . ဦးရိုးက ဂန္ဓာရီခရီး လှည့်လည်နေတဲ့ 
တော်စင်ကြီးတစ်ဦးကိုး၊ ဒီကျောက်စည်ရွာမှာ ရွှေစာရံစေ
တော်ကြီးရှိပါတယ်ခင်ဗျာ၊ တန်ခိုးကြီးတယ်လို့တော့ ပြော
တယ်၊ စေတီတော်ရဲ့ သမိုင်းကြောင်းကိုတော့ မသိပါဘူး"

"ဩော်. . ဩော်. . ဟုတ်လား၊ ဒီအတိုင်းဆိုရင် ဦ
ရိုးရဲ့ အိပ်မက်က မှန်နေပြီပေါ့၊ ဒါဆို အထက်ပုဂ္ဂိုလ်တွေ
ဦးရိုးကို အမိဋ္ဌာန်ဝင်ခိုင်းခဲ့တာ ဒီကျောက်စည်ရွာက ရွှေစာ
ဘုရားကြီးပဲပေါ့၊ အခုန့်သင့်လိုက်တာကွယ် ကဲ. . ပေသီး





တစ်ခါလည်း ငါ့ရဲ့ အမိဋ္ဌာန်အောင်မြင်ပြီကွယ့်"

လက်သီးဆုပ်ပြီး ညာလက်ကို ဆန့်တန်းကာ ဝမ်းသာ
အားရ ပြောလိုက်လေသည်။ မင်းထင်သည် ဦးသီလကို အ
တော်ပင် လေးစားကြည်ညိုသွားခဲ့ပြီး. . .။

"ခု. . ဦးရိုးတို့ ဘယ်မှာတည်းခိုကြသလဲ၊ ကျွန်တော်
ညီပါရစေခင်ဗျာ"

"ဒုက္ခမရှာပါနဲ့ကွယ်၊ ဦးရိုးရဲ့ ဂန္ဓာရီခရီးမှာ အနေအ
ကို ဂရုမစိုက်ရပါဘူး၊ ဖြစ်သလိုနေ ကြုံသလိုစားရပါတယ်၊
ညီမယ်ဆိုတာကတော့ အင်း. . ဝမ်းသာစရာပေါ့လေ၊ ဒါ
မယ့် အထက်ပုဂ္ဂိုလ်တွေက လက်ခံမှာမဟုတ်လို့ လက်မခံ
ရစေနဲ့"

မင်းထင်နှင့်ဦးသီလတို့နှစ်ဦးသား စကားကို အပြန်
လှန် ပြောနေကြသည်။

မောင်ကံနှင့်တက်ခါးတို့ကတော့ တစ်ခွန်းမှ ဝင်ပြီးမ
ပြောကြပေ။ ထိုလူကြီးနှင့်သူ့တပည့်ပေသီးကိုသာ အကဲခတ်
ကြည့်နေကြသည်။ ဦးသီလ၏ မျက်လုံးအစုံသည် မင်းထင်
ဘယ်လက်မောင်းဆီကိုရောက်သွားသည်။ တံတောင်ဆစ်
အောက်မှစပြီး ပြုတ်ထွက်နေသည်။

"ဒါနဲ့ ငါ့တူရဲ့ ဟောဒီလက်က မွေးရာပါလား"

ဦးသီလက စပ်စုလိုက်သည်။ လူစိမ်းတစ်ယောက်
စပ်စုသည်ကို သဘောမျက်သလို စိတ်ထဲမှာ တစ်မျိုးတစ်
ဖြစ်သွားခဲ့ရသည်။ သို့သော် အနာပေါ် တုတ်ကျခံလိုက်ရသ
မကျေနပ်ချက်နဲ့ ပြောမိလိုက်သည်က. . .။

"မွေးရာပါမဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ကို မိကျော
ကိုက်လိုက်တာပါ"

ဦးသီလ မျက်မှောင်ကျုံ့သွားပြီး. . .။

"မိကျောင်းဟုတ်လား၊ ကျောက်စည်ရွာမှာ မိကျော
ရှိတတ်လို့လား"

"ကျွန်တော်တို့နေရာက မိကျောင်းကျက်စားတဲ့
ရာမျိုးမှမဟုတ်တာ၊ အဲဒီနေ့က မိကျောင်းက ဘယ်လိုရော
လာလဲမသိပါဘူး၊ နှစ်ကောင်တောင်မှ တစ်ကောင်က အ
ရောင်၊ ကျွန်တော့်ကိုတော့ မိကျောင်းဖြူကြီးက ကိုက်လို
တာဗျ"

"မိကျောင်းဖြူ. . ဟုတ်လား၊ တော်တော်ဆန်းတာ

"ပင်လယ်ထဲက ရေကြောင်းမှားပြီး ပါလာခဲ့တာ
ပြောကြတာပဲ၊ ကျွန်တော့်အဖေက ဒီရွာမှာ သူကြီးဦးကျော
လုံးတဲ့၊ သူကိုယ်တိုင် ဦးစီးပြီး လိုက်ရှာတာတောင် ဒီမိကျော
နှစ်ကောင်ကို မတွေ့ကြရတော့ဘူး၊ ဒီရေအကျမှာ ပင်လ





ဲကို ပြန်ပြီးဆင်းသွားကြတယ်လို့ ပြောကြတာပဲ"

"ဪ. . ဒီမိကျောင်းနှစ်ကောင်က တခြားဘယ်သူ့
ကိုမှ ဒုက္ခမပေးခဲ့ဘူးဆိုပါတော့"

"ဟုတ်ကဲ့၊ ဘယ်သူ့ကိုမှ အနှောင့်အယှက်မပေးခဲ့ပါ
ဘူး၊ ကျွန်တော်တစ်ခု မသင်္ကာတာရှိခဲ့တယ်"

"ဘာကို မသင်္ကာတာလဲကွယ့်"

"ဒီရွာမှာ ရေငုပ်အင်မတန်တော်တဲ့ သီဟဆိုတဲ့ လူ
ယ်တစ်ယောက်ရှိတယ်၊ ကျွန်တော်. . သူနဲ့ရေငုပ်ပြိုင်ခဲ့ဖူး
တယ်"

မောင်ကံက တက်ခါးကို မျက်လုံးစွေပြီး ကြည့်လိုက်
သည်။ တက်ခါးက မင်းထင်၏ တင်ပါးကို မသိမသာကုပ်လိုက်
သည်။ ထန်းရည်အရှိန်တက်နေသော မင်းထင်သည်မရတော့။
ပြောချင်သည်ကိုသာ ဆက်ပြီးပြောနေသည်။

"ဘယ်နေရာမှာ ရေငုပ်ပြိုင်ခဲ့ကာလဲ"

"ကျောက်သုံးဆင့်ဘက်မှာပဲ၊ အတူတူ ပြိုင်ပြီးတော့
ကြတာ၊ ကျွန်တော်က ရေအောက်မှာ မိကျောင်းနဲ့တွေ့လို့
ပေါ်ကို ပြေးတက်ခဲ့ရတယ်၊ ကျွန်တော်ပြန်ပြောပြတော့
ယ်သူမှ မယုံကြဘူး၊ သီဟကတော့ ရေထဲမှာ အကြာကြီး
နိုင်ခဲ့တယ်"

ဦးသီလသည် စဉ်းစားနေသလို ခေါင်းတညိတ်ည… ဖြင့် ရှိနေခဲ့သည်။

“မင်းတွေ့ခဲ့တာ မိကျောင်းတစ်ကောင်ဆိုတာ အ… ပဲလားကွယ့်”

“ကျွန်တော်မျက်စိမမှားနိုင်ပါဘူးခင်ဗျာ၊ မိကျော… တကယ့် မိကျောင်းအစစ်ပါ”

“ဟို. . ရေအကြာကြီးငုပ်နိုင်တဲ့သူ ဘယ်သူ. . .”

“သီဟပါခင်ဗျာ”

“အဲ. . သူကတော့ ရေထဲမှာ ဒီလောက်အကြာ… ငုပ်ခဲ့တာ မင်းတွေ့ခဲ့တဲ့ မိကျောင်းကို သူကတော့ မတွေ့ခဲ့… လားကွယ့်”

“ဒီကောင်လေး တွေ့ခဲ့ဟန်မတူပါဘူး၊ သူက ရေ… အကြာကြီးငုပ်နိုင်ခဲ့တာ၊ ဘာညာတွေ့ခဲ့တယ်ကိုလည်း မ… ပါဘူး”

“အင်းပေါ့လေ၊ တစ်နေရာမှာ တစ်ခုခုတော့ လွဲ… နေတာဖြစ်ချင်ဖြစ်မှာပေါ့၊ ကဲ. . ဦးရီးတို့ သွားလိုက်ဦး… ကွယ်”

ဦးသီလတို့ ဆရာတပည့်နှစ်ဦးသည် သူတို့ကို … ဆက်ပြီး ထွက်သွားခဲ့ကြသည်။





“ဟော့ကောင်. . မင်းထင်၊ မင်းက ခုမှရောက်လာတဲ့ ဒီလူစိမ်းကို ငါတို့ရွာနဲ့ပတ်သက်ပြီး ဘာတွေလျှောက်ပြောနေတာလဲကွ”

“ငါက သူမေးတာကိုဖြေတာပဲ၊ ဘာတွေများ လွန်လွန်ကျူးကျူး ပြောလိုက်မိလို့လဲ. . မောင်ကံ”

“ငါတို့ရွာဟာ အတိတ်သမိုင်းကြောင်းရှိခဲ့တယ်ကွ၊ ရွှေစာရံဘုရားကြီးရယ်၊ ကျောက်သုံးဆင့်နေရာရယ်၊ ပြီးတော့ ဟောဒီ ကျောက်စည်ရွာကြီးရယ်၊ တကယ့်ကို အဓိကနေရာတွေပဲ၊ ဘယ်ကရောက်လာမှန်းမသိတဲ့ လူစိမ်းတစ်ယောက်ကို သူမေးတိုင်း လျှောက်မဖြေသင့်ဘူး. . မင်းထင်၊ ငါတို့တစ်ရွာလုံး ဘေးသင့်ကုန်ကြလိမ့်မယ်”

“ဟုတ်တယ်၊ မောင်ကံပြောတာမှန်တယ်၊ ငါတို့ရွာအကြောင်းကို ဘယ်သူ့ကိုမှ မပြောသင့်ဘူး၊ မင်းဒီလိုပြောလိုက်တာကို လူကြီးတွေကလည်း ကြိုက်မှာမဟုတ်ဘူး”

တက်ခါးကပြောလိုက်၍ မင်းထင်တွေဝေသွားခဲ့၏။

“အေးကွ၊ မင်းတို့သတိပေးမှပဲ ငါပြန်ပြီးတော့ စဉ်းစားမိတယ်၊ ကျောက်စည်ရွာနဲ့ပတ်သက်ပြီး အပြင်လူဘယ်သူ့ကိုမှ မပြောကြရဘူးဆိုတာ စည်းကမ်းချက်ထုတ်ထားတာကြာပြီပဲ၊ ဒါပေမယ့် ငါ့စကားတွေ လွန်မသွားသေးပါဘူးနော်”

"မင်းက ရေငုပ်လို့ကြံခဲ့တဲ့ အဖြစ်အပျက်ကိုသာ ပြောပြခဲ့တာပါ၊ ကျောက်စည်ရွာနဲ့ ပတ်သက်ခဲ့တဲ့ ရာဇဝင်မခင်းသေးပါဘူး"

မင်းထင်အသက်ရှူချောင်သွားခဲ့လေသည်။



## အခန်း–(၂၅)

အချိန်က ညနေစောင်းကာလ ဖြစ်သည်။ ကုန်းမြင့်ပေါ်ရှိ ရွှေစာရံစေတီတော်ရှေ့မှာ ပိတ်ဖြူစင်ကြယ်ဝတ်ထားသည့် လူသူတော်ကြီးတစ်ဦးက တည်ငြိမ်စွာဖြင့် ပုတီးစိပ်နေလျက်ရှိသည်။

သီဟသည် ရင်ပြင်တစ်နေရာမှနေ၍ ထိုလူကြီးကို ငေးခဲတ်ကြည့်နေသည်။

"အင်း. . ရွာပြင်က ဇရပ်ပျက်ကြီးပေါ်မှာ တွေ့တွေ့နေရတယ်ဆိုတဲ့ လူကြီးဟာ သူပဲဖြစ်ရမယ်၊ ဘယ်ကရောက်လာခဲ့ပါလိမ့်"

"ဝေနေယျသတ္တဝါအားလုံး ကြားကြားသမျှ အမျှ. .

အမျှ . . အမျှ . . ယူတော်မူကြပါကုန်သော်"

ပုတီးစိပ်အပြီးတွင် အမျှဝေလိုက်သည့်အသံကို ကြ
လိုက်ရလေသည်။ ထိုလူကြီးကား အခြားသူမဟုတ်။ ဦးသီ
ဖြစ်လေသည်။

ဦးသီလသည် နေရာမှအေးဆေးစွာဖြင့် ထလိုက်
စေတီတော်ကို တစ်ပတ်ပတ်ကာ လှေ့လာလျက်ရှိသည်၊ ဘ
ကြောင့်ရယ်မသိ။ မောင်သီဟသည် ဦးသီလကို မြင်လိုက်
သည့် တခဏ၌ အလိုမကျသလို ဖြစ်သွားခဲ့ရသည်။

ဘာကြောင့်ရယ်မသိ။ စေတီတော်ကြီးအတွက် ဦး
စိတ်က အလိုလိုဝင်လာခဲ့လေသည်။ ထိုစဉ် ပေသီးသည် 
နေရာမှထွက်လာပြီး ဦးသီလဆီကိုရောက်လာကာ စကား
တိုးပြောလိုက်သည်။

ဦးသီလသည် ခေါင်းတညိတ်ညိတ်နဲ့ ရှိနေကာ မော
သီလဆီကို မသိမသာစောင်းပြီး ကြည့်လိုက်သည်။ ထိုနော
စောင်းတန်းအတိုင်း အောက်ကိုအေးဆေးစွာဖြင့် ဆင်းသွ
ခဲ့လေသည်။

"ဟိုလူက သူ့တပည့်ဆိုတာပဲဖြစ်ရမယ်၊ ငါ့အကဲခတ်
ပြီး ကြည့်နေတာကို မြင်သွားတယ်နဲ့တူတယ်၊ ငါမြင်တာ
ဖြစ်လဲ၊ ဘာကြောင့် ဟိုလူကြီးကို တိုးတိုးတိတ်တိတ်ပြော





ရတာလဲ၊ ငါ့အကြောင်းပြောနေတာကော ဟုတ်ရဲ့လား၊ တ
ခြားအကြောင်းများဖြစ်နေမလား"

မောင်သီဟသည် စောင်းတန်းထိပ်မှရပ်ကာ ထိုလူ
ကြီးနှင့်ပေသီးတို့ ဆင်းသွားခဲ့ကြသည်ကို စောင့်ကြည့်နေမိခဲ့
သည်။

ထိုစဉ် ထူးခြားသော အနံ့အသက်တစ်ခုကြောင့် အ
နောက်ကို လှည့်ကြည့်လိုက်ရာ ကိုကြာနဲ့လူတစ်ယောက်ကို
စေတီတော်အနားမှာ တွေ့လိုက်ရသည်။ ကိုကြာသည် မည်
သည့်အချိန်ကတည်းက ဘုရားပေါ်ကို ရောက်နေမှန်းမသိခဲ့။
နှစ်ဦးစလုံး မောင်သီဟကို ရပ်ပြီးကြည့်နေကြသည်။

မောင်သီဟသည် ကိုကြာဆီကို သွက်လက်သောခြေ
လှမ်းများဖြင့် လျှောက်သွားသည်။

"ကိုကြာပါလား၊ စောစောက မတွေ့မိပါဘူး"

ကိုကြာက ပြုံးပြီး . . ။

"ရှိပါတယ်၊ ငါ့ညီကိုလည်း စောစောကတည်းကတွေ့
ခဲ့တယ်၊ အကြောင်းတစ်ခုရှိနေလို့မခေါ်တာ"

"အေးဗျာ၊ ကိုကြာတို့ ဒီမှာရှိနေကြတယ်ဆိုတာ လုံး
လုံးကို သတိမထားမိဘူး၊ ကျွန်တော့်မျက်စိကလည်း မှောက်
ပါ့ဗျာ"

ကိုကြာ့ဘေးမှ သျှောင်တစောင်းထုံးထားသောလူ
သီဟကို ဖော်ရွေသောအပြုံးဖြင့် ကြည့်နေလေရာ ထိုသူ
အလိုလိုပင် ခင်မင်ရင်းနှီးလိုစိတ်များက ဖြစ်ပေါ်သွားခဲ့ရ
သည်။

"ဩော်. . ညီလေး၊ သူက သောကြာသားလေ၊ ကို
သောက်လို့ပဲခေါ်ပေါ့"

"ဩော်. . ကိုကြာက ဒီက. . အဲ. . ကိုသောက်ရဲ့ အ
ကြောင်းကို ပြောပြထားဖူးလို့ ရင်းနှီးနေပါတယ်"

"ကဲ. . သောကြာသားရေ ငါပြောပြောနေတဲ့ မော
သီဟဆိုတာ သူပဲကွယ့်"

"အေးကွာ၊ ငါ့ညီနဲ့ ခုလိုအသိအကျွမ်းဖြစ်ရတာ ဝမ်း
သာတယ်ကွာ၊ ဘဝရေစက် ရှိဖူးခဲ့သလိုပဲ ခံစားရတယ်၊ ငါ့
ကို မြင်လိုက်ရတော့ ဗုဒ္ဓဟူးသားကိုဟူးကို သတိရတယ်ကွာ
ရုပ်ရည်ကလည်း အတော်လေးကို ဆင်သဟေ့၊ သူ. . ငါ
ဆီက ထွက်သွားတာတော့ ကြာပြီပေါ့လေ"

"ဟုတ်လား၊ ကျွန်တော်က ဗုဒ္ဓဟူးသား ကိုဟူးနဲ့
နေသလား၊ ကိုကြာကလည်း ကျွန်တော့်ကို ကိုဟူးနဲ့တူတ
လို့ မပြောခဲ့ပါလား"

"ဩော်. . မပြောဆို ကိုသောက်ကိုလည်း ပြချင်သေ





လို့ပါကွာ၊ သူက ငါ့ညီကို ဗုဒ္ဓဟူးသားကိုဟူးနဲ့တူတယ်လို့ မှတ်
ချက်ချမှ ငါ့ညီက ယုံနိုင်မှာမဟုတ်လား"

"ကိုကြာပြောလည်း ယုံပါတယ်ဗျာ"

"ကဲ. . ဒါတွေထားတော့ စောစောက ဘုရားပေါ်က
ဆင်းသွားတဲ့ လူနှစ်ယောက်ကို ငါ့ညီသိလား"

"ဟင့်အင်း. . မသိပါဘူး၊ သူတို့က လူစိမ်းတွေပါ၊ ကျွန်
တော်လည်း အကဲခတ်နေတာ၊ ရွာထဲမှာလည်း မတွေ့ရဘူး၊
ပေမယ့် ရွာသားတွေ ပြောနေကြတာတော့ ဂန္ဓာရီလှည့်နေ
တဲ့ သူတော်စင်ကြီးတဲ့၊ အထက်က အမိန့်အရ ဓာတ်ကျပြီး
ရွာက ဘုရားမှာ အဓိဋ္ဌာန်လာဝင်နေတယ်လို့ ကြားရတယ်၊
လူကြီးပဲဖြစ်မှာပဲ"

"ငါ့ညီကကော ယုံသလား"

"အမှန်အတိုင်းပြောရရင် ကျွန်တော့်စိတ်ထဲမှာ တစ်
နဲ့ပဲ၊ မယုံချင်ဘူး"

ကိုကြာက စဉ်းစားချင့်ချိန်ဟန်ဖြင့် ခေါင်းတညိတ်
ညိတ်ရှိနေသည်။

"မယုံတာကောင်းတယ်၊ အယုံလွယ်တာမကောင်းဘူး၊
လူကြီးဟာ ငါ့ညီတို့ရဲ့ ကျောက်စည်ရွာကြီးကိုပါ ဒုက္ခပေးမ
လို့လာခဲ့တာ၊ ဘုရားကြီးကိုဂရုစိုက်ပါ၊ ပြီးတော့ ကျောက်သုံး

ဆင့်ကို ဂရုစိုက်ပါ၊ ငါ့ညီမှာ တာဝန်ရှိတယ်"

"ခင်ဗျာ"

မောင်သီဟပိုပြီး အံ့အားသင့်သွားခဲ့သည်။ ဘုရားကြီးကို ဂရုစိုက်ပါဆိုတာထက် ကျောက်သုံးဆင့်ကို ဂရုစိုက်ပါဆိုတာကို ပိုပြီးစိတ်ဝင်စားသွားသည်။ ကျောက်သုံးဆင့်အကြောင်းကို သူတို့က ဘာများသိထားလို့လဲ။

"ငါ့ညီ. . အစ်ကိုပြောတာကို တစ်မျိုးထင်သွားတယ် မှတ်တယ်၊ ဒီလိုပါ အစ်ကိုတို့က နိဗ္ဗာန်ကုန်ကူးနေကြတဲ့သူ တွေဆိုတော့ သာသနိကအဆောက်အဦးတွေ၊ ဘုရားစေတီ တွေ၊ အထူးသဖြင့် ရှေးဟောင်းအတိတ်က အစဉ်အလာရှိခဲ့ ကြတဲ့ သာသနိက အဆောက်အဦးတွေကို ပိုပြီးစိတ်ဝင်စား တယ်၊ မပျက်မစီးရှိစေချင်တယ်၊ စိတ်လည်းဝင်စားတယ်၊ ဘ ချို့ ကိုယ်ကျိုးအတွက် အမြတ်ထုတ်ကြတဲ့ သူတွေလည်းရှိ တယ်၊ အဲသလိုဖြစ်ရင် လူတွေရော၊ ရပ်ရွာပါ ထိခိုက်နိုင်တယ် သေကြေပျက်စီးနိုင်တယ်"

"သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက မကောင်း တဲ့သူတွေကို ဒဏ်ခတ်တဲ့အခါမှာ လူကောင်းတွေလည်း ဘ ကြမ္မာဝန်ဘေးကြောင့် ရောပြီးပါသွားနိုင်တယ်"

ကိုကြာ၏စကားကြောင့် မောင်သီဟအံ့သြတုန်လှု





ားခဲ့ရသည်။ ဘ,ရာကျော်ပြောပြခဲ့ဖူးသည့် အဖြစ်အပျက် ကို ပြန်ပြီးသတိရလာခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်းရာ ၌ ကြာခဲ့သောကာလက ဤနေရာတဝိုက်တွင် ရေလွှမ်းမိုး သေကြေပျက်စီးခဲ့သည်များ။

"အစ်ကိုတို့က ဒီလိုထူးခြားမှုရှိတဲ့ နေရာမျိုးတွေကို ာ်ပြီးလေ့လာနေကြတဲ့သူတွေပါ၊ ဒီကျောက်စည်ရွာရဲ့ အ ာ်သမိုင်းကိုလည်းသိတယ်၊ တခြားအကြောင်းတွေကိုတော့ ပြာတော့ပါဘူး၊ ကျောက်စည်ကြီးနဲ့ ပတ်သက်တဲ့အကြောင်း ကိုပဲပြောချင်တယ်"

"ကျောက်စည်ကြီး. . ဟုတ်လား၊ ကျောက်စည်ကြီး အကြောင်းကို ကိုကြာသိနေတယ်"

"ဒီနေရာက ကိုယ်အမြဲတမ်းသွားလာနေတဲ့ နေရာပဲ ၊ ကိုယ်ရောက်ခဲ့တဲ့ အရပ်ဒေသရဲ့ အတိတ်သမိုင်း၊ လက် ခြေအနေ၊ အဖြစ်အပျက်တွေကို လေ့လာထားရတာပေါ့ ပါကွာ. . တစ်နေရာမှာသွားထိုင်ပြီး အေးအေးဆေးဆေး ကြရအောင်"

သူတို့သုံးယောက်သည် စေတီ၏ အရှေ့ဘက်ဗောဓိ ာင်ပင်ရှိသော နေရာကို လျှောက်သွားခဲ့ကြသည်။

❂ ❂ ❂

ထိုနေရာသည် ဗောဓိညောင်ပင်ကြီး၏ အရိပ်အော
မှာဖြစ်၍ ပိုပြီးတော့ အေးဆေးသည်။ ထို့အပြင် ပိုပြီး
လည်း အလင်းရောင်နည်းနေလေသည်။

ကိုကြာနှင့်ကိုသောက်တို့သည် ကုန်းမြင့်အစပ်နှ
တိုင်းကို ကျော်လွန်ကာ အဝေးကို လှမ်းပြီးကြည့်လိုက်ကြ
ချောင်းရေပြင်သည် တဖြည်းဖြည်း ညှိမှိုင်းလျက်ရှိလာလေ
ကိုကြာက မောင်သီဟ၏မျက်နှာကို အကဲခတ်သောအနေ
တစ်ချက်ကြည့်လိုက်ပြီးမှ. . .။

“ဒီလို. . ငါ့ညီ၊ ဟိုးအရင်ကာလ နှစ်ပေါင်းများစွာ
ဟောဒီနေရာတဝိုက်ဟာ ဗုဒ္ဓသာသနာ မထွန်းကားခဲ့သေး
လူတွေဟာ မိစ္ဆာအယူတွေကို ကိုးကွယ်ခဲ့ကြတယ်၊ နောင်
လကျမှ သထုံပြည်ကို ရှင်အရဟံမထေရ်မြတ်က ကြွ
တော်မူလာပြီး ဗုဒ္ဓသာသနာ ပျံ့ပွားအောင် ဆောင်ရွက်
မူခဲ့တာပဲမဟုတ်လား”

“ဟုတ်ကဲ့. . ဒါတွေကို လူကြီးသူမတွေ ပြောပြ
ဖူးလို့ ကျွန်တော်သိထားပါတယ်”


“အေး. . ဒါဆို ငါ့ညီမဆိုးပါဘူး၊ ဆက်ပြောရဦးမ
မိစ္ဆာအယူတွေကို ကိုးကွယ်ကြတဲ့သူတွေဟာ ငါးပါးသီ
ကာတွေလည်း နားမလည်ကြဘူး၊ သူတစ်ပါးရဲ့ အသက်





သည်း သတ်ဖြတ်ကြတယ်၊ သူတစ်ပါးရဲ့ သစ္စာကိုလည်း ခိုးယူ
ကြတယ်၊ မုသားစကား ပြောကြတယ်၊ သူတစ်ပါးသားမယား
ကိုလည်း ပြစ်မှားကြတယ်၊ အရက်သေစာကိုလည်း မဆင်မ
ခြင်သောက်စားပြီး ရမ်းကားကြတယ်၊ သူတို့မှာ တရားဆိုတာ
မရှိကြဘူး”

ကိုကြာသည် စကားပြောနေရင်းမှ ချောင်းတစ်ချက်
ဟန့်လိုက်လေသည်။





## အခန်း-(၂၂)

"လူတွေဟာ တရားမရှိ ဆင်ချင်တုံတရား လက်ကိုင်သားပဲ နေခဲ့ကြလို့၊ ကိုးကွယ်မှုမှားခဲ့ကြလို့၊ ရာသီဥတုတွေ ဖောက်ပြန်။ မဟာပထဝီမြေကြောပြောင်းလဲပြီး ငလျင်ကြီးတွေလုပ်။ မိုးကြီးလေကြီးကျ။ ဟောဒီနေရာက ကျွန်းကြီးတစ်သုံး ရေအောက်ကို ရောက်သွားခဲ့ရတာပေါ့"

မောင်သီဟသည် သူရေအောက်မှာ တွေ့ခဲ့သည့် အဆောက်အဦးပျက်များကို ပြန်ပြီးတော့ မြင်ယောင်လာခဲ့လေသည်။ နံရံမှ မိစ္ဆာရုပ်ပုံများကို ပြန်ပြီးတော့ မြင်ယောင်လာခဲ့လေသည်။ သို့သော် သူရေအောက်မှာ မြင်ခဲ့သည့်အကြောင်း မည်သူ့ကိုမှ မပြောပဲ လျှို့ဝှက်ထားသည်။ •

"ကဲ. . ကဲ. . ငါ့ညီစိတ်ဝင်စားတယ် ဆိုရင်တော့ ...
ကားကို တိုတိုပဲပြောပါတော့မယ်၊ အချိန်လည်း သိပ်မစော...
လေ"

"ဟုတ်ကဲ့၊ ကိုကြာတို့ရဲ့ဗဟုသုတကို အံ့အားသင့်...
ပါတယ်၊ စိတ်လည်းဝင်စားပါတယ်၊ ဆက်ပြောပါဦးကိုကြာ"

စကားနည်းသော ကိုသောက်သည် မောင်သီဟ...
မျက်နှာကို ခင်မင်ရင်းနှီးစွာဖြင့် မကြာခဏကြည့်လျက်ရှိသည်...
က ထူးခြားလှသည်။ ကိုကြာက သူ၏စကားကိုဆက်သည်...

"ဒီတောင်ကုန်းကြီးဟာ အစက ဒီအတိုင်းပဲ၊ ဘာ...
မရှိဘူးငါ့ညီရဲ့၊ အဲ. . ဘာသာအယူဝါဒမရှိတဲ့ အိမ်ရှေ့စံမင်း...
ညီမင်းသားတစ်ပါးဟာ ဘယ်လိုမှ ကုလို့မပျောက်ကင်း...
ခေါင်းကိုက်ဝေဒနာ စွဲကပ်ခဲ့တယ်၊ သမားတော်တွေနဲ့ ကု...
ပေမယ့်လည်း အချည်းနှီးပဲလေ၊ တစ်ညမှာ သူ့ကိုရသေ့ကြီး...
တစ်ဦးက အိပ်မက်ပေးတယ်၊ ရသေ့ကြီးဟာ တောင်ကုန်း...
မြင့်ပေါ်မှာရပ်နေတယ်"

"ဒီတောင်ကုန်းပေါ်မှာ ကိုးတောင်ပြည့်စေတီတင်...
ကိုတည်၊ ဗုဒ္ဓသာသနာကို ချီးမြှင့်ထောက်ပံ့ပြီး ယုံကြည်...
ကိုးကွယ်ခဲ့ရင် အသင်မင်းသားရဲ့ခေါင်းကိုက်ဝေဒနာပျော...
ကင်းသွားလိမ့်မယ်တဲ့"





မင်းသားဟာ မှူးမတ်၊ မင်းချင်းတွေကို အရပ်ရှစ်မျက်
...ာစေလွှတ်ပြီး တောင်ကုန်းကို ရှာခိုင်းလိုက်တာ ဟောသည်
...တောင်ကုန်းကို တွေ့ကြတာပေါ့၊ မင်းသားရဲ့ အိပ်မက်ထဲက
...တောင်ကုန်းနဲ့ တစ်ထေရာတည်းပဲ တူသတဲ့"

"မင်းသားလည်း တတ်သိနားလည်တဲ့သူတွေနဲ့ တိုင်
...င်ပြီး တောင်ကုန်းထက်မှာ ဘုရားတည်တယ်၊ ရွှေစာရံစေ
...တီတော်ရယ်လို့ အမည်ပေးလိုက်ကြသတဲ့၊ နှစ်ပေါင်းများစွာ
...ကြာတဲ့အခါမှာ စေတီတော်ကို မိုးကြိုးခပြီး ပျောက်ကွယ်ခဲ့ရ
...တယ်၊ ဘုရားငုတ်တိုအဖြစ်နဲ့သာ ကျန်ရစ်ခဲ့တယ်လေ"

"ဩော်"

မောင်သီဟသည် ဤငုတ်တိုကို တစ်ဖန် ရသေ့ကြီး
...းတိက္ခနှင့်မောင်ဖြူ၊ မောင်လူနှင့်မောင်သူတို့ကို စေတီပြန်
...တည်ခဲ့ကြသည့်အကြောင်းကို ဘ,ရာကျော်ပြောပြ၍ သိခဲ့ပြီး
...ဖြစ်သည်။ ယခု ကိုကြာပြောသော အဖြစ်အပျက်များသည်
...ဘ,ရာကျော်ပြောပြခဲ့သည့် အဖြစ်အပျက်များ၏ ရှေ့ကဖြစ်
...သည်။

"သည့်နောက်ပိုင်းက အဖြစ်အပျက် ဇာတ်လမ်းတွေ
...ကိုတော့ ငါ့ညီသိပြီးရောပေါ့"

"ခင်ဗျာ"

"ဩော်. . . ငါ့ညီကို ရွာထဲက ဗဟုသုတကြွယ်ဝ
ရှေ့မီနောက်မီပုဂ္ဂိုလ်တစ်ဦးဦးက ပြောပြခဲ့ပြီးဖြစ်ရောပေါ့လို့"

မောင်သီဟသည် အံ့အားသင့်သွားခဲ့ရသည်။ ကိုကြာ
သည် အထင်နဲ့ပြောသည်လား။ သို့မဟုတ် ဒီလိုအကြောင်းအ
ရာမျိုးကို သက်ကြီးစကား၊ သက်ငယ်ကြားဆိုသည့်အတိုင်းပင်
တစ်နည်းမဟုတ်တစ်နည်း ကြားခဲ့မှတ်ခဲ့ဖူးလိမ့်မည်ဟု စောင်
ယူဆထား၍လား။

"ဟုတ်ကဲ့. . ကျွန်တော်သိထားခဲ့ပါတယ်"

မောင်သီဟ၏စကားကြောင့် ကိုကြာက ခေါင်းညိတ်
လိုက်ပြီး. . .။

"ဒါပေါ့၊ ဒီလိုပဲဖြစ်ရမှာပေါ့၊ ဒီလိုအကြောင်းအရာမျိုး
ဆိုတာ ငါ့ညီက သူများထက်ပိုပြီး သိထိုက်တဲ့သူပဲ"

"ဗျာ! ကျွန်တော်က သူများထက်ပိုပြီးတော့ သိထိုက်
တယ်. . ဟုတ်လား"

"ဒီလိုလေ. . ရွာရဲ့ ဖျတ်လတ်တဲ့ လူငယ်တစ်ယောက်
အနေနဲ့ ကိုယ့်ရွာကိုယ့်ဒေသရဲ့ အတိတ်ဇာတ်ကြောင်းတွေကို
သိထားသင့်တယ်မဟုတ်လား"

ကိုကြာ၏စကားသည် အနည်းငယ်လွဲပြီး ပြောသည်
ဟု ထင်မိသည်။





"ကျောက်စည်နဲ့ပတ်သက်တဲ့အကြောင်းကိုလည်း ငါ့
ညီလည်း သိပြီးရောပေါ့"

"ဟုတ်ကဲ့၊ သိပြီးပါပြီ၊ ကိုယ်နေတဲ့ရွာရဲ့ သိသင့်သိ
ထိုက်တာတွေအားလုံးမဆိုသည့်တိုင် လက်လှမ်းမီသလောက်
ကတော့ လေ့လာထားပါတယ်"

"ဟုတ်တယ်၊ ဒီကျောက်စည်ဟာ ဒီစေတီတည်က
တည်းက တစ်ခါတည်းထားခဲ့တာ၊ ဒါပေမယ့် ရာသီဥတုဒဏ်
ကြောင့် တိုင်ခြေကပျက်ပြီး ကျိုးကျပျက်စီးခဲ့ရတယ်ကွ၊ ရေ
အောက်ကိုရောက်သွားခဲ့တယ်၊ နှစ်ကြိမ်တိတိ ရေအောက်ကို
ရောက်သွားခဲ့ရတယ်၊ ပထမအကြိမ် ရေအောက်ကို ရောက်
သွားတုန်းကတော့ ချက်ချင်းလိုလို ပြန်ပြီးဆယ်ကြတယ်၊

ဒုတိယအကြိမ် ပျက်စီးပြီး ရေထဲရောက်သွားပြန်တယ်၊
အဲ. . ခုတော့ ကုန်းပေါ်ကို အလိုလိုပြန်ရောက်နေပြန်ပြီ၊ ဒါ
သည်း စေတနာရှင်တစ်ဦးဦးရဲ့ အထောက်အပံ့ပဲဖြစ်မှာပေါ့၊
သာဓုခေါ်ပါတယ်၊ သာဓု. . သာဓု. . သာဓု"

ကိုကြာက သာဓုခေါ်လိုက်ရာ မောင်သီဟက စိတ်
ထဲမှာ မလုံမလဲဖြစ်သွားခဲ့ရသည်။ ကျောက်စည်ကို မိမိက ရေ
ထဲမှ ဆယ်တင်လာခဲ့သည်ကို ကိုကြာတို့များ သိနေသလား
ဟု၍။

သို့သော် သိစရာအကြောင်းမရှိနိုင်ဟု ပြန်တွေးလိုက်မိသည်။ နေ

နေဝင်ခဲ့ပြီဖြစ်သည်။ အမှောင်က သန်းလာခဲ့သည်။ ကိုကြာနှင့်ကိုသောက်တို့သည် လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့ကြသည်။

"အရေးကြီးတဲ့စကားကို ထပ်ပြီးပြောမယ်၊ သေသေချာချာနားထောင်. . ညီလေး၊ စောစောက လူနှစ်ယောက်ကမူမမှန်ဘူး၊ အယောင်ဆောင်သမားဖြစ်တယ်၊ ဒီလိုလူမျိုးတွေရဲ့ မျက်နှာထား၊ အင်္ဂါရုပ်တွေဟာ ဒီအတိုင်းပဲ"

"မင်း. . သူတို့နောက်ကို မျက်ခြည်မပြတ်လိုက်ပါ၊ စုံစမ်းပါ၊ သူတို့မှာ အကြံအစည်တစ်ခု ရှိနေတယ်၊ မင်းမှာတာဝန်ရှိတယ်၊ သူတို့အကြံသာ အောင်မြင်သွားခဲ့ရင်တော့ ဒီရွာကြီး ဒုက္ခရောက်သွားနိုင်တယ်၊ ကိုယ့်ဘက်ကသာ ဒီလူတွေကို အချိန်မီ မအုပ်မိခဲ့ရင်တော့ တစ်ရွာလုံး ဆိုးကျိုးတွေဖြစ်လာလိမ့်မယ်၊ မျက်နှာမည်းကြီးငိုလိမ့်မယ်"

"မျက်နှာမည်းကြီးငိုလိမ့်မယ်"

မောင်သီဟသည် ကိုကြာ့စကားကို တီးတိုးရေရွတ်မိလိုက်သည်။ ဘ,ရာကျော်ပြောပြခဲ့သော အတိတ်က ဤရွာဖြစ်စဉ်အကြောင်းကို ပြန်ပြီးသတိရသွားခဲ့သည်။ မိုးကြီးလေ





ြ်းကျ၍ တောင်ကျရေနှင့်အတူ မျောပါသွားကြပြီး ရွာလုံး ျတ်သွားခဲ့ကြသည်များ။

ထိုစဉ်က လက်ကျန်လူနည်းစုကလေးနဲ့ ဤကျောက် ည်ရွာကို တည်ထားခဲ့ကြသည်။ ရွှေစာရံဘုရားကြီးသည် ဤ ကျောက်စည်ရွာ၏ အဓိကကျသော အထွတ်အမြတ်ပင်ဖြစ် ည်။

ကိုကြာပြောပြသည့် ထိုသူများသည် မည်ကဲ့သို့သော ားမျိုးဖြစ်ကြသည်ကို မောင်သီဟတဖြည်းဖြည်းနဲ့ သဘော ါက်လာခဲ့သည်။

ကြောင်သူတော်တစ်ဦး ဖြစ်နိုင်လေသည်။ စင်ကြယ် ယောင်နဲ့ဝင်လာသော မင်းသားခေါင်းဆောင်းထားသူတစ် ဧကန်ဖြစ်နိုင်သည်။ မိမိသည်လည်း ထိုသူကို စပြီးမြင်မိက ည်းက ဘဝင်မကျခဲ့။

"ကောင်းပြီလေ၊ ကျွန်တော်. . ဒီလူကြီးရဲ့ အနေအ င် အသွားအလာကို လေ့လာမယ်၊ ဒီရွာအတွက် ဘာမဟုတ် ာတွေ လုပ်ရင်ပဲဖြစ်ဖြစ် ကျွန်တော်တားဆီးမယ်၊ အသက် ပဲပြီးကာကွယ်မယ်"

"ဟုတ်ပြီ၊ ငါ့ညီဆီက ဒီလိုစကားမျိုးကိုပဲ ကြားချင်ပါ ယ်၊ တကယ်တော့ ငါ့ညီဟာ ဗုဒ္ဓဟူးသားကိုဟူးရဲ့ စိတ်ဓာတ်

မျိုးရှိတယ်၊ မှန်တယ်ထင်ရင် တိုးတိုက်တိုက်၊ ကျားကိုက်ကိုက် ရင်ဆိုင်ရဲတဲ့သတ္တိရှိတယ်၊ ငါ့ညီအစီအစဉ်နဲ့သာလုပ်ပါ၊ တစ် ရွာလုံးရဲ့ အသက်ဟာ ငါ့ညီရဲ့ လက်ထဲမှာရှိတယ်နော်"

"ဟုတ်တယ်. . မောင်သီဟ၊ တစ်ရွာလုံးရဲ့ ကံကြမ္မာ ဟာ ငါ့ညီရဲ့ လက်ထဲမှာရှိတယ်ကွ၊ မျက်နှာမည်းကြီးငိုရင် ဆုံး ကျိုးတွေ အများကြီးဖြစ်လာနိုင်တယ်"

ကိုသောက်ကပါ ထပ်ပြီးပြောလိုက်ပြန်သည်။ တစ်ရွာ လုံးမှာ ယောကျ်ားသားတွေအများကြီးပါ။ ဘာကြောင့်များ သူ တစ်ယောက်တည်းကိုမှ ရွေးပြီး တာဝန်ရှိတယ်လို့ သတ်မှတ် တာလဲ။

"တစ်ခုတော့ရှိတယ်. . ငါ့ညီ၊ မတိုင်ပင်သင့်တဲ့သူတွေ ကို တိုင်ပင်ရင်တော့ အဖျက်ပေါ် လိမ့်မယ်၊ ဒီတော့ ငါ့ညီက ဉာဏ်ရှိသလိုသာ ဆက်ပြီးဆောင်ရွက်ပါ"

ကိုကြာနှင့်ကိုသောက်တို့သည် ထိုင်နေရာမှ ထ လိုက်ကြသည်။ ရင်ပြင်ပေါ်မှာ လူသူကရှင်းလင်းလျက်ရှိ သူတို့သုံးယောက်ရှိနေကြစဉ်အတွင်း မည်သူမှ တက်မလာ ကြ။ ခါတိုင်းဆိုလျှင် ဆီမီးပူဇော်သူ၊ ပန်းကပ်သူ၊ တစ်ဦးစနှစ် ဦးစ ရောက်လာတတ်ကြသည်။

"ကဲ. . အစ်ကိုတို့ပြန်ဦးမယ်"





"ကျွန်တော်လိုက်ပို့ပေးမယ်လေ"

"မပို့ပါနဲ့၊ ရပါတယ်၊ ငါ့ညီသာ အစ်ကိုပြောခဲ့တာတွေ မမေ့ပါနဲ့"

ကိုကြာက ပြုံးပြီးပြောလိုက်သည်။ ထိုနောက် ဇောင်း န်းအတိုင်း အောက်ကိုဆင်းသွားခဲ့ကြလေသည်။

မောင်သီဟသည် စိတ်ထဲမှာ မယုံသင်္ကာဖြစ်လာခဲ့ ည်နဲ့ ဇောင်းတန်းဘေးရှိ ကုန်းပြေပြေ လူသွားလမ်းအတိုင်း ဆင်းကာ လိုက်သွားသည်။ အောက်ကိုရောက်သော် ကို တို့ကို မတွေ့ရတော့။ သူတို့က ဒီလောက်တောင်မှ မြေ မ်းမြန်ရသလား။

ရွာထဲသို့သွားသည့် လမ်းအတိုင်း မသွားပဲ ကမ်းစပ် က်သို့ ပြေးထွက်လာမိခဲ့သည်။ တော်တော်လေးကို မှောင် သန်းနေပြီ။ ရေထရက်ဖြစ်၍ ရေလှိုင်းများက ထကြွလှုပ်ရှား ကြလျက်။ တချို့လှိုင်းများသည် ကမ်းခြေဆီသို့ ပြေးလာ ကြလျက်။

မောင်သီဟမျက်လုံးအစုံသည် ကမ်းစပ်ဆီသို့ရောက် ားခဲ့သည်။ ရေထဲသို့ ဆင်းသွားသော ကြီးမားသည့် စွတ် ကြောင်းရာကြီးနှစ်ခုကို အမှတ်မထင် တွေ့လိုက်ရ၍ အံ့အား င့်သွားခဲ့ရလေသည်။





## အခန်း-(၂၃)

လူစိမ်းညှော့သည် သူတော်စင်ကြီးဦးသီလ၏ ရွာပတ်
ာန်းကျင်တွင် ရောက်ရှိနေသည့်သတင်းသည် ပျံ့နှံ့လျက်ရှိ၏။
ဦးသီလသည် ရွာပြင်ရှိ ဇရပ်တစ်ခုမှာတည်းပြီး နေ့ရောညပါ
ရွှေစာရံစေတီတော်ရှေ့မှာ ပုတီးစိပ်၊ တရားထိုင်ကာ အဓိဋ္ဌာန်
ဝင်လျက်ရှိသည်။

ဥပမိရုပ်က လူအများလေးစားလောက်သည်။ ကြည်
ညိုစရာကောင်းသည်။ ကျောက်စည်ရွာသားများက ဦးသီလ
နှင့်တပည့်ပေသီးကိုဖိတ်ပြီး ရွာထဲမှာ ထမင်းကျွေးမွေးကြဖို့
ပင့်ခဲ့ကြသည်။

"ဆရာကြီး. . ကျွန်တော်တို့အိမ်ကို ဆွမ်းစားကြွပါ

ခင်ဗျာ"

"သည်းခံပါကွယ်၊ ဆရာကြီးရဲ့ အဓိဋ္ဌာန်ရက်မပြည့်
ချင်း ဘယ်ကိုမှ သွားလို့မရပါဘူး၊ အစားအစာလည်း စား
မရပါဘူး၊ အဓိဋ္ဌာန်ပြီးမြောက်မှပဲ လာခဲ့ပါတော့မယ်၊သာဓု. .
သာဓု. . သာဓု"

ဆရာကြီးဦးသီလသည် ဖိတ်ကြားခံရတိုင်းမှာ ယ
ကျေးစွာဖြင့် ငြင်းပယ်လေ့ရှိသည်။ သူ၏ ဝေယျာဝစ္စ စား
သောက်ရေးကိစ္စများကို တပည့်ပေသီးက တာဝန်ယူရသည်
ဆရာကြီးဦးသီလသည် သက်သတ်လွတ်ကိုသာ စားသုံး
သည်။

ဦးသီလက ထိုသို့ငြင်းပယ်လေလေ၊ လူတွေက မ
မရဲဖြစ်လေလေ။ ဦးသီလသည် တစ်ခါတစ်ရံမှာ ကျောက်သုံး
ဆင့်ကိုသွားပြီး ပုတီးစိပ်တတ်သည်။

"ဒီလူကြီးဟာ ဘာဖြစ်လို့ ကျောက်သုံးဆင့်ကို သွား
ရတာလဲ၊ အဲဒီမှာ ပုတီးစိပ်စရာ အကြောင်းကိုမရှိဘူး"

မောင်သီဟသည် ဦးသီလတို့ ဆရာတပည့်နောက်
လိုက်ကာ တိတ်တဆိတ်ချောင်းမြောင်းလျက်ရှိသည်။ ဆော
မားကိုလည်း မယူမဖြစ် ယူသွားရသည်။

တစ်ရက်တွင် အိမ်မှတိတ်တဆိတ် ထွက်လာခဲ့သ





သည်။ လမ်းမှာ ကြေးမုံနဲ့တွေ့သည်။

"သီဟ. . နင်ဘယ်ကိုသွားမလို့လဲ"

"ကြေးမုံ. . နင်က ငါ့ကိုသာမေးတယ်၊ နင်ကကော
ဘယ်ကိုသွားမလို့လဲ"

"ငါလား. . ရွာထဲမှာ ကြွေးတောင်းပြီးပြန်လာခဲ့တာ"

"ကြေးမုံ. . နင့်ကို ငါတစ်ခုမှာချင်တယ်"

"ဘာမှာမလို့လဲ၊ မှာလေ"

"မဟုတ်ပါဘူး၊ ငါစကားပြောမှားသွားလို့၊ ဒီလိုဟာ
တို့မိန်းကလေးတစ်စု ဟိုဦးသီလဆိုတဲ့ လူကြီးဆီကို သွား
သွားချောင်းကြတယ်ဆို"

"ဩော်. . ဒါလား၊ သူတော်စင်ကြီးလို့ လူပြောများ
တာနဲ့ သွားကြည့်တာပါဟာ၊ ဒါပေမယ့် မတွေ့ခဲ့ပါဘူး၊ သူ
သုသာန်ဟောင်းမှာ တရားသွားထိုင်နေတယ်ဆိုလား"

"အေး. . ငါသတိပေးချင်တယ်ဆိုတာ အဲဒါပဲ၊ နင်. .
လူကြီးရှိတဲ့နေရာကို ဘယ်တော့မှ မသွားလေနဲ့"

"ဟင်. . ဘာဖြစ်လို့လဲသီဟ"

"ခုတော့ ရှင်းပြဖို့ အချိန်မတန်သေးဘူး၊ ငါလည်းပဲ
သေသေချာချာ မပြောပြတတ်သေးဘူး၊ တစ်ခုပဲပြောချင်တာ၊
. . ဒီလူကြီးကို သိပ်ပြီးသဘောမကျချင်ဘူး"

"ဟယ် . . ဆရာကြီးက သူတော်ကောင်းကြီးပါဟယ်၊ တစ်ရွာလုံးက ကြည်ညိုနေကြတာ၊ နင့်ကျမှ ဘယ်လိုဖြစ်တာလဲ"

"အေး . . နင်ဒီလိုပြောလာလိမ့်မယ်ဆိုတာ ငါသိပြီးသား၊ ငါကတော့ ဒီလူကြီးကို ခုအချိန်အထိ ဘယ်လိုမှ မသင်္ကာမှတ်သေးဘူး၊ အဖြေပေါ်တဲ့ အခါကျမှ သိရမှာပေါ့၊ ငါဒီပြောတာကို နင်တစ်ယောက်တည်းသိပါစေကြေးမုံ"

ကြေးမုံသည် သက်ပြင်းချမိလိုက်ပြီး . . ။

"အေးပေါ့ဟယ်၊ ဘာပဲဖြစ်ဖြစ်၊ နင့်စကားကို ငါနားထောင်ပါ့မယ်၊ နင်အကြောင်းရှိလို့ပြောတာ ငါသဘောပေါက်ပါတယ်"

"အေး . . နင်လိမ္မာတယ်ကြေးမုံ၊ ဒါကြောင့်မို့ နင့်ကို ငါချစ်နေရတာ"

ကြေးမုံက မျက်စောင်းထိုးလိုက်ပြီး . . ။

"တော်ပါ၊ နင်က ငါ့ကိုချစ်တယ်သာ ပြောတယ်၊ ငါ့ဆီ ချိန်းတော့မလာဘူး၊ ရှောင်ဖယ်ဖယ်နဲ့"

"ခုတလော အလုပ်တွေ များနေလို့ပါ ကြေးမုံရယ်၊ အိမ်မှာ အဖေ့အလုပ်တွေကို ငါတစ်ယောက်တည်း ကူညီလုပ်ပေးနေရတာ"





"ငါတမင်သက်သက် ပြောတာပါဟယ်၊ နင်အလုပ်မအားမှန်း ငါသိပြီးပါပြီ"

"ငါလည်း နင်နဲ့ရှေ့ရေးနောက်ရေး ဆွေးနွေးစရာတွေရှိသေးတယ် . . ကြေးမုံ"

"အင်းပါ၊ ငါလည်း ငါတို့ကိစ္စ နင်နဲ့တိုင်ပင်မလို့၊ ဒါပေမယ့် အရေးတော့မကြီးပါဘူး"

"ကဲ . . ငါသွားမယ်ကြေးမုံ၊ ငါဘယ်သွားသလဲလို့ တစ်ယောက်ယောက်က မေးလာခဲ့ရင် မသိဘူးလို့သာပြောလိုက်"

"ကောင်းပါပြီတဲ့ရှင်"

မောင်သီဟက ကြေးမုံ၏ လက်ဖဝါးကို ဖျစ်ညှစ်ပြီး ထိုနားမှ ထွက်သွားခဲ့လေသည်။ ကြေးမုံသည် မောင်သီဟကို မျက်မလည်နိုင်သော အကြည့်ဖြင့်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

❂ ❂ ❂

မောင်သီဟသည် ဖြတ်လမ်းမှ လာခဲ့လေရာ မကြာမီ ကျောက်သုံးဆင့်ကို ရောက်လာခဲ့သည်။ သူရိပ်လူခြည်ကြည့်ပြီး ကျောက်ဆောင်နံရံကိုကပ်ကာ လျှောက်လာခဲ့သည်။ သူ

က လေအောက်ကိုရောက်နေသည်။ စကားပြောသံအချို့
ကြားလာခဲ့ရသည်။ ဒီနေရာကို သူကကျွမ်းပြီးသားဖြစ်သည်။
မည်သည့်နေရာကသွားရင် မည်သည့်နေရာ ရောက်သည်
သိသည်။

ထို့ကြောင့် အသံလာရာဆီကိုမှန်းပြီး လူတစ်ကိုယ်သာ
သာ ဝင်ထွက်နိုင်သော ကျောက်တုံးကြီးနှစ်ခုကြားမှ လျှော
လာခဲ့သည်။ လေအောက်မှာဖြစ်၍ စကားသံများကို ပို၍ပီသ
စွာဖြင့် ကြားလာခဲ့ရသည်။

"ငါတို့ရဲ့ အကြံအစည်က မကြာခင်မှာ အောင်မြင်
တော့မယ်၊ မင်းတို့မပေါ့မလျော့ကြနဲ့တော့၊ ငါ့မှာ အစီအစဉ်
တွေ အများကြီးရှိတယ်"

ထိုသို့ပြောလိုက်သူမှာ ဦးသီလဖြစ်၏။ မောင်သီဟ
သည် ကျောက်တုံးကြီးနှစ်ခုကြားမှ သူတို့ကို ကောင်းစွာမြင်
နေရသည်။ သူတို့ဆိုသည်က ဦးသီလ၊ ပေသီးနှင့်မင်းထင်
တို့အပြင် အခြားလူစိမ်းနှစ်ယောက်။

"လူလေး. . မင်းဟိုမိကျောင်းနှစ်ကောင်ကို လက်ဖြင့်
ချေချင်တယ်မဟုတ်လား"

"ဆရာကြီး. . ဒီမိကျောင်းနှစ်ကောင်ကို ကျွန်တော်
တစ်သက်မကျေဘူး၊ ဒါပေမယ့် ဒီမိကျောင်းနှစ်ကောင်က ...





လယ်မိကျောင်းကြီးတွေဆို၊ ပင်လယ်ထဲကို ပြန်ဆင်းသွားကြ
ပြီဆို၊ ပြန်လာကြပါတော့မလား"

မင်းထင်က မေးလိုက်ရာ ဦးသီလက ပြုံးလိုက်ပြီး။

"ဒီမိကျောင်းနှစ်ကောင်ဟာ ဒီနေရာကို ပြန်မလာဘူး
လို့ မပြောနိုင်ဘူးလေ၊ မပူနဲ့လူလေး. . မင်းလက်နဲ့ ကလဲ့စား
ကိုချေရမှာပါ"

"ဒါဆိုရင်လည်း အတိုင်းထက်အလွန်ပေါ့ဗျာ"

"ဪ. . ဒီကောင်က ဦးသီလတို့နဲ့ လာပြီးပေါင်းနေ
တာကိုး၊ ဒီလူကြီးဟာ မိကျောင်းနှစ်ကောင်ကို ဘယ်လိုဖမ်း
ပေးမှာလဲ၊ မိကျောင်းတွေက ဒီမှာလည်း မရှိကြတော့ပါဘူး"

မောင်သီဟသည် စဉ်းစား၍မရနိုင်အောင် ဖြစ်သွား
ခဲ့ရသည်။

"ကဲ. . ငါလည်း ဟောဒီ ကျောက်သုံးဆင့်အနားမှာ
အဓိဋ္ဌာန်ဝင်လိုက်ဦးမယ်၊ မင်းထင်လူလေး. . ဦးရီးတစ်ခုတော့
မှာလိုက်မယ်၊ ဦးရီးတို့ရဲ့ အစည်အစည်နဲ့ ပတ်သက်ပြီးတော့
ပေါက်ကြားပါစေနဲ့၊ ပေါက်ကြားသွားရင် အဓိဋ္ဌာန်ပျက်မယ်၊
ဒွာထဲလိုက်ပြောတဲ့သူဟာ ဒဏ်သင့်ပြီး သွေးပွက်ပွက်အံ့တတ်
ဘယ်ကွယ့်"

"ကျွန်. . ကျွန်တော်. . ဘယ်သူ့ကိုမှ မ. . မပြောပါ

ဘူး. . ဆရာကြီး"

မင်းထင်က တုန်တုန်ရီရီဖြင့်ပြောလိုက်သည်။

"မင်းကို ဦးရီးဘာတာဝန် ပေးထားလဲဆိုတာ မှတ်မိ ရဲ့လား. . မင်းထင်"

"မှတ်. . မှတ်မိပါတယ်၊ သီဟကို စောင့်ကြည့်ဖို့ပါ"

"အေး. . ဒီကောင်လေးဟာ မင်းရဲ့ရန်သူဖြစ်သလို ငါတို့ရဲ့ ဂန္ဓာရီခရီးမှာ ဖျက်လိုဖျက်ဆီး လုပ်မယ့်သူလည်းဖြစ် နိုင်တယ်၊ မင်း. . သီဟရဲ့ အသွားအလာကို စောင့်ကြည့်ပါ ထူးခြားမှုရှိရင် လာပြီးပြော. . ဟုတ်လား"

ဦးသီလသည် မင်းထင်ကို ပြန်ခိုင်းလိုက်သည်။ မင်း ထင်သည် လာရာလမ်းအတိုင်း ပြန်သွားခဲ့သည်။

"မင်းတို့ကို ငါပြောမယ်၊ ငါလိုက်ပြီးတော့ စုံစမ်းနေ တဲ့ ကျောက်စည်ရွာဆိုတာ ဒီရွာအစစ်အမှန်ပဲကွ၊ ဟောဒီက ကျောက်သုံးဆင့်ဟာလည်း အမှန်ပဲ၊ မင်းတို့သုံးယောက်ကို ငါသေသေချာချာ မှာထားမယ်၊ နောက်သုံးရက်ကြာရင် မင်း တို့သုံးယောက် ရေအောက်ကိုငုပ်ဖို့ ဆင်းကြရမယ်၊ အောက် မှာ ကျောက်မိကျောင်းရုပ်ကြီးရှိတယ်၊ မိကျောင်းကြီးရဲ့ မျက် လုံးနှစ်ဖက်ဟာ ပတ္တမြားကြီးတွေတပ်ထားတာ၊ အဲဒီပတ္တမြား တွေဟာ တန်ဖိုးမဖြတ်နိုင်ကြဘူး၊ မင်းတို့ရအောင်ယူလာခဲ့ကြ





"အေး. . နောက်တစ်ချက်က မင်းတို့ဆက်ပြီးကူးသွား ခဲ့ကြရင် ရှေးဟောင်းမြို့ပျက်ကြီးတစ်ခုကို တွေ့ချင်တွေ့ရလိမ့် မယ်၊ ရှာကြပေါ့ကွာ၊ တွေ့ရင်တော့ မင်းတို့တစ်သက် ချမ်းသာ ကြပြီမှတ်"

"ဘာဖြစ်လို့လဲ. . ဆရာကြီး"

ပေသီးက မေးလိုက်ရာ. . ။

"ဘာဖြစ်ရမှာလဲကွ၊ ဟိုးရှေးရှေးတုန်းက လူချမ်းသာ တွေ နေခဲ့ကြတဲ့နေရာ အဖိုးတန်စိန်ရွှေရတနာတွေ ရှိတာပေါ့ ကွ၊ မင်းနည်းနည်းလေးမှ မခန့်မှန်းမိဘူးလား"

"ဟိုကောင်တွေ. . သာဂရနှင့်စံပ၊ မင်းတို့က ရေငုပ် ကျွမ်းကျင်တဲ့ကောင်တွေ၊ ငါရှာခိုင်းတဲ့ ကျောက်မိကျောင်းကြီး ကိုရအောင်ရှာ၊ အေး. . သစ္စာတော့ရှိကြရမယ်၊ သစ္စာဖောက် လို့ကတော့ မင်းတို့ကို တနည်းနည်းနဲ့ ငါသေအောင်လုပ်နိုင် တယ်၊ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ကပ်ကြီးသုံးပါးဆိုက်သွား မယ်၊ အေး. . သစ္စာတည်လို့ကတော့ မင်းတို့ဆယ်သက်စာ ကောင်းစားပြီမှတ်၊ ချမ်းသာစေရမယ်"

"ကျွန်တော်တို့ ဆရာကြီးအပေါ်မှာ သစ္စာစောင့်သိ ပါ့မယ်၊ ကတိပေးပါတယ်"

"အေး. . ဒီလိုမှပေါ့ကွယ်၊ ငါ့တပည့်တွေကို ဆရာကြီး

က ပစ်မထားပါဘူး"

မောင်သီဟသည် သူတို့ပြောဆိုနေကြသည့် စကားများကို ကြားလိုက်ရသောအခါ ခေါင်းကြီးသွားခဲ့လေသည်။

"လက်စသတ်တော့ ဒီလူကြီးက လူယုတ်မာကြီးပဲ၊ သူကိုယ်သူ သူတော်စင်ကြီးဆိုပြီး ရွာသားတွေကို အယုံသွင်းထားတာ၊ ငါပြန်ပြီးပြောပြရင်လည်း ကျောက်စည်ရွာသားတွေက ဘယ်သူမှ ယုံကြမှာမဟုတ်ဘူး၊ ဘုရာကျော်တစ်ယောက်ပ ယုံနိုင်မယ်၊ ကိုကြာနှင့်ကိုသောက်တို့ရဲ့ စကားတွေကလည်း မှန်နေပြီ၊ သူတို့တတွေက လူကောင်းတွေမဟုတ်ကြဘူး၊ ဘုရားကြီးကိုတောင် မအပ်မရာကြံစည်ရင် ကြံစည်နိုင်တယ်၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ"

"တစ်ရွာလုံးရဲ့ ကံကြမ္မာဟာ ငါ့ညီရဲ့ လက်ထဲမှာရှိနေတယ်၊ မျက်နှာမည်းကြီးငိုရင် ဆိုးကျိုးတွေ အများကြီးဖြစ်လာနိုင်တယ်"

"တစ်ခုတော့ရှိတယ်. . ငါ့ညီ၊ မတိုင်ပင်သင့်တဲ့သူတွေကို တိုင်ပင်ရင်တော့ အဖျက်ပေါ်လိမ့်မယ်၊ ဒီတော့ ငါ့ညီက ဉာဏ်ရှိသလိုသာ ဆက်ပြီးဆောင်ရွက်ပါ"

ကိုကြာ၏စကားကို နားထဲမှာ ပြန်ပြီးတော့ကြားလာမိသည်။





"သင်းတို့တတွေ. . ငါတည်ထားတဲ့ ကျောက်စည်ကြီးဘက်ကို မရောက်ကြသေးဘူး၊ ဘုရားမလို့ သူတို့အဲဒီဘက်ကို မသွားကြပါစေနဲ့၊ ကျောက်စည်ကြီးကိုသာ တွေ့သွားခဲ့ရင် သူတို့သိထားကြတဲ့ ကျောက်စည်ရွာရဲ့ အတိတ်က အဖြစ်အပျက်တွေဟာ ပိုပြီးတော့ ခိုင်မာသွားလိမ့်မယ်"

မောင်သီဟသည် သူကြားလိုသည်များကို ကြားခဲ့ပြီးဖြစ်၍ ထိုနေရာမှ တိတ်တဆိတ် ပြန်ထွက်လာခဲ့လေသည်။ အပြန်လမ်းတွင် သူ့ကိုစောင့်ကြည့်နေကြသောလူနှစ်ယောက်။

တက်ခါးနှင့်မောင်ကံ. . .။

"သီဟ. . မင်း. . ဟိုဦးသီလဆီက ပြန်လာခဲ့တာ မဟုတ်လား"

"အေး. . ဟုတ်တယ်၊ ငါ. . ဦးသီလဆီက ပြန်လာခဲ့တာ၊ သူနဲ့စကားပြောခဲ့တာတော့မဟုတ်ဘူး၊ မင်းတို့က ငါ့ကို ဘာလုပ်ချင်လို့လဲ"

မောင်သီဟသည် ကျောမှာလွယ်ထားသော ဓားအိမ်ထဲမှ ဓားကိုဆွဲထုတ်လိုက်သည်။

"မ. . မဟုတ်ပါဘူးကွာ၊ မင်းကို ရန်ရှာမလို့မဟုတ်ပါဘူး၊ ငါတို့က အကြောင်းရှိလို့မေးတာပါ"

တက်ခါးသည် လက်ကာကာ ပျာပျာသလဲဖြင့် ပြန်

ပြောလိုက်သည်။ မောင်ကံက အေးဆေးစွာဖြင့်. . .။

"မင်းကို ငါတို့က ပြဿနာမလုပ်ပါဘူးကွာ၊ တိုင်ပင်စရာရှိလို့ပါ သီဟရ"

"ဘာတိုင်ပင်စရာရှိလို့လဲ၊ မင်းတို့နှင့်မင်းထင်က တကြိတ်တည်း၊ တညာဏ်တည်း၊ မင်းတို့ ငါ့အနားကို ကပ်မယ်လို့တော့ မစဉ်းစားကြနဲ့၊ မင်းတို့လိုကောင်မျိုး ဆယ်ယောက်ပေးတယ်"

"မဟုတ်သေးပါဘူး. . သီဟရာ၊ ငါတို့အေးအေးဆေးဆေးရှင်းပြတာကို နားထောင်ပါဦး"

"ကဲ. . ပြော၊ မင်းတို့ညာဏ်တော့မများကြနဲ့"

မောင်ကံက. . .။

"ဒီလိုကွ၊ မင်းထင်ဟာ ငါတို့ရဲ့ သူငယ်ချင်းတော့မှန်တယ်၊ ဒါပေမယ့် သူ့စိတ်ဓာတ်ကို မကြိုက်တာတော့အမှန်ပဲ၊ မင်းနဲ့ပတ်သက်ပြီး ဖြစ်ခဲ့တာတွေကိုလည်း သူ့ကိုအမြဲတမ်းဖြေဖန်တယ်၊ သူလုပ်တာတွေဟာ အမြဲတမ်းမှားနေတယ်"

"ထားပါတော့. . မင်းတို့က သူ့ကိုလက်မခံဘူးဆိုရင် ခုငါ့ကို ဒီနေရာကနေစောင့်နေတာ ဘာအကြောင်းနဲ့လဲ၊ ငါ့ကိုအချိုသပ်မယ်တော့ မကြံနဲ့နော်"

"ငါတို့ကို လုံးဝယုံစမ်းပါ. . သီဟရာ၊ ခုငါတို့ပြောမယ့်





ကားက အရေးကြီးနေလို့ပါ"

"ဘာအရေးကြီးတာလဲ"

"ဒီလိုကွ၊ ငါတို့ကျောက်စည်ရွာကိုရောက်လာတဲ့ ဟိုးသီလဆိုတဲ့လူကြီးကို မယုံဘူးကွာ၊ ဒီလူကြီးဟာ ကျောက်စည်ရွာကို ဆိုးကျိုးတစ်ခုခု ပေးလိမ့်မယ်လို့ထင်တယ်၊ ဘယ်လိုဆိုးကျိုးပေးမလဲဆိုတာတော့ မပြောတတ်ဘူး၊ မင်းထင်က လူကြီးနဲ့ ပေါင်းနေတာကွ"

မောင်သီဟသည် သူတို့နှစ်ဦးစလုံး၏မျက်နှာကို အခတ်ကြည့်လိုက်သည်။ မောင်ကံက စကားဆက်သည်။

"ကျောက်စည်ရွာ တစ်ရွာလုံးကလည်း ဒီလူကြီးကိုပဲကြည်ညိုနေကြတယ်၊ ဒီလူကြီးနဲ့ပတ်သက်ပြီး သတိပေးလည်းဘယ်သူကမှ ယုံကြမှာမဟုတ်ဘူး၊ မင်း. . ဒီနေရာကိုမရောက်င်ကလေးကပဲ ငါတို့ ဦးသီလကို သွားချောင်းပြီးကြပြီ၊ သူနဲ့တူ ရှိနေကြတဲ့ တပည့်တပန်းတွေကလည်း သိပ်မဟန်ပါးကွာ၊ လူမိုက်တွေလိုလို၊ ဘာလိုလိုနဲ့ သူတို့တစ်ခုခုကို တိုင်င်နေကြသလိုပဲကွ၊ ငါတို့အကဲခတ်ပြီး ပြန်အလာမှာ မင်းဒီက်ကိုလာနေတာ တွေ့လိုက်ရတယ်၊ ဒါကြောင့် မင်းပြန်အကို ငါတို့ ဒီကနေဆက်စောင့်နေကြတာပါ"

"အေး. . မင်းတို့က ညာဏ်နီညာဏ်နက် မထုတ်ဘူး၊

လိမ်ညာတာမဟုတ်ဘူးဆိုရင်တော့ ငါလည်း အမှန်အတိုင်း ပြောပြမယ်၊ ဒီဦးသီလဆိုတဲ့လူကြီးကို ငါလည်းမယုံဘူး၊ သူတို့ ဘာအကြံအစည်တွေ ရှိနေကြသလဲဆိုတာ သိချင်လို့လာပြီး ချောင်းတာပဲ”

“မင်း. . မင်းဘာတွေသိခဲ့ရလဲ”

“ငါလည်း မင်းတို့လိုပဲ အဝေးကနေ နားထောင်နေ တာ၊ ဘာမှသဲသဲကွဲကွဲ မကြားခဲ့ရပါဘူး၊ အေး. . မင်းတို့ပြော ခဲ့သလိုပဲ သူတို့အုပ်စုဟာ ကျောက်စည်ရွာကို ဆိုးကျိုးပေး ရောက်လာကြတယ်လို့ ငါလည်းထင်တယ်”

မောင်သီဟသည် သူကြားခဲ့သည်များကို အမှန်အ တိုင်း မပြောပြ။ သူ့ဆီက စကားအစ်နေတာလည်း ဖြစ်နိုင် သည်။

“ဒီလိုဆို ငါတို့ဘယ်လိုလုပ်ကြမလဲ. . သီဟ၊ သူတို့ ဆီကိုသွားပြီး တွေ့တွေ့ဆိုင်ဆိုင် မေးကြည့်လိုက်ရင် ကောင်း မလား”

တက်ခါးကပြောလိုက်ရာ. . .။

“ဟာ. . ဒီလိုမေးလို့ ဘယ်ဖြစ်မလဲကွ၊ မေးလိုက်ရင် သူတို့မှာ အကြံအစည်ရှိတာတောင် ဘာလဲဆိုတာ ငါတို့သိရ မှာမဟုတ်ဘူး၊ နော. . သီဟ”





“ဟုတ်တယ်. . မောင်ကံပြောတာမှန်တယ်၊ ငါတို့သာ သွားမေးလိုက်ရင် သူတော်ကောင်းကိုပစ်မှားတယ်၊ စော်ကား တယ်ဆိုပြီး တစ်ရွာလုံးက ဝိုင်းပြီးအပြစ်တင်ကြမယ်၊ အထင် ကြမယ်၊ သူတို့မှာ အကြံအစည်ရှိတာတောင် နောက်ဆုတ် သွားနိုင်တယ်၊ တစ်ခုတော့ရှိတယ်ကွ”

“ဘာလဲ. . သီဟ”


“အရေးကြုံလာရင် မင်းတို့နှစ်ယောက် အမှန်တရား က်ကလိုက်ကြမလား”

“သိပ်လိုက်တာပေါ့ကွာ၊ ငါတို့ကျောက်စည်ရွာအတွက် ရင် အသက်လည်း ပေးချင်ပေးရပါစေ”

“ကောင်းပြီ၊ အရေးကြုံလာပြီဆိုရင် ငါ. . မင်းတို့နဲ့ က်သွယ်မယ်၊ ဒီကိစ္စဟာ လျှို့ဝှက်ချက်တစ်ခုပဲ၊ ဘယ်သူမှ သိစေနဲ့”

“စိတ်ချပါကွာ၊ မင်း. . ငါတို့ကိုယုံစမ်းပါ”

ထိုနောက် လမ်းခွဲပြီး ပြန်သွားခဲ့ကြသည်။





## အခန်း-(၂၅)

အရှေ့ဘက်မိုးကောင်းကင်တွင် တိမ်မည်းတစ်ကွက်ာ စွန်းထင်းလာခဲ့လေသည်။ ထိုတိမ်မည်းတစ်ကွက်သည် ုံးလေးရက်တိုင် မရွှေ့လျားပဲ တစ်နေရာတည်းမှာ ရပ်တည်ျက်ရှိသည်။

ထိုတိမ်မည်းကွက်ကို မည်သူမှ သတိမထားမိသော်ည်း ဘ,ရာကျော်နှင့်မောင်သီဟတို့မှာ သတိထားမိကြ၏။

"လူလေး. . ဒီတိမ်မည်းကွက်ဟာ မရွှေ့လျားပဲ ရှိနောကြာပြီ"

"ဟုတ်တယ်. . ဘ၊ ကျွန်တော်လည်း သတိထားမိပါယ်၊ ဘကိုပြောမလို့လာခဲ့တာ၊ ဘလည်းသိနေပြီကိုး"

"အေး. . မဟုတ်သော်ရှိ ဟုတ်သော်ရှိ ကျောက်စည်
ရွာကြီးမတည်ခင်ကာလက အတိတ်ရာဇဝင်ကို လူလေးသိ
ပြီးပြီနော်၊ ဒီနေရာမှာ မကောင်းမှုတစ်ခုခုဖြစ်ခဲ့ရင် အခုလို
ဖြစ်တတ်တယ်ကွယ့်"

"ဟိုတုန်းက ဘုရားမဲ့၊ တရားမဲ့နဲ့ အကုသိုလ်တင
လုပ်သက်သက်နဲ့ အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြတဲ့သူတွေ
ဘာဖြစ်ကုန်ကြသလဲ၊ မိုးကြီးရွာ၊ လှိုင်းကြီးလေထန်ရေကြီး
ကိစ္စချောကုန်ကြရောမဟုတ်လား၊ ဒီနေရာမှာ ကပ်ဘေးမိုးကြီး
ရွာခဲ့တယ်"

"ဘာရယ်. . မပြောကောင်းမဆိုကောင်း ခုလည်း
တိမ်မည်းကွက်က ဘာပြောသလိုမဟုတ်ပဲ၊ သဘာဝအလျော
ပပျောက်သွားပါစေလို့ ဆုတောင်းရတာပဲ"

"အေးလေ. . လူလေးပြောသလိုပဲ ဘာလည်း ဒီလို
ဖြစ်ပါစေလို့ ဆိုတောင်းမိရတာပဲ၊ ငါတို့ရွာသားတွေကတော့
ဒီတိမ်မည်းကွက်ကို သတိထားမိကြမှာ မဟုတ်ဘူး၊ ဘတို့
ပြောပြခဲ့ရင်လည်း အရူးတွေလို့ ထင်ကြမှာပဲ"

"ဘယ်သူ့ကိုမှ မပြောတာကောင်းဘယ်. . ဘ၊ ကျွန်
တော်. . ဟိုလူကြီးနှင့်သူ့တပည့်တွေရဲ့ အသွားအလာကို မ
ခြည်မပြတ် လေ့လာနေတယ်၊ သူတို့ ဘာလုပ်ကြမလဲဆိုတာ





ကျွန်တော်သိတယ်"

"အေး. . ဒီရွာရဲ့ သေရေးရှင်ရေးကိစ္စဟာ လူလေး
မှာ တာဝန်ရှိတယ်၊ ဒီတော့ တရားတဲ့ဘက်က ဆောင်ရွက်ရင်
လူလေးအတွက် ဒုက္ခဖြစ်မလာနိုင်ပါဘူးကွယ်၊ သမ္မာဒေဝနတ်
ကောင်းနတ်မြတ်တွေက စောင့်ရှောက်ပါလိမ့်မယ်၊ ဒါပေမယ့်
သတိတော့ထား"

"ကျွန်တော့်အတွက် စိတ်ချပါ. . ဘ၊ အခြေအနေကို
သေသေချာချာလေ့လာပြီးမှ လုပ်မှာပါ"

"ဦးသီလဆိုတဲ့လူကို တစ်ရွာလုံးက ကြည်ညိုနေကြ
တယ်၊ လူလေးက ဒီလူကြီးကို အတိုက်အခံလုပ်မှန်း သိသွား
ခဲ့ရင် ကိုယ့်ကိုဝိုင်းပြီး မကောင်းမြင်ကြလိမ့်မယ်၊ အပြစ်တင်
ကြလိမ့်မယ်"

"ဘပြောတာမှန်တယ်၊ တကယ်လို့ ဒီလူကြီးတွေ မ
ရိုးသားခဲ့တာကို လက်ဆုပ်လက်ကိုင်ပြနိုင်ခဲ့လို့ရှိရင် ပိုကောင်း
ဘာပေါ့၊ ကျွန်တော်ကြိုးစားပါ့မယ်"

မောင်သီဟသည် ဘ,ရာကျော်ကို နှုတ်ဆက်ပြီးထွက်
လာခဲ့သည်။

❂ ❂ ❂

အချိန်ကား ညသန်းယောင်ယံကျော်ကာလဖြစ်သည်။

ထီ. . ထီ. . ထီ. . ထီ။

ထိုအချိန်တွင် လေပြင်းများက တိုက်ခတ်လျက်ရှိ၏။ အိပ်ယာထဲမှာ အိပ်ပျော်နေသော မောင်သီဟ၏နားထဲကို အ ဝေးမှလွင့်ပျံ့လာသော စည်သံတထီထီကို ကြားလိုက်ရသလို ထင်မိသည်။

ဟင်!

မောင်သီဟက ဝေါက်ကနဲဆို ထထိုင်လိုက်သည်။ သေသေချာချာ ထပ်ပြီးတော့ နားစွင့်လိုက်ပြန်သည်။

ထီ. . ထီ. . ထီ. . ထီ"

သေချာသည်။ မောင်းသံလိုလို၊ စည်တီးသံလိုလို သူ တကယ်ကြားလိုက်ရသည်။ ဘာကြောင့်ရယ်မသိ။ ကျော ထဲမှာ စိမ့်သွားမိခဲ့သည်။

"ရွာကို သူခိုးဓားပြတွေ ဝင်ပြီးတိုက်ခိုက်ဖို့ အကြံအ စည်ရှိလာခဲ့ကြမယ်ဆိုရင်တော့ ကျောက်စည်ကြီးက တထိင်း နဲ့ သူ့အလိုအလျောက် မြည်ဟီးလာခဲ့သတဲ့. . လူလေးရဲ့"

ဘ,ရာကျော်ပြောခဲ့ဖူးသည့် စကားသည် မောင်သီဟ ၏နားထဲကို ပြန်ပြီးဝင်လာခဲ့သည်။

မောင်သီဟသည် အိပ်မရတော့ချေ။ အိပ်ယာထဲမှာ





ဘလူးလူးတလိမ့်လိမ့်နဲ့ ရှိနေခဲ့သည်။ မိခင်နှင့်ဖခင်တို့ကတော့ သားဖြစ်သူ ရွာအတွက် ရတက်မအေး ဖြစ်နေသည်ကိုမသိ။ နှစ်ခြိုက်စွာဖြင့် အိပ်မောကျနေကြလေသည်။

"အဖေ့ကိုလည်း တိုင်ပင်လို့မဖြစ်ဘူး၊ တော်ကြာနေ ဘ,ရာကျော်က ငါ့ကို ဒီလိုပြောဖူးထားသလားဆိုပြီး ဘ,ရာ ကျော်ကို အပြစ်မြင်နေဦးမယ်"

ဖခင်ဦးသက္ကသည် ဘ,ရာကျော်ကို အယူသီးတတ်သူ တစ်ဦးဟု မြင်ထားသည်။ ဘ,ရာကျော်၏ အကြားအမြင် ဗဟု သုတအပေါ်မှာ တလွဲမြင်လျက်ရှိသည်။

"ဖြစ်ချင်ရာဖြစ်၊ ဒီကိစ္စ ငါ့ဘာသာငါ တစ်ယောက် တည်းပဲ ရင်ဆိုင်တော့မယ်"ဟု စိတ်ဒုံးဒုံးချလိုက်သည်နဲ့ ပြန် ပြီးအိပ်ပျော်သွားခဲ့လေသည်။

❂ ❂ ❂

ကောင်းကင်ထက်မှ တိမ်မည်းကွက်ကြီးသည် အနည်း ငယ်ပို၍ ကြီးမားလာခဲ့သည်။ တချို့သတိထားမိစ ပြုလာခဲ့ ကြလေပြီ။

"ဒီတိမ်ဟာ ဒီနေရာမှာပဲ ရှိနေတာကြာပြီ၊ တဖြည်း

ဖြည်း ပိုပြီးကြီးလာတယ်၊ ဘယ်လိုသဘောပါလိမ့်"

"အေး. . ဟုတ်တယ်၊ နွေခေါင်ခေါင်ကြီးမှာ အခါမှ မိုးများရွာလေဦးမလား"

ရွာသူရွာသားများသည် သာမာန်အတွေးဖြင့် ဝေဖန်လျက်ရှိနေကြသည်။ မောင်သီဟ၏ ရင်ထဲမှာတော့ ပူလောင်လျက်ရှိနေလေပြီ။ လယ်ထဲမှာ ဖခင်၏အလုပ်များကို လုပ်ကိုင်ပေးပြီးသည်နှင့် ရွာမှမသိမသာ ထွက်လာခဲ့သည်။ ကျောမှာ မားကိုပိုးထားသည်။ ကြေးမုံဆီကိုရောက်တော့. . .။

"ဟင်. . သီဟ၊ နင်. . ငါ့ဆီကိုလာတာလား"

"ဆိုပါတော့. . နင့်ဆီက သတင်းကို ငါရချင်လို့ပဲ"

"အေး. . ငါလည်း နင့်ကိုစောင့်နေတာ၊ ဒီဦးသီလဆိုတဲ့လူကြီးက ကျောက်သုံးဆင့်တစ်ဝိုက်ကို ဘယ်သူမှမလာရဘူးလို့ မေတ္တာရပ်ခံထားတယ်"

"ဘာကြောင့်လဲ"

"ရွာအတွက် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပေးမလို့တဲ့၊ ခုနှစ်ရက်တိတိဆိုပဲ"

မောင်သီဟသဘောပေါက်သွားသည်။ ဒီလူကြီးတင်ခုခုကြံစည်နေပြီဟု။

"ကြေးမုံ. . နင့်သတင်းက တန်ဖိုးရှိတယ်၊ ကျေးဇူး





တင်တယ်"

"အမလေး. . ငါ့ကိုများ ကျေးဇူးတင်တယ်လို့ ပြောနေရသေးတယ်၊ နင်ဘာတွေလုပ်နေတာလဲဆိုတာ ငါမသိဘူး သီဟ"

"အေး. . မသိတာပဲကောင်းတယ်၊ ဒါပေမယ့် ငါ့ကိုယ်ကျိုးမဟုတ်ပဲ ရွာအကျိုးအတွက်ဆိုတာ နင်သိထားပါဟာ"

"ဪ. . တစ်ခုကျန်သေးတယ်. . သီဟ"

"ဘာလဲ. . ကြေးမုံ"

"အဲဒီခုနစ်ရက်အတွင်းမှာ စေတီကုန်းတော်ပေါ်ကိုလည်း ဘယ်သူမှမတက်ကြနဲ့တဲ့၊ သူအဓိဋ္ဌာန်ဝင်နေတဲ့အချိန်ဖြစ်နေလို့တဲ့"

မောင်သီဟမျက်မှောင်ကုပ်သွားသည်။ တစ်စုံတစ်ခုကို တွေးမိသွား၍ဖြစ်သည်။

"ကြေးမုံ. . ငါက နင့်ဆီကိုသွားမယ်လို့ အိမ်ကိုအသိပေးထားခဲ့တယ်၊ အဖေနှင့်အမေက ငါ. . နင့်ဆီမှာရှိနေမယ်လို့ထင်နေမှာပဲ၊ ကဲ. . ငါသွားမယ်. . ကြေးမုံ"

အရေးတကြီးနဲ့ထွက်သွားသော မောင်သီဟကို ကြေးမုံက နားမလည်သလိုကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

တက်ခါးနှင့်မောင်ကံတို့သည် ရွာပြင်တစ်နေရာရာမှာ

မောင်သီဟကို စောင့်နေကြသည်။ မောင်သီဟက သူတို့နှစ်ယောက်ရှိနေကြသော သစ်ပင်အောက်ကိုလျှောက်သွားပြီး။

"ဘာသတင်းထူးသေးလဲ"

"ထူးတာကတော့ ဦးသီလနှင့်သူ့တပည့်တွေဟာ သဘက်ခါကျရင် ကျောက်သုံးဆင့်ဘက်မှာ လှုပ်ရှားကြမယ်လို့ သတင်းရထားတယ်. . သီဟ"

"ဟုတ်လား. . မောင်ကံ၊ ငါလည်းထင်သားပဲ၊ သူတို့ တစ်ခုခုလုပ်ကြတော့မယ်ဆိုတာ ပြီးတော့ရှိသေးတယ်၊ စေတီကုန်းပေါ်ကို ဘယ်သူမှမတက်ရဘူးလို့ မေတ္တာရပ်ခံထားတယ် ဒါမရိုးသားတဲ့လက္ခဏာပဲ၊ ဘာဆိုတာ မင်းတို့လည်း ရိပ်မိနေလောက်ပါပြီ၊ ဒီတော့ ငါတို့သုံးယောက် လူစုခွဲပြီး လှုပ်ရှားကြမယ်၊ မင်းတို့နှစ်ယောက်က စေတီကုန်းဘက်ကိုသွားပြီး အခြေအနေကိုစောင့်ကြည့်၊ ငါက ကျောက်သုံးဆင့်ဘက်မှာ တာဝန်ယူမယ်၊ ဟုတ်ပြီလား"

"အေး. . ကောင်းတယ်၊ မင်းလည်း သတိထားပြီးလှုပ်ရှားသီဟ"

တက်ခါးက သတိပေးပြီး လူစုခွဲလိုက်ကြလေသည်။



## အခန်း-(၂၅)

အချိန်မှာ ညဦးပိုင်းကာလ။

ကျောက်သုံးဆင့်ဘက်တွင် လှိုင်းပုတ်သံများက အဆက်မပြတ် ထွက်ပေါ်လျက်ရှိသည်။ ရေလှိုင်းများသည် ကမ်းစပ်ဆီကို ပြေးလာလာပြီး ကျောက်ဆောင်များကို တဝုန်းဝုန်းဖြင့် ရိုက်ခတ်လျက်ရှိသည်။

လေကလည်း တစ်ချက်တစ်ချက်မှာ ဆောင့်ပြီးတိုက်ခတ်လာသည်။ ပင်လယ်ကဗ္ဗီးပင်များမှာ တရှဲရှဲဖြင့် အော်မြည်သွားခဲ့ကြသည်။ လမိုက်ညဖြစ်သည်။ ကမ္ဘာမြေပြင်ထက်မှာ ကြယ်ရောင်များဖြင့်သာ နုံနဲ့သော အလင်းရောင်ကို ပက်ဖျန်းထားသည်။

ထိုစဉ် ကျောက်ဆောင်အကွယ်တစ်ခုမှ ရုတ်တရက် ထွက်ပေါ်လာသော သဏ္ဍာန်နှစ်ခု ထိုသူနှစ်ဦးတို့က ကျောက်သုံးဆင့်ဘက်ကို တရွေ့ရွေ့ဖြင့် လာနေကြသည်။ သူတို့နှစ်ယောက်၏ လာနေကြပုံမှာ ထူးခြားလှသည်။ ပတ်ဝန်းကျင်ရှေ့နောက်ဝဲယာကို မလုံမလဲနဲ့ တစ်ချက်တစ်ချက် ကြည့်တတ်ကြသည်။

သူတို့ကား အခြားသူများ မဟုတ်ကြ။ ကိုကြာနှင့်ကိုသောက်တို့ပဲဖြစ်ကြသည်။

လေက တဟူးဟူး၊ တဟဲဟဲဖြင့် တိုက်ခတ်နေသည်။ နှစ်ဦးသား၏ ခြေလှမ်းများကလည်း ခပ်သွက်သွက်။ လေကိုဆန်၍ လျှောက်နေကြရသဖြင့် ခရီးမတွင်သလိုဖြစ်နေသည်။ သူတို့သည် ကျောက်ဆောင်များဘေးမှ ကပ်ပြီးတော့လျှောက်လာနေကြသည်။ မှောင်ရိပ်ကို တမင်ခိုလာကြခြင်းပင်ဖြစ်၏။ ကိုကြာနှင့်ကိုသောက်တို့၏ ကျောပြင်မှာတော့ အအိမ်နဲ့ထည့်ထားသည့် ဓားကကိုယ်စီ။

ထိုစဉ် သူတို့ဘယ်လိုမှ မျှော်လင့်မထားကြသော အခြေအနေတရပ်က ရုတ်တရက်ဖြစ်လာခဲ့သည်။ လူသုံးယောက်သည် ကျောက်ဆောင်အကွယ်တစ်ခုမှ ခုန်ထွက်လာခဲ့သည်။ သူတို့နှစ်ဦးကို ချက်ချင်းဝိုင်းထားလိုက်ကြသည်။





"ဟေ့ကောင်တွေ. . ထွက်ပြေးဖို့ မစဉ်းစားကြနဲ့"

ပေသီး၏အသံ။ ကျန်နှစ်ယောက်ကတော့ ပေသီးနှင့်စံပ။

"ကျွန်တော်တို့ အမိခံလို့မဖြစ်ဘူးကိုကြာ၊ ကိုင်း. . "

ကိုသောက်သည် ကျောထက်မှဓားကို လက်ပြန်ဆွဲထုတ်လိုက်သည်။ ကိုကြာကလည်း တပြိုင်နက်တည်းလိုလိုသူ့လက်ထဲကို ဓားကရောက်လာသည်။ လျှပ်တပြက်သလိုပဲဖြစ်သည်။ နှစ်ဦးစလုံး ဖျတ်လတ်သွက်လက်စွာဖြင့် ခုန်ဝင်သွားခဲ့ကြသည်။

ထန်!

ထန်!

သံသံချင်း ထိခိုက်သံများက လေသံတဟူးဟူးကြားမှာ ထွက်ပေါ်လာခဲ့သည်။ မီးပွင့်များ တဖျတ်ဖျတ်နဲ့ ထွက်သွားခဲ့ကြသည်။

ကိုကြာနှင့်ကိုသောက်တို့၏ဓားရေးမှာ သွက်လက်လှသည်။ ထိရောက်သည်။ ပညာပါသည်။ ဓားချက်၊ တစ်ချက်တစ်ချက်က ပြင်းထန်သည်။ အားပါပါ တိုက်ကွက်များကြောင့်သုံးယောက်စလုံး၏ ကိုယ်များသည် ယိုင်ယိုင်သွားခဲ့ကြသည်။

ပေသီး၊ စံပနှင့်သာဂရတို့၏ ဓားချက်များက ဘယ်

လို့မှမထိရောက်။ သိုင်းပညာအခြေခံသည် ကိုကြာ၊ ကိုသောက်တို့နဲ့ ဘာမှမဆိုင်။ တခြားစီ။ ကိုကြာ၏ ဓားဦးက ပေသီး၏လက်မောင်းကို ထိုးဖောက်သွားသည်။

အား!

ပေသီးက နာကျင်စွာဖြင့်အော်လိုက်သည်။ လက်ထဲမှဓား လွတ်ကျသွားသည်။ ကိုကြာနှင့်ကိုသောက်တို့၏ မျက်နှာများသည် သားရေမျက်နှာဖြင့်ပမာ တင်းမာသွားခဲ့ကြသည်။ ကျောက်ဆစ်ရုပ်တုမျက်နှာများလို အေးစက်စက်ဖြစ်သွားခဲ့ရသည်။

သာဂရနှင့်စံပတို့သည်လည်း ကြောက်ရွံ့လာကြ၏။ ဓားရေးကောင်းကြသူတွေနဲ့ ယှဉ်ပြီးတိုက်ခိုက်နေရလျှင် ခန္ဓာစဲပြီး သေပွဲဝင်သွားနိုင်ကြသည်။ မျက်တောင်တခတ်စာအတွင်း၊ လျှပ်တပြက်အတွင်း တွေဝေသွားမိစဉ်မှာပင် သူတို့၏လက်ထဲမှဓားများသည် လက်ထဲမှ လွတ်ထွက်သွားခဲ့ကြသည်။ လက်မောင်းလက်ဖျံရင်းတစ်ခုလုံး ထုံကျင်သော ဝေဒနာများကို ခံစားလိုက်ကြရသည်။

ထန်!

ထန်!

ကိုကြာနှင့်ကိုသောက်တို့၏ ဓားချက်များက သူတို့၏





ာက်ထဲမှဓားများကို ဖယ်ထုတ်လိုက်ကြခြင်းပင်။ တကယ်တော့ ြာက်စရာဓားကွက်များက သူတို့သုံးယောက်၏လည်မြိုကို ဖာက်ပြီး သွေးသောက်သွားနိုင်ကြသည်။ ဤသို့မပြုမူပဲ ညှာ ို့က်မိခြင်းသည် ကိုကြာတို့အတွက် အမှားတကွက်။

ထိုစဉ် ကျောက်တုံးကြီးတစ်ခုပေါ်မှ အရာတစ်ခုက ူတို့၏ကိုယ်ပေါ်ကိုဝဲပြီး ဖြန့်ကျက်ကာ ကျလာခဲ့သည်။

ပိုက်ကွန်တစ်ခု!

ကိုကြာနှင့်ကိုသောက်တို့ကို အုပ်မိုးသွားခဲ့သည်။

ဟင်!

ကိုကြာတို့ အထိတ်တလန့် ဖြစ်သွားခဲ့ကြသည်။ အ ြာက်အကန်နဲ့ ရုန်းထွက်ကြသည်။ သို့သော် ပိုက်ကွန်အ ုပ်ခံလိုက်ရသည်နဲ့ အားအင်တွေ ရုတ်တရက်ကုန်ခမ်းသွား လို ခံစားလိုက်ကြရသည်။ တယ်လိုမှ ရုန်းမထွက်နိုင်တော့။

"ဟား. . ဟား. . ဟား၊ နင်တို့နှစ်ယောက် ဘာတတ် ်ကြသေးလဲ၊ ငါတို့ကို အကြံအစည်တစ်ခုခုနဲ့ လိုက်ပြီးချောင်း ကြတယ်၊ ခုတော့ ငါ့လက်ထဲကို ရောက်ကုန်ကြပြီမဟုတ် ား"

အနားကိုရောက်လာသူက ဆရာကြီးဦးသီလ။

"ခင်ဗျားကြီး. . ကျုပ်တို့ကိုပြန်လွှတ်ပေး၊ မလွှတ်ပေး

ဘူးဆိုရင်တော့ ဘေးတွေ့လိမ့်မယ်"

ကိုကြာက ပိုက်ကွန်ထဲမှ အံကိုကြိတ်ပြီး ပြောလိုက်သည်။ ကိုသောက်ကလည်း. . .။

"ခင်ဗျားတို့ မအပ်မရာတွေကို ကြံစည်နေကြလို့ ကျု[ပ်]တို့က လာပြီးတားတာ၊ တားလို့မှမရပဲ ဆက်ပြီးကျူးလွန်မယ် ဆိုရင်တော့ နာမယ်၊ ကျုပ်တို့ကို မလွှတ်ပေးရင်လည်းနာမယ်"

"ဟေ့. . ငါတို့ကို ခြိမ်းခြောက်မနေနဲ့၊ မင်းတို့ ငါ့လက် ခုပ်ထဲကရေဖြစ်ကုန်ကြပြီ၊ ငါမေးတာကိုဖြေရင် သက်သာမယ် မဖြေဘူးဆိုရင်တော့ အခြေအနေမကောင်းဘူးပေါ့ကွာ၊ ဟော ဒီရေပြင်အောက်မှာ မြို့ပျက်ကြီးရှိတယ်၊ ရှေးက သူဌေး[သူ] ကြွယ်တွေ ဝှက်ထားခဲ့တဲ့ ဥစ္စာရတနာတွေ ဘယ်မှာရှိလဲပြော"

"ကျုပ်တို့က ဘာသိမှာလဲ၊ ဘာမှမသိဘူး"

"မသိဘူးမပြောနဲ့၊ မင်းတို့သိကိုသိရမယ်၊ ဟေ့. . ဒီ လတဲ့၊ မင်းတို့မပြောလည်း ငါက ပြောအောင်လုပ်လို့ရတယ် ငါ့အကြောင်း မင်းတို့မသိကြသေးဘူးထင်တယ်၊ အပွဲပွဲနွှဲ[ခဲ့] ခဲ့တဲ့ကောင်ကွ၊ မင်းတို့နဲ့ကျမှ လက်လျှော့ရမှာလား"

တောက်!

ကိုသောက်ထံမှ တောက်ခေါက်သံ ထွက်သွားသည်။ တောက်ခေါက်သံကြောင့် ဦးသီလမှလွဲ၍ ကျန်လူများအား[...]





[ကြ]က်သီးမွေးညှင်းများ ထသွားခဲ့ကြသည်။

"ငါ့ကို တက်မခေါက်နဲ့၊ နာသွားမယ်၊ ငါမေးတာဖြေ၊ [...]ရေအောက်မှာ အဖိုးတန်ပစ္စည်းတွေ ဘယ်မှာရှိသလဲ"

ဦးသီလ၏ လေသံသည် မာကျောလာသည်။

"ကျုပ်တို့က ဘာသိမှာလဲ၊ ခင်ဗျားတို့သိချင်ရင် ရေ[...]အောက်ဆင်းပြီး ရှာကြပါလား"

ဦးသီလသည် ကိုကြာနှင့်ကိုသောက်တို့၏ ပါးများကို [ဘ]ယ်ပြန်ညာပြန် ရိုက်ချလိုက်သည်။

ဖျန်း!

ဖျန်း!

"မင်းတို့က ငါ့ကိုအာခံကြတယ်ပေါ့လေ၊ အေး. . မင်း[တို့]ဘယ်လောက်တောင် ခေါင်းမာကြမလဲ၊ ငါစောင့်ကြည့်မယ်၊ [...]နက်နေမထွက်မီ မင်းတို့ဖြေကိုဖြေရမယ်၊ ဟေ့ကောင်တွေ [သူ]တို့ကို သင်ခန်းစာပေးလိုက်ကြစမ်း၊ လက်လွန်ခြေလွန်တွေ [...]ဘာ့ မဖြစ်ကြစေနဲ့ဟေ့"

ပေသီး၊ သာဂရနှင့်စံပတို့သည် ပိုက်ကွန်ထဲမှ ကိုကြာ[တို့]ဆီကို ဝိုင်းကာလျှောက်လာခဲ့ကြသည်။

"ငါ့လက်ကို ဒဏ်ရာရအောင်လုပ်တဲ့ကောင်၊ အကြွေး [...]ပ်ရမှာပေါ့ကွာ"

ပေသီးသည် ကိုကြာ၏မျက်နှာကို လက်သီးနဲ့ထိုးလိုက်သည်။ ကိုကြာက တိမ်းရှောင်လိုက်သော်လည်း မေးရိုးကို ကာထိသွားသည်။ သာဂရနှင့်စံပတို့သည်လည်း ဘေးမှ ကာ နှစ်ယောက်စလုံးကို ထိုးကြိတ်ကြလေတော့သည်။

"မင်းတို့ ဘယ်လောက် ခေါင်းမာနိုင်ကြမလဲ ကြည့်မယ်လေ"

သာဂရသည် ကိုသောက်၏ခေါင်းကို တုတ်ဖြင့်နှက် ချလိုက်သည်။ ပိုက်ကွန်ထဲမှ ကိုသောက်သည် တုတ်ကို ဖမ်း ဆွဲလိုက်သော်လည်း စံပက ကိုသောက်၏ ခေါင်းကို နောက် စေ့မှနေ၍ ရိုက်ချလိုက်လေသည်။

ခွပ်!

အား!

ကိုသောက် ပျော့ခွေပြီးလဲကျသွားသည်။ ကိုကြာ လည်း ဝိုင်းပြီးရိုက်နှက်ကြရာ ပိုက်ကွန်ထဲမှနေ၍ မည်သို့မျှ ခုခံနိုင်ရှာ။

ကိုကြာသည် သူ့အားတိုက်ခိုက်ကြသည့်သူများအား ပိုက်ကွန်ထဲမှနေ၍ မိရာဖမ်းပြီးဆွဲသေးသည်။ သို့သော် မရ သုံးယောက်နှင့်တစ်ယောက်ဖြစ်၍ ခေါင်းထဲမှာ မိုက်ကနဲဖြစ် ကာ ပုံလျက်သား လဲကျသွားခဲ့လေသည်။





"ဟော့ကောင်တွေ . . တော်တော့၊ လက်လွန်သွားဦး မယ်"

ဦးသီလက သတိပေးလိုက်သည်။ ထို့ကြောင့် သုံးဦး လုံး ဘာမှဆက်မလုပ်ကြတော့ပဲ ရပ်လိုက်ကြလေသည်။





## အခန်း – (၂၆)

မောင်သီဟသည် နားထဲတွင် ခေါ်သံလိုလို အော်သံ
လို ကြားလိုက်ရသည်။ သူရောက်နေသည့်နေရာသည်ကား
ကျောက်သုံးဆင့်ဘက်မှာဖြစ်သည်။

အချိန်ကတော့ ညကာလ။ လေက တဟူးဟူးဖြင့်
က်ခတ်နေသည်။ မြက်ရိုင်းတောကို လေတိုးသံများက တ
ဦးဖြင့် အော်မြည်နေကြသည်။ မြွေအကောင်ပေါင်းများစွာ
ဦးတွန်နေကြသလိုပင်။ ကျောက်ဆောင်များကို လှိုင်းပုတ်
သည် ပို့ပြီးကျယ်လောင်လာသလိုထင်ရသည်။

ဝုန်း . , ဝုန်း . . ဝုန်း . . . ။

ရေစက်ရေမွှားများသည်ပင် သူ့ဆီကို စင်လာခဲ့ကြ၏။

သူသည် ဦးသီလတို့အုပ်စုကို ချောင်းရန် ထွက်လာခဲ့ခြင်းပ
ဖြစ်သည်။ တက်ခါးနှင့်မောင်ကံတို့ကိုတော့ စေတီကုန်းဘက်
မှာ တာဝန်ပေးထားသည်။ သူသွားလာနေကျ နေရာဖြစ်၍
ကြယ်ရောင်လောက်နဲ့လည်း လမ်းကိုမြင်သာသည်။

မကြာမီ ကျောက်သုံးဆင့်နဲ့ အနီးဆုံးနေရာကို ရောက်
လာခဲ့သည်။ မောင်သီဟ၏ မျက်လုံးတွေသည် ကျောက်ဆော
တစ်ခုဘေးမှ သဏ္ဍာန်တစ်ခုကို မြင်လိုက်ရသည်။

ထိုကြောင့် မှောင်ရိပ်ကွယ်ပြီး တဖြည်းဖြည်းနဲ့ ချဉ်း
ကပ်သွားခဲ့သည်။ ထိုသဏ္ဍာန်ကို မှောင်ထဲမှာ ကျင့်သားရနေ
သော မျက်လုံးများဖြင့် သေချာစွာ ကြည့်လိုက်သည်။ လူနှစ်
ယောက်ကို ပိုက်ကွန်ဖြင့် အုပ်ပြီးဖမ်းထားသည်။ တိုင်တစ်တိုင်
မှာ နှစ်ယောက်ပူးကာ ကြိုးနဲ့ထပ်ချည်ထားသည်။

“ဘယ်သူတွေများပါလိမ့်”

စိတ်ဝင်စားသွားသည်။ ပတ်ဝန်းကျင်ကို အကဲခတ်
လိုက်သည်။ မည်သူ့ကိုမှ ထပ်မတွေ့ပါ။ ထို့ကြောင့် အနားကို
တိုးကပ်သွားသည်။ မျက်နှာတွေကို အသေအချာကြည့်လိုက်
တော့ . . . ။

“ဟင်. . ကိုကြာနှင့်ကိုသောက်တို့ ဘယ်လိုဖြစ်ကြတာ
လဲ”





မောင်သီဟအံ့အားသင့်သွားခဲ့ရသည်။ ကိုကြာနှင့်ကို
သောက်တို့သည် မိန်းမောနေကြသည်။ မောင်သီဟ၏အသံ
ကြောင့် သတိရသွားခဲ့ကြလေသည်။

“ညီလေး. . သီဟ၊ အစ်ကိုတို့ကို ဟိုလူကြီးဖမ်းထား
သ၊ ဟောဒီပိုက်ကွန်ကို အရင်မြန်မြန်ဖြည်ပေးပါ၊ ဘယ်လို
နေလို့မရတော့ဘူး၊ ကြာရင်သေလိမ့်မယ်”

ကိုကြာက နွမ်းနယ်သော လေသံဖြင့် ပြောလိုက်၏။
တို့ကို ပိုက်ကွန်နဲ့လုံးထွေးပြီး တင်းကျပ်စွာဖြင့် တုတ်နှောင်
ထားခြင်းပင်ဖြစ်သည်။ ထို့အပြင် ခြေလက်တွေကိုလည်း တိုင်
နှင့်တိုင်တည်းမှာကပ်၍ ကြိုးဖြင့်ချည်နှောင်ထားခြင်းဖြစ်၏။

ကိုယ်လက်တွေကို လှုပ်ရှား၍မရသဖြင့် အနေရခက်
လိမ့်မည်။ မောင်သီဟသည် သူတို့ကို သနားသွားသည်။
သည့်အကြောင်းကြောင့် အခုလို ဖမ်းထားရသလဲဆိုတာ
မမေးတော့၊ ပိုက်ကြိုးတွေ၊ လက်မှုကြိုးတွေကို ဓားဖြင့်
တောက်ပေးလိုက်သည်။

ကိုကြာနှင့်ကိုသောက်တို့သည် အနှောင်အဖွဲ့မှ လွတ်
က်သွားခဲ့ကြ၍ ဝမ်းမြောက်သွားခဲ့ကြသည်။

“ကျေးဇူးတင်လိုက်တာ ငါ့ညီရာ၊ မင်းသာရောက်မ
ခဲ့ရင် အစ်ကိုတို့ ဒီထက်မက ဒုက္ခရောက်ရတော့မယ်”

ကိုသောက်က ဝမ်းသာစွာဖြင့်ပြောလိုက်သည်။

"ဟင်. . အစ်ကိုတို့မျက်နှာပေါ်မှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ပါလား၊ ဒီလူကြီးက အစ်ကိုတို့ကိုဖမ်းပြီး ဘာဖြစ်လို့နှိပ်စက်ရတာလဲ"

"ပစ္စည်းတောင်းတာကွာ၊ ငါ့ညီဒီလောက်ပဲ နားလည်ထားတော့၊ သူဟာ လူယုတ်မာကြီးတစ်ယောက်ဆိုတာ အမှန်ပဲ၊ ခုရင်ပိုင်းမှာ ငါ့ညီ. . သူတို့ကို လုံးဝအလစ်မပေးနဲ့တော့၊ သူ့တပည့်တွေ ဟိုဘက်မှာ သောက်စားမူးယစ်နေကြတယ် မသွားနဲ့၊ ကဲ. . အစ်ကိုတို့အတွက် အချိန်မရှိတော့ဘူး၊ ပြန်မယ်"

"ဟာ. . ကိုကြာတို့က ဘယ်ကိုပြန်ကြမလို့လဲ"

"လှေဆီကိုပေါ့၊ မလိုက်ခဲ့နဲ့၊ အရေးကြုံရင် အစ်ကိုတို့လည်းမနေဘူး၊ ဝိုင်းပြီးကူမယ်"

"မဟုတ်သေးဘူးလေ၊ ကျွန်တော်နဲ့ ရွာကိုလိုက်ခဲ့ပါ၊ ဒီအချိန်ကြီးမှာ လှေဆီကို မပြန်ကြနဲ့တော့"

"ရွာကို မလိုက်တော့ပါဘူးကွာ၊ အစ်ကိုတို့မှာတာကို မမေ့နဲ့၊ ဒီလူယုတ်မာတွေကို မပယ်ရှားနိုင်ခဲ့ရင် မျက်နှာမည်းကြီးငိုလိမ့်မယ်၊ မင်းတို့ရွာကြီး ကပ်ဆိုက်လိမ့်မယ်၊ မင်းအစွမ်းကုန်ကြိုးစားပြီး တိုက်ထုတ်ပါ"





ကိုကြာသည် မောင်သီဟပခုံးကို တင်းကြပ်စွာဖြင့်ဆုပ်ကိုင်ကာ မှောင်ထဲမှာ ပြေးထွက်သွားခဲ့သည်။ တခဏအကြာတွင် ကျောက်ဆောင်တွေကို လှိုင်းပုတ်သံလား။ ရေထဲကို တစ်စုံတစ်ခုကျသွားသည့် အသံများပေလား။ ခွဲခြား၍မရသောအသံများက ထွက်ပေါ်လာခဲ့သည်။ မောင်သီဟလည်းထိုနေရာမှ ပြန်လှည့်ပြီး ထွက်လာခဲ့လေသည်။

✪ ✪ ✪

"တောက်! မင်းတို့ကို ငါသေသေချာချာ မှာထားခဲ့ပါလျက်နဲ့၊ ဂရုမစိုက်ဘူး၊ ခုတော့ လွတ်သွားကုန်ကြပြီ၊ ဒီလိုအခွင့်အရေးမျိုး နောက်တစ်ခါရဖို့ မလွယ်တော့ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

ဦးသီလသည် ဇရပ်ပေါ်တွင် သူ့လူများကို ဆူပူကြိမ်းမောင်းလျက်ရှိသည်။ မျက်နှာကြီးနီမြန်းကာ ဘယ်လိုမှခွင့်မလွှတ်နိုင်သော အခြေအနေမျိုးမှာရှိနေသည်။ သာဂရက. .။

"ကျွန်တော်တို့ ဂရုစိုက်ပြီး စောင့်ကြည့်နေခဲ့ပါတယ်ဆရာကြီး၊ သူတို့မလွတ်တန်ဘူးထင်ပြီး စိတ်ချလက်ချနေခဲ့ကြဘာပါ၊ တစ်ဦးတစ်ယောက်က သူတို့ကို အကူအညီပေးသွား

တာပဲဖြစ်ရမယ်"

"မင်းတို့ သောက်စားမူးယစ်နေကြတော့ မင်းတို့ပြောတဲ့ တစ်ယောက်ယောက်က ဝင်ကယ်နိုင်တဲ့ အခွင့်အရေးရသွားခဲ့တာပေါ့ကွ၊ သူတို့ထွက်သွားခဲ့တာ သိပ်နစ်နာတယ်ကွ၊ ငါတို့လိုချင်တဲ့ ပစ္စည်းတွေ ဘယ်မှာရှိတယ်ဆိုတာ သူတို့ပဲသိနိုင်တယ်၊ ခုတော့ကွာ"

ကြိတ်မနိုင်ခဲမရဖြစ်နေသည့် ဦးသီလ၏ မျက်နှာကြီးသည် ခုမှမသူတော်ရုပ် ပိုပြီးတော့ပေါက်လာခဲ့သည်။ နောက်တော့ စိတ်လျှော့ချလိုက်ဟန်တူသည်။

"အေးလေ. . ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ၊ တစ်ခုတော့ရှိတယ်၊ နောက်လုပ်မယ့် အစီအစဉ်တွေကိုတော့ မပျက်စီးစေနဲ့၊ ဒီလူနှစ်ယောက်ကို ငါပြန်ပြီးဖမ်းမိအောင် ကြိုးစားရမှာပေါ့ကွာ"

"ကျွန်တော်တို့ နောက်ကိုဒီလိုမဖြစ်စေရပါဘူး. . ဆရာကြီး"

စံပနှင့်ပေသီးတို့သည် ကတိပေးကြသည်။ ဦးသီလမှာသူတို့မပါလျှင် မဖြစ်သည့်ကိစ္စများရှိနေသည့်အတွက် သိပ်ပြီးမဆူရဲ။

"သူတို့နှစ်ယောက်ကို ဘယ်သူကယ်သွားတယ်ဆိုတာ





ငါသိတယ်ကွ၊ ဟို. . သီဟဆိုတဲ့ ကောင်လေးပဲဖြစ်ရမယ်၊ ဒီကောင် ငါတို့အလုပ်ကို ကောင်းကောင်းသိနေပြီ၊ မင်းတို့ သူ့ကိုစောင့်ကြည့်နေကြ၊ လစ်ရင်အပြတ်ရှင်းပစ်၊ လူမသိစေနဲ့"

ကောင်းကင်ထက်မှ တိမ်တိုက်သည် တဖြည်းဖြည်းနဲ့ ကြီးထွားလာခဲ့ပြီဖြစ်သည်။ ကျောက်စည်ရွာသားများမှာ ခုမှပင် သတိထားမိလာကြသည်။

"တိမ်တိုက်ကြီးက တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာပါလား၊ ဒီနေရာမှာ မရွေ့မလျားနဲ့ရှိနေတာကြာပြီ၊ ခုတော့ ပိုပြီးတော့ ကြီးထွားလာနေတယ်"

"အေးနော်. . ဟုတ်တယ်၊ ဘယ်လိုသဘောလည်းမသိဘူး"

တစ်ယောက်တစ်ပေါက်နဲ့ ပြောဆိုနေကြသည်။ ထင်မြင်ချက်တော့ မပေးတတ်ကြ။

"ညညကျရင်လည်း မောင်းတီးသံလိုလို၊ စည်တီးသံလိုလို တစ်ခါတစ်ခါမှာ ကြားရတယ်"

"ဟာကွာ. . မဟုတ်တာ၊ ညဘက်မှာ လေပြင်းတိုက်လို့ ကျောက်ဆောင်တွေဆီက ရိုက်ခတ်ပြီးထွက်လာတဲ့ အသံတွေပါကွ"

"မဟုတ်ပါဘူး၊ ပင်လယ်ထဲမှာ လှိုင်းလုံးတွေ အချင်း

ချင်းရိုက်ခတ်ပြီး ထွက်လာတဲ့အသံတွေပဲဖြစ်ရမယ်"

ညဘက်မှာ ထွက်ပေါ်လာသည့် အသံနှင့်ပတ်သက်ပြီး အမျိုးမျိုးပင် မှတ်ချက်ပေးနေကြသည်။

ကျောက်စည်ရွာကား အနည်းငယ် လှုပ်ရှားလာခဲ့ပြီဖြစ်သည်။ ဘ,ရာကျော်သည် မိုးတိမ်ကြီးကို ထွက်ထွက်ကြည့်ပြီး ရင်တမမနဲ့ ဖြစ်နေရသည်။

"အင်း. . မပြောကောင်းပြောကောင်း ဖြစ်မလာရင်တော့ကောင်းပါရဲ့၊ ဖြစ်လာခဲ့ရင်တော့ အားလုံးကိုယ်ကျိုးတွေနည်းကုန်တော့မှာပဲ"

"ဘ. . ဒီရန်ကို ကျွန်တော်နှိမ်နင်းမယ်၊ ခုအချိန်မှာ ဦးသီလတို့ကို လူတွေက သိပ်ပြီးကြည်ညိုနေကြတာ၊ ဦးသီလရဲ့ အသက်ာစရာအကြောင်းတွေကို ပြောပြရင် ဘယ်သူကမှ လက်ခံကြမှာမဟုတ်ဘူး၊ ပြောတဲ့သူတောင် အပြစ်ဖြစ်ဦးမယ်"

"အေး. . လူလေးပြောတာမှန်တယ်၊ အဲဒီတော့ တစ်ရွာလုံးနှင့်တစ်ယောက်၊ ဘယ်သူကမှန်မလဲဆိုတာ စောင့်ကြည့်ကြသေးတာပေါ့၊ ဘသတိပေးလိုက်မယ်၊ သူတို့နဲ့ရင်ဆိုင်တဲ့အခါမှာ လူလေးကိုယ့်အသက်ကို တတ်နိုင်သလောက် ကာကွယ်ပါ၊ သတိထားပါ"

"စိတ်ချပါ. . ဘ၊ ကျွန်တော်သတိထားပါ့မယ်"



**အခန်း-(၂၇)**

ကြယ်ရောင်လေးတွေကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို မြင်သာထင်သာရှိနေခဲ့သည်။

ရွှေစာရံစေတီတော်တည်ရှိရာ စေတီကုန်းပေါ်ကို လူသုံးယောက်က တက်လာခဲ့ကြသည်။ သုံးယောက်စလုံး၏မျက်နှာအသီးသီးကို ပုဝါများဖြင့် စည်းထားကြသည်။ သူတို့သည် ...း၊ ဆောက်၊ တူအစရှိသော ပစ္စည်းများကို အိတ်တစ်လုံးဖြင့် ...ည့်ပြီး ယူလာကြသည်။

ဇောင်းတန်းကမတက်ကြပဲ ကမ်းခြေဘက်မှ တက်လာခဲ့ကြခြင်းဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် စကား...ပြောကြ။ တောင်ကုန်းထက်ဆီကိုရောက်အောင် ဇောနဲ့တက်

လာခဲ့ကြသည်။

မကြာမီ စေတီတော်ရှိရာကို တန်းပြီးရောက်လာခဲ့ကြသည်။ ရှေ့ဆုံးမှလူသည် ဦးသီလ၏ လက်ရင်းတပည့် ပေသီး ဖြစ်သည်။

"ဟေ့ကောင်တွေ. . ဟိုကြည့်ဒီကြည့်လုပ်မနေနဲ့ကွ လုပ်စရာရှိတာကို မြန်မြန်လုပ်ကြ"

သာဂရနှင့်စံပတို့က အခြေအနေကို သဘောပေါက်သွားကြသည်။ စံပက စေတီတော်ကိုဖက်ပြီး အပေါ်ကိုတက်မည်ပြုသည်။ သာဂရနှင့်ပေသီးက ပါလာသော ဖောက်ထွင်းကိရိယာပစ္စည်းများကို အောက်သို့ချလိုက်ကြသည်။ ပစ္စည်းများကို အိတ်ထဲမှထုတ်ပြီး လုပ်ငန်းစရန် ပြုလိုက်သည်နှင့်

"ဟေ့ကောင်တွေ. . မင်းတို့အကြံအစည်တွေ ဒါးကုန်ပဲလား"

မမျှော်လင့်ပဲ လူသုံးယောက်က တစ်နေရာမှ ထွက်လာခဲ့ကြသည်။ မောင်သီဟ၊ မောင်ကံနှင့်တက်ခါး။

ဟင်!

သုံးယောက်စလုံး အထိတ်တလန့်ဖြစ်သွားခဲ့ကြသည် ပေသီးသည် အခြေအနေကို ချက်ချင်းသဘောပေါက်သွားကြပြီး. . .။



"ဟေ့ကောင်တွေ. . ပြေး. . ပြေးကြ"

သတိပေးလိုက်သည်နှင့် နေရာမှထပြေးကြ၏။ မည်သည့်ပစ္စည်းကိုမှ မယူနိုင်ကြ။

သို့သော် မောင်သီဟတို့က အလွတ်မပေးပဲ လိုက်ကြသည်။ တောင်ကုန်းအတိုင်း ဆင်းပြေးကြသည်။ မောင်သီဟတို့က သူတို့ထက် ပိုပြီးသွက်သည်။ မြေပြင်ပေါ်ရောက်သည်နှင့် သုံးဦးစလုံးကို ဝိုင်းထားလိုက်ကြသည်။

ပေသီးတို့သည် ကျောမှဓားများကို ဆောင်ယူလာကြသည်။ မထူးတော့ပြီ။ ဓားကိုယ်စီထုတ်လိုက်ကြသည်။

"ဩော်. . မင်းတို့က ဒီလိုလား၊ ကောင်းတယ်ကွာ၊ ယောကျ်ားတွေပီပီ ဒီလိုသတ္တိရှိမှပေါ့"

မောင်သီဟကပြောပြီး လက်ထဲမှဓားကို လေထဲမှာ ဝှေ့ရမ်းလိုက်သည်။

ဝှစ်. . ဝှစ်. . ဝှစ်။

မောင်ကံနှင့်တက်ခါးတို့သည်လည်း ဓားကိုယ်စီပြင်ဆင်ထားလိုက်ကြသည်။ ပေသီးက ပြေးဝင်လာသည်။ မောင်သီဟဟသည် ပန်းကုံးဖြတ်ခုတ်ချလာသော ပေသီး၏ဓားချက်ကို တစ်ကွက်ဆုတ်ကာ ရှောင်လိုက်သည်။ ညာခြေတစ်ကွက်ဆုတ်ကာ ဘယ်လက်ဖြင့်ပုတ်ပြီး ပေသီး၏ဓားလက်ကိုင်အား

ဖယ်ရှားပစ်လိုက်သည်။

အရှိန်ဖြင့် ကိုယ်လုံးချင်း ပူးဝင်လာသော ပေသီး၏ အရှိုက်ဆီကို ညာဒူးက ပင့်ပြီးတိုက်ချလိုက်သည်။

အား!

ပေသီးမျက်နှာကြီးရှုံ့မဲ့သွားသည်။ ဓားလည်း လွတ်ကျသွားသည်။ သာဂရနှင့်စံပတို့က မောင်ကံနှင့်တက်ခါးတို့ကို ခပ်ကြမ်းကြမ်းပင် ဝင်ပြီးတိုက်ခိုက်သည်။

ထန် . . ထန် . . ထန်။

မောင်ကံနှင့်တက်ခါးတို့ကလည်း ဓားရေးမညံ့ကြ။ ဝင်လာသော ဓားချက်များကို ပြန်ပြီးပက်ထုတ်နိုင်ခဲ့ကြသည်။ တရစပ်တိုးဝင်ပြီး တိုက်ခိုက်ကြသည်။

သာဂရနှင့်စံပတို့မှာ တစ်ဖက်မှ တိုက်ခိုက်လာသော ဓားချက်များကို မနည်းဖယ်ရှားနေရသည်။ သတိလစ်ခဲ့လျှင် ကိုယ်ထဲကို ဖောက်ပြီးဝင်သွားနိုင်သည်။ မှောင်ကလည်းမှောင်နေသည်။ ဝိုးတဝါးမြင်ကွင်းမှာ လက်၏လှုပ်ရှားမှု သွက်လက်စွာ လှုပ်ရှားနေသောဓား၊ မနည်းကြီးကို သတိထားပြီး ကြည့်နေရသည်။

သာဂရနှင့်စံပတို့သည် တာရှည်မတိုက်ခိုက်နိုက်ကြ။ ဓားရေးညံ့သူများ ဖြစ်ကြသည်။ ထို့ကြောင့် ဆက်လက်ပြီး မ





ဘိုက်ခိုက်ကြတော့ပဲ ချာကနဲဆိုလှည့်ကာ ပြေးထွက်သွားကြသည်။ သူတို့ပြေးကြတော့ ပေသီးလည်း လိုက်ပြေးသည်။

"ဒီကောင်တွေ မလွတ်ကြစေနဲ့၊ တစ်ယောက်ယောက်ကိုတော့ မိအောင်ဖမ်းပြီး လူကြီးတွေရဲ့လက်ထဲကိုအပ်ရမယ်"

မောင်သီဟသည် တစ်ယောက်ယောက်ကိုတော့ မိအောင်ဖမ်းမည်ဟု ဆုံးဖြတ်ချက်ချထားသည်။ သို့မှသာလျှင် သူတို့ယုံကြည်စိတ်ချနေကြသူများသည် လူဆိုးတွေလား။ လူကောင်းလားဆိုတာ သိကြရလိမ့်မည်။

သာဂရနှင့်စံပမှာ ပြေးရင်းနဲ့ ကျောက်ဆောင်တွေကြားထဲမှာ ပျောက်ကွယ်သွားသည်။ ပေသီးနောက်ကို မျက်ခြည်မပြတ် တန်းပြီးလိုက်လာသူကတော့ မောင်သီဟ။ သူကုန်းပေါ်မှာ ဆက်ပြီးပြေးလျှင် ဘယ်လိုမှ မလွတ်နိုင်ဘူးဆိုတာကို သိသည်။ ထို့ကြောင့် ရေထဲကို ခုန်ချလိုက်သည်။

ဝုန်း!

"ဟား . . ဟား . . ဟား၊ လိုက်လာခဲ့လေကွာ"

ပေသီးက မောင်သီဟကို စိန်ခေါ်လိုက်သည်။ ကူးပြေးသည်။ မောင်သီဟသည် ပေသီး၏ အမူအရာကြောင့် အံ့အားသင့်သွားခဲ့ရသည်။ မခံချင်စိတ်လည်း ဖြစ်ပေါ်သွားသည်။ ရေထဲကိုဆင်းပြီး လိုက်မည်ပြုစဉ်မှာပင် မမျှော်လင့်

သော အခြေအနေတစ်ရပ်က ဖြစ်ပေါ်လာခဲ့လေသည်။

မှောင်ရိပ်သန်းနေသော ရေပြင်တစ်နေရာမှာ လှိုင်းလုံးကြီးတစ်ခုက အလိုလိုဖြစ်ပေါ်လာခဲ့သည်။ ဝဲဂယက်များလည်း ရိုက်ခတ်သွားခဲ့သည်။

မည်းမည်း သဏ္ဌာန်ကြီးတစ်ခုသည် ရေမျက်နှာပြင်ထက်သို့ ဘွားကနဲဆို ပေါ်လာခဲ့လေသည်။ ပေသီးသည် သူ့မျက်နှာနားမှာ ကပ်ပြီးပေါ်လာသောအရာကို ရုတ်တရက်မြင်လိုက်ရသောအခါ. . ။

အမလေး!

အလန့်တကြားဖြင့် အော်လိုက်လေသည်။ နောက်ကြောင်းကိုလှည့်ပြီး ပြန်ကူးပြေးမည် ပြုလိုက်သည်။ နောက်ကျသွားခဲ့လေပြီ။ မည်းမည်းသတ္တဝါကြီးသည် ပေသီးကိုထိုးပြီးဟပ်လိုက်သည်။

အား!

ပေသီးသည် ထိုသတ္တဝါကြီး၏လက်ထဲမှာ မြောက်ကနဲဆို ပါသွားခဲ့လေသည်။

ဟင်!

မောင်သီဟ၊ မောင်ကံနှင့်တက်ခါးတို့သည် ပါးစပ်အဟောင်းသားနဲ့ ဖြစ်သွားခဲ့ရသည်။ ပေသီးမှာ မိကျောင်းကြီး၏





ပါးစပ်ထဲသို့ ပါသွားခဲ့သည်ကို မြင်နေကြလျက်နဲ့ မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ရသည်။

"သီဟ. . သီဟ၊ မိ. . မိကျောင်းကြီးကွ၊ ပေ. . ပေသီးကိုကိုက်သွားပြီ"


တက်ခါးသည် တုန်တုန်ရီရီဖြင့် ပြောလိုက်သည်။

"ဟုတ်. . ဟုတ်တယ်၊ မိကျောင်းကြီး ပြန်. . ပြန်ပြီးရောက်လာပြီကွ"

မောင်ကံကလည်း တုန်ရီသော လေသံဖြင့် စိတ်လှုပ်ရှားစွာ ပြောလိုက်လေသည်။ မိကျောင်း. . မိကျောင်းနဲ့ပြောနေလိုက်ကြသည်မှာ ခုတော့ မျက်မြင်ဒိဋ္ဌကြုံတွေ့လိုက်ကြရတော့မှ ယုံကြည်သွားခဲ့ကြရလေတော့သည်။

"လာ. . လာကွာ၊ ပြန်ကြမယ်"

တက်ခါးသည် မောင်သီဟ၏လက်ကို ဆုပ်ကိုင်ကာစိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။ သုံးဦးသား ရွာကိုလှည့်ပြန်ခဲ့ကြလေသည်။





## အခန်း-(၂၈)

"ဘာကွ. . . မင်းတို့က ဦးသီလကို မသက်ါကြဘူးဟုတ်လား၊ သူတော်ကောင်းကို မင်းတို့က ပြစ်မှားနေကြတာရှုးနေကြသလား"

သူကြီးဦးကျောက်လုံးသည် မောင်သီဟတို့ကို ကြိမ်းမောင်းကာ ပြောဆိုလိုက်သည်။

"ဒီမှာ. . သူကြီး၊ ကျွန်တော်တို့က အကြောင်းအရာတစ်ခုကို သေသေချာချာ မလေ့လာပဲ မပြောပါဘူး၊ ခိုင်လုံတိကျတဲ့ အထောက်အထားတွေရှိလို့ သူကြီးကို လာအကြောင်းကြားတာပါ"

ဘုရားကြီးကုန်းပေါ်မှာ သူတို့ပစ်ပြီးပြေးခဲ့တဲ့ လက်

နက်ကိရိယာတွေကို ကျွန်တော်တို့ ယူလာပြီးအပ်တာပဲမဟုတ်လား၊ ဒီလူသုံးယောက်က မကောင်းမှုတစ်ခုခုကို ကျူးလွန်နေကြဆဲမှာ လူမိသွားပြီး ထွက်ပြေးကုန်ကြတယ်၊ တစ်ယောက်ကိုတော့ မိကျောင်းဆွဲသွားတယ်၊ ဘယ်သူလဲဆိုတာတော့ မသိဘူး"

"ဟုတ်တယ်. . သူကြီး၊ ဒီလူတွေဟာ ဘုရားရဲ့ ဌာပနာပစ္စည်းတွေကို ဖောက်ယူဖို့ကြိုးစားကြတယ်၊ လူမိတော့ အကြံအစည်မအောင်မြင်ပဲ ထွက်ပြေးကြတယ်"

မောင်ကံကပါ ဝင်ပြောသည်။ တက်ခါးက. . .။

"မယုံမရှိနဲ့. . သူကြီး၊ ဖြစ်ခဲ့တာတွေကတော့ အမှန်ပဲ"

"ဦးသီလက ဒီဘုရားပေါ်မှာ အမိဌာန်ဝင်ဖို့ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ စေတီကုန်းပေါ်ကို မတက်ကြပါနဲ့လို့ မေတ္တာရပ်ခံထားတာ၊ မင်းတို့က ဘာသွားလုပ်တာလဲ"

"ဦးသီလဟာ အကြံအစည် တစ်ခုခုရှိနေလို့ စေတီကုန်းပေါ်ကို ဘယ်သူမှမတက်ကြဖို့ သူကြီးကတဆင့် ပြောခိုင်းထားတာကိုသိတယ်၊ ဒါပေမယ့် ဒီလူကြီးကိုမယုံဘူး၊ သူ့မှာ အကြံအစည်တစ်ခုခုရှိနေလို့ပဲ ဖြစ်ရမယ်၊ ဒါကြောင့်မို့လို့ ရွာရဲ့ အရေးကိစ္စအတွက် ကျွန်တော်တို့လူငယ်တွေမှာ တာဝန်





ရှိကြလို့ လိုက်စုံစမ်းကြတာပေါ့"

မောင်သီဟကပြောသည်။

"မင်းတို့က ငါ့ကိုခွင့်မတောင်းပဲ စေတီကုန်းပေါ်တက်ကြတယ်"

"သူကြီး. . အမျိုး၊ ဘာသာ၊ သာသနာကို ထိခိုက်လာမယ့်အလုပ်မျိုးဆိုရင် ကျွန်တော်တို့က ဖယ်ရှားပစ်ရမှာပဲ၊ သူကြီးက ဒီမသူတော်ကြီးရဲ့ စကားကို နားယောင်ပြီး လက်ခံနေဘာ၊ ကျောချမှ ဓားပြမှန်းသိလိမ့်မယ်၊ ဒီရွာရဲ့ ဆိုးကျိုးတစ်ခုခုဖြစ်လာရင် သူကြီးမှာတာဝန်ရှိတယ်"

သူကြီးဦးကျောက်လုံးသည် မောင်သီလ၏ စကားကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်။

"သီဟ. . မင်းက ငါ့ကိုဆရာလုပ်တာလား၊ ဒီရွာမှာ ငါကလူကြီး၊ သူကြီးတစ်ယောက်ပဲ၊ ဘယ်ကိစ္စမဆို ငါဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ဒီစူးဆောက်တန်ဆာပစ္စည်းတွေကို ယူလာပြီးပြတိုင်း ငါကယုံရမှာလား၊ လူတစ်ယောက်ကို မိကျောင်းဆွဲသွားတယ်ဆိုတာလည်း ငါမယုံဘူး၊ မင်းတို့က ဦးသီလကို လက်မခံချင်တာနဲ့ အကြောင်းအမျိုးမျိုးပြပြီး သိက္ခာချကြတယ်၊ ဘာမိကျောင်းမှ မရှိဘူး၊ မိကျောင်းက ရေကြောင်းမှားပြီး ဒီကိုရောက်လာခဲ့တာ၊ ခုပင်လယ်ထဲကို ပြန်ဆင်းသွားပြီ၊ မင်းတို့

ငါ့ကိုအပိုတွေ လာပြောမနေကြနဲ့၊ သုံးယောက်စလုံး ထိ...
စာမိကုန်ကြလိမ့်မယ်”

တက်ခါးသည် သူကြီးဦးကျောက်လုံး၏ရှေ့မှာ ...
လိုက်ပြီး. . .။

“မင်းထင်ကို မိကျောင်းကိုက်တုန်းက သူကြီးကိုယ်တိုင်...
မိကျောင်းကိုနှိမ်နှင်းဖို့ကြိုးစားတယ်၊ ခုတစ်ခါ သူများကိုကိုထိ...
သွားတယ်ဆိုတော့ မယုံဘူးတဲ့၊ သူကြီးစကားအမျိုးမျိုး ပြော...
တယ်”

“ဟေ့ကောင်တွေ. . မင်းတို့ ထွက်သွားကြစမ်း၊ ကြာ...
ရင် ငါဖမ်းချုပ်ထားမိမယ်”

မောင်သီဟသည် လက်သီးကို ကျစ်ကျစ်ပါအောင်
ဆုပ်ထားလိုက်ပြီး. . .။

“လာကွာ. . သွားကြမယ်၊ သူကြီးဟာ နားလည်မှုမရှိ...
ဘူး၊ သူနဲ့ဆက်ပြီးပြောလည်းအပိုပဲ”

သုံးယောက်သား လှည့်ထွက်လာခဲ့ရာ လူတစ်ယောက်
က မောင်သီဟ၏ရင်ဘတ်ကို လက်ဝါးဖြင့် ပုတ်လွတ်လိုက်
သည်။

“ဟေ့ကောင်. . သီဟ၊ မင်းက လူတွင်ကျယ်လာလို့
တာလား၊ ငါ့အဖေကို ငေါက်လားငမ်းလားနဲ့”





“ငါတို့က ဒီမှာလာပြီး တိုင်ပင်တာကို လက်မခံပဲ ကိုယ်
ထင်တာပြောနေလို့”

ထိုနောက် မောင်ကံနှင့်တက်ခါးတို့ကို မကျေမနပ်နဲ့
ကြည့်လိုက်ပြီး. . .။

“မင်းတို့က သီဟနဲ့ပေါင်းလိုက်ကြပြီပေါ့လေ၊ ငါပေး
ကျွေးထားတဲ့ ကျေးဇူးကိုတောင်မှ သတိမရကြတော့ဘူးပေါ့
ဟုတ်လား”

“မဆိုင်ဘူး. . မင်းထင်၊ ခုကိစ္စဟာ တစ်ရွာလုံးနဲ့ဆိုင်
တဲ့ အရေးကိစ္စ၊ မင်းအဖေက သူများပြောစကားကို ယုံလွယ်
တယ်၊ ငါတို့တိုင်ပင်တာကို လက်မခံဘူး”

မောင်ကံကရှင်းပြသည်။

“မလိုပါဘူးကွာ၊ မင်းတို့က စိတ်ကူးလွဲနေကြတဲ့သူ
တွေပဲ၊ ဆရာကြီးဦးသီလရဲ့ အကြောင်းကို မကောင်းပြောတာ
အဖေတင်မဟုတ်ဘူး၊ ဘယ်သူမှ လက်မခံဘူး”

မောင်သီဟက မင်းထင်၏ပါးကို လက်ဝါးဖြင့် ပုတ်
ထုတ်လိုက်ပြီး. . .။

“အေး. . ဘယ်သူမှလက်မခံလည်း ငါတို့က ကိုယ့်စ
ကားကို လက်ခံတယ်ကွ၊ သီဟတဲ့. . မှန်တာကို ပြောတယ်၊
မှန်တာကိုလုပ်တယ်၊ ဘာဖြစ်သေးလဲ၊ မင်းလည်း မသူတော်

နဲ့ပေါင်းပြီး မသူတော်တပည့်ဖြစ်သွားလိမ့်မယ်၊ သတိထား"

ပြောပြီးထွက်သွားခဲ့ကြရာ မောင်ကံနှင့်တက်ခါးတို့သည်လည်း နောက်မှလိုက်သွားခဲ့ကြလေသည်။ သူကြီးနှင့်ရွာသူရွာသားများမှာ တအံ့တသြဖြင့် ကျန်ရစ်ခဲ့ကြလေသည်။



## အခန်း - (၂၉)

ကောင်းကင်ထက်မှာ တိမ်မည်းမည်းကြီးတွေက ပိုပြီးထူထပ်လာသည်။ ကျယ်ပြန့်လာခဲ့သည်။ ကျောက်စည်ရွာတစ်ရွာလုံး မှောင်အတိကျနေသည်။ တစ်ရွာလုံးလည်း ပိုပြီးတော့ သတိထားလာခဲ့ကြပြီ။ ကျောက်စည်ရွာသာမက ရွာနီးနားချင်းတွေလည်း အရိပ်မည်းကြီး၏ ကူးစက်လွှမ်းမိုးမှုကို ခံနေကြရသည်။

"နွေခေါင်ခေါင်မှာ မိုးရိပ်တွေဆင်လာတယ်၊ အခါမဲ့မိုးက ရွာဦးမယ်ထင်တယ်"

"မိုးကြီးနိုင်တယ်၊ ဒီအတိုင်းဆိုရင်တော့ ပြဿနာပဲ၊ ဒီမိုးဟာ ဒုက္ခကောင်းကောင်းပေးနိုင်တယ်"

"မိုးရိပ်တွေ တဖြည်းဖြည်းနဲ့ ဆင်နေတာကကြာပြီ၊ ခုဆိုရင် တိမ်မည်းမည်းကြီးတွေဟာ တပြန့်တပြောကြီးကိုဖြစ်နေပြီ၊ ရွာပဲမရွာနိုင်သေးဘူး"

"မကြာခင်မှာ ရွာချတော့မှာ၊ တိမ်ကနိမ့်ဆင်းလာပြီ"

တစ်ယောက်တစ်ပေါက်နဲ့ ပြောဆိုနေကြသည်။ တစ်ချို့က အလိုလိုနေရင်းနဲ့ လန့်နေကြသည်။ မိုးကြီးရွာပြီးတော့ တောင်ကျရေ ဝါးလုံးထိုးဆင်းလာမှာကို ကြောက်နေကြသည်။

ထိုအချိန်တွင် မောင်သီဟ၊ မောင်ကံနှင့်တက်ခါးတို့သည် ရွာထဲမှာရှိမနေကြ။ သူတို့သုံးယောက် ပျောက်နေကြသည်ကို အားလုံးက သတိထားနေမိကြသည်။ တကယ်တော့ သူတို့သုံးယောက်သည် ရွာပြင်မှာရှိနေကြကာ ခရီးတစ်ခုကို တက်သုတ်နှင်ပြီးသွားနေကြသည်။

"သတင်းအရဆိုရင်တော့ ဦးသီလတို့ဟာ ကျောက်သုံးဆင့်နဲ့ မနီးမဝေးမှာ ရှိနေကြတယ်ကွ၊ သူတို့ ဒီရွာကနေထွက်သွားချင်ယောင်ဆောင်ပြီး ပြန်ခိုနေကြတာ"

"ဟုတ်တယ်၊ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ် သီဟ၊ ကောင်းတဲ့အကြံအစည်တော့ မဖြစ်နိုင်ဘူး"

မောင်ကံက ပြန်ပြောလိုက်သည်။ ရှေ့ဆုံးမှသွားနေသော တက်ခါးသည် ခြေလှမ်းတွေကို နှေးပစ်လိုက်ပြီး လက်





ာပြလိုက်သည်။ ထူးခြားချက်ရှိပြီဟူသည့်သဘော။

သူတို့ရောက်နေကြသည်မှာ ကျောက်ဆောင်များထူသပ်သော ကမ်းစပ်တစ်နေရာ။ ရေလှိုင်းများသည် တဝုန်းဝုန်းဖြင့် ရိုက်ခတ်နေကြသည်။ တစ်ချို့နေရာများတွင် ဝဲဂယက်များ ထနေကြကာ တဟဲဟဲဖြင့် အော်မြည်နေကြသည်။

စကားပြောဆိုနေသံအချို့သည် သူတို့၏ နားထဲသို့ ရောက်လာကြသည်။ တိုးတိုးပြောနေကြပေမယ့်လည်း လေအောက်မှာရောက်နေကြ၍ တစ်ချက်တစ်ချက်မှာ ကြားနေကြရလေသည်။

မောင်သီဟတို့သည် ကျောက်ဆောင်တွေ ဘေးနားမှာ ကပ်ပြီးတော့ လျှောက်သွားကြသည်။ လှိုင်းပုတ်သံများကြောင့် သူတို့၏ခြေသံကို မည်သူကမှ ကြားနိုင်ကြလိမ့်မည်မဟုတ်ကြချေ။

ခြေလှမ်းသုံးဆယ်ခန့် လျှောက်ပြီးကြသောအခါ ခပ်လှမ်းလှမ်းရှိ ကျောက်ဆောင်ကြီးတစ်ခု၏ ဘေးမှာ လူတစ်စုကို တွေ့လိုက်ကြရသည်။ သူတို့ကား ဦးသီလ၊ သာဂရနှင့်စံပတို့ပင်ဖြစ်ကြသည်။

"ပေသီးတော့ ဇာတ်သိမ်းသွားပြီ၊ မင်းတို့နှစ်ယောက် ဆက်လုပ်နိုင်ကြပါ့မလား"

"ဆရာကြီးက ကျွန်တော်တို့ကို ကောင်းကောင်းကြ
ထောက်ပံ့ထားတာပဲ၊ ကျွန်တော်တို့ဘက်ကလည်း ပြန်ပြီးတု
ပြန်ရမှာပေါ့"

"ကျေးဇူးခံ၊ကျေးဇူးစားစကားတွေမပြောပါနဲ့ စံပရယ်
ဒီပတ္တမြားကြီးနှစ်လုံးသာရခဲ့ရင် ငါတို့သုံးယောက် တစ်သက်
စားမကုန်ဘူးကွယ့်၊ မင်းတို့လည်း ထိုက်ထိုက်တန်တန် ရကြ
မှာပါ"

"ကျွန်တော်တို့ ဒီမှာသိပ်ပြီးကြာကြာနေလို့ မဖြစ်တော့
ဘူး ဆရာကြီး၊ ဟို. . သီဟဆိုတဲ့ကောင်နှင့်ကျန်သတ္တဝါနှစ်
ကောင်က ကျွန်တော်တို့ရဲ့ ကိစ္စတွေကို သိသွားကြပြီ၊ သူတို့
ကြောင့် တစ်ရွာလုံးလည်း သိကုန်ကြပြီ"

ဦးသီလက လက်ကာပြလိုက်ပြီး. . .။

"ဒီကောင်တွေပြောကြတဲ့ စကားတွေကို သူကြီးကအ
စ တစ်ရွာလုံးက မယုံကြည်ကြပါဘူး၊ မင်းထင်က ငါ့ကိုလာ
ပြောပြီးပါပြီ၊ ဒါပေမယ့် စိတ်ချလက်ချနေလို့တော့ မဖြစ်ဘူး
ပေါ့ကွာ၊ ကဲ. . မင်းတို့နှစ်ယောက် စကြပေတော့"

ဦးသီလက တိုက်တွန်းသလို အမိန့်ပေးသလိုပြော၏။
သာဂရနှင့်စံပတို့သည် ခါးတောင်းတွေကို မြှောင်နေအောင်
ကျိုက်ထားကြသည်။ အကျႌမဝတ်ထားကြ။ အသက်ကို အား



ပါးတရ ရှူသွင်းလိုက်ကြပြီး ရေအောက်ကို ငုံ့သွားခဲ့ကြသည်။

"ဟိုက်. . ဒီကောင်တွေ ရေအောက်ကိုငုံ့သွားကြပြီ၊
မဖြစ်ဘူး၊ သူတို့ကို ဒီအတိုင်းလွှတ်ပေးလိုက်လို့မဖြစ်ဘူး၊ မင်း
တို့နှစ်ယောက် ဟိုလူကြီးကို စောင့်ကြည့်နေကြ၊ မောင်သီဟ
လည်း အကျႌကိုချွတ်လိုက်သည်။

"သီဟ. . မင်းက ဘာလုပ်ဦးမလို့လဲ"

"မောင်ကံ. . ငါ့မှာအကြောင်းရှိတယ်၊ နောက်မှပြော
ပြမယ်၊ အခုအချိန်မရှိဘူး၊ ဟိုလူကြီးသာ လွတ်ထွက်မသွား
စေနဲ့၊ ငါ့မှာတာကို ဂရုစိုက်ကြနော်"

တက်ခါးနှင့်မောင်ကံတို့နှစ်ယောက်လုံး မောင်သီဟ
၏ အပြုအမူကို အံ့အားသင့်နေမိကြသည်။ ထိုစဉ်မှာပင်လျှင်
မောင်သီဟသည် ဘောင်းဘီတိုလေးနဲ့ ရေထဲသို့ တဖြည်းဖြည်း
ဆင်းသွားကာ နောက်ဆုံးလူတစ်ကိုယ်လုံး ပျောက်ကွယ်သွား
သည်ကို မြင်လိုက်ကြရသည်။

❂ ❂ ❂

မောင်သီဟသည် နေအောက်ကိုရောက်သွားခဲ့သည်
နဲ့ ကစ်နေရာကို မှန်းဆပြီးကူးလာခဲ့သည်။ ဟိုနှစ်ယောက်က

မည်သည့်ဘက်ကို သွားကြသည်ဆိုသည်ကိုသိသည်။ တကယ်တော့ ဦးသီလသည် ကျောက်စည်ရွာ၏ အတိတ်သမိုင်းအားကောင်းစွာသိထားသူတစ်ဦးပင်တည်း။

စိုးတထိတ်ထိတ်ဖြင့် ရေအောက်ကို ပိုပြီးနက်ရှိုင်းစွာငုံ့သွားခဲ့သည်။ ရေပြင်ထက်မှာ လှိုင်းဂယက်များက ထကြွနေကြသလောက် ရေအောက်မှာတော့ တည်ငြိမ်လျက်ရှိသည်။ သက်လုံကောင်းသော မောင်သီဟသည် အောက်ခြေအထိ ငုပ်သွားခဲ့ရာ ရှေးဟောင်းအဆောက်အဦးပျက်များရှိရာနေရာကို ရောက်လာခဲ့လေသည်။

ရှေ့မှာလူနှစ်ယောက်။ စံပနှင့်သာဂရ။ ရေအောက်မှာ တစ်စုံတစ်ရာကို ရှာဖွေလျက်ရှိသည်။ အဆောက်အဦးပျက်ကြီးထဲမှာ လှည့်ပတ်ပြီးရှာနေကြသည်။ သူတို့နှစ်ဦး၏ခါးမှာ ဓားမြှောင်တွေကကိုယ်စီ။

ထိုနောက် ဆက်ပြီးတော့ ကူးသွားကြသည်။ မောင်သီဟလည်း အဆောက်အဦးပျက်များထဲမှ အကာအကွယ်ယူပြီး လိုက်သွားသည်။

အတော်ကလေးသွားပြီးသောအခါ ရေပြင်မှာ နီရဲလှသော အရောင်က စွန်းထင်းလျက်ရှိသည်။ ရေအောက်နေရာကွက်ကွက်လေးတစ်ဝိုက်မှာ သွေးချင်းချင်းနီနေသကဲ့သို့ ထင်





သည်။ ကျောက်မိကျောင်းဖြူကြီး၏ မျက်လုံးများမှထွက်နေသာ အရောင်များပင်ဖြစ်သည်။ ပတ္တမြားမျက်လုံးများဆီမှ ာက်ပသော အလင်းရောင်များထွက်နေသည်။

သာဂရနှင့်စံပတို့သည် ပိုပြီး အားတက်သွားကြကာ ကျောက်မိကျောင်းကြီးဆီကို သွက်လက်စွာဖြင့် ကူးသွားခဲ့ကြသည်။ မိကျောင်းရုပ်တုကြီးမှာ အသက်ဝင်လှသဖြင့် တကယ့်ကျောင်းကြီးများလားဟု ထင်သွားကြပြီး အနားကို မကပ်ရဲ ြ။

နောက်တော့မှ မိကျောင်းရုပ်တုကြီးမှန်း သိသွားခဲ့ကြ ာ အနားကို တိုးကပ်ပြီး ကူးသွားခဲ့ကြသည်။ သူတို့သည် မိကျောင်းကြီး၏ ခေါင်းပိုင်းဆီသို့ရောက်သောအခါ ခါးကြားထဲ ဓားမြှောင်များကို ထုတ်လိုက်ကြသည်။

ပတ္တမြားမျက်လုံးကြီးများကို ဓားမြှောင်များဖြင့် ထိုးက်ကာ ယူမည်အပြုမှာ လူတစ်ယောက်က သူတို့နှစ်ယောက်ကြားထဲကို ရုတ်တရက် တိုးဝင်လာခဲ့ပြီး တစ်တောင်၊ လက်သီးများဖြင့် တိုက်ခိုက်ပစ်လိုက်သည်။

ရေထဲမှာပေမယ့် မောင်သီဟ၏ တိုက်ခိုက်ပုံက မြေြင်ပေါ်မှာ တိုက်ခိုက်သကဲ့သို့ ကျွမ်းကျင်လှသည်။ သာဂရနှင့် ပတို့သည် နာကျင်စွာဖြင့် လွင့်မျောသွားခဲ့ကြသည်။

သူတို့သည် ရန်သူကို ရှာကြသောအခါ သီဟကို တွေ့သွားခဲ့ကြလေသည်။ စံပက အောက်မှာကျနေသော ဓားမြောင်ဆီကိုကူးသွားပြီး ကောက်ယူလိုက်သည်။

ထိုနောက် သီဟဆီကို တဟုန်ထိုး ဝင်လာကာ ဓားမြောင်ဖြင့်ထိုးလိုက်သည်။ သီဟသည် ဓားမြောင်ကိုင်လက်ကောက်ဝတ်ကိုဖမ်းလိုက်ပြီး အမိအရချုပ်ကိုင်လိုက်ကာ လိမ်လိုက်သည်နှင့် ဓားမြောင်က ဆုပ်ကိုင်ထားလျက်ကပင် စံပဆီကို ဦးလှည့်သွားသည်။

လျှပ်တပြက်အချိန်ကလေးမှာ စံပ၏ကိုယ်ထဲသို့ နစ်ဝင်သွားခဲ့လေသည်။

အား!


စံပသည် နာကျင်စွာဖြင့် အော်လိုက်သည်။ စံပထိသွားသောအခါ သာဂရသည် မောင်သီဟကို တိုက်ခိုက်ရန်ကူးလာခဲ့သည်။ သီဟက အကာပ်မခံပဲ ခွာထွက်သွားသည်။ စံပသည် နာကျင်မှုဝေဒနာကြောင့် ရေအောက်မှာ ဆက်ပြီးမနေနိုင်တော့။ ရေမျက်နှာပြင်ထက်ကို ကူးတက်ပြေးသည်။ အသက်လည်း ရှူမရတော့ပြီ။

ထိုစဉ် ရေအောက်မှ ရွှံ့နှစ်များသည် ရုတ်တရက်အနယ်ထလာသလို ဖြစ်လာခဲ့ရသည်။ ကြီးမားသော မိကျောင်းကြီးနှစ်ကောင်သည် အဆောက်အဦး ပျက်များကြားမှ ထွက်လာခဲ့ကြသည်။ တစ်ကောင်ကအဖြူ။ တစ်ကောင်က အနက်ရောင်။





အဖြူရောင်မိကျောင်းကြီးသည် မောင်သီဟ၏အပေါ်မှ ဖြတ်ကျော်သွားခဲ့သည်။ စံပသည် ရေမျက်နှာပြင်ပေါ်ကိုရောက်သွားသည်။ ကိုယ်အထက်ပိုင်း ဘွားကနဲပေါ်လာပြီးမှ။





## အခန်း–(၃၀)

အား!

စံပသည် ရေအောက်ကို စွပ်ကနဲဆို နစ်မြုပ်သွားခဲ့သည်။ အခြေအနေကို ကျောက်ဆောင်တစ်ခုပေါ်မှာ ရပ်ပြီးကြည့်နေသော ဦးသီလက မြင်တွေ့သွားခဲ့လေရာ. . .။

“ဟင်. . စံပ. . စံပ၊ ဒီကောင် ရေပေါ်ကိုတက်လာပြီးမှ ဘာဖြစ်သွားတာလဲ”

ဦးသီဟသည် အံ့အားတသင့်ဖြင့် ပြောလိုက်သည်။ ရေအောက်မှာ တစ်ခုခုတော့ဖြစ်နေပြီကို ရိပ်စားမိလိုက်သည်။ ယင်းအခြေအနေကို မောင်ကံနှင့်တက်ခါးတို့ကလည်း မြင်တွေ့လိုက်ကြရသည်။

"ဟာ. . စံပ၊ ဘာဖြစ်သွားတာလဲ၊ ရေအောက်ကနေ တစ်ဦးဦးက ဆွဲချလိုက်သလိုပဲကွ"

"ဟုတ်တယ်. . မောင်ကံ၊ ရေအောက်မှာ တစ်ခုခု တော့ဖြစ်နေပြီ၊ သီဟအတွက် စိုးရိမ်တယ်ကွာ"

ရေအောက်မှာ အခြေအနေက အတော်လေးကို ဆိုး နေပြီဖြစ်သည်။ သာဂရသည် မိကျောင်းကြီးတွေကို မြင်လိုက် ရ နောက်ကြောင်းကို ပြန်လှည့်ပြီးကူးပြေးသည်။

ရေအောက်မှာ လှုပ်ရှားမှုများ ဆက်လက်ပြီးဖြစ်လာ ခဲ့သည်။ ရေအောက်ရေစီးကြောင်းများက ကြမ်းတမ်းလာ၏။ အဆောက်အဦးများသည် မထင်မှတ်ပဲ တစ်ဆင့်ပြီးတစ်ဆင့် ပြိုကျလာခဲ့သည်။

သာဂရသည် ရေပြင်ပေါ်ကိုတက်ပြေးရာ မိကျောင်း နက်ကြီးက သူ၏ရှေ့မှ ဘွားကနဲဆိုပေါ်လာခဲ့လေရာ. . .။

အား!

မောင်သီဟသည် ထူးဆန်းသော အဖြစ်အပျက်များ ကြောင့် အံ့အားသင့်သွားခဲ့ရသည်။ ရေအောက်မှာ ငလျင်များ လှုပ်လျက်ရှိပြီလား။ အဆောက်အဦး ပြိုပျက်များကြားမှ အ စိတ်အပိုင်းများသည် ရေအောက်ရေစီးကြောင်းထဲမှာ မျောပါ သွားခဲ့ကြသည်။





ကျောက်ဖြူမိကျောင်းကြီးသည်လည်း တဖြည်းဖြည်း နဲ့ လှုပ်ရှားလာခဲ့သည်။ ယိမ်းထိုးလာခဲ့သည်။ ထိုနောက် မိ ကျောင်းရုပ်ကြီး၏အောက်ခြေမှ အုတ်ခုံသည် အက်ကွဲသွား ပြီး မိကျောင်းရုပ်ကြီးနှင့်တခြားစီဖြစ်သွားခဲ့သည်။

ထိုနောက် ကျောက်ဖြူမိကျောင်းရုပ်ကြီးသည် မောင် သီဟ၏ရှေ့မှာပင် ရေစီးကြောင်းအတိုင်း မျောပါသွားခဲ့သည်။ အသက်ရှင်နေသော မိကျောင်းကြီးတစ်ကောင် ကူးခတ်သွား နေသလိုပင်။

ကျောက်ဖြူမိကျောင်းကြီး မျောပါသွားရာတလျှောက် တွင် မျက်လုံးမှ နီရဲသော ပတ္တမြားသွေးရောင်များက စွန်း ထင်းသွားခဲ့သည်။ ထိုအနီရောင်သွေးများသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားကာ နောက်ဆုံးပျောက်ကွယ်သွားခဲ့သည်။

မောင်သီဟသည် ကြမ်းတမ်းသော ရေအောက်ရေစီး ကြောင်းအတိုင်း မျောပါမသွားနိုင်စေရန် ကျောက်ဆောင်စွန်း ကြီးတစ်ခုကို မြဲမြံစွာဖြင့် ဖက်တွယ်ထားရသည်။

ဦးသီလသည် ပို၍ပြီးလှုပ်ရှားလာသော ရေပြင်ကိုကြည့် နေရင်းက နားမလည်သလို ဖြစ်လာခဲ့ရလေသည်။

"ဘယ်လိုဖြစ်တာလဲ၊ ရေအောက်မှာ ဘာတွေများဖြစ် ကုန်ပြီလဲ"

သူမတ်တပ်ရပ်နေသော နေရာက ကျောက်တုံးကြီးသည်ပင် လှုပ်ခါလာခဲ့သည်။ ရေပြင်သည် ရေဆူသလို ပွက်ပွက်ဆူပြီး တက်လာသည်။ ရေအောက်ရေစီးကြောင်းဖောက်ပြန်လာသည်။ အောက်ရေလှုန်လာသည်။ မကြာမီမှာပင်လျှင် ထိုနေရာတဝိုက်၌ လှိုင်းတန်ပိုးကြီးများ ရုန်းကန်ထကြွလာခဲ့သည်။

"ဟာ! တက်ခါးရေ. . သီဟခုထက်ထိ ရေပေါ်တက်မလာသေးဘူး၊ ဒုက္ခတော့ရောက်ကုန်ကြတော့မယ်ထင်ပါရဲ့"

"ဟုတ်တယ်ကွာ၊ ဘယ်လိုလုပ်ရမလဲမသိဘူး၊ ဟိုနှစ်ယောက်လည်း ပျောက်နေတယ်၊ ဒီကောင်တွေ ရေအောက်ကိုဆင်းပြီး ဘာလုပ်ကြပါလိမ့်"

လှိုင်းလုံးကြီးများသည် ပိုပြီးထကြွလာကာ ကမ်းခြေဆီကိုပင် ပြေးလာပြီးရိုက်ခတ်လာကြသည်။ မောင်ကံတို့မှာ လွတ်ရာကို ထွက်ပြေးကြရသည်။

ရွာမှလူတချို့ သည် တဝေါဝေါ၊ တဟီးဟီးမြည်သံများကြောင့် လူတော်တော်များများက အသံလာရာဆီကို ပြေးလာခဲ့ကြသည်။ သူတို့သည် ကျောက်စည်ကြီးကို လမ်းမှာတွေ့သွားခဲ့ကြသည်။

"ဟင်. . ဒါကြီးက အရင်က မရှိပါဘူး၊ ဘယ်ကနေ



ရောက်လာခဲ့ပါလိမ့်"

သူကြီးဦးကျောက်လုံးက ကျောက်စည်ကိုကြည့်ပြီး ဇဝေဇဝါဖြစ်သွားခဲ့ရသည်။

"ဘယ်ကနေရောက်လာလာဗျာ၊ ဟိုမှာ ဘာတွေဖြစ်ကုန်ကြပြီလဲမသိဘူး၊ အရေးထဲမှာ မိုးမှောင်ကြီးကလည်း ကျနေလိုက်တာ၊ ဒီမိုးရွာရင်တော့ တော်တော်နဲ့ကို စဲမှာမဟုတ်ဘူး"

ဦးသက္ကကပြောလိုက်သည်။ သူသည် သားဖြစ်သူသီဟနှင့်အတူ ပါသွားကြသည့် မောင်ကံနှင့်တက်ခါးတို့၏ အကြောင်းကို ရွာသားအချို့က ပြောပြကြ၍ သိပြီးဖြစ်သည်။ စိတ်ပူပြီး လိုက်လာခဲ့ခြင်းပင်။

သူတို့အုပ်စုထဲမှာ မင်းထင်လည်းပါလာသည်။ ဦးသီလတို့ ဘယ်မှာရှိကြသလဲဆိုတာ မင်းထင်သိသည်။ သို့သော် ဦးသီလ၏ အကြံအစည်ကိုတော့မသိ။ ကြေးမုံသည် မောင်သီဟအတွက် စိုးရိမ်ပြီး လိုက်ပါလာခဲ့သည်။

❂ ❂ ❂

ရေအောက် ရေစီးကြောင်း၏ ဖောက်ပြန်မှုကြောင့်

လှိုင်းလုံးကြီးများသည် ရေပြင်ထက်မှာ လှုပ်ရှားထကြွလျက်ရှိကြသည်။ ဦးသီလသည် ကျောက်တုံးထက်မှာ မတ်တတ်ရပ်နိုင်စွမ်းမရှိတော့။ သူ့နှုတ်ကလည်း တလှုပ်လှုပ်နဲ့ ဘာတွေရွတ်ဆိုနေမှန်းမသိ။ လှုပ်ရှားနေသော ရေပြင်ကြောင့် ကျောက်တုံးကြီးသည်လည်း လှုပ်နေသည်ဟု သူထင်လာခဲ့သည်။

ထို့ကြောင့် မူးဝေလာသလို ခံစားသွားရပြီး ကမ်းစပ်သို့ပြန်သွားရန် တစ်ဖက်ကျောက်တုံးဆီကို ခုန်ကူးတော့မည်အပြုမှာ သူရပ်နေသည့် ကျောက်တုံးကြီးကို ရေလှိုင်းကြီးတစ်ခုက ရိုက်ထည့်လိုက်သည်။

ဝုန်း!

ဦးသီလယိမ်းယိုင်သွားစဉ်မှာ မမျှော်လင့်မိသော အခြေအနေက ပေါ်လာသည်။ မိကျောင်းနက်ကြီးသည် ရုတ်တရက် ရေအောက်မှ ဘွားကနဲဆိုပေါ်လာခဲ့သည်။ ဦးသီလသည် မိကျောင်းကြီးကို မျက်လုံးကြီးပြူးပြီး ကြည့်နေစဉ်မှာ. . .။

ဖျန်း!

အား!

မိကျောင်းကြီးက ရှည်လျားသော အမြီးကြီးနဲ့ ရိုက်ချလိုက်သည်။ ဦးသီလသည် လေထဲမှာ မြောက်ထက်သွားပြီး ရေကဲသို့ ပစ်ကျသွားခဲ့သည်။ ထိုနောက် လှိုင်းလုံးကြီးတွေရဲ့





အောက်မှာ နစ်မြုပ်သွားခဲ့လေသည်။

ထိုအဖြစ်အပျက်ကို ယင်းနေရာသို့ ရောက်လာကြသည့် ဦးသက္က။ သူကြီးဦးကျောက်လုံး။ မင်းထင်။ ကြေးမုံနှင့် တကွ ရွာသူရွာသားများသည် မြင်တွေ့လိုက်ကြရလေသည်။

"ဟာ! မိကျောင်းကြီး. . မိကျောင်းကြီး"

လူအများက အထိတ်တလန့်ဖြင့် အော်လိုက်ကြ၏။ ကမ်းခြေဘက်ဆီကို လှိုင်းလုံးကြီးများက တက်လာကြသည်။ လူအားလုံး အထက်ပိုင်းဆီကို ပြန်ပြေးကြရသည်။ ကြေးမုံက မောင်ကံတို့ဆီကိုပြေးလာပြီး. . .။

"မောင်ကံ. . မောင်ကံ၊ သီဟဘယ်မှာလဲ"

"ကြေးမုံ. . ကြေးမုံ၊ သီဟက ရေအောက်မှာ ခုထက်ထိ ပြန်တက်မလာသေးဘူး"

"ဟင်"

ကြေးမုံသည် သီဟအတွက် အစိုးရိမ်ကြီးသွားကာ ပူထူသွားခဲ့ရသည်။

"ဘုရား. . ဘုရား၊ သီဟဘာမှမဖြစ်ပါစေနဲ့"

နှုတ်မှ တိုးတိုးလေး ဆုတောင်းမိလိုက်သည်။ ထိုစဉ် ရေအောက်မှ ဘွားကနဲဆို ပေါ်လာသော လူတစ်ယောက်။ သူကတော့. . . သီဟ။

"ဟေ့. . ဟို. . ဟိုမှာ"

တစ်ယောက်က လက်ညှိုးထိုးကာပြလိုက်သည်။ အားလုံးစိတ်ဝင်စားစွာဖြင့် ကြည့်လိုက်ကြသည်။ မောင်သီဟသည် ကမ်းခြေဆီကို လက်ပစ်ကူးလာခဲ့သည်။ လှိုင်းလုံးတွေကြားထဲမှာ မြုပ်ချည်ပေါ်ချည်နဲ့။

တက်ခါးနှင့်မောင်ကံတို့သည် သီဟဆီကို ပြေးသွားခဲ့ကြသည်။ ကိုယ်တစ်ဝက်ခန့် ရေထဲကို ဆင်းသွားခဲ့ကြပြီးမှ သီဟကို ဆွဲတင်လိုက်ကြသည်။

မောင်သီဟသည် ရေအောက်မှာ အတန်ကြာနေခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်သွားခဲ့သည်။ တက်ခါးနှင့်မောင်ကံတို့သည် မောင်သီဟကို တွဲခေါ်လာခဲ့ကြသည်။ ကြေးမုံသည် မောင်သီဟဆီကို ဝမ်းသာအားရနဲ့ ပြေလာခဲ့ကြသည်။

"သီဟ. . သီဟ၊ နင်ဘာမှမဖြစ်ဘူးနော်"

"ငါဘာမှမဖြစ်ပါဘူး. . ကြေးမုံရယ်"

ကြေးမုံသည် ဟန်မဆောင်နိုင်စတမ်းပင် ဝမ်းသာလျက်ရှိသည်။

"သား"

ဦးသက္ကသည် သီဟဆီကို ရောက်လာခဲ့သည်။

"အဖေ"





သားအဖနှစ်ဦး မျက်နှာချင်းဆိုင်မိကြစဉ်မှာပင် တစ်ယောက်နှင့်တစ်ယောက် စကားပြောရန် မေ့လျော့သွားကြသလို၊ ဆွံ့အသွားခဲ့ကြသည်။

"သား. . ဦးသီလဆိုတဲ့ လူကြီးကတော့ မပြန်လမ်းကို လိုက်သွားပြီ"

"အဖေ. . သူတို့ဟာ လူကောင်းတွေ မဟုတ်ကြဘူး၊ သူတို့ပြုမှားခဲ့ကြတဲ့ အကုသိုလ်ကံတွေက ပြန်ပြီးစီရင်လိုက်ကြတာပဲ"

"သီဟ. . မင်းပြောတာ ငါမရှင်းဘူး၊ ဘာကိုဆိုလိုတာလဲ"

သူကြီးဦးကျောက်လုံးက မေးလိုက်သည်။

"ဪ. . သူကြီးက ခုထက်ထိ သဘောမပေါက်သေးပဲကိုး၊ ကျောချခံရတာတောင် မားပြမှန်းမသိသေးပဲကိုး၊ ဒီလူကြီးဟာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်တဲ့ ရှေးဟောင်းပစ္စည်းတွေကို ခိုးယူရောင်းစားတယ်၊ စေတီဌာပနာတွေကို ဖောက်တယ်၊ အမျိုး၊ ဘာသာ၊ သာသနာကို စော်ကားတဲ့သူ၊ ဒီလိုလူမျိုးကိုမှ သူကြီးက လူကောင်းလို့ထင်နေဆဲပဲလား"

သူကြီးဦးကျောက်လုံးသည် မျက်နှာပျက်သွားခဲ့သည်။ သူကြီးဆိုသည့်ဟာန်ကလေးဖြင့် ပြောလိုက်ပေမယ့် သူ့အမှား

သူသိသည်။ မင်းထင်က. . ။

"မင်းက ရေအောက်ကိုဆင်းပြီး ဘာသွားလုပ်တာလဲ"

"ဒီကောင်တွေ ရေဆင်းငုပ်ကြလို့ ငါလိုက်ကြည့်တာ၊ ရှေးဟောင်းပစ္စည်းတွေကိုများ ရေအောက်မှာ ဝှက်ထားကြသလားလို့"

မောင်သီဟက အမှန်ကို မပြောပြ။ ဖြစ်စဉ်တစ်ခုလုံးကို ကွယ်ဝှက်ထားလိုက်သည်။

"ဒီမိကျောင်းတွေဟာ ပေါ်လာလိုက်၊ ပျောက်သွားလိုက်နဲ့ ဘယ်လိုဖြစ်တာလဲ၊ ဒီအတိုင်းဆိုရင်တော့ လူတွေအတွက် အန္တရာယ်ကမသေးဘူး"

သူကြီးဦးကျောက်လုံး၏ စကားကို လူတွေက စိတ်မဝင်စားကြတော့။ သူတို့စိတ်ဝင်စားသွားကြသည့်အဖြစ်အပျက် အံ့အားသင့်သွားစေသည့် အကြောင်းအရာတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။

လှိုင်းတံပိုးများ တဝုန်းဝုန်းထကာ ခက်ထန်နေသည့် ရေပြင်သည် တဖြည်းဖြည်းနဲ့ ငြိမ်ကျသွားခဲ့သည်။ မကြာခင်မှာ သာမန်အခြေအနေ၊ အနေအထားအတိုင်း ဖြစ်သွားခဲ့လေသည်။

ကြေးမုံသည် မောင်သီဟ၏လက်မောင်းကို တင်းကြပ်





စွာဖြင့် ဆုပ်ကိုင်ကာ. . . ။

"သီဟ. . ဟိုမှာကြည့်စမ်း"

ကောင်းကင်ကို လက်ညှိုးထိုးပြလိုက်သည်။ တိမ်မည်းမည်းကြီးတို့ဖြင့် နက်မှောင်နေသော ကောင်းကင်ကြီး။ တိမ်သားတို့သည် တဖြည်းဖြည်းနဲ့ တစစီပြိုကွဲသွားခဲ့သည်။ တိမ်စိုင်ခဲများသည် ပြေပြင်းတိုက်ခတ်ရာနောက် အဝေးဆီကိုလွင့်ပါးသွားခဲ့ကြလေသည်။

မျက်နှာမည်းကြီးသည် ပြိုကွဲသွားခဲ့လေပြီ။ ထိုအခါ အမှောင် ပျောက်ကွယ်သွားပြီဖြစ်၍ လင်းလင်းချင်းချင်းဖြစ်သွားခဲ့ရသည်။ လူအားလုံး၏စိတ်ထဲမှာ ညှိုးငယ်နေကြသလိုခံစားနေကြရသမျှ ပြန်ပြီးကြည်လင်လန်းဆန်းလာခဲ့သည်။

"မျက်နှာမည်းကြီး မငိုတော့ဘူးဟေ့၊ ငါတို့တစ်ရွာလုံးလေဘေး၊ ရေဘေးကလွတ်ပြီကွယ့်"

ပရိတ်သတ်အားလုံးထဲမှာ ပီပီသသဖြင့် ပြောလိုက်သော အသံတစ်သံက ထွက်ပေါ်လာခဲ့သည်။ အားလုံးလှည့်ကြည့်လိုက်ရာ ဘ,ရာကျော်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"ဟင်. . ဘ,ရာကျော်၊ ဘယ်လိုကြောင့် ဒီနေရာကိုရောက်နေတာလဲ၊ ဝေးကဝေးပါဘိသနဲ့ဗျာ၊ ပင်ပန်းတာပေါ့"

ဦးသက္ကကပြောလိုက်ရာ. . ။

"ဒီလိုပေါ့ကွယ်၊ ငါတို့ကျောက်စည်ရွာရဲ့ အရေးကိစ္စမှန်သမျှဟာ တစ်ရွာလုံးမှာ တာဝန်ရှိတာပဲ မဟုတ်လား၊ ငါလည်း ကြိုးစားပြီးလာခဲ့ရတာပ"

ဦးသက္ကသည် ဘ,ရာကျော်အပေါ်မှာ ကရုဏာသက်သွားခဲ့ရသည်။ ယခင်က ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးများအား အလိုလိုနေရင်း ပြစ်မှားမိခဲ့သည်။ ကျောက်စည်ရွာနဲ့ပတ်သက်သော အတိတ်သမိုင်းကြောင်းကို လိုတာထက်ပို၍ ချဲ့ကားပြီး ပြောခဲ့သည့်လူကြီးဟု။ ယခုတော့ အဲသလိုအဖြစ်မမျိုးမရှိတော့။

"လာ. . လာ. . အဘ၊ ရွာကိုပြန်ရအောင်"

မောင်သီဟသည် ဘ,ရာကျော်ကို လက်မောင်းမှတွဲပြီး ခေါ်သွားခဲ့သည်။ ကျောက်သုံးဆင့်အောက်မှာ ဘာရှိသည်။ မည်သည့်အကြောင်းများဖြစ်ပျက်ခဲ့သည်ကို ဤရွာတွင် ဘ,ရာကျော်နှင့်ဦးသက္ကကလွဲပြီး မည်သူမှ မသိရှိခဲ့ကြပါ။ မောင်သီဟသည်လည်း ဖြစ်ရပ်မှန်ကို ဖုံးကွယ်ထားခဲ့လေသည်။



## အခန်း–(၃၁)

တစ်နေ့သော ညနေခင်းကာလ။

စေတီကုန်းပေါ်မှာ မောင်သီဟနှင့်ကြေးမုံတို့သည် အတူရှိနေကြသည်။ ရွှေစာရံစေတီတော်မြတ်ကြီးကို ဖူးမျှော်ကန်တော့လျက် ရှိနေကြစဉ်။

လူတစ်ယောက်သည် သူတို့နှစ်ယောက်ကို မလှမ်းမကမ်းမှရပ်ကာ စောင့်နေလျက်။ ဘုရားကန်တော့ပြီးသောအခါ မောင်သီဟသည် စိတ်ကနှိုးဆော်လိုက်သလို ခံစားလိုက်ရသည်နှင့် နောက်ကိုလှည့်ကြည့်လိုက်မိသည်။

လူကြီးတစ်ယောက်။ နှုတ်ခမ်းမွေးကားကား။ ဥပမိရုပ်က ခန့်ခန့်ညားညား။ ခန္ဓာကိုယ်က တောင့်တောင့်တင်း

တင်းဖြင့် ကြည့်ကောင်းလှသည်။ လူကြီးသည် ပန်းနုရောင် ရွှေကျင်ခတ်ပုဝါကို ခေါင်းပေါင်းထားသည်။

ထိုလူကြီးသည် မောင်သီဟကို လက်ယပ်ခေါ်လိုက်သည်။ မောင်သီဟနှင့်ကြေးမုံသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြသည်။

“နှစ်ယောက်စလုံး လာခဲ့ကြပါကွယ်”

မောင်သီဟတို့သည် နေရာမှထကာ ထိုလူကြီးဆီကို ရိုသေစွာဖြင့် လျှောက်သွားခဲ့ကြသည်။ မျက်နှာက တည်ကြည်သူဖြစ်သော်လည်း သူတို့နှင့်မျက်နှာချင်းဆိုင်မိသောအခါ ပြုံးပြုံးရွှင်ရွှင်ဖြင့်။

“ဦးရီးကို ကိုကြာနှင့်ကိုသောက်တို့က လွှတ်လိုက်တာပါကွယ်”

“ဗျာ. . ကိုကြာနှင့်ကိုသောက်ဟုတ်လား၊ ပြောပါဦးခင်ဗျာ၊ သူတို့က အခုဘယ်မှာလဲ၊ ကျွန်တော်နဲ့မတွေ့ရတာကြာပြီ”

“သူတို့ခရီးလွန်နေကြတယ်ကွယ့်၊ ရက်ကြာချင်လည်းကြာလိမ့်မယ်၊ ခရီးရှည်ဖြစ်ချင်လည်းဖြစ်လိမ့်မယ်၊ မင်းကိုကျတော့ သူတို့တော်တော်သံယောဇဉ်ရှိပုံရတယ်”

“ဘာကြောင့်ပါလဲခင်ဗျာ”





“ဪ. . သူတို့က မင်းမင်္ဂလာဆောင်ရင် လက်ဖွဲ့ပစ္စည်းကြိုပြီးပေးခဲ့ချင်တယ်တဲ့၊ ဟောဒီမှာ ဦးရီးကလည်း လမ်းကြုံတာနဲ့ ကျောက်စည်ရွာကို လာခဲ့တာပါ”

ပိတ်စနီနီဖြင့် သေသပ်စွာထုပ်ထားသော မြေအိုးလေးတစ်လုံးကို မောင်သီဟ၏လက်ထဲသို့ ထည့်လိုက်လေသည်။

“ကျေး. . ကျေးဇူးပါပဲခင်ဗျာ”

“ကဲ. . ဒါဆို ဦးရီးရဲ့တာဝန်ကျေပြီနော်၊ ပြန်လိုက်ဦးမယ်”

“ဟာ. . မပြန်ပါနဲ့ ဦးဦးရယ်၊ ရွာထဲကို လိုက်ခဲ့ပါဦး၊ ညေ့ခံပါရစေ”

“နေပါစေကွယ်၊ ဦးရီးက အချိန်မရလို့ပါ၊ လှေကြုံနဲ့ လိုက်လာခဲ့တာပါကွယ်”

ပြုံး၍ပြောပြီး လှည့်ထွက်သွားခဲ့လေသည်။ ထိုလူကြီး၏ အမည်ကိုလည်း မသိလိုက်။ မေးလည်း မမေးမိလိုက်။

“သီဟ. . ကိုကြာနှင့်ကိုသောက်တို့ဆိုတာ ဘယ်သူတွေလဲဟင်၊ နင့်အသိတွေလား”

“ဟုတ်တယ်၊ ငါ့အသိတွေ၊ ညီအစ်ကို အရင်းအချာတွေလိုပဲ ခင်ကြတယ်ကြေးမုံ၊ ဘယ်လိုရေစက်မှန်း မသိပါဘူး”

“နင်. . သူတို့နဲ့သိတယ်ဆိုတာ ငါလည်းမသိပါလား၊

မြင်လည်းမမြင်ဖူးပါလား"

"မကြုံကြိုက်ဖို့ပါဟာ၊ သူတို့က ခရီးသွားရင်း ကြုံကြိုက်တဲ့အခါ ဒီစေတီတော်ကို လာပြီးဖူးလေ့ရှိတယ်၊ အခု မရောက်တာကြာပြီ၊ ဟိုဦးရိုးပြောမှပဲ ခရီးရှည်ကြီးကို ထွက်သွားမှန်းသိရတော့တယ်"

"ဪ"

ကြေးမုံက နားမလည်သလို မောင်သီဟ၏ မျက်နှာကိုကြည့်လိုက်သည်။

"ငါဒီအထဲမှာ ဘာပါသလဲဆိုတာ သိချင်လိုက်တာ"

"သိချင်ရင် ဖွင့်ကြည့်ကြမယ်လေ"

ပိတ်စနီနီကိုဖြည်လိုက်ပြီး အိုးအဖုံးလေးကို ဖွင့်ကြည့်လိုက်သောအခါ အိုးထဲမှာ ရွှေဒင်္ဂါးပြားများကို တွေ့လိုက်ကြရသည်။

"ဟင်. . သီဟ၊ ရွှေဒင်္ဂါးတွေ၊ ဝမ်းသာလိုက်တာ"

ကြေးမုံသည် လှိုက်လှဲသောအသံဖြင့်ပြောလိုက်သည်။

"ဟုတ်တယ်၊ ငါတို့အတွက် မင်္ဂလာစရိတ်လည်းရပြီ၊ တစ်သက်ရင်းနှီးစားဖို့လည်းရပြီ. . ကြေးမုံ၊ ကျေးဇူးတင်လိုက်တာ ကိုကြာနှင့်ကိုသောက်တို့ရယ်"

သောကြာသားကိုသောက်၏ စကားကို မောင်သီဟ





ပြန်ပြီးကြားယောင်လာမိသည်။

"ငါ့ညီကို မြင်လိုက်ရတာ ဗုဒ္ဓဟူးသားကိုဟူးကို သတိရတယ်ကွာ၊ ရုပ်ရည်ကလည်း အတော်လေးကို ဆင်သဟေ့၊ သူ. . ငါတို့ဆီကထွက်သွားတာတော့ ကြာပြီပေါ့လေ"

ဝုန်း. . ဝုန်း. . .။

မှောင်ရီသန်းလာသောအချိန်မှာ ကမ်းစပ်ဆီမှ တဝုန်းဝုန်းနဲ့ ရိုက်ခတ်သွားသော အသံများကို ကြားလိုက်ရသည်။ မောင်သီဟက ပြေးသွားပြီး စေတီအရံတံတိုင်း၏အပြင်ဘက်ကို လှမ်းကြည့်လိုက်သောအခါ ရေပြင်၏ အမှောင်လွှာထဲမှာ မည်းမည်းသဏ္ဍာန်နှစ်ခုကို တွေ့လိုက်ရသည်။

လှုပ်ရှားကူးခတ်သွားသော ထိုသဏ္ဍာန်နှစ်ခုသည် ငါးကြီးတွေလား။ မိကျောင်းတွေလားဆိုတာ မသဲကွဲမိပါ။ သူ၏ စိတ်အထင်လည်းဖြစ်နိုင်သည်။ မကြာသေးမီက ဖြစ်ပျက်ခဲ့သည်များကြောင့် စိတ်မှာစွဲပြီး ချောက်ချားနေမိတာလည်းဖြစ်နိုင်သည်။

မောင်သီဟသည် ကြေးမုံ၏လက်ကိုဆွဲပြီး စေတီကုန်းထက်မှ ဆင်းလာခဲ့ကြလေသည်။

မင်းစက္ကူ။